
www.burmeseclassic.com

# နန်းတွင်းသူရိုး နှင့် မိန်းမရိုး




Glory Graphic Studio 2004

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၆၆ / ၂၀၀၃ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၉ / ၂၀၀၄ (၂)

ပုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်
၂၀၀၄ခုနှစ်၊ ဇူလိုင်လ၊
ရတနာပုံစာအုပ်တိုက်။

အုပ်ရေ ■ ၅၀၀

ထုတ်ဝေသူ ■ ဦးမင်းထွန့်ဝင်း (၀၃၇၇၅)
(ရတနာပုံစာအုပ်တိုက်)
၁၀၀/(D)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်
အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။

အတွင်းဖလင် ■ Quality

မျက်နှာဖုံးပန်းချီ ■ ကိုနေခြည်

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■

BURMESE CLASSIC .com

## ရတနာပုံစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ကမ္ဘာကြီးပျက်စီးလုနီးပြီလော
၂။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၃။ လေသူရဲတစ်ဦး၏ သန်းခေါင်ယံခရီးသည်နှင့်
ကိုယ်တွေ့လေကြောင်းဝတ္ထုများ
၄။ ဒေါက်တာခင်လေးမြင့်၏ ၂၀ ရာစုပြင်သစ်ဝတ္ထုတိုများ
၅။ နတ်နွယ်၏ ကမ္ဘာ့စာပေတစေ့တစောင်း
၆။ ဟိန်းလတ်၏ တကိုးအတွေးတကိုးအရေး
၇။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ အရက်နှင့်ဆည်းဆာ
၈။ ဂျာနယ်ကျော်မမလေး၏မာလာရီ
၉။ ပါရဂူ၏ ဗုဒ္ဓယဉ်ကျေးမှုပြဇာတ်များ
၁၀။ မင်းဆွေ၏ဓါး
၁၁။ ချစ်ဦးညို၏ ဝိဋိတဲ့ဝိ
၁၂။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ ကျွန်တော်ရတနာကုန်သည်
၁၃။ ရွှေဥဒေါင်း၏ ဟစ်တလာလုပ်ခဲ့သမျှ
၁၄။ တက်တိုး၏ဘဝနှင့်စာပေ
၁၅။ လေသူရဲတစ်ဦး၏တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်က
၁၆။ မောင်ညိုပြာ၏ စိတ္တဇရုပ်မြင်သံကြားဝတ္ထုတိုများ
၁၇။ ဂျာနယ်ကျော်မမလေး၏ ရှုမငြီး
၁၈။ မောင်ခိုင်မာ၏ မင်္ဂလာအလင်္ကာ
၁၉။ တော်ဘုရားကလေး(အောင်ဇေ)၏ ပြည်သူချစ်တဲ့မျိုးဆက်သစ်
၂၀။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ မုန်တိုင်းနှင့်သစ္စာ
၂၁။ ချစ်ဦးညို၏ မဟာသေနာပတိ
၂၂။ ဗိုလ်အေးမောင်၏ တွမ်
၂၃။ အထောက်တော်လှအောင်၏ မပိုကြေးမလိုကြေး
၂၄။ ချစ်ဦးညို၏ ရက္ခစိုးမယားနှင့် အခြားပြိတ္တာများ
၂၅။ လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ ဆေးလိပ်နှင့် လူသား
၂၆။ လူထုစိန်ဝင်း၏ အတွေးအမြင်ဆောင်းပါးများ

www.burmeseclassic.com

www.burmeseclassic.com

၂၇။ နတ်နွယ်၏ ဒက်ဇယ်လာ
၂၈။ ချစ်ဦးညို၏ ရာဇကုမာရ
၂၉။ ဆူးငှက်၏ ၄၅ တာ၊ ၁၄ ခန်းရေပ်နှင့် ၇ သံချိုညချမ်း
၃၀။ နတ်နွယ်၏ ဘဝဟူသည်
၃၁။ မင်းယုဝေ၏ အိုမာခယမ်
၃၂။ ချစ်ဦးညို၏ ချစ်သောပါဒကေရီ
၃၃။ အထောက်တော်လှအောင်၏ မဟာဘီလူး
၃၄။ တက်တိုး၏ အညတရဘဝရှုခင်း
၃၅။ မြသန်းတင့်၏ မမ
၃၆။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ဝတ္ထုတိုများ
၃၇။ ဒဂုန်တာရာ၏ လရောင်ရွှန်းမြသောညတစ်ည
၃၈။ ကြည်ဦး၏ ရွေးထုံးစဉ်လာမြန်မာမှုများ
၃၉။ ချစ်ဦးညို၏ ချစ်သူမင်းနန္ဒာ
၄၀။ ရွှေဥဒေါင်း၏ ဘူကာတီဝါရှင်တန်
၄၁။ နတ်နွယ်၏ ရေအောက်တစ္ဆေ
၄၂။ ပါရဂူ၏ မင်းနှင့်ပြည်သူ
၄၃။ ဝိုလ်အေးမောင်၏ ရော်ဘင်ဟု
၄၄။ ဦးလှဝင်း(လေသူရဲတစ်ဦး)၏ အညိုတို့ ပတ္တမြားမြေ
၄၅။ ဂျာနယ်ကျော်မမလေး၏ ရင်နင့်အောင်မွေး
၄၆။ အထောက်တော်လှအောင်၏ နာဇီပဒိုညာဉ်ခံ
၄၇။ ဦးလှဝင်း(လေသူရဲတစ်ဦး) ၏ လျှောင်ပုံးကြခဲ့စဉ်က
* ရွှေဘိုမိမိကြီး၏ နန်းတွင်းသူခိုးနှင့် မိန်းမစိုး

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၄၈။ ဦးလှဝင်း(လေသူရဲတစ်ဦး)၏ ပါပီလွန်နှင့် ဗင်ကို
၅၀။ တော်ဘုရားကလေး(အောင်ဇေ)၏ ရတနာပုံမှ ရတနာဂီရိသို့
၅၁။ တက်တိုး၏ ဝတ္ထုတိုပေါင်းချုပ်
၅၂။ ချစ်ဦးညို၏ ရှင်စောပု
၅၃။ တက်တိုး၏ တစ်နှစ်သား
၅၄။ မောင်မိုးသူ၏ လင်းယုန်တို့အောင်ပွဲ
၅၅။ ပါရဂူ၏ ရာဇဘိသိက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာမဆိုဘဲ ကျော်ကြားသူ | ၇ |
| ၂။ | ဗုဒ္ဓေါ ဗုဒ္ဓေါ အိုးတုတ်နှင့်မျှော | ၁၄ |
| ၃။ | စာဆိုရှင် ခင်မရွှေဆင်းတု | ၂၀ |
| ၄။ | လှိုင်ထိပ်ထား၏ တိမ်မြုပ်နေသော တေးတစ်ပုဒ် | ၂၆ |
| ၅။ | မြင်ကွန်းမင်းသမီးကြီး ရွှေတော်ဝင်မှတ်တမ်း | ၃၅ |
| ၆။ | နန်းတွင်းမုန့်နဲ့ ဖလ်ကတ္တီ | ၄၇ |
| ၇။ | မြန်မာတရားရုံးက ဆုံးဖြတ်သော ယိုးဒယားအမွေမှု | ၅၃ |
| ၈။ | နတ်မောက်ထိပ်ခေါင်တင်ရဲ့ လက်မှုပညာ | ၆၃ |
| ၉။ | လေးတရာဆီလား၊ နှင်းရည်လား | ၇၀ |
| ၁၀။ | အလောင်းမင်းတရားအတွက် နီတိကျမ်းတစ်စောင် | ၇၆ |
| ၁၁။ | ရထားနဲ့ တံခွန် | ၈၃ |
| ၁၂။ | မုန့်ကင်းပေလား ထင်းလေလား | ၉၀ |
| ၁၃။ | ဒုတိယသမီးတော်၏ စာသဝဏ် | ၉၇ |
| ၁၄။ | မြန်မာအမွေကြောင်း ခွဲတမ်းစာ | ၁၀၇ |
| ၁၅။ | ဦးခြိမ့်၏ အာဝဇ္ဇန်း | ၁၁၄ |
| ၁၆။ | ဘိုးတော်ဘုရားလက်ထက် မူးယစ်ဆေးနှိမ်နင်းရေး | ၁၂၃ |
| ၁၇။ | ဘိုးတော်ဘုရားလက်ထက် ဒေါက်တာရမ်းကုဖယ်ရှားရေး | ၁၂၈ |
| ၁၈။ | နန်းတွင်းသူခိုးနှင့် မိန်းမစိုး | ၁၃၅ |
| ၁၉။ | ပတ္တမြားငမောက်၏ ခြေရာ | ၁၄၂ |
| ၂၀။ | မယ်မယ်ကျူးသည့် စိန်ခြူကြာ | ၁၅၃ |


www.burmeseclassic.com

www.burmeseclassic.com

## ၁။ စာမဆိုဘဲ ကျော်ကြားသူ

အကြင်သူတစ်ဦးသည် စာပေအလင်္ကာနှင့်စပ်လျဉ်း၍ တစ်ကြိမ်တစ်ခါမျှ ရေးဖူး ဖွဲ့ဖူးခြင်းမရှိ၊ သို့သော် မြန်မာ့စာဆိုသမိုင်းပြုစုမည်ဆိုလျှင်ကား ထိုသူ၏နာမည်မပါဘဲ ဘယ်နည်းနှင့်မျှ ပြည့်စုံလိမ့်မည် မဟုတ်ပါချေ။

ဤစကားကို ကြားသူအပေါင်းက 'ဟာ-မဟုတ်တာ-ဘယ့်နှယ်'စသဖြင့် ဆိုကြပေလိမ့်မည်။ အပြစ်တင် အလျင်မစောပါနှင့်ဦး။ ထိုစကား မှန်ပါ၏။

အဘယ်ပုံမှန်ကြောင်း သိသာရုံမျှပြောရသော် သူ့အမည်ကား ဦးသာအိုး၊ သူ့ရာထူးကား မြို့ဝန်၊ သူ၏ခေတ်ကား ရတနာပုံခေတ်၊ သူ့လုပ်ရပ်ကား နာမည်ကြီးစလေဦးပုညအား ဘုရင့်အမိန့်မရှိဘဲ ကွပ်မျက်လိုက်ခြင်း ဖြစ်သောကြောင့် တည်း။ ယင်းလုပ်ရပ်သည်ပင် စာဆိုသမိုင်းတွင် သူမပါလျှင် မပြီးသောအကြောင်း ရင်းဖြစ်လာလေ၏။ ဤပြစ်မှုကို သူ မကျူးလွန်ဘူးဆိုလျှင် ယခုအချိန်တွင် သူ့နာမည်ကို မည်သူကမျှ အမှတ်ထင်ထင် ရှိလိမ့်မည်မဟုတ်ပါ။

အမှန်အားဖြင့် ဘုရင့်အမိန့်တော်အရ ဦးပုညကို ဦးသာအိုးထံ ခေတ္တထိန်းသိမ်းထားရန် အပ်ထားခြင်းသာ ဖြစ်သည်။ သို့သော် ဦးသာအိုးက အဆုံးစီရင်လိုက်လေသည်။ သို့ပြုမူလိုက်ခြင်း၏ အရင်းခံပမာနမှာ စင်စစ် မင်းမှုထိုးတာနှင့်မဆိုင်ပေ။ သူ၏မယားတစ်ယောက်နှင့်ပတ်သက်ပြီး ရန်ငြိုးရှိခိုက် သူ့လက်ရောက်လာသော ရာဇဝတ်ကြောင်းဆိုင်ရာ အခွင့်အရေးကို အသက်ဆုံးသည်အထိ အသုံးချလိုက်ခြင်းသာ ဖြစ်သည်။

နောင် အမှုလွန်ပြီးခါမှ မင်းတုန်းမင်းကြီး ရွှေနားတော် ကြားသော်



www.burmeseclassic.com

www.burmeseclassic.com



ဦးပုညကို နှမြောသည်နှင့်အမျှ စိတ်မကောင်းခြင်းကြီးစွာဖြင့် "လူကို ခွေးသတ်လေခြင်း" ဟု ညည်းညူတော်မူလေသည်။ ထိုသို့ ဘုရင့်အမိန့်မရဘဲ ကွပ်မျက်ပစ်လိုက်ခြင်းအတွက် ဦးသာအိုးအပေါ်တွင် အရေးယူရန် အကြောင်းရှိသော်လည်း ရှေးက အကျိုးတော်ဆောင်ခဲ့ဖူးသော ငယ်ကျွန်တစ်ဦးဖြစ်သောကြောင့် ချမ်းသာရာရသွားခြင်းဖြစ်သည်။

ထိုအချိန်မှစ၍ ယနေ့တိုင် စာဆိုဦးပုည ထင်ရှားသည်နှင့်အမျှ ဦးသာအိုးအမည်ပါတွဲလျက် လူထုကြားတွင် ကျော်ကြားနေတော့သည်။

ကျော်သာ ကျော်ရ၊ မလျော်သော အဖြစ်ပင်တည်း။

ထိုဖြစ်ရပ်တွင် ဘုရင်က အပြစ်တင်စကားပြောခြင်းကိုခံရသည်မှအပ ဦးသာအိုးမှာ တစ်စုံတစ်ရာ ထိခိုက်ခြင်းမရှိပေ။ သို့သော် နောက်နှစ်များမကြာမီ သူက ကြိမ်ဖြင့်ရိုက်လိုက်သောအမှုတစ်ခုတွင်မူ မြို့ဝန်မင်း ဦးသာအိုးမှာ မလွှဲမရှောင်သာ ပြဿနာဖြစ်ရလေတော့သည်။ သည့်ထက်ရှင်းအောင်ဆိုရသော် လူသတ်မှုတွင် ဘာမျှမဖြစ်ရဘဲ လူရိုက်မှုကျကာမှ နှာခေါင်းကျည်ပွေ့ တွေ့ရခြင်းပင်တည်း။

ထိုအဖြစ်သည်ကား အလွန်လူသိနည်းသော အကြောင်းဖြစ်ပါသည်။ ယင်းဖြစ်ရပ်ကို သက်ဆိုင်သူများနှင့် နန်းတွင်းအမှုထမ်းအချို့သာလျှင် သိခွင့်ရလိုက်ကြလေသည်။ ဤအကြိမ်မှာလည်း ဦးသာအိုးအတွက် နာမည်ကောင်းထွက်ရန် အကြောင်းမရှိချေ။

ထိုဖြစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

မင်းတုန်းမင်းကြီး၏ မင်္ဂလာအိမ်တော်ပါ ငယ်ကျွန်ရင်းများတွင် သောအိုးသည် (ရှေးခေတ်က အတိုင်း)တစ်ယောက်အပါအဝင်ဖြစ်လေသည်။ ထိုစဉ်က မင်းခစားများအနက် နှလုံးရည်ဖြင့် ထမ်းရွက်သူက အနည်းစု၊ လက်ရုံးရည်ဖြင့် ထမ်းရွက်သူက အများစုဖြစ်သည်တွင် သောအိုးကား အများစုစာရင်းဝင်တည်း။ ၎င်းနောက် မင်းတုန်းမင်းသား ရာဇပလ္လင်ထက် ရောက်သောအခါ အိမ်တော်ပါ ကျွန်ရင်းများအသီးသီး ကောင်းစားရသည်တွင် သောအိုးမှာ ရတနာပုံ မန္တလေးမြို့တော်၏ မြို့ဝန်ကြီး ဦးသာအိုးအဖြစ် ဘုန်းတောက်လာတော့သည်။

တစ်နေ့သောအခါ မြို့ဝန်ဦးသာအိုးသည် ခေါင်းပေါင်းစကြော့ကြော့ဖြင့် မြင်းကောင်းတစ်စီးကို အသော့နှင်လာသည့်အခိုက် လမ်းပေါ်မှာ ရှိရှိသမျှ ခရီးသွားပြည်သူများသည် အစဉ်အလာအတိုင်း မြို့ဝန်မင်းကို အရိုအသေပြုခြင်း





အားဖြင့် လမ်းဘေးဆင်းကာ ထိုင်နေကြရလေ၏။ ထိုကဲ့သို့ အများတကာ လမ်းဘေးမှာ ထိုင်နေကြစေကာ၊ တစ်ဦးသော လူရွယ်သည် လမ်းဖယ်ပေးပြီးနောက် ထိုင်မချလိုက်ဘဲ ရပ်လျက်သားနေလေသည်။ မြင်းပေါ်မှ ဦးသာအိုးကား ဤလုပ်ရပ်မျိုးကို ခွင့်လွှတ်လေ့မရှိချေ။

" ဟဲ့- ဟိုအနားက မိုက်သား၊ နင် ဘာလုပ်တာတုံး "

" မှန်ပါ။ ကျွန်တော်မျိုး လက်မှာ ထီးဘုရားစာချွန်တော်ပါလာလို့ မထိုင်ကြောင်းပါ "

ဦးသာအိုးသည် လူရွယ်၏စကားကိုဆုံးအောင်ပင် နားမထောင်ဘဲ သူ့လက်မှကြိမ်လုံးဖြင့် လူရွယ်၏ မျက်နှာတည့်တည့်ကို ဖြတ်၍ရိုက်လိုက်ပြီးလျှင် ဆက်စီးသွားလေ၏။

ယင်းလူရွယ်သည် သာမန်ဆင်းရဲသားထဲက မဟုတ်ချေ။ ရတနာသိယ် ရွှေဘိုမြို့ဝန်၏သားဖြစ်ပြီး ပြတိုက်တော်၌ အလုပ်သင်စာရေးအဖြစ် ထမ်းဆောင်နေသူဖြစ်သည်။ ထိုအကြောင်း ဦးသာအိုး မသိချေ။ လူရွယ် ဖြေရှင်းပြောပြသည့်အတိုင်း ဘုရင့်စာချွန်တော် လက်ဝယ်သယ်ဆောင်လာခိုက် ဖြစ်သောကြောင့် လွှတ်တော်စည်းမျဉ်းအရ အနိမ့်တွင်မထိုင်ခြင်းအမှန်ပင် ဖြစ်သည်။ ထိုလူရွယ်သည် စိတ်ရောကိုယ်ပါ နာကျည်းလျက် ရှက်ဒေါသကိုဆောင်ကာ သူ၏အဘဖြစ်သူ ရွှေဘိုမြို့ဝန်ထံ အရောက်သွားပြီး တိုင်ကြားလေ၏။

ပြဿနာကား စလေပြီ။

သူ၏ဖခင် ရွှေဘိုမြို့ဝန်မင်းကြီး မဟာဇေယျသူရဘွဲ့ခံ (ငယ်မည်ဦးခဲ)ကလည်း နှယ်နှယ်ရရ ပုဂ္ဂိုလ်ထဲက မဟုတ်ချေ။ သူသည်လည်း မင်းတုန်းမင်း၏ ကျွန်တော်ရင်း ရဲဘက်မြင်းတပ် ပိုလ်ဟောင်းငခဲအနေဖြင့် ရဲရဲတောက် အမှုထမ်းခဲ့သူ ဖြစ်လေသည်။

ရတနာသိယ် ရွှေဘိုမြို့ဝန် ဦးခဲသည် လာရောက်တိုင်ကြားသော သား၏မျက်နှာတွင် ထင်နေသောကြိမ်ရာကိုလည်း မြင်လေပြီ။ ဖြစ်ပုံကိုလည်း ကြားလေပြီ။ ဤတွင် ပြင်းထန်သော ဒေါသကို မောင်းတင်ကာ သားကို လက်ဆွဲပြီး နေပြည်တော်သို့ အပြင်းချီတက်လာလေ၏။ မန္တလေးမြို့ဝန်နှင့် ရွှေဘိုမြို့ဝန်တို့ ထိပ်တိုက်တွေ့ကြရပေတော့အံ့။

မန္တလေးမြို့တော်တွင် မြို့ဝန်အဆင့်နှင့်အညီ ခန့်ညားသောအိမ်ကြီးပေါ်၌ အနားယူနေသော ဦးသာအိုးသည် လမ်းမဆီမှထူးခြားစီညံသော



www.burmeseclassic.com

www.burmeseclassic.com



အသံဗလံကို ကြားရသောကြောင့် အကြောင်းကိုသိရအောင် လမ်းဘက်သို့ ကဲပြီး ကြည့်လိုက်သောအခါ " ဟဲ့- ဘယ်မလဲ နွားသတ်သူခိုး သောအိုး၊ ဟင်-နင်က များ ငါ့သားကို မတရားစော်ကားဝံ့တဲ့အကောင်၊ နင့်ကို ငါကိုယ်တိုင် လုပ်မဟဲ့"

ဦးသာအိုးသည် ထူးခြားသော အသံ၏အကြောင်းရင်းကို ရှင်းရှင်းကြီး သိရုံမက တရကြမ်း ဒုန်းစိုင်းလာသော ရုပ်သွင်ကိုပါ မြင်လေပြီ။ ဤတွင် အလွန် လျှင်သော အတွင်းစိတ်၌-

" အလိုလေး - ရွှေဘိုမြို့ဝန် ငခဲပါကလား။ တစ်နေ့ကအကောင်ဟာ သူ့သားကိုး " ဟူသော အသိနှင့်အတူ ထိုအသိဖြင့်ယှဉ်သော ကြောက်စိတ်ကြောင့် မိမိ၏သိက္ခာကိုမျှ မငဲ့နိုင်တော့ဘဲ အိမ်ကြီး၏နောက်ဖေးလှေကားမှ လွှားခနဲခုန်ဆင်းပြေးလေ၏။

ဒေါသအိုးဧည့်သည်၏ ပေါက်ကွဲလုမတတ်ဟန်ပန်နှင့် မိမိတို့သခင် မြို့ဝန်မင်း ကိုယ်တိုင် ကုန္တြပျက်စွာ ဆင်းပြေးခြင်းကို ပက်ပင်းပါတွေ့မြင်ရသော အဆောင်ကိုင်တပည့်များသည် ထိုသူစိမ်းဧည့်သည်အား ဟန့်တားရန် မဝံ့ကြတော့ပေ။

မြို့ဝန်နှစ်ဦးစလုံးပင် သခင်တူ ကျွန်ရင်းချည်းဖြစ်ခဲ့ကြ၍ တစ်ယောက်၏အထာကို တစ်ယောက်က အစဉ်းသိဖြစ်ကြသည်။ ဦးသာအိုး စရိုက်ကြမ်းသည် မှန်၏။ ယခုမူ သူ့ထက်ကြမ်းဝံ့သူ၊ တကယ်လုပ်မည့်သူမှန်း အတပ်သိသောကြောင့် နန်းတွင်းအရောက် သုတ်ခြေတင်ခဲ့ခြင်းဖြစ်သည်။ မင်းတုန်းမင်းကြီး ရှေ့တော်မှောက်သို့ ကပျာကယာဝင်ရောက် ခစားကာ ခြေတော်ဦးတိုက်ပြီးနောက် ဦးသာအိုးသည် အချင်းဖြစ်အကြောင်းဖြစ်သော တွေ့ပုံ၊ ရိုက်ပုံ၊ လိုက်လာပုံများကို အလုံးစုံသံတော်ဦး တင်နှင့်လေ၏။

များမကြာမီ မြို့ဝန် ဦးခဲလည်း ရှူးရှူးရှဲရှဲမြည်လျက် အတွင်းတော်သို့ ဝင်ရောက်လာပြန်လေ၏။ ဘုရင့်ရှေ့တော်အရောက် ခစားခွင့်ရရန်မှာ ဘုရင်အရေးပေးခံရသော မြို့ဝန်များဖြစ်ကြ၍ ယင်းတို့အဖို့ အခက်အခဲမရှိပေ။ ဦးခဲသည် ဘုရင်ရှိရာသို့ လက်အုပ်ချီလျက် -

" ဘုန်းတော်ကြီးလှသောဘုရားကို သံတော်ဦးတင်ပါရစေဘုရား။ သောအိုး ရိုင်းပျလွန်းလို့ လူဝါးဝလွန်းလို့ပါဘုရား။ ကျွန်တော်မျိုးကြီးသားမှာ အရှင့်စာချွန်တော်ပိုက်လျက်မို့ အနိမ့်ထိုင်မပေးနိုင်တာနဲ့ အကြောင်းတင်တာလဲ ဂရုမစိုက်၊ ကြိမ်လုံးနဲ့မျက်နှာရိုက်ပါသ ဘုရား။ သားမျက်နှာ ကြိမ်ရာအရှိုးကြီးနဲ့





ပါဘုရား။ ဟို- အရင် ဘုန်းတော်ကြီးဘုရား ရွှေဘိုထွက်တော်မူစဉ်က အကျိုးတော်ဆောင်ခဲ့သူ အချင်းချင်း သင်းက နွားခိုးသတ်ပြီး ဟင်းစားရှာသလို ကျွန်တော်မျိုးကြီးကလဲ ဆန်စပါးရိက္ခာရှာပြီး ဆက်ခဲ့ကြတာအတူတူ၊ အခုမှ သင်းက အာဏာပြင်းလွန်းလို့ နွားသတ်သူခိုး သောအိုးကို ဆိုဆုံးမစမ်းပါရစေဘုရား " ဟု စသည်ဖြင့် ရေပက်မဝင်အောင် ရှည်လျားစွာ စွဲချက်တင် လျှောက်လဲနေလေ၏။

အစဉ်အလာအားဖြင့်မူ ဤအမှုမျိုးသည် ဘုရင့်ရှေ့တော်မှောက်သို့ ရောက်ရိုးထုံးစံ မရှိပါ။ သို့သော် ယခုအရေးသည် ငယ်ကျွန်များ၏ သေရေးရှင်ရေး ဖြစ်နေသည့်အပြင် အကြောင်းအားလျော်စွာ ရှေ့တော်မှောက်ရောက်လာပြီးသားဖြစ်နေသည်။ မိမိကျွန်ရင်းများအပေါ်၌ မူလကပင် သံယောဇဉ်ရှိရင်းစွဲဖြစ်သူ မင်းတုန်းမင်းကြီးသည် ဦးခဲ တင်လျှောက်ချက်ကြောင့် ရှေ့ဖြစ်ပောင်းအောက်မေ့တော်မူလာပြီး ပြုံးလျက်ရှုစားကာ ဖျန်ဖြေပေးတော်မူပေသည်။

မြို့ဝန်နှစ်ဦးကာ မျက်နှာချင်းဆိုင် အချေအတင်ပြောဆိုခြင်း မဟုတ်သေးပါ။ အရှင်ရင်း မင်းတုန်းဘုန်းတော်ကြီးဘုရားကိုသာ ဦးတည်ပြီး လျှောက်ကြားနေကြလေသည်။

" သူ့သားကို မြင်းတစ်စီးနဲ့ ငွေသားသုံးပိဿာ လျော်ကြေးပေးပါ့မည်ဘုရား "

" ငွေလဲမလို၊ ရွှေလဲ မလိုချင်ကြောင်းပါ ဘုရား၊ ကျွန်တော်မျိုးကြီးသားကို သူကိုယ်တိုင် ကန်တော့ပွဲနဲ့ကန်တော့ပြီး တောင်းပန်မှကျေအေးနိုင်ပါ့မည်ဘုရား "

စင်စစ် လူ့သိက္ခာဆိုသည်မှာ ရွှေငွေဖြင့် ပေးလျော်၍ရကောင်းသည် မဟုတ်ကြောင်း မင်းတုန်းမင်းကြီးအနေဖြင့် သိတော်မူပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဤအရေးတွင် အဆုံးအဖြတ်ပေးသော အမိန့်တော်ကို အောက်ပါအတိုင်းချမှတ်တော် မူလေ၏။

" အရိုက်ခံရသူမှာ ငယ်ရွယ်သူဖြစ်၍ ကြီးသူကရှိခိုးဦးတင်တောင်းပန်ရန် မသင့်လျော်၊ ထို့ကြောင့် အရိုက်ခံရသူကိုယ်စား အဖဖြစ်သူ ဦးခဲအား ဦးသာအိုးက ရှိခိုးတောင်းပန်စေ။ ဤကိစ္စ ဤတွင်ပြီးစေရမည် "

မြို့ဝန်နှစ်ဦးတို့သည် ဘုရင့်စီရင်ချက်အတိုင်းဆောင်ရွက်၍ ကျေအေးပြီးပြတ်ကြရလေတော့သတည်း။ လောကတံထွာ အမှုတစ်ရာကြုံကြရာတွင် သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနှင့်သူ ဇာတ်လမ်းဇာတ်ကွက် အဆင်ကွဲစေကာမူ အကြောင်းရင်းသည်ကား လောဘ၊ ဒေါသ၊ မာနတရားသည်သာ ပဓာနဖြစ်ချေသည်။

ဦးသာအိုး၏ ကိုယ်ရေးကိုယ်တာနှင့်စပ်လျဉ်းသော ဖြစ်ရပ်များကို ဖော်ပြပြီး တတိယ နောက်ဆုံးပိုင်းအဖြစ် သူ၏ကြမ္မာရဟတ်တစ်ပတ်လည်ကာ သူကိုယ်တိုင် ထောင်ထဲဝင်ရပုံကို ဆက်လက်တင်ပြပါဦးမည်။

ဤနေရာတွင်မည်သို့မည်ပုံ မည်ကဲ့သို့ ဟူ၍ အထူးမရေးတော့ဘဲ ထိုခေတ်က ရန်ကုန်မြို့မှ ထုတ်ဝေသော ၁၂၃၅-ခု၊ တန်ခူးလဆန်း ၄-ရက်၊ (၁၈၇၄-ခု၊ မတ်လ ၂၁-ရက်) စနေနေ့ထုတ် မြန်မာသံတော်ဆင့်သတင်းစာမှ သတင်းတစ်ပုဒ်ကို အရင်းတိုင်းကူးယူဖော်ပြလိုက်ပါသည်။

‘ မန္တလေးမြို့သတင်း၊ မီးလောင်သည့်အကြောင်း ’

ရတနာပုံရွှေမြို့တော် နန်းတော်အနောက် စဉ့်ရှင်ဈေးပတ်လည်မှာ ကောဇာသက္ကရာဇ် ၁၂၃၅-ခု၊ တပေါင်းလဆန်း ၆-ရက် ည တစ်ချက်တီးကျော် ၇-မောင်းခန့် အချိန်တွင် မီးလောင်၍ အိမ်ပေါင်း ၇၀၀-ခန့် လောင်ကျွမ်းလေသည်။ ထိုအခါ မဂ္ဂရာမင်းသားကိုယ်တော်တိုင် နောက်ပါ ကျေးတော်မျိုး ကျွန်တော်မျိုးများနှင့်တကွ လာရောက်တော်မူ၍ သတ်ငြိမ်းတော်မူလေသည်။ မြို့ဝန်၊ ပြဝန်များလည်း အများအပြားပင် ရှိကြလေသည်။ သို့သော်လည်း မီးသည် နံနက် ၃ ချက်တီးကျော်မှ ငြိမ်းလေသည်။ မိုးလင်း၍ လဆန်း ၇-ရက်နေ့တိုင် ရောက်လျှင် ထိုမီးသည် ဝိုင်းအုံသတ်ကြပါလျှင် ငြိမ်းလောက်တန်လျက် မြို့ဝန်၊ ပြဝန်တို့ကား ကြိုးပမ်း၍မသတ် မငြိမ်းခြင်းကြောင့် သို့စဉ် အများအပြား ဆုံးပါးလောင်ကျွမ်းရကြောင်းနှင့် ရွှေနားတော်ကြား သံတော်ဦးတင်သဖြင့် ကြားသိတော်မူလျှင် တောင်မြို့ဝန် ဦးပေစိ၊ မြောက်မြို့ဝန် ဦးသာအိုးတို့ကို သံခြေချင်း ၂ ဆင့်ရိုက်၊ ထောင်၌အကျဉ်းထားစေဟု ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်၍ရွက်ရသည့်အတိုင်း ၎င်းမြို့ဝန် ၂ ယောက်ကိုလည်း ထောင်မှာ သွင်း၍ အကျဉ်း သံခြေချင်း ၂ ဆင့်နှင့် ထားလေသည်။

အထက်ပါအတိုင်း သတင်းကိုအကျယ်တဝင့် ဖော်ပြပြီးနောက် အပြီးသတ် နောက်ဆုံးနားတွင် အယ်ဒီတာ၏မှတ်ချက်အနေမျိုးဖြင့် အောက်ပါစကား





တစ်ရပ်ကို ဆက်လက်ဖော်ပြထားသေးသည်မှာ -

“ မီးထင်းကိစ္စဆိုရာမှာလည်း မြို့ဝန်၊ ပြဝန် ကင်းသားများ တာဝန် ကောန်မှန်ချေသည်။ ထို့ကြောင့်ပင် ၎င်းမြို့ဝန် ၂ ဦးကို အထူးထောင်သွင်း၍ အကျဉ်းသံခြေချင်းနှင့် ထားတော်မူခြင်းသည် မလျော်မသင့်ဆိုခွင့် မရှိပါပေ” ဟူ၏။

(လူထုဦးလှရေး - “ သတင်းစာများသည် သမိုင်းကိုပြောပြနေကြသည်” စာအုပ်မှ )

အထက်ပါသတင်းတွင် စဉ်းစားရန်တစ်ချက်မှာ မန္တလေးတွင် သတင်းဖြစ်ပွားပြီးနောက် ၂၇-ရက်ကြာရှိမှ ရန်ကုန်ထုတ်သတင်းစာမှာ ပါလာခြင်းဖြစ်လေသည်။ စင်စစ် ယင်းခေတ်က ကူးသန်းသွားလာမှု နှေးကွေးသည် ဆိုစေဦး၊ ထိုသို့ တစ်လနည်းပါး ကြန့်ကြာရန်မရှိပေ။ ထို့ကြောင့် သတင်းစာ၏တင်ပြလိုရင်းမှာ မီးလောင်ခြင်းသတင်းထက် တာဝန်ပေါ့လျော့သူ မြို့ဝန် ၂ ဦးကို ခွင့်မလွှတ်ဘဲ အပြစ်ပေးခြင်းကိုသာ ဖော်ညွှန်းလိုဟန်ရှိပေသည်။ ထိုစဉ်က ရေးနည်းအတိုင်း သတင်းနှင့်အတူ သင့်နိုးရာရာ ဝေဖန်ချက်ကလေးများ ဖြည့်စွက်ပြီး ရေးသားထားသည်။ ရေးသားပုံစကား ဝါကျအသုံးအနှုန်းမှစ၍ ကျစ်ကျစ်လျစ်လျစ် ပြေပြစ်လှပေသည်။

ဦးသာအိုးအကြောင်း ပြန်ကောက်ရသော် မြို့ဝန်ကြီးကား သည်တစ်ပွဲတွင် အကျနာလေပြီ။ မင်းတုန်းမင်းကြီး အနေနှင့်လည်း ပြဿနာထူပြောလှသော ကျွန်တော်ရင်း သောအိုး အပေါ်တွင် စိတ်တော်ရှည်နိုင်စွမ်း ကုန်ခမ်းသွားဟန်တူပေသည်။

မင်းတုန်းမင်းကြီး နတ်ပြည်စံတော်မူပြီးနောက် သီပေါမင်းလက်ထက်တိုင် ရောက်သောအခါမှ ဦးသာအိုးမှာ အရေးပါသော ရာထူးကြီး ထမ်းဆောင်ရဟန် မရှိပါ။ အဘယ့်ကြောင့်ဆိုသော် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားသော သီပေါမင်းလက်ထက်တော် ဝန်စု၊ မှူးစု၊ ရာထူး၊ ဘွဲ့ ငယ်မည်စာရင်းအရ အဆင့်မြင့် လူပေါင်း ၄၀၀ ကျော်တွင် ဦးသာအိုးကို ရှာဖွေမတွေ့ရသောကြောင့် ဖြစ်ပါသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## ၂။ ဗုဒ္ဓေါ ဗုဒ္ဓေါ အိုးတုတ်နှင့်မျှော

ဗုဒ္ဓေါ ဗုဒ္ဓေါ အိုးတုတ်နှင့်မျှော ဟူသည်မှာ တစ်ဘောင်စကားတစ်ခု ဖြစ်ပါသည်။ ယင်းစကား၏ မူလနှင့်ဇာစ်မြစ်ကို တင်ပြလိုပါသည်။

အချိန်ကား ၁၂၁၄-ခုနှစ်၊ ဒေသကား အမရပူရ မြို့တော်၊ စိုးစံလျက် ရှိသော မင်းကား ပုဂံမင်းဖြစ်ပါသည်။ ပုဂံမင်းကား ကုန်းဘောင်ဆက် မင်းပေါင်း ၁၁ ဆက်တွင် ၉ ဆက်မြောက် မင်းဖြစ်သည်။

သက်တော် ၃၅ နှစ်အထိ အိမ်တော်စံ မင်းသားဘဝတွင်လည်းကောင်း၊ ၁၂၀၈-ခုနှစ်တွင် ရွှေဘိုမင်း၏ထီးနန်းအရိုက်အရာကို ဆက်ခံရရှိပြီး၊ မင်းအဖြစ် ရောက်ပြီးချိန်တွင်လည်းကောင်း ပျော်မှု ပါးမှုဘက်၌သာ အာရုံထားမြဲဖြစ်လေသည်။ ထို့မှမက ဘိုင်ဆုတ် (အမည်ရင်းမဟုတ်) ဆိုသူအား အရေးပါလှသော မြို့ဝန်ရာထူးအထိ ယုံကြည်စွာ ခန့်အပ်ထားခြင်းကြောင့် ယင်းမြို့ဝန်ဆိုးသွမ်းသမျှ တိုင်းပြည်က ခါးစည်းခံနေကြရတော့သည်။

ပုဂံမင်းကိုယ်တော်တိုင် ထိုမြို့ဝန်အပေါ် မျက်နှာသာပေးတော်မူနေခြင်း ကြောင့် ဆိုးညစ်မှန်းအစဉ်းသိပါလျက် လွှတ်တော်အစိုးရအဖွဲ့ဝင်များအနေဖြင့် ဟုတ်တိုင်းမှန်ရာ မတင်ဝံ့ကြသေးဘဲ၊ အကဲကြည့်ခစားနေကြရချိန်ဖြစ်သည်

ယင်းမြို့ဝန်၏ အပြုအမူဆိုးမျိုး ကမ်းကုန်မှသာ ပုဂံမင်းရွှေနားတော် ကြားသိပြီး၊ ၁၂၁၃-ခုနှစ်တိုင်ရောက်မှ ဘိုင်ဆတ်ကို အပေါင်းပါများနှင့်တကွ ကွပ်မျက်ပစ်လိုက်ရလေ၏။ သို့သော် ပြည်သူလူထုကား အရှိန်ရနေသော ဒုက္ခ ဇာတ်မှ အတောမသတ်နိုင်ကြသေးပါ။ ပုဂံမင်းလည်း အပျော်ကြူးဆဲပင်တည်း။





ဤသို့လျှင် ရွှေနန်းရှင်က ပျော်ပါးမှုဘက်၌ အချိန်ကုန်နေစဉ် ပုဂံမင်း ၏ ခမည်းတော်မယ်တော်ကွဲညီတော်များဖြစ်ကြသော မင်းတုန်းမြို့စား မင်းသားနှင့် ကနောင်မြို့စားမင်းသားတို့ကား မင်းသားတို့တက်ရိုးအဆင့်ဆင့်တက်လာပြီး လွှတ်တက်မင်းသားကြီးများအဖြစ် လွှတ်တော်တွင် နိုင်ငံ့တာဝန်ကို ထမ်းဆောင် လျက် ရှိကြသည်။

မင်းသားတို့တက်ရိုးအဆင့်ဆင့်ဟူသည်မှာ အရွယ်နှင့်အရည်အချင်း ကိုလိုက်၍ ပထမမြင်းမှူးမင်းသား၊ ထို့နောက် မင်းသားလတ်၊ ထို့နောက် လွှတ်တော်မင်းသားကြီး စသဖြင့် အတန်းမြင့်လာခြင်းကို ဆိုလိုသည်။

ထိုသို့ လွှတ်တော်မင်းသားကြီးများအဆင့်သို့ ရောက်ရှိပြီး မင်းတုန်း နှင့် ကနောင်မင်းသားတို့သည်ကား နိုင်ငံ့တာဝန်ကိုလည်း ကျေပွန်သည်။ အကြည်ညိုပျက်စေမည့် အမူအကျင့်တို့မှလည်း ကင်းစင်သည်ဖြစ်လေရာ ပြည်သူလူထု၏ချစ်ကြည်ကိုးစားမှုကို တစ်နေ့တခြား ပိုမိုရရှိလာပေသည်။

ထိုသောအခါ မင်းတုန်းမင်းဘက်မှ ကျေးကျွန်ရင်းများသည် မိမိတို့ သခင် ကြီးမြင့်ရေးအတွက် ကိုယ်တတ်နိုင်သလို အားထုတ်ကြသည်နှင့်အမျှ ပုဂံ မင်း၏ ကျွန်တော်ရင်းမင်းမှုထမ်းများကလည်း မိမိတို့ အရှင်သခင်ပလ္လင်ပေါ်၌ တည်မြဲနေရေးကို ကြိုးစားလုပ်ဆောင်ကြရလေ၏။

ဤသို့သော အခြေအနေတွင် ပုဂံမင်းဘက်မှ အာဏာရမှူးမတ်အချို့ တို့က ဆန့်ကျင်ဘက်အုပ်စုကို နှိမ်နင်းထားရန်အလို့ငှာ မင်းတုန်းနှင့် ကနောင် တို့အပေါ်တွင် ဥပါယ်တံမျဉ်ဖြင့် ရာဇဝတ်မှုရောက်အောင် အကြံအဖန် ပြုလာ ကြလေ၏။ ဤအချက်ကို အကွက်မြင်ပြီးသူ မင်းတုန်းညီနောင်တို့သည် လက်ဦးမှုမခံဘဲ ၁၂၁၄-ခုနှစ်၊ ပြာသိုလဆန်း ၈-ရက်နေ့တွင် ရနိုင်သမျှသော လက်နက်လူသူတို့ကို စုစည်းကာ မြောက်သား သားသမီးတို့နှင့်တကွ နေပြည်တော် အမရပူရမှ ထွက်လာကြ၏။

နောင်တော် ပုဂံမင်းကို ပုန်ကန်မည့် သူပုန်ရန်ဖြစ်လာကြသော မင်းတုန်းညီနောင်တို့သည် ကြွချီခဲ့သည့်ခရီးတစ်လျှောက် အံ့လောက်စရာ အင်အားစုမိကြသည်။ ၅-ရက်အတွင်း ရတနာသိယ် ရွှေဘိုမြို့ကို သိမ်းပိုက်နိုင်ပြီး အခိုင်အလုံ တပ်စွဲမိကြလေသည်။

ထိုအချိန်ထိုခေတ်က မြန်မာလူမျိုးများ လက်ခံယုံကြည်လေ့ရှိကြသော တဘောင်စနည်းစကားများက တစ်စခန်း ထလာကြလေပြီ။ တဘောင်စနည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုရာတွင်လည်း ရှေးပဝေသဏီကတည်းက အစဉ်အဆက် ပြောစမှတ်ပြုလာ စကား၊ တစ်စုံတစ်ရာ ထူးခြားစွာဖြစ်တော့မည့်အခိုက် အလိုက်သင့်ပေါ်ထွက်လာသောစကား စသည်ဖြင့် လူထုကြားတွင် ထင်ရှားတွင်ကျယ်လာတတ်ကြသော စကားများဟူ၍ အမျိုးအစား ကွဲပါသေးသည်။

အလိုအလျောက်တွင်ကျယ်ထင်ရှားလာသော တဘောင်စကားကဲ့သို့ မိမိတို့ဆန္ဒရှိရာ ချီးမြှောက်စေလိုသော။ သို့မဟုတ် နာမ်နှိမ်စေလိုသောကြောင့် တမင် တီထွင်ထုတ်လွှင့်လိုက်သော တဘောင်စကားအတုများကလည်း ရှိပါသေးသည်။ မည်သို့ပင်ဖြစ်စေ သူ့အကြောင်းနှင့်သူ အကျိုးတရားကတော့ နည်းများမဟူ ထင်သည်ချည်းပင်။

ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်ခဲ့သော အလောင်းဘုရားလက်ထက် အရေးတော်ပုံကာလကလည်း ပြည်သူကြားတွင် တဘောင်သံများ ညံနေအောင်ပြောခဲ့ကြပေသည်။ အလောင်းဘုရားအား ချီးပင့်သော တဘောင်စကားအနက် တစ်ခွန်းမှာ ‘ မုဆိုးဖို အလိုလိုနေရင်း ဘုန်းတောက်သည့်မင်း’ဟူ၏။ ထိုတဘောင်သံကို တုံ့ပြန်လိုသော အလောင်းဘုရား၏ ဆန့်ကျင်ဘက်ရန်သူများက ယင်းစကားကို ကျေအောင်ချေသည့်အနေဖြင့် နောက်တစ်ပိုဒ်ဆက်၍ပြောပြန်သည်မှာ-

‘နတ်တော်ပြာသို နှင်းစိုစို ဖားလိုပေါင်စင်း သေရမည့်မင်း’ ဟူသတည်း။

ရွှေဘိုမြို့တွင် ရပ်တည်တပ်စွဲကာနေကြသော မင်းတုန်းညီနောင်တို့နှင့် လက်ရှိ ရွှေနန်းရှင်ပုဂံမင်းတို့ မည်သည်ဘက်တော်မှ အောင်မည် ရှုံးမည်ကိုမသိနိုင်သေးသော လောလောဆယ် အချိန်တွင် မြန်မာ့ရိုးရာ တဘောင်သံများ သောသောညံအောင် ပေါ်ပေါက်လာသည်။

ထိုအခါက မင်းတုန်းမင်းသားအတွက် ရည်ညွှန်းသော တဘောင်စကားများမှာ ‘ ဗုဒ္ဓေါ ဗုဒ္ဓေါ အိုးတုတ်နှင့်မျှော ’နှင့် ‘ မင်းတုန်းဆိုလည်း တုံးလတ္တံ့။ မင်းသုဉ်းဆိုလည်း သုဉ်းလတ္တံ့ ’ ဟူ၏။ ပထမစကား၏ဆိုလိုရင်းမှာ ရတနာသုံးပါးကြည်ညိုလေ့ရှိပြီး ဗုဒ္ဓေါ ဗုဒ္ဓေါ ရွတ်ဆိုကာ စိပ်ပုတီးစိပ်လေ့ရှိသော မင်းတုန်းမင်းသားကို အိုးတုတ်ဖြင့် မျှောလိမ့်မည်ဟု ဖြစ်လေသည်။ အနည်းငယ် ရှင်းရန်ရှိသည်မှာ နန်းတွင်း အစဉ်အလာအရ ရာဇဝတ်သင့်သော မင်းသွေးဟူက အဆုံးစီရင်ပြီးလျှင် ဧရာမအိုးစရည်းတွင် ထည့်သွင်းခဲဆွဲလျက် မြစ်လယ်တွင် ချပြီး ဖျောက်ဖျက်ရမြဲဖြစ်သည်။ ထို့ကြောင့် မင်းတုန်းမင်းသားအား သတ်တော့





ဟု ဆိုခြင်းပင်။

နောက်စကားတစ်ခွန်းမှာ မင်းတုန်းဆိုက တုံးလိမ့်မည်။ မင်းမရှိပြီ။ မင်းသုဉ်းဆိုက သုဉ်းလိမ့်မည်။ သုဉ်း သုည ဘာမျှမရှိ။ သို့ဖြင့်လျှင် မင်းတုန်း ဘယ်လိုမှ မင်းမဖြစ်နိုင်ဟု ဆိုလိုခြင်းဖြစ်၏။

ဤတွင် မင်းတုန်းမင်းသားဘက်က သည်အတိုင်း နေသည်မဟုတ်ပါ။ ပုဂံမင်းအတွက် ရည်ညွှန်းလျက် တဘောင်စကားများ ထုတ်လွှင့်ကာ တန်ပြန်ချေပခြင်း ပြုကြလေသည်။ ယင်းတို့မှာ အောက်ပါအတိုင်းပင်။

‘ ပုဂံ ပုဂံ တာတေလံ ’ဟူ၍တစ်မျိုး၊ ‘ ပုဂံကျောက်ဖြူနီး ဥတစ်လုံး ’ ဟူ၍တစ်နည်း၊ ‘ ပုဂံ ဥတစ်လုံး နန်းညွန့်တုံး ’ ဟူ၍တစ်ဖုံ မျိုးစုံအောင် တဘောင်သံများ ထုတ်လွှင့်ကာ လူထုကြားတွင် ပြန့်ပွားအောင် လုံ့လကြီးစွာ အားထုတ်ကြလေသည်။ နှစ်ဘက်ရင်ဆိုင် လက်နက်ချင်းပြိုင်ပြီး တိုက်ခိုက်ကြသော စစ်ပွဲများ၏ နောက်ဆွယ်တွင် စိတ်ဓာတ်စစ်ဆင်ရေးဖြစ်သော ဤပါးစပ်တိုက်ပွဲ၏ ခရီးရောက်မှုကလည်း သေးငယ်သည် မဟုတ်ချေ။

အထက်ပါ တဘောင်သံများတွင် ‘ ပုဂံ ပုဂံ တာတေလံ ’ ဆိုသည်ကား အထူးရှင်းရန် မရှိချေ။ ရာဇပလ္လင်မြဲမရှိ၊ ပေတေနေလေ့ရှိခြင်းကို အပုပ်ချခြင်းပေတည်း။ နောက်စကား နှစ်ခွန်းကာ အနည်းငယ် ရှင်းရန်ရှိသည်။

‘ ပုဂံကျောက်ဖြူနီး ဥတစ်လုံး ’ ဆိုသည့်စကားတွင် ပုဂံမင်း၏ ချွတ်ယွင်းချက်နှစ်မျိုး ပါရှိနေသည်။ ပုဂံမင်း၏မျက်နှာတော်တွင် ကျောက်ပေါက်မာသက်သက် ထင်နေသည်။ ယင်းသည့်ခေတ်က ကျောက်ရောဂါသည် အလွန်ကြောက်ဖို့ကောင်းလှ၏။ မိန်းကလေးများ ချောသည်ဆိုလျှင် ကျောက်ပေါက်ပြီးပြီလား ဟု စူးစမ်းလေ့ရှိသည်ဆို၏။ ဤအထိ ကျောက်ရောဂါ နှိပ်စက်ခံခဲ့ကြရသည်။

ယင်းပုဂံမင်းသားသည် ငယ်ရွယ်စဉ်ကလည်း လှည့်လည်ပျော်ပါး၍သာ နေတတ်သည်။ ထို့ကြောင့် သူ၏မယ်တော် တောင်နန်းမတော် မိဖုရားကြီးက မလိမ္မာသောသားတော်ကို “ ဟယ် - ကျောက်ရူး၊ နင်ဟာ အသိတရားလဲမရှိ။ ထီးနန်းလိုချင်ရမှန်းလဲမသိ။ လေဖို့ပဲ တတ်တယ်။ သည့်နှယ်ဖြင့် နင့်ကို ဘယ်သူက နန်းပေးချင်မှာတုံး ” စသည်ဖြင့် အရပ်သူဆင်းရဲသားပြော ပြောကာ အားမလိုအားမရ ကျိတ်ပြီး ဆိုဆုံးမခဲ့ဖူးသည်ဆို၏။

ဥတစ်လုံးဆိုသည်မှာ ပုဂံမင်းသည် ယောကျ်ားအင်္ဂါမစုံသော မွေးရာပါ



www.burmeseclassic.com

www.burmeseclassic.com



ဥတစ်လုံးဖြစ်သည်။ ဤအချက်ကို ပြည်သူလူထုက မသိကြပေ။ သို့သော် မင်းတုန်းညီနောင်တို့ကား နန်းတွင်းမှာဖွားသည့် မင်းသားချည်းဖြစ်၍ မဆွကပင် အတွင်းစကား ကြားသိပြီးသားဖြစ်သည်။ သိပင်သိငြားသော်လည်း ဘယ်အခါမျှ ထုတ်ဖော်မပြောခဲ့ကြချေ။ ပြောရန်အကြောင်းလည်းမရှိ။ ယခုအချိန်မှ ထုတ်ဖော်ရန် အကြောင်းရှိလေပြီ။ ထို့ကြောင့် ယင်းတို့၏ အကြံပေးပုဂ္ဂိုလ်များက ပုဂံမင်း၏ ချွတ်ယွင်းချက်ကို ထိထိမိမိအသုံးချလေ၏။ ပုဂံမင်းမှာ ယခုသက်တော် ၄၁ နှစ်ရှိပြီဖြစ်၍ နန်းရမိဖုရားကြီး ၄ ပါး၊ ဆောင်ရမိဖုရား ၄ ပါး၊ မဟေဘွဲ့ရ ၄ ပါးနှင့် ဝတီဘွဲ့ခံ ၂ ပါး၊ ပေါင်း ၁၄ ပါးရှိသော်လည်း အဘယ်မိဖုရားတစ်ပါးတွင်မျှ ရင်သွေးတော် ထွန်းကားဖူးသည် မရှိချေ။ ထို့ကြောင့် ရင်သွေးတော် နန်းညွန့်လျာမရှိ။ ဤဖြစ်ရပ်မှန်ကို ချက်ကောင်းကိုင်ပြီး မင်းတုန်းဘက်မှ အပုပ်ချလိုက်ခြင်း ပေတည်း။

ထိုအခါ ဤစကားမှာ ပြည်သူကြားတွင် အလွန်တာသွားသည်။ ယင်းခေတ်က ပြည်သူတစ်ရပ်လုံးသည် မင်းမျိုးစစ်မှန်သူကိုသာ မိမိတို့ဘုရင်အဖြစ် လက်ခံလိုကြသည်။ ပုဂံမင်းသည် မင်းရိုးစစ်မှန်စေကာမူ နန်းလျာ မထွန်းကားနိုင်သောကြောင့် သူ့အား အလိုမရှိတော့။ ဘကြီးတော်ဘုရားလက်ထက်တော်က မင်းမျိုးမစစ်သော နန်းမတော်မယ်နု၏မောင် မင်းသားမောင်အိုဆိုသူက ရာဇပလ္လင်ပေါ်တက်မည် တကဲကဲလုပ်နေချိန်၊ ပြည်သူတစ်ရပ်လုံး နှလုံးပူပန်ခဲ့ကြရသည်မှာ ၁၅ နှစ်ခန့်သာရှိသေးသည်။ ထို့ကြောင့် အမျိုးအရိုးဆိုသောအချက်မှာ ပူပူနွေးနွေးအရေးပါဆဲရှိသေးသည်။ ထိုအခါ ' ပုဂံတစ်လုံး နန်းညွန့်တုံး 'ဆိုသော တဘောင်သံသည် ပြည်သူအများ၏ စိတ်အထာကို တပ်လှန့်လိုက်သကဲ့သို့ရှိတော့သည်။ အချင်းချင်းလည်း ' ဟုတ်သားပဲ။ ပုဂံမင်းမှာ ဒါ့ကြောင့် နန်းလျာမထွန်းကားတာကိုး။ ဒီလိုဖြင့် နန်းညွန့်တုံးတာပ။ နောက်မင်းဆက်မှာ ဘယ်လိုလူစားက ရွှေတောင်တတ်လာမတုံးမသိ ' စသဖြင့် တီးတိုးစကားများ ပြန့်ပွားလာစေသည်။

ဤတွင် တစ်ဘက်နှင့်တစ်ဘက် တဘောင်သံချင်း အဘယ်မျှကွာခြားသည့်ကို ဆင်ခြင်နိုင်သည်။ မင်းတုန်းမင်းသားကို ရည်ညွှန်းသော တဘောင်စကားများမှာ ဆိုသာဆိုရ မင်းတုန်းမင်းသား၏ အပြစ်တစ်စုံတစ်ရာ သက်သေပြနိုင်ခြင်း မရှိပေ။ ' ဗုဒ္ဓေါ ဗုဒ္ဓေါ အိုးတုတ်နှင့်မျှော 'ဆိုသည်ကလည်း မထိရောက်သည့်အပြင် သာသနာရေးကို ကိုင်းရှိုင်းခြင်းကို ပြဆိုရာရောက်နေသေးသည်။





ပုဂံမင်းကို ရည်ညွှန်းသော တဘောင်သံများကား ယင်း၏ ချွတ်ယွင်းချက်ကို မီးမောင်းထိုးပြသကဲ့သို့ ထိမိပြီး ပြည်သူ့စိတ်အညာကို ကိုင်လှုပ်နိုင်စွမ်းရှိသည်။ ထို့ကြောင့် မင်းတုန်းညီနောင်နှစ်ပါးတို့သည် ပုန်ကန်ရန် ထွက်ခွာသွားသည်မှစပြီး လေးလအတွင်းမှာပင် အရေးတော်အောင်မြင်ကာ မင်းတုန်းမင်းသား မင်းအဖြစ်သို့ ရောက်ရှိလေ၏။

ဝန်ခံချက်။ ။ ဤဆောင်းပါးပါ အချက်အလက်များမှာ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးများကို ရေးသားသူ ဦးမောင်မောင်တင် K.S.M-A.T.M ၏သမီး ဒေါ်တင်တင်မေ၏ မှတ်စုများမှ ရရှိကြောင်း ဖော်ပြပါသည်။

**စာရေးသူ**

www.burmeseclassic.com

www.burmeseclassic.com

## ၃။ စာဆိုရှင် ခင်မငွေဆင်းတု

ယနေ့ စာပေနယ်တွင် အမျိုးသား ကလောင်ရှင်များထက် အမျိုးသမီး ကလောင်ရှင်များက ဦးရေ ပိုမိုထွက်ရှိနေသည်ဟု ပြောသံဆိုသံကြားနေရပါသည်။

ဤသဘောပြောကြသူများမှာ မျက်မှောက်စာပေလောကတွင် ထဲထဲဝင်ဝင် ကျက်စားနားလည်သူများ ဖြစ်သောကြောင့် ဤစကားသည် အခြေအမြစ်နှင့်တကွ ကျိုးကြောင်းခိုင်လုံမှုရှိသည်ဟု ယူဆရပါသည်။ တစ်ခုပြောစရာရှိသည်မှာ သို့ ပိုမိုထွက်ပေါ်လာသော အမျိုးသမီး ကလောင်ရှင်များသည် ဝတ္ထုရှည် အတိုဆောင်းပါးစသော စကားပြေဘက်မှာလား၊ ကဗျာဘက်မှာလားဟု စောကြောဖွယ် ရှိပါ၏။ မည်သည့်ဘက်မှာ တိုးတက်သည်ဖြစ်စေ၊ ကျွန်မတို့ အမျိုးသမီးထုအနေဖြင့်မူ ဝမ်းမြောက် အားတက်ဖွယ်ပင် ဖြစ်ချေသည်။

သို့ဖြစ်လျှင် ရှေးမြန်မာ ပဒေသရာဇ်ခေတ်ကနှင့် စစ်ကြိုခေတ်ကမူ အမျိုးသားကလောင်ရှင်က အများစုဖြစ်နေသည်မှာ အထူးပြောဖွယ် မရှိပြီ။ ကျွန်မတို့ ဖြတ်သန်းခဲ့ရသော ခေတ်အဆက်ဆက်၊ ပထမ ဤအတိုင်းပင် ကြားခဲ့ရသည်။ နောက် သိခဲ့ တွေ့ခဲ့ ဖတ်ခဲ့ကြရသည်။ ကျွန်မတို့ စာတိုပေစ စတင်ဖတ်သည့်ခေတ်က စာရေးဆရာဦးရေ အတော်များများ ရှိနေပြီဖြစ်သော်လည်း စာရေးဆရာမမှာမူ လက်ချိုးရေတွက်လျှင်ပင် ရနိုင်လောက်သည်။

ယခု ပြန်စဉ်းစား၍ လွယ်လွယ်မှတ်မိသမျှ -

ဒေါ်ဒဂုန်ခင်ခင်လေး၊ ဒေါ်ဒဂုံ ခင်လေးဆွေ၊ ဒေါ်ခင်မျိုးချစ်၊ ဒေါ်မမကြီး၊ ဒေါ်မာလာနှင့် ဒေါ်အမာ (လူထု ဒေါ်အမာ)တို့လောက်သာ ဝတ္ထု ဆောင်းပါး ကဗျာ လောကတွင် အမှတ်ထင်ထင်ရှိခဲ့ကြပါသည်။ သတင်းစာ





လုပ်ငန်းဘက်တွင်မူ -

သာယာဝတီ သတင်းစာ အယ်ဒီတာ ဒေါ်ဖွားရှင်၊ မန္တလေးမြို့မှ ကုမ္မာရီ သတင်းစာ အယ်ဒီတာ ဒေါ်ထားထား၊ အင်ဒီပင်းဒင့် သတင်းစာ အယ်ဒီတာ ဒေါ်စန်း(ခေါ်) ဒေါ်စန်းယုံ၊ ဒေါင်းသတင်းစဉ် အယ်ဒီတာ သခင်မ ဒေါ်ခင်ခင်တို့ ရေးသားလုပ်ကိုင်နေကြပြီဖြစ်သည်။ သည့်နောက် စစ်ပြီးခေတ် ရောက်လာသောအခါ ဒေါ်ဒဂုံခင်ခင်လေးနှင့် ဒေါ်အမာတို့သည် သတင်းစာ နယ်မှာပါ တွင်တွင်ကျယ်ကျယ် ပါဝင်ရေးသားလာခြင်းကို တွေ့ရပါသည်။

ဤသည်မှာ စစ်ကြိုခေတ်ကရှိနှင့်ကြသော မှတ်မိသရွေ့ စာရေးဆရာမ များဖြစ်ပြီး ကျွန်မ မသိ၍ မဖော်ပြနိုင်သူများ ကျန်နေပါလိမ့်ဦးမည်။

သို့ဖြင့်လျှင် ထိုခေတ်က စာရေးဆရာများကို စာရေးဆရာမများက အရေအတွက်အားဖြင့် ယှဉ်နိုင်မည့်ဝေးစွ၊ မနီးယိုးစွဲမျှ မလိုက်နိုင်ခဲ့ကြောင်း ရှင်းရှင်းကြီး တွေ့နေရသည်။ ထိုသည့်ကာလက ဘာ့ကြောင့် ဤမျှ ဤမျှ အမျိုးအစား ကွာဟရနေသလဲ။ အကြောင်းရှာကြည့်မိသည်။ ကျွန်မတို့ နိုင်ငံတွင် ပုဂံခေတ်ကတည်းက စာရေးစာဖတ်တတ်သူ အမျိုးသမီးများ၊ ရှိတန်သရွေ့ ရှိခဲ့သည်ဟု ပညာရှင်များ အဆိုအမိန့် ပြုခဲ့ကြပါသည်။ သို့သော် မိမိတို့စာပေ အရည်အချင်းကို လောကုတ္တရာဆိုင်ရာ ဘာသာရေးအဆုံးအမ အတွက်သာ ဖတ်ရှုလေ့လာရန် အသုံးချခဲ့ကြဟန်ရှိသည်။

ပုဂံခေတ် ထီးလှိုင်မင်းလှိုင်မင်း၏သားတော် ကျစွာမင်းသည် သက္ကရာဇ် (၅၉၅)ခုနှစ်တွင် နန်းတက်တော်မူသည်။ ထိုကျစွာမင်းကြီး၏သမီးတော်ဖြစ်သော-

သံပျဉ်မင်းသမီးသည် ရဟန်းပုဂ္ဂိုလ်အချို့ကိုပင် စာဝါပို့ချသင်ကြားပေးသည်ဟု ဆိုလေရာ ထိုမင်းသမီးကား ဘာသာရေးကျမ်းကြီးကျမ်းခိုင်တို့ကို ကျွမ်းကျင်နိုင်နင်းသူဖြစ်ကြောင်း၊ အထူးပြောဖွယ် မလိုပြီ။ တစ်နည်းဆိုသော် သံပျဉ်မင်းသမီးသည် အမျိုးသမီးစာပေပညာရှင်ခေတ်ကို မီးရှူးတန်ဆောင် သဖွယ် ဦးဆောင်လမ်းပြသူဟု ဆိုနိုင်ပါသည်။

ထိုသည့်နောက်မူ မြန်မာအမျိုးသမီးများထဲမှ ဝါသနာနှင့်စာပေ အလေ့အထရှိသူအချို့သည် မိမိတို့ အသိအမြင် ခံစားချက် အထွေထွေကို မျှဝေခံစားကြရန် စာနှင့်ပေနှင့် ရင်ဖွင့်ရေးဖွဲ့ခဲ့ကြလေသည်။ ထိုထို စာပေစုသည် မိမိကိုယ်တိုင်အတွက်၊ သက်ဆိုင်သူအတွက် အသိုက်အဝန်းအတွက် ဖတ်ရှုကြရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျှင် မည်သည့်စာပေပုံစံဖြင့် ရေးခဲ့ကြသလဲ ဟူသော အမေးရှိလာလျှင် သူတို့ခေတ်ကာလက ရေးလေ့ရှိသော စာပေပုံစံဖြင့် ရေးသည်ဟုပင် ဖြေရပါမည်။ ကာရန်နဘောပါသော ကဗျာအလင်္ကာနည်းဖြင့်ဖြစ်စေ၊ စကားပြေစာသားဖြင့်ဖြစ်စေ သူ့ခေတ်အလျောက် ရေးကြပေလိမ့်မည်။ မည်သည့်အဆင့်အတန်းမှ အမျိုးသမီးများ ရေးခဲ့ကြသည်ကို တစ်ဆင့်တက်၍ စူးစမ်းလျှင် အလွှာစုံမှပင် ရေးခဲ့ကြကြောင်း တွေ့နိုင်ပါသည်။

အလွှာစုံမှဟု ဆိုရခြင်းမှာ ထိုစာဆိုရှင်များတွင် ဘုရင့်သမီးတော်များ၊ မိဖုရားများ၊ နန်းတွင်း၌ ခစားထမ်းရွက်ကြသော အပျိုတော်များ၊ မှူးမတ်ကတော် မယားများအပြင် ရိုးရိုးသာမန် အရပ်သူများလည်း စာပေရေးသားဖွဲ့ဆိုရာတွင် ပါဝင်နေကြောင်း တွေ့ရ၍ ဖြစ်သည်။ ဤတွင် ကျွန်မလေ့လာမိသော ရှေးခေတ် အမျိုးသမီး စာဆိုများမှ ထင်ရှားသူအချို့အား အောက်တွင် ဖော်ပြပါမည်။ ဤစာရင်းပါ စာပေအနုပညာရှင်များသည် ထိုသည့်ခေတ်က ရေးသားလေ့ရှိသော ကဗျာအလင်္ကာအမျိုးမျိုးကို သူ့နည်းနှင့်သူ ပြောင်မြောက်စွာ ရေးဖွဲ့နိုင်စွမ်းသူများ ဖြစ်ကြလေသည်။

(၁) တန်ဆောင် မိဖုရား - သက္ကရာဇ် ၈၈၈ တွင် နန်းတက်သော မွန်ဘုရင် သုရှင်တကာရွှတ်ပိ၏ မိဖုရား။

(၂) ရာဇဓာတုကလျာ -၉၇၁ -ခုနှစ် နန်းတက်သော တောင်ငူဘုရင် နတ်ရှင်နောင်၏မိဖုရား။

(၃) ခင်မရွှေဆင်းတု မင်းသမီး - ၉၉၁-ခုနှစ် နန်းတက်သော သာလွန်မင်းတရား၏ သမီးတော်။

(၄) လင်းဇင်းမင်းသမီး - ၁၁၂၅-ခုနှစ် နန်းတက်သော ကုန်းဘောင်ဆက် တတိယ ဆင်ဖြူရှင်မင်းတရား လက်ထက်တော်။

(၅) မိဖုရား ရှင်မင်း - ၁၁၃၈-ခုနှစ် နန်းတက်သော စဉ့်ကူးမင်း၏ မိဖုရား။

(၆) မိဖုရား မမြကလေး - ၁၁၉၉-ခုနှစ် နန်းတက်သော ရွှေဘိုမင်း၏ မိဖုရား။

(၇) မြင်စိုင်းမင်းသမီး - အထက်ပါ ရွှေဘိုမင်း၏ လက်ထက်တော်။

(၈) ကြံညှပ်မင်းသမီး - ၁၁၈၁-ခုနှစ် နန်းတက် ဘကြီးတော် စစ်ကိုင်းမင်း လက်ထက်တော်။





(၉) လှိုင်ထိပ်ခေါင်တင် - ၁၂၁၄-ခုနှစ် နန်းတက် မင်းတုန်းမင်း လက်ထက်တော်၊ အိမ်ရှေ့စံ ကနောင်မင်း၏ မိဖုရား။

(၁၀) မပန်းရံ - ၁၁၃၈-ခုနှစ် နန်းတက်သော ရခိုင်မင်း ဝိမလမင်း၏ ပညာရှိအမတ် ရွှေသဲ၏မယား။

(၁၁) ခင်ဆုံ - ၁၂၀၈-ခုနှစ် နန်းတက်သော ပုဂံမင်း လက်ထက် ကွပ်ရှာမြို့စား မင်းကြီးကတော်။

(၁၂) နန်းတွင်းသူ မယ်ခွေ - ၁၁၄၄-ခုနှစ် နန်းတက်သော ဘိုးတော်ဘုရား (ခေါ်) ဗဒုံမင်း လက်ထက်တော်။

(၁၃) နန်းတွင်းသူ မိဖြူ

(၁၄) နန်းတွင်းသူ မိညို

(၁၅) ရဝေ ရှင်ထွေးတို့ သုံးဦးမှာ တောင်ငူခေတ်တွင် ရေးဖွဲ့သူများ။

(၁၆) ရှင်ငြိမ်းမယ် - ညောင်ရမ်းခေတ်နှင့်ကုန်းဘောင်ခေတ်ဦးအတွင်း အိုင်ချင်းအချို့ကို ရေးဖွဲ့သော အရပ်သူ။

ဤစာဆိုရှင်များမှာ ကျွန်မ မှတ်မိသရွေ့သာဖြစ်၍ မတွေ့မိ မဖော်ပြနိုင်သော စာဆိုအမျိုးသမီးများ မုချ ကျန်ရှိပါလိမ့်ဦးမည်။

ထိုအမျိုးသမီးများ၏ စာပေအနုပညာများကို ရေးဖွဲ့သူနှင့် သူ့လက်ရာ ယှဉ်တွဲလေ့လာရန် ဖြစ်သော်လည်း ဤဆောင်းပါးတွင်မူ နေရာမဆံ့နိုင်ပါ။ ထို့ကြောင့် ယင်းတို့အနက်မှ တစ်ပါးဖြစ်သော ခင်မရွှေဆင်းတုမင်းသမီး၏ လက်ရာရတုပိုဒ်စုံ တစ်မျိုးကိုသာ ဖော်ပြပါမည်။ သူ၏စာပေလက်ရာကို မဖော်ပြမီ သူ့အကြောင်းကို အရင် တင်ပြဦးမှ သင့်ပါလိမ့်မည်။

သက္ကရာဇ် ၉၉၁-ခုနှစ်တွင် နန်းတက်သော သာလွန်မင်းတရားကြီးနှင့် (စစ်ကိုင်းကောင်းမှုတော်စေတီ ဒါယကာ)မိဖုရားတစ်ပါးဖြစ်သူ ခင်သက်နှင်းတို့မှ ဖွားမြင်သော သမီးတော်ဖြစ်၍ မောင်တော်နှမတော် လေးပါးရှိသည့်အနက် အထွေးဆုံးလည်း ဖြစ်ပါသည်။ ထိုရွှေဆင်းတုမင်းသမီးကလေးသည် မူလကပင် စာပေ အနုပညာပါရမီပါရှိခဲ့သူ ဖြစ်ပုံရသည်။ ထို့ပြင် တောင်ဖီလာ ဆရာတော် ရှင်ကရဝိကနှင့် ရှင်သံခိုစသော စာပေပညာရှင်အများ ပေါ်ထွန်းသည့်ကာလာတွင် ဘုရင့်သမီးတော်တစ်ပါး ဖြစ်လာလေရာ မွေးရာပါဗီဇနှင့် ဘဝပေးအခြေအနေအရ စာပေဘက်တွင် အစွမ်းအစ ပြနိုင်သူဖြစ်လာသည်ဟု ဆိုစရာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤရတုမှအပ အခြားသော စာပေကဗျာမည်၍ မည်မျှရေးသားခဲ့သေးကြောင်း ယခု မသိနိုင်ကြသေးပါ။ သို့သော် ဤရတုစာပိုဒ်ရေးခဲ့ကြောင်းကိုကား ကဗျာသာရတ္ထသင်္ဂြိုဟ်စာအုပ်တွင် ဖော်ပြထားခြင်းကို တွေ့ရပါသည်။ ဤရတုကို ရေးဖွဲ့ခြင်းမှာ အကြောင်းရင်းရှိပါသည်။ ထိုအကြောင်းကား ဤသို့ ဖြစ်သည်။ သာလွန်မင်းတရား၏ နောင်တော် အနောက်ဘက်လွန်မင်းတရားကြီးနှင့်မိဖုရားခင်မျိုးမြတ်တို့မှ ဖွားမြင်သော သားတော် မင်းရဲအောင်ထင်သည် နှမတော် တစ်ဝမ်းကွဲတော်စပ်သူ ရွှေဆင်းတုမင်းသမီးအား မေတ္တာတိမ်းညွတ်တော်မူလေရာ သူ၏မေတ္တာကို စာအားဖြင့် မကြာခဏရေးသားပေးပို့စေလေသည်။ ထိုအခါ ရွှေဆင်းတုမင်းသမီးသည် လိမ္မာရေးခြားရှိသူ၊ ရှေ့နောက်မြော်မြင်ဆင်ခြင်တုံတရားရှိသူဖြစ်၍ မိမိသဘောအတိုင်း မေတ္တာတုံ့ပြန်ခြင်းမပြုဘဲ သူ၏ခမည်းတော်၊ မယ်တော်၊ အစ်မတော်တို့၏ သဘောတူခွင့်ပြုချက်ရအောင်ကြိုးပမ်းတော်မူရန် အကြောင်းပြန်ကြားသည့်အနေဖြင့် ဤရတုပိုဒ်ကို ပြန်လည်ပို့ဆက်ခြင်းဖြစ်သည်။ စင်စစ် သူ၏ချစ်မှုရေးရာမေတ္တာဇာတ်လမ်းအစဦးပိုင်းကို ဖော်ပြသော ရတုပေတည်း။

ထိုရတုအရ မင်းသမီး၏သဘောထားအမြင်ကို သိနားလည်သွားသော မင်းရဲအောင်ထင်သည် ပထမ မင်းသမီး၏မယ်တော်နှင့် အစ်မတော်တို့ထံ သူ့ဆန္ဒကို အနူးအညွတ်လျှောက်ကြားစေသည်။ ထို့နောက် ဘထွေးတော် သာလွန်မင်းတရားကြီး ကြားသိတော်မူလေလျှင် သဘောတူမျှသောကြောင့် ရက်မြက်မင်္ဂလာအခါတော် ညှိစေပြီး၊ သက္ကရာဇ် ၁၀၀၂-ခုနှစ်၊ နတ်တော်လအတွင်း၌ သမီးတော် ရွှေဆင်းတုမင်းသမီးနှင့်တူတော် မင်းသား မင်းရဲအောင်ထင်တို့ကို စုလျားစုံဖက်ပေးတော်မူသည်။ ထို့ပြင် ရွှေကွမ်းခွက်၊ လက်ဖက်အိုးနှင့်တကွ စည်ပုတ္တရာမြို့ကိုလည်း အပိုင်စားစေရန် လက်ဖွဲ့ပေးနှင်းလေသည်။

ယခု ခင်မရွှေဆင်းတုမင်းသမီး၏ စာပေအနုပညာ အရည်အချင်းနှင့် ထိုသည့်ခေတ်က နန်းဓလေ့အသုံးအနှုန်းစကားများကို လေ့လာနိုင်ရန် အောက်တွင် အပြည့်အစုံ ဖော်ပြပါမည်။

အမျိုးသမီးကလောင်ရှင်များ အရေအတွက်ရော၊ အရည်အချင်းပါ တိုးတက်မြင့်မားလာစေရန် ဆန္ဒပြုပါသည်။

'ခင်မ ရွှေဆင်းတုမင်းသမီး ဆို မောင်ဘွဲ့ရတုပိုဒ်စုံ '

၁။ ။ လွယ်လွယ်ကူကူ၊ ချစ်မည်ဟူ၍ ဘုန်းတူပွင့်ရန်၊ မိန့်တော်ဟန်ကို၊





တုံ့ပြန်သော်လဲ၊ အလွန်ခဲခဲ၊ မင်းရဲရန်ငူး၊ နန်းပွင့်ဖူးလျှင်၊ ကျေးဇူးတာရှည်၊ ခံစိမ့်မည်ဟု၊ ပိုက်လည်ချီသာ၊ ပျားသကာသို့၊ သစ္စာကျိန်တွယ်၊ ယုံဖွယ်လျဉ်းအောင်၊ စာစောင်ခေါက်များ၊ သလာဖြားလည်း၊ နားမနာဝံ့၊ ကြောက်ရွံ့ခန့်ညား၊ အရှင့်သားကို၊ ဝိုးဝါးကြံစည်တွေးသေးသည်။

၂။ ။ ရွယ်ရွယ်ချူချူ၊ ကြိုက်သောဟူ၍၊ မျိုးတူအင်မျှ၊ ဆိုစကြသို့၊ နရဘုန်းဝှန်၊ မိန့်တော်ဟန်ကို၊ လျှောက်ပြန်သေးအံ့၊ မဝံ့သည့်ဖြစ်၊ အချစ်သွေ့သွေ့၊ လနှယ်ရွှေ့မူ၊ တစ်နေ့အသစ်၊ တစ်နှစ်တစ်ပါး၊ ကဲ့ရဲ့များချိမ့်၊ သနားမမည်၊ တလည်လည်လျှင်၊ လူ့ပြည်ပွက်တွင်၊ ပြစ်တင်လွယ်ကူ၊ ဆိုသူအားလည်း၊ ချီးမွမ်းနည်းခဲ့၊ ခမည်းတော်ရင်း၊ လူ့မှန်ကင်းနှင့်၊ ထွန်းလင်းလျှံပတ်၊ ရှစ်သောင်းထွတ်လျှင်၊ နှုတ်လွှတ်သာပျော်၊ မိန့်တော်ပြတ်ပြတ်၊ ခွင့်မလွှတ်မူ၊ ကျွန်ဝတ်အရှင်၊ ခဲအင်မောလှ၊ ယူမရတည့်၊ ကြောင့်ကြကြီးဘိ၊ မျက်စိဆင်းရဲ၊ ဝမ်းကွဲလှည့်ကာ၊ ရှိရာလတ္တံ့၊ ကျဝံ့မလှုပ်၊ မေတ္တာချုပ်၍၊ ကျွန်ုပ် အာရုံမေးသေးသည်။

၃။ ။ နွယ်နွယ်ယူယူ၊ ဇမ္ဗူကျွန်းချွက်၊ မင်းဆက်တကာ၊ ပျော်ပိုက်ရာသို့၊ ငါလည်းထိုသွင်၊ မျိုးအင်မစစ်၊ အချစ်တာရှည်၊ မြဲတော့မည်ဟု၊ ယုံကြည်လျဉ်းအောင်၊ လက်ဆောင်ထွေလာ၊ သဝဏ်စာနှင့်၊ နန်းလျှာရန်ငူး၊ လှည့်ပတ်ဖြူးလည်း၊ ကိုယ်ထူးမဲ့ရှာ၊ မချစ်သာခဲ့၊ မေတ္တာခဲကြည့်၊ ဝမ်းထဲရှိမူ၊ မွေးမိမယ်တော်၊ မျိုးတော်အရင်း၊ အစ်မမင်းကို၊ သံညှင်းမြွက်ဟ၊ မိန့်ပါမှလျှင်၊ တူကွမကွာ၊ ပျော်ရာပါအံ့၊ စကြာမင်းဆွေး၊ သက်လုံးပေး၍၊ ဂုဏ်ကျေးဇူးတော်၊ ခံရသော်လည်း၊ သာပျော်ကြည်လင်၊ သို့ပင်အချစ်၊ ဖြစ်ရာလတ္တံ့၊ ဆည်းငံ့ထောက်ထား၊ ရှင်မင်းသားကို၊ စကားတာရှည်သွေးသေးသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## ၄။ လှိုင်ထိပ်ထားအား
## တိမ်မြုပ်နေသော တေးတစ်ပုဒ်

မန္တလေးမြို့က ကျွန်မတို့နဲ့ အလွန်ရင်းနှီးသူတွေထဲမှာ ဦးစိန်မောင်ဦး၊ ဒေါ်တင်တင်ကြည်တို့ မိသားစုလဲ ပါပါတယ်။ တခြား မိတ်ဆွေများရဲ့ အိမ်ထက်၊ သူတို့အိမ်ကို ကျွန်မပိုပြီး ရောက်ဖြစ်တယ်။ ဘာ့ကြောင့်လဲဆို ရှေးဟောင်းနှောင်းဖြစ်၊ ရတနာပုံခေတ်က နန်းတွင်းဖြစ်ရပ်တွေ၊ ဟိုနှယ် ဒီနှယ်ဆိုတာတွေ ကျွန်မ သိချင် ကြားချင်သမျှ၊ သူတို့မောင်နှံက ပြောပြနိုင်တယ်လေ၊

ပြောနိုင်ဆို သူတို့နှစ်ဦးစလုံး ထီးရိပ် နန်းရိပ် မကင်းတဲ့ အဆက်အနွယ်တွေချည်းကိုး။ ဒေါ်တင်တင်ကြည်ဆိုတာက အိမ်ရှေ့စံ ကနောင်မင်းသားကြီးရဲ့ မြစ်တော်စပ်ပါတယ်။ ဒီတော့ကာ ကျွန်မလို နားထောင်ချင်သူနဲ့ သူတို့လို ပြောပြနိုင်သူတွေဟာ အတိုင်အဖောက်ညီသလောက်၊ စကားဝိုင်းကလဲ စိုပြည်လှသပေါ့။ ပြီးတော့ ပြောပြသမျှ စကားတွေကလဲ စိတ်ကူးယဉ်လုပ်ဇာတ်တစ်ခွန်းမှ မပါဘူးလေ။ အရေးကြီးတာ မကြီးတာ အပထား၊ တကယ်ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန်တွေချည်းဆိုတော့၊ ကျွန်မမှာ နားထောင်လို့လဲ မပြီးနိုင်၊ ရေးလို့ မှတ်လို့လဲ မပြီးနိုင်။ တစ်ခါတစ်လေများ သူတို့သားသမီး ကလေးတွေကတောင် ကူရေးပေးလိုက်ကြရပါသေးတယ်။

မကြာခင် တစ်နေ့ကတော့ သူတို့အိမ်ရောက်သွားတဲ့အခိုက်၊ ထုံးစံအတိုင်း စကားဝိုင်းဖွဲ့ရာက လှိုင်ထိပ်ထားအကြောင်း စကားဦးလှည့်သွားတယ်။ ဒီတွင် ကျွန်မက . . .

" ညီမရေ၊ လှိုင်ထိပ်ခေါင်တင် ရေးဖူးတဲ့ တေးထပ်တစ်ပုဒ်ထဲမှာ-





အရွယ်တော် မယ်မစေ့ခင်က ယော်ကလေ့ ဂေါရီ၊ ဘယ်မလေ့လောကီကို၊ ဇောမသိခင်က။ ။ စံပယ်ခက် စုံနှစ်ပင်၊ မငုံခင်တုန်းကအစ။ ။ ပန်းဒွါရဆင့်စီ၊ မပွင့်မီကာလ၊ ကျင့်ဝသီ စာဂနှင့်၊ ဒါပထမ အရွယ်။ ယော်သွားတွေ ကြွေမလဲခင်က၊ မေအမြဲချစ်ဖို့ကြံရွယ် (စကားလုံးနည်းနည်းမှားနိုင်ပါသည်)ဆိုပြီးပါဖူးတယ်နော်၊ အဲဒါ သူအပျိုဖော်မဝင်မီကတည်းက ကနောင်မင်းသားအပေါ်မှာ တိတ်တခိုး တိမ်းညွတ်ခဲ့တယ်လို့ဆိုလိုတာ မဟုတ်လား "

(ကြည်) " ဟုတ်ပါတယ် မမမိ၊ ဒီအတိုင်းပါပဲ။ သူငယ်ငယ်လေးကတည်းက ကနောင်ကိုယ်တော်ကို စိတ်ဝင်စားခဲ့တယ် ဆိုတာပါပဲ "

" အဲဒီအချက်ပဲ။ မမမိ ပြောချင်တာ။ ဒီအရွယ်နဲ့ဒီလိုစိတ်ကစားတတ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ "

" ဒီသဘောမျိုး။ သူများတကာတော့ မပြောတတ်ဘူးလေ။ သူ့မှာကတော့ ဒီလိုဖြစ်ခဲ့တာအမှန်ပဲ။ ဒါ့ကြောင့် သူ့မယ်တော် (အနောက်နန်းမိဖုရားမမြလေး)ကတောင် ကနောင်မင်းသားကိုများ၊ စိတ်တော်မဝင်စားလေနဲ့ သမီးတော်၊ ဒီမင်းသားက ကြင်ရာမြောက်သားများမယ့်သူ၊ မယ်ဘုရားစကားနားနာပါဘိ 'လို့ ဆုံးမတော် မူဖူးသေးတာကိုး "

ဤတွင် ဦးစိန်မောင်ဦးက ဝင်တဲ့ပြီး -

" ဘယ်တုံးက ဘယ်လိုဆုံးမတယ်ဆိုတာ အပြည့်အစုံ ပြောအုံးမှပေါ့ တင်တင်ရဲ့။ ဟိုဒင်းလေ၊ လှိုင်မင်းသမီးက သလဲသီးသွားဆက်တာကစပြီး အဆိုတော် ခင်အုံတစ်ယောက် အိမ်ရှေ့မင်းက ခြေကျောက်ခံရတာအထိ ပြောပြလိုက်ပါကွယ်။ မမမိက ဒါမျိုးဆို သိပ်မှတ်ချင်တာ။ မပြန်ချင်သေးဘူး မဟုတ်လား"

" အို - မပြန်ချင်သေးပါဘူး။ ဒါမျိုးကြားချင်တာ။ လုပ်စမ်းပါအုံး ညီမရယ် "

" သာယာဝတီမင်းခေါ် ရွှေဘိုမင်း လက်ထက်တော်မှာ ၁၂၀၄-ခုနှစ်လောက်က ဖြစ်မယ်ထင်ပါရဲ့။ တစ်နေ့တော့ မင်းနေပြည် အမရပူရမြို့တော်မှနေပြီး မန္တလေးတောင်တော်ပေါ်ကို နန်းတွင်းသူ နန်းတွင်းသား မိဖုရားတွေ၊ သားတော် သမီးတော်တွေ အတော်များများ ဘုရားဖူးတက်ကြတာကိုး၊ တောင်ခြေအထိကတော့ ကိုယ့်အဆင့်အလိုက်၊ ဆင်မယဉ်သာနဲ့၊ ရွှေထမ်းစင်နဲ့၊ လှည်းယာဉ်နဲ့စီးကြလို့ပေါ့။ တောင်ပေါ်တက်ကြတဲ့အခါမတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အခြွေအရံနဲ့၊ ကိုယ့်အုပ်စုနဲ့ တပျော်တပါးကြီးပဲတဲ့။

အနောက်နန်းမိဖုရားနဲ့ သမီးတော် လှိုင်မြို့စားမင်းသမီးကလေးတို့လဲ သူတို့ ရံရွေတော်များနဲ့အတူ ပါလာကြတယ်။ တဖြည်းဖြည်း တောင်တက်ရင်း၊ မောမောရှိနားကြရင်းနဲ့၊ ရှေ့ကရောက်သူ၊ နောက်ကျန်နေရစ်သူ ရှိကြမှာပေါ့လေ။ လွတ်လွတ်လပ်လပ်ထွက်စံလာကြတာကိုး။ တောင်ခုလတ် တစ်နေရာမှာတော့ ကနောင်မင်းသား တစ်ပါးတည်း အကျော်ပင်ကြီးတစ်ပင်ကိုမှီပြီး နားနေသတဲ့။ ဒီလို ကနောင်မင်းသား နားနေတာမြင်တဲ့ လှိုင်မင်းသမီးကလေးက သူ့လက်မှာ ပါလာတဲ့ သလဲသီးယူသွားပြီး " မောင်တော်ဖျား၊ ပင်ပန်းတော်မူနေသလား။ ဒီသလဲသီးကလေး အမောပြေ သုံးဆောင်တော်မူပါ " လို့ တရိုတသေ သွားဆက်သတဲ့။ သူကလေးက ရွှေကြက်တောင်စည်းကြီးနဲ့ ကလေးသာသာ အရွယ်ပေါ့။

သူတို့နှစ်ပါးဟာ မောင်တော် နှမတော်ပဲလေ။ ရွှေဘိုမင်းရဲ့ အနောက်နန်းမိဖုရားက ဖွားတဲ့ သမီးတော်နဲ့၊ တောင်ဆောင်တော် ကျောက်မော်မိဖုရားက ဖွားတဲ့ သားတော် မဟုတ်လား။ အရပ်သုံးတော့ ဖအေတူ၊ မအေကွဲ မောင်နှမပေါ့။ ကနောင်မင်းသားက အဲဒီအချိန်မှာ အရွယ်တော် ၂၃ နှစ်လောက်ရှိရော့မယ်ထင်ပါ့။ ရုပ်အင်္ဂါကလဲ တယ်ချောဆိုပဲ။ ဒါကို အနောက်နန်းမိဖုရားက အမှတ်တမဲ့မြင်လိုက်တာကိုး။ ညနေစောင်း နန်းတွင်းပြန်ရောက်လာကြပြီး ညဉ့်ဦးပိုင်းရောက်တော့ လှိုင်ထိပ်ခေါင်တင်ကို သူ့မယ်တော်က အပါးခေါ်ပြီး -

" သမီးတော်လေး၊ ကနောင်မင်းသားကို အရေတဝင် မခစားလေနဲ့။ ကနောင်ထိပ်ထား (လက်ထပ်မယားကိုဆိုလိုသည်) အထင်အရှားမတင်ရသေးပေမဲ့ သူမှာ မောင်းမတွေရှိတယ်။ ရှေ့လည်း ကြင်ရာမြောက်သားများမယ့် မင်းသား " လို့ မိန့်တော်မူဖူးတယ်တဲ့။ မယ်တော်ဘုရားက ဒီလိုသတိပေးဆုံးမတော်မူပေမယ့် လှိုင်မင်းသမီးလေးက နားဝင်ဟန်မတူပါဘူး။ သူ့ဖူးစာပဲ ထင်ပါရဲ့လေ။ တကယ်က သူတို့ချင်း သက်တော် ၁၂ နှစ်လောက် ကွာမယ်ထင်ပါတယ်"

ဒီနောက် ရွှေဘိုမင်းရော၊ သူ့မယ်တော်ရော နတ်ပြည်စံ၊ ကံတော်ကုန်ကြပြီး ပုဂံမင်းသားက ခမည်းတော်ရဲ့ အရိုက်အရာကို ခံတော်မူတယ်။ ဒီပုဂံမင်းက နန်းသက် ၆ နှစ်သာ စံရပြီး မင်းတုန်းမင်းသား နန်းတက်တော်မူလာတယ်။ ဒီအခါမှာ ညီတော်ရင်း ကနောင်မင်းသားက အိမ်ရှေ့စံ ဥပရာဇာ ဖြစ်လာပါရော။ ဒီတော့ မင်းတုန်းမင်းကြီးနဲ့ တောင်နန်းမတော် မိဖုရားခေါင်ကြီးတို့က အိမ်ရှေ့စံ ကနောင်မင်းသားကို လှိုင်ထိပ်ခေါင်တင်နဲ့ ရေသွန်းလက်ထပ်ပေးတော်မူကြ





တယ်။ ဒါနဲ့ လှိုင်ထိပ်ခေါင်တင်ဟာ ' သီရိသုမြတ်စွာ ရတနာဒေဝီ 'ဘွဲ့မည်နဲ့ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ထားရယ်လို့ ဖြစ်လာပြီပေါ့။

ကနောင်မင်းသား အိမ်ရှေ့ဥပရာဇာ ဖြစ်လာချိန်မှာ သက်တော် ၃၄ နှစ်ရှိပါပြီ။ ဒီတော့ မြန်မာမင်းသားတွေရဲ့ ဓလေ့အတိုင်း မောင်းမမိသံတွေရှိနှင့်ပြီးပေမယ့် အခုမှ သူထိုက်ထိုက်တန်တန် လက်ထပ်ရတာလေ။ နောက်ပြီး အိမ်ရှေ့မိဖုရား ဖြစ်လာသူကလဲ ရွှေဘိုမင်းရဲ့ သမီးတော်တွေထဲမှာ အဆင်းအလှဆုံးလို့ ပြောစမှတ်ပြုကြရတဲ့ လှိုင်မြို့စား မင်းသမီးဆိုတော့ အိမ်ရှေ့မင်းက သိပ်ပြီး မြတ်နိုးတော်မူပါတယ်။ လှိုင်ထိပ်ထားအနေနဲ့လဲ သူ ငယ်ချစ်နဲ့သူ ဖူးစာဆုံရတာပဲလေ။

အိမ်ရှေ့စံအိမ်တော်ဆိုတာ ရွှေနန်းတော်ကြီးရဲ့ မြောက်ဘက်မှာ တည်ဆောက်ထားတာပါ။ ဒါဟာ အစဉ်အလာပါပဲ။ အဲဒီ အိမ်တော်မှာ သူတို့နှစ်ပါး စံနေတော်မူကြရပါတယ်။ လှိုင်ထိပ်ထားကလဲ မယ်တော့်သမီးတော်ပီပီ စာပေ၊ ကဗျာနဲ့ ဂီတဘက်မှာ အထုံဝါသနာတော်နဲ့တကွ အလင်္ကာမြောက် ကျွမ်းကျင်သူဆိုတော့ကာ သူ့စံအိမ်တော်မှာက စာသံ၊ ပေသံ၊ စောင်း၊ ညှင်း၊ ပတ်သာသံတွေ တယ်မပြတ်ဘူးဆိုပဲ။ လှိုင်ထိပ်ထားထံမှာရှိတဲ့ အဆိုတော်တွေထဲက နာမည်ရသူတွေကတော့ ခင့်အုံနဲ့ ခင်သစ်တို့ ဖြစ်ပါတယ်။

အခုလို ပျော်ပျော်စံနေတော်မူလာကြတာ သားတော်နှစ်ပါး ထွန်းကားပါတယ်။ တစ်ပါးက ငယ်ကကွယ်လွန်ပြီး ထန်းတစ်ပင်မင်းသားတစ်ပါးသာ တင်ပါတယ်။ နှစ်ပါးစုံထွန်းကားတဲ့ တစ်ဦးတည်းသော သားတော်ကလေးပေါ့။ ဒီလိုစံနေတော်မူလာပြီး နှစ်အတော်ကြာလာတော့ အိမ်ရှေ့မင်းသားကြီးဟာ လှိုင်ထိပ်ထားရဲ့အဆောင်ကို အကြွအရောက်နည်းလာတယ်။ ကျဲလာတယ်လေ။ သူ့မှာက နောင်တော်မင်းတုန်းမင်းကြီးနီးပါး မောင်းမမိသံတွေ များတာကိုး။

မြောက်သားတော် အိမ်ရှေ့မင်း မကြွလာတာ ရက်ကြာလာရင်လဲ မြောက်အိမ်တော်ဆောင်ရိပ်မှာ လွမ်းစိတ်နဲ့ဆွေးနေရသူက လှိုင်ထိပ်ထားပဲပေါ့။ သူ့ဘက်ကတော့ ဒီတစ်သက်မှာ ဒီတစ်ပါးဆိုမှ တစ်ပါး မေတ္တာတော်ထားခဲ့သူ မဟုတ်လား။ လှိုင်ထိပ်ထားအပေါ်မှာ အိမ်ရှေ့ဘုရားက ဒီလိုမေတ္တာတော် ပေါ့လျော့သလိုဖြစ်နေတဲ့အထဲမှာ မလိုသူမောင်းမတချို့က အိမ်ရှေ့ဘုရား အရိပ်အခြည်ကိုကြည့်ပြီး ကုန်းချောချင်သူတွေကလဲ ရှိသေးတယ်လေ။ သူတို့အကွက်ပေါ်လာပုံက ဒီလို။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မင်းမှာ မြောက်ဆောင်တော် ရှင်ကျေးမှုဖွားမြင်တဲ့ သမီးတော်ကလေး စမွယ်နဂိုရ် မင်းသမီးဆိုတာ ရှိပါတယ်။ အိမ်ရှေ့မင်းက သိပ်ချစ်တဲ့ သမီး။ တစ်နေ့တော့ သူကလေးက ဆံတော်လိမ်းဖို့ ပန်းပေါင်းဆီကုန်နေလို့ သူက 'မယ်တော်ထားထား' လို့ ခေါ်ရတဲ့ လှိုင်မိဖုရားထံမှာ ဆီသွားတောင်းပါတယ်။ လှိုင်ထိပ်ထားကလဲ 'သမီးတော်ကလေးအတွက် စံပယ်ဆီပေးလိုက်' လို့ အမိန့်တော်ရှိပါတယ်။ ဒီနေရာမှာ လှိုင်ထိပ်ထားရဲ့ အပျိုတော်တွေက ထည့်ပေးလိုက်တဲ့ဆီက စံပယ်ဆီတော့ စံပယ်ဆီပါပဲ။ ဒါပေမယ့် လှိုင်ထိပ်ထားသုံးတဲ့ ဆီမကြီးထဲက မဟုတ်ဘူး။ လိုက်ဆီဖြစ်နေတယ်။ အဲဒါက ပြဿနာစတာပဲ။ ဆီမကြီးရယ် လိုက်ဆီရယ်ဆိုတာ ဒီလိုပါ။

မိဖုရားတွေ၊ မင်းသမီးတွေ သုံးကြတဲ့ ခေါင်းလိမ်းဆီအမျိုးမျိုးရှိပါတယ်။ နန်းတွင်းသုံးပန်းပေါင်းဆီပေါ့။ စံပယ်နံ့၊ ပိတောက်နံ့၊ နှင်းဆီနံ့၊ ဆိုသလို ကိုယ်ကြိုက်တဲ့ ရနံ့ရအောင် ဆီထုတ်လုပ်တဲ့နည်း ရှိပါတယ်။ မြန်မာနန်းတွင်းနည်းပါပဲ။ ထားပါတော့။ အဲဒီ စံပယ်ဆီကို စိမ်ပြုပြင်ပြီး ကြိတ်တဲ့အခါမှာ လက်ဦးဆုံး ထွက်ကျလာတဲ့ဆီကို 'ဆီမကြီး'ခေါ်တယ်လေ။ နောက်ထပ် ဒုတိယ ထွက်လာတဲ့ဆီကိုတော့ 'လိုက်ဆီ'လို့ ခေါ်ကြတာပဲ။

လိုက်ဆီက မွှေးတော့မွှေးပါတယ်။ ဆီမကြီးလောက်တော့ မမွှေးဘူး။ ဒုတိယတန်းစားဆိုပါတော့။ ကနေ့ခေတ်မှာ အများထင်နေကြ၊ ကြားနေကြတာက ပေးလိုက်တဲ့ စံပယ်ဆီဖန်ဘူးထဲမှာ ပိုးဟပ်သေကလေး ပါသွားလို့ ပြဿနာဖြစ်ရတယ်ပေါ့။ အဲဒါလုံးဝ မဟုတ်ပါဘူး။ နန်းတွင်းမှာ ဒီလိုစည်းကမ်းမမဲ့ရပါဘူးနော်။ မင်းမိဖုရားများသုံးတဲ့ ပစ္စည်းမှန်သမျှ သိပ်ပြီး သန့်ရှင်းစင်ကြယ်စေရပါတယ်။ တော်စွလျော်စွမလုပ်ဝံ့ကြပါဘူး။ ပိုးဟပ်သေပါသွားတယ်ဆိုတဲ့ ဇာတ်လမ်းကတော့ လှိုင်ထိပ်ထားအကြောင်း ကပြကြတဲ့သဘင်သည်များက အကြောင်းရင်းအမှန်ကို မသိဘဲ နားစွန်နားဖျားလောက်သာ သိကြလေတော့ စိတ်ကူးထွင်ပြီး ထည့်လိုက်တာဖြစ်ပါလိမ့်မယ်။

အခုနကစကား ဘယ်ရောက်သွားပါလိမ့်။ အဲ- အိမ်ရှေ့မင်းက သမီးတော်ကလေးကို သိပ်ချစ်မှန်းသိတဲ့လူ။ လှိုင်ထိပ်ထားကိုလဲ မလိုသူတချို့က စမွယ်နဂိုရ် မင်းသမီးကလေးကို မြှောက်ပေးပြီး ခမည်းတော်ကို အတိုင်ခိုင်းကြသတဲ့။ မင်းသမီးကလေးကလဲ ကလေးဆိုတော့ သွားတိုင်တာပဲ။ ဒီအဖြစ်နဲ့ပဲ အိမ်ရှေ့မင်းနဲ့မိဖုရားတို့ စိတ်တော်ညှိုအလိုမကျ ဖြစ်ကြပါလေရော။ ဒီအတော





အတွင်း အိမ်ရှေ့မင်း နံနက်စာပွဲတော်တည်နေစဉ် ပွဲတော်လိုက်ပေးနေတဲ့ လှိုင်ထိပ်ထားက မခန့်မညားပြုတယ်ရယ်လို့ အိမ်ရှေ့မင်းက ရွှေစိတ်တော်ခုသွားပြန်တယ်လေ။

လှိုင်ထိပ်ထားကလဲ သိတော်မူပါတယ်။ မောင်းမတချို့ ကုန်းချောလိုက်တာ ဖြစ်မှာပဲဆိုတာ။ ဒီတော့မှ လှိုင်ထိပ်ထားမှာ သူအရွယ်တော် မမြောက်တမြောက်တုန်းက မယ်တော်ဘုရား သတိပေးဆုံးမတော်မူဖူးတဲ့စကားကြားယောင်မိလာတယ်ပေါ့။ ဒါနဲ့ ဟောဒီ ဘောလယ်ကိုချရေးမိတယ်။

" ဆို-ဆို ပေသားငယ်နှင့် ပျို့နားမထောင်၊ ရိုးပြာမြေတိုင်အောင်ပ၊ ကြံရွယ်ဟောင်း၊ ရှေးသူကောင်းတို့ပုံသက်သေ။ ။ နိမ့်သောင်၊ နောင်မှသိမယ်လေး-ထုံးရှိလျှက်ပေ. . . "

ဒီစာက နာဂဆဒွန်ချီ ဘောလယ်မှ အပိုဒ်(၆)ပါ။ ဒီဘောလယ်ကိုရေးပြီး အိမ်ရှေ့ဘုရားထံဆက်သွင်းပေမယ့် မပြေလည်ပါဘူး။

ဒီလိုနဲ့ အပျိုတော်များက ဆီမကြီးပေးရမယ့်အစား လိုက်ဆီကို ထည့်ပေးလိုက်တဲ့အကြောင်းရင်းဟာ ဘယ်အထိ အကျိုးသက်ရောက်သလဲဆို အိမ်ရှေ့မောင်နှံနှစ်ပါးကွဲကြတဲ့အထိပါပဲ။ လှိုင်ထိပ်ထားဘက်ကလဲ မိမိက ဒီတစ်သက်မှာ ဒီတစ်ပါးရယ်လို့ သက်လုံးပုံချစ်ခဲ့တာမှ မထောက်ညှာဘဲ သူ့မောင်းမတွေ တင်လျှောက်တာနဲ့ ဒို့လောက်ရက်စက်ရမလားဆိုပြီး စိတ်တော်နာကြည်းသွားပါတယ်။

ဒီတော့ ခဲအိုတော်နဲ့အစ်မတော်ဖြစ်ကြတဲ့ မင်းတုန်းမင်းကြီးနဲ့ တောင်နန်းမတော်ဘုရားကြီးတို့ထံ ဝင်ရောက်ခစားပြီး အကြောင်းစုံတင်ကြားပါတယ်။ ဒီအချိန်မှာ လှိုင်ထိပ်ထားက ဝတ်လဲတော်အစိမ်းရောင် ဆင်မြန်းပြီး ဒေါင်းတစ်လိပ်ပန်း ပန်တော်မူထားပါသတဲ့။ ဒီနောက် အစ်မတော် တောင်နန်းမတော်ဘုရားက ပေးသနားတော်မူတဲ့ နေရာတော်၊ နန်းတွင်းအဆောင် တစ်ဆောင်မှာ သူ့ရဲ့ရွှေတော်များနဲ့အတူ ပြောင်းစံနေလိုက်ရတာဟာ တစ်နှစ်ခန့်ကြာသွားပါရော။

အိမ်ရှေ့ကိုယ်တော်ကြီးကလဲ အဆက်အသွယ် မလုပ်လာဘူးလေ။

" သူ့ဟာသူ မာနခံပြီး စံအိမ်ကဆင်းသွားတာ။ နေပလေ့စေ။ လိုက်မခေါ်ဘူး "ဆိုတဲ့ သဘောပေါ့။ တကယ်ကတော့ လှိုင်ထိပ်ထားအပေါ် မေတ္တာကရုဏာ မကင်းပါဘူး။ ဒါပေမယ့် သူ့မူလဗီဇစိတ်တော်ကလဲ ခက်ထန်တဲ့အပေါ်မှာ သူတစ်ပါး ကုန်းချောစကားကလဲ ရှိနေပြန်၊ ကြီး၊ လတ်၊ ငယ်၊ နှောင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းမအပေါင်းတွေကလဲ ဘယ်ရော ညာရော ခစားလျက်သားရှိပြန်တော့ နေနိုင်တော် မူပေသပေါ့။

လှိုင်ထိပ်ထားမှာတော့ စိတ်တော်နာကြည်းလွန်းလို့သာ စံအိမ်တော်မှ ခွာခဲ့ရတယ်။ ဘယ်မှ စိတ်ချမ်းသာ ပျော်ရွှင် ရှိနိုင်ပါ့မလဲ။ ရံရွှေတော်များက အခါတိုင်းလို သာယာညင်းပျောင်း အငြိမ့်အဆိုတော်တွေနဲ့ ပျော်တော်ဆက်ကြပေမယ့် တစ်စက်ကလေးမျှ မရွှင်နိုင်တာ အမှန်ပါပဲ။

" မောင်တော်ဘုရားက တကယ်မြတ်နိုးတော်မူတာဖြင့် အခေါ်တော်စေမှာပဲ " ဆိုတဲ့ တိတ်တခိုး မျှော်လင့်ချက်ရောင်ခြည်ကလေးကလဲ တစ်လထက်တစ်လ ပိုပိုပြီး မှေးမှိန်လာပြီလေ။ မော်တော့်မျက်နှာတော်မှ မမြင်ရတဲ့အပြင် ပတ်ဝန်းကျင်က နန်းတွင်းသူတချို့တို့ကလဲ မသိမသာ အရိုအသေတန်လာတာကို တွေ့မြင်ခံစားလာရပြီ။

ဒီလိုဆိုတော့ လှိုင်ထိပ်ထားမှာ စဉ်းစားတော်မူရပြီပေါ့။

" ဩော် - မဟာဇနက္က ဇာတ်တော်လာ သီဝလီဒေဝီမင်းသမီးဟာ 'ငါငင်လို့ သူမယိမ်း၊ သူသိမ်းမှ ငါပါရတော့မှာပါကလား 'လို့ ဆင်ခြင်တော်မူသလို ယခုလဲပဲ ငါ့မှာ အထီးကျန်လို ဖြစ်နေတော့ မောင်တော်ဘုရား စိတ်တော်ညွတ်နူးအောင် စာတော်တစ်ပုဒ်ရေးဆက်လေမှပဲ" လို့စိတ်ဆုံးဖြတ်တော်မူပြီး ယောဒီတေးထပ်ကို ရေးစပ်ပြီး အိမ်ရှေ့မင်းထံ ပို့ဆက်စေလိုက်ပါတယ်။

**" လှိုင်ထိပ်ထား ရေး မျက်ဖြေတေးထပ် "**

မြဗိမာန် ပင်နန်း၊ စံမြန်ငဲ့တင့်နိုင်
သုံးလူ့နတ်ဦးကိုင်၊ နေနိုင်တော်မူအား
ဒေဝါနတ်မြတ်ရှင်ပင်၊ သေသေပင် ထားရှော့သလား
မင်းအိမ်ရှေ့နန်းလျာ တင်ကြပါ ရွှေနား၊
မယ်အလှူ မှားချေရဲ့၊ သနားငဲ့မညှာ
စက်ရွှေစင်စုံဖူးလို့၊ ရှိုးငယ်တင်လိုက်ချင်တာ
သည်ပဲခု သည်တွင်သာ၊ သေရတာ ကောင်းမယ်ထင့်
နေနူးနင့် ရောင်ဆယ်စင်၊ ဘုန်းမယ့်ရုပ်သွင်
သည်သက်ကယ် မသေခင်မှာ၊ အို-မြင်ချင်စမ်းပါဘိလေး။
(ဤတေးထပ်မှာ တစ်ခါမျှ စက်တင်ပုံနှိပ်ခြင်း မပြုရသေးပါ)
သူ့စာတော်ကလေးကလဲ မောင်တော်ဘုရား သူ့အပေါ်မှာ ပြန်ပြီး





စိတ်လည်လာအောင် မြတ်ဘုရားနှင့် နတ်များဒေဝါတို့ စောင့်ရှောက်တော်မူကြဖို့ တိုင်တည်လိုက်တဲ့ သဘောပါပဲ။ ဒီတေးထပ်ကို ဖတ်ပြီးတဲ့ အိမ်ရှေ့ ကိုယ်တော်ကြီးက -

" ဩော်- လှိုင်နှမတော်ကလေး၊ မာန်ချရှာပြီကိုး " မိန့်တော်မူပါသတဲ့။ ပြီးတော့ လှိုင်ထိပ်ထားထံ စံတော်အိမ်ကို ပြန်လာတော်မူဖို့ ကိုယ်လုပ်တော်ကြီးတချို့နဲ့ အခေါ်တော်စေလိုက်ပါတယ်။

လှိုင်ထိပ်ထား ပါတော်မူလာတဲ့အခါ စံအိမ်တော်လှေကားဦးမှ အိမ်ရှေ့ကိုယ်တော်ကြီး ကိုယ်တိုင် လမ်းကမ်းကြိုဆိုတော်မူပါတယ်။ အဲဒီနေ့ ညပိုင်းစံအိမ်တော်လေသာဆောင်မှာ တူစုံမောင်မယ် စိတ်အေးချမ်းမြေ့စွာ နှစ်ပါးစံတော်မူနေကြစဉ် အိမ်ရှေ့ဘုရားက လှိုင်ထိပ်ထားရဲ့ အဆိုတော် ခင်အုံကိုလှမ်းရှုစားပြီး -

" ဟဲ့ - ခင်အုံ၊ နင့်အသံနားမတင်ရတာ ကြာပြီ။ အဆိုတော် ကလေးများ ဆက်စမ်းပါ " လို့ အမိန့်တော်ရှိလိုက်ပါတယ်။ ဒီမှာတင် အဆိုတော်ခင်အုံဟာ နေ့စဉ်နဲ့အမျှ လှိုင်ထိပ်ထားထံမှာ အလွမ်းတေးတွေချည်း တင်ဆက်နေကျမို့ အကျင့်ပါနေသလား မသိပါဘူး။

" အို - ပူပုံပန်းပါဘိ။ လွမ်း - ဘယ်မပြေ " လို့ စဆိုကာရှိသေး အိမ်ရှေ့ကိုယ်တော်ကြီးက ထလာပြီး -

" ဟယ် - ဒီ ဗိုင်းတာမဟာ ဘာကမှ မသိတတ်ပါလား။ တို့နှစ်ပါးဒီကနေ့မှ ပြန်တွေ့ကြရတာကို ကြည်နူးစရာတော့ မလုပ်ဘူး။ ဒါမျိုး ရွေးဆိုရသလား " ဆိုပြီး ခင်အုံကို ခြေနဲ့ကျောက်ပါလေရော၊ ခင်အုံလဲ ဘာတစ်ခွန်းမှ မတင်ပံ့ဘဲ လက်အုပ်ချီရင်းသာ အသားတဆတ်ဆတ်တုံအောင် ကြောက်အားကြီးနေရှာတာပေါ့။ သူ့စိတ်ထဲမတော့ ' ငါမှားတာ။ ငါ့ကိုယ်က မှားတာ။ တခြားအပြစ်တစ်ခုခု မပေးဘဲ ခြေကျောက်ခံရရုံမို့ တော်ပါသေးရဲ့ 'လို့ တွေးမိရှာပါတယ်တဲ့။ နည်းနည်းကလေး မှားရင် များများကြီးအပြစ်ပေးတတ်တဲ့ သက်ဦးဆံပိုင် ခေတ်ပေကိုး။

အခု ပြောပြခဲ့တဲ့ လှိုင်ထိပ်ထားရဲ့ တိမ်မြုပ်နေတဲ့ တေးထပ်နဲ့ကျန်တဲ့ ဖြစ်ရပ်တွေကို သိရတာက ဒီလိုပါ။ အိမ်ရှေ့မင်းမိဖုရားတို့ရဲ့ သားတော်ရင်းထဲက တစ်ပင်မင်းသား (သီပေါမင်း နန်းတက်စက ကွပ်မျက်ရာ ပါသွားသူ)မှာ ကိုယ်လုပ်တော် 'ခင်ဖန်'ဆိုတာ ရှိပါတယ်။ ငယ်ပေါင်း ကြင်ရာပါပဲ။ အဲ-သူတို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ သားတော် ထိပ်တင်ကလေးရဲ့ ဇနီးဒေါ်ခင်သန်း (လှိုင်ထိပ်ထားရဲ့ မြေးချွေးမ) က ရွတ်ပြပြောဆိုတာကို တူမတော်စပ်သူ ဒေါ်တင်တင်ကြည်နဲ့ ဦးစိန်မောင်ဦးတို့က မှတ်သားထားကြတာကို စာရေးသူ ကျွန်မက တစ်ဆင့်ပြန်ပြောပြလိုက်ပါတယ်။ လှိုင်ထိပ်ထားကတော့ ၁၂၇၇-ခုနှစ် ပြာသိုလဆန်း ၅ ရက်နေ့မှာ ကံတော်ကုန်တယ်လို့ သိရပါတယ်။

◈ ◈ ◈

## ၅ ။ မြင်ကွန်းမင်းသမီးကြီး ဧရှဲ့တော်ဝင်မှတ်တမ်း

ကျွန်မက ရာဇဝင်သမိုင်းစတဲ့ ရှေးဟောင်းနှောင်းဖြစ်အကြောင်းဖြစ်ရပ်တွေကို ရှာဖွေလေ့လာဖို့ ဝါသနာရှိသူပါ။ သည်လို ရှာဖွေတော့လည်း ကိုယ်လုပ်ချင်တာ ဇာလေးတွေကို ဟိုနေရာ သည်နေရာမှာဆိုသလို တွေ့တတ်လို့ ရှာဖွေရကျိုးနပ်တာများပါတယ်။

တစ်ခါတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀) နီးပါးလောက်က ထုတ်ဝေခဲ့တဲ့ " ကေသရ သတင်းစာ"မှာ မှတ်တမ်းဆောင်းပါးနှစ်စောင်ကို သွားတွေ့ပါတယ်။ အခုပြောတဲ့ " ကေသရ သတင်းစာ " ဆိုတာကို ခေတ်လူငယ်များ ကြားဖူးကြမယ် မထင်မိလို့ နည်းနည်းပြောပြပါဦးမယ်။

" ကေသရ သတင်းစာ "ကို မော်လမြိုင်မြို့နေ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အောက်လွှတ်တော်အမတ် ဦးတုတ်ကြီးက တစ်ပတ်တစ်ကြိမ်ထုတ် သတင်းစာအဖြစ် ရိုက်နှိပ်ထုတ်ဝေပါတယ်။ (အင်္ဂလိပ်က မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ထားတဲ့ ခေတ်ကပါ)

သတင်းစာအရွယ်က ၁၃ လက်မ၊ ၈ လက်မလောက်ရှိပြီး စာမျက်နှာ (၁၀)ပါပါတယ်။ ခေါင်းကြီးပိုင်း၊ သတင်းခန်း၊ ဗဟုသုတခန်း၊ ဗေဒင်ခန်းတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ကုန်ပစ္စည်းကြော်ငြာခန်းလည်း ပါသေးတော့ အတော်စုံပါတယ်။ ရောင်းဈေးကတော့ တစ်စောင်ကို နှစ်ပဲပါ။ သည်တော့ တစ်လကို သတင်းစာ ၄ စောင်ဖိုး ရှစ်ပဲပေါ့။

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာက ဆရာစိန်ဖြစ်ပါတယ်။ အခုဖော်ပြမယ့် ဆောင်းပါးက ဆရာစိန်ရဲ့ လက်ရာတစ်ပုဒ်ပါ။ ကနေ့ခေတ်အတွက်တော့ ရှားပါးစာမူတစ်စောင်လို့ ဆိုကြပါစို့။ ပထမတော့ သည်ဆောင်းပါးကို ပြန်ဖော်ထုတ်ဖို့ သင့်မှသင့်ပါမလားလို့ ကျွန်မကိုယ်ကို ကျွန်မ မေးခွန်းထုတ်ကြည့်မိပါတယ်၊ အဲသလို ကိုယ့်မေးခွန်းကိုယ် အဖြေရှာရာမှာ ဆင်ခြင်မိတဲ့အကြောင်းအချက်တွေကို ပြောပါရစေဦး။ မြင်ကွန်းမင်းသမီးဆိုတာ မင်းတုန်းမင်းကြီးရဲ့ သားတော် မြင်ကွန်းမင်းသားရဲ့ မြောက်သားကြင်ရာတော်ဖြစ်ကြောင်းက အခြေခံအချက်ပါ။ ထပ်ဆင့်ပြောစရာက -

ကျွန်မတို့ မြန်မာနိုင်ငံဟာ ဟိုရှေးအတီတောနှစ်ပေါင်း ခေတ်ပေါင်း အများကြီးကတည်းက ပဒေသရာဇ်စနစ်နဲ့ သက်ဦးဆံပိုင်ဘုရင်တွေ စိုးရင်အုပ်စိုးလာခဲ့တာ အများသူငါ သိကြပြီးအတိုင်းပါ။ သည်လို မင်းအဆက်ဆက်အုပ်စိုးခဲ့ကြရာမှာ အများစုက မင်းကောင်းတွေပါပဲ။ ပြည်သူလူထုကလည်း ကိုယ့်ဘုရင်ကိုယ့်အရှင်ရယ်လို့ ချစ်ကြည်မြတ်နိုးမှုရှိကြပါတယ်။ ဒီမှာ ခြွင်းချက်တစ်ခုရှိတာက ပြည်သူတွေကို တစ်နည်းတစ်ဖုံအားဖြင့် တာဝန်ပိအောင်၊ အနေကျပ်အောင် လုပ်တတ်တဲ့ မင်းကိုတော့ စိတ်ထဲက ဘယ်ကြည်ညိုလိမ့်မတုန်း။ သက်ဦးဆံပိုင်မင်းမို့လို့ မော်မကြည့်ဝံ့လို့သာပေါ့။ တရုတ်ပြေးမင်း၊ ကုလားကျမင်း စတဲ့ ပြည်သူမချစ်လို့ နာမည်ဆိုး တွင်ကျန်ရစ်တဲ့ ဘုရင်မျိုးလည်း ရှိတယ်မဟုတ်လား။ ကုန်းဘောင်ခေတ်နောက်ပိုင်း မင်းဆက်တွေ ရောက်လာတော့ မြန်မာနိုင်ငံကို သုံးပိုင်းပိုင်း၊ သုံးကြိမ် စစ်တိုက်ပြီး ဗြိတိသျှတို့က သိမ်းယူတာခံကြရပါလေရော။ အဲဒီတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်မင်းဆိုတဲ့ စိတ်ဓာတ်တွေ တစ်ခဲနက် အုံကြွလာကြပါတယ်။ အဆက်ဆက်သမိုင်းတစ်လျှောက် ဘယ်လူမျိုးလက်အောက်ကိုမှ မရောက်ဖူးခဲ့ကြဘဲကိုး။

## အရေးကြီး သွေးနီးရာပါ

" လူလည်းတစ်ထွေ၊ မြေလည်းတခြား " ဆိုသလို ဘာသာအယူမှာလည်းမတူ၊ ရုပ်နေစိတ်ထားမှာလည်း ခြားနားတဲ့ တိုင်းတစ်ပါးသား လက်အောက်ရောက်ပြီဆိုတော့ကာ တို့မြန်မာနဲ့လူမျိုးခြားဆိုတာ ယှဉ်လာကြရပြီ။ ဒီနေရာမှာ " အရေးကြီး သွေးနီးရာပါ " ဆိုတာ အလကားမှ မဟုတ်ဘဲကလား။ အလွန်အဓိပ္ပာယ်ရှိတဲ့ စကားပေကိုး။





သူ့ကျွန်ဘဝမှာ ကာလကြာလာလေ မျိုးချစ်စိတ်ဓာတ် တဖွားဖွား တက်ကြွလာလေ ဖြစ်လာပါတယ်။ အဲသလို ခေတ်မျိုးမို့ ဆောင်းပါးရှင် ဆရာစိန်တို့ဟာ မြင်ကွန်းမင်းသမီးဆီ သွားတွေ့ဖြစ်ကြတာလို့ ထင်မိပါတယ်။ ဆိုလိုတာက မြန်မာမင်း လက်ထက်သာဆိုရင် အခုလို သွားရောက်တွေ့ဖို့ အလှမ်းဝေးလှတယ်လို့ ပြောချင်တာပါ။ ဘာ့ကြောင့်ဆိုတော့ မင်းသမီးရဲ့ မြောက်သားတော် မြင်ကွန်းမင်းသားကြီးရဲ့ အတိတ်ဖြစ်ရပ်က မလှခဲ့ဘူးလေ။ မြန်မာရာဇဝင်ကို တီးမိခေါက်မိရှိသူတိုင်း သူ့အကြောင်း ကြားဖူးကြပါလိမ့်မယ်။

## မြှောက်ပေးတဲ့ အင်္ဂလိပ်နဲ့ ပြင်သစ်

မင်းတုန်းမင်းလက်ထပ် ရတနာပုံ မန္တလေးနေပြည်တော်ကို ခေတ်မီနိုင်ငံတော်ဖြစ်လာအောင် ကြိုးစားပမ်းစား ထူထောင်တည်ဆောက်နေတဲ့ အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးကို မြင်ကွန်းမင်းသားက လုပ်ကြံခဲ့ပါတယ်။ အမှန်က အိမ်ရှေ့မင်းဟာ သူ့ရဲ့ ဘထွေးတော်လည်းဖြစ်၊ ယောက္ခမလည်း ဟုတ်ပါတယ်။ အခုလို ဘထွေးတော်ကို လုပ်ကြံပြီး ဘခမည်းတော် မင်းတုန်းမင်းကိုလည်း ပုန်ကန်ခဲ့သူမို့ ရာဇဝင်မှာ အမည်းစက်ထင်ပြီး နာမည်ဆိုးခဲ့ရတဲ့ မြင်ကွန်းမင်းသားကြီးပါပဲ။ သည်လို လုပ်ဆောင်အောင် သူ့ကို နောက်ကွယ်က ကြိုးဆွဲပြီး အားပေးအားမြှောက် လုပ်သူတွေက အင်္ဂလိပ်နဲ့ ပြင်သစ်တွေပဲလို့ ပြည်သူအများက သိမှတ်ထားကြပါတယ်။

မြင်ကွန်းမင်းသား လုပ်ကြံမှုကြောင့် အိမ်ရှေ့စံ ကနောင်မင်းသားကြီး ကျဆုံးရပေမယ့် ဘခမည်းတော်ရဲ့ ထီးဖြူတော်နဲ့ ရာဇပလ္လင်ကိုတော့ သူ မသိမ်းပိုက်နိုင်ပါဘူး။ အဲသလို ဘဝဇာတ်ကြောင်း မကောင်းခဲ့သူရဲ့ မြောက်သားကြင်ရာမင်းသမီးနဲ့ တွေ့ဆုံခန်းမို့လို့ ပြန်လည်ရေးသင့် မသင့် တွက်ဆခဲ့ရတာပါ။ အဆုံးမှာတော့ အင်္ဂလိပ်ခေတ်က မြန်မာသတင်းစာ အယ်ဒီတာတစ်ဦးရဲ့ လက်ရာဆောင်းပါးဖြစ်နေတာတစ်ကြောင်း၊ မြင်ကွန်းမင်းသမီးနဲ့ အမေးအဖြေတင်ပုံ မိန့်ပုံစကားတွေကလည်း သူတို့ခေတ်ကာလက သူတို့ဘဝပေါ်လွင်နေတာတစ်ကြောင်း၊ ကနေ့လူငယ်များ မှတ်သားနိုင်စေဖို့ ထုတ်ဖော်တင်ပြသင့်တယ်လို့ အဖြေထွက်ပြီး ရေးလိုက်ပါတယ်။ ကနေ့ ခေတ်သဘောနဲ့တော့ အင်တာဗျူးလုပ်ကြတာမျိုးနဲ့ ခပ်ဆင်ဆင်ရှိပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် " ချည်တစ်မျှင်ကြည့် ချည်တစ်ခင် သိ " ဆိုတာလို သည်စာတစ်ပုဒ်ဖတ်ရှုံ့နဲ့ နန်းတွင်းနေတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလေ့အထ တစ်စိတ်တစ်ပိုင်းကိုလည်း ရိပ်စားမိနိုင်မယ်လို့ ယုံကြည်ပါတယ်။ နောက်ပြီး ဆင်ဝန်မင်းသား၊ ရနောင်မင်းသားနဲ့ ဦးသာမှိုစသူတို့ရဲ့ အဆက်အနွယ်များကို စိတ်ဝင်စားသူများအတွက် ခြေရာကောက်ကြည့်နိုင်စရာ ရှိပါမယ်။

ဒါကြောင့် မူရင်းဆောင်းပါးကို ခေါင်းစဉ်ကစလို့ စကားလုံးတစ်လုံးမှ ပြောင်းလဲခြင်းမလုပ်ဘဲ အောက်မှာ ဖော်ပြလိုက်ပါတယ်။ ၁၂၉၁ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်၊ အင်္ဂါနေ့ထုတ် ကေသရ သတင်းစာမှ ကူးယူဖော်ပြတာပါ။

## မြင်ကွန်းမင်းသမီးကြီး
## ရွှေ့တော်ဝင်မှတ်တမ်း

(၁၂၉၁ ခုနှစ်၊ တပေါင်းလပြည့် ကြာသပတေးနေ့)

သထုံရွှေစာရံဘုရားကြီး ဖူးမျှော်ရန်အလို့ငှာ ကေသရ သတင်းစာ အယ်ဒီတာ ဆရာစိန်နှင့် ၎င်းသတင်းထောက် ကျောင်းဆရာကို ဖေကြီးတို့သည် မော်လမြိုင်မြို့မှ နံနက် မီးသင်္ဘောနှင့်လိုက်ပါသွားပြီးလျှင် မုတ္တမဘက်မှ မီးရထား စီးနင်းသွားကြရာ သထုံမြို့သို့ ရောက်ရှိသည့်အခါ အစိုးရ ဟိုက်စကူးကျောင်းဆရာ ဦးထွန်းဖြူအိမ်၌ တည်းခိုနေထိုင်ကြပြီးလျှင် လပြည့်နေ့နံနက်က ရွှေစာရံဘုရားကြီးအား အရုဏ်ဆွမ်းကပ်လှူကြပြီးနောက် တည်းခိုရင်းအိမ်မှနေ၍ ဆရာစိန်က အသျှင်မြင်ကွန်းမင်းသမီးကြီး ရွှေ့တော်ဝင်ရောက်လိုကြောင်း အလွှာရေးသား၍ လူငယ်တစ်ယောက်အား စေပါးလိုက်ရာ အခွင့်ရရှိသည့်အတိုင်း လပြည့်နေ့ မွန်းတည့် ၁၂ နာရီအချိန်တွင် ဆရာစိန်နှင့်သတင်းထောက်ပါ သွားရောက်ကြသည့်အခါ မြင်ကွန်းမင်းသမီးကြီးက ကောင်းစွာ အဖူးအမျှော်ခံတော်မူသည် ဖြစ်ကြောင်း၊ ၎င်းအခါ ဆရာစိန်က မေးလျှောက်ခွင့်တောင်းသည်ကို မြင်ကွန်းမင်းသမီးကြီးက ခွင့်ပြုတော်မူ၍ မေးလျှောက်ကာလ အောက်ပါအတိုင်း အမိန့်တော်ရှိကြောင်း။

ဆရာစိန်။ ။ ကျန်းမာတော်မူပါစ ဘုရား။

မြင်ကွန်းမင်းသမီးကြီး။ ။ ရဟန်းရှင်လူ ပြည်သူတို့ မေတ္တာကြောင့် ကျန်းမာကြောင်း။

စိန်။ ။ သထုံမြို့၌ စံတော်မူသည်မှာ မည်မျှကြာပါပြီလဲ ဘုရား။

ကြီး။ ။ ရွှေ့တန်ခူးလကျလျှင် ၃ နှစ် ရှိတော့မည်။





စိန်။ ။ မည်သူ့သမီးတော်ပါလဲ ဘုရား။

ကြီး။ ။ မြင်ကွန်းကိုယ်တော်ကြီး၏ မယ်တော်မောင်တော်ရင်း ယင်းတော်မြို့စားဆန်ဝန်မင်းသား သမီးတော်ဖြစ်ကြောင်း။

စိန်။ ။ အသျှင်ကိုယ်တော်ကြီးနှင့် ဘယ်မြို့မှာ လက်ဆက်တော်မူပါသလဲ ဘုရား။

ကြီး။ ။ ပြင်သစ်အစိုးရပိုင် ပုံဒီချာရီမြို့၌ ကိုယ်တော်ကြီးနှင့် မယ်တော်ဘုရားကိုယ်တော်တိုင် လက်ဆက်ပေးတော်မူကြောင်း။

စိန်။ ။ ပုံဒီချာရီမြို့သို့ မည်ကဲ့သို့ ရောက်ရှိသွားပါသလဲ ဘုရား။

ကြီး။ ။ ကိုယ်တော်ကြီးက အမိန့်တော်နှင့်ခေါ်တော်မူ၍ မန္တလေးမြို့ အင်္ဂလိပ်အစိုးရတို့ မရမီ အသက် ၁၈ နှစ်အရွယ်ကပင် ပုံဒီချာရီမြို့သို့ ရောက်သွားကြောင်း။

စိန်။ ။ ကိုယ်တော်ကြီး ဘကြီးတော်မင်း တွေ့ဖူးပါသလား ဘုရား။

ကြီး။ ။ ချန္ဒာနဂိုမြို့မှာ စံတော်မူတုန်းက ဘကြီးတော် ဦးသာမှိုကို တွေ့ဖူးကြောင်း။

စိန်။ ။ ဘယ်နှစ်ခုနှစ် ဖွားတော်မူသလဲ ဘုရား။

ကြီး။ ။ ၁၂၂၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ ရတနာပုံနေပြည်တော်မှာ ဖွားကြောင်း။

စိန်။ ။ ၎င်းအခါက မြို့စားရွာစား အသနားတော်မြတ်ခံရပါသလား ဘုရား။

ကြီး။ ။ ငယ်၍ အသာနားတော်မြတ် မခံရကြောင်း။

စိန်။ ။ ဆေးဂုံမြို့သို့ ကိုယ်တော်ကြီး ပြောင်းရွှေ့စံတော့်မူရာ ပါပါသလား ဘုရား။

ကြီး။ ။ ပါတော်မူရကြောင်း။

စိန်။ ။ ကိုယ်တော်ကြီးမှာ အခြားကြင်ဘက်တော်များ ရှိပါသေးသလား-ဘုရား။

ကြီး။ ။ ပုံဒီချာရီမြို့၌ စံတော်မူစဉ် ရနောင်မင်းသားက သမီးတော်ဆက်ကြောင်း။ ဥရောပတိုက်သူတစ်ဦးနှင့်လည်း လက်ဆက်သေးကြောင်း။

စိန်။ ။ သားတော် သမီးတော် မည်မျှရှိပါသလဲ ဘုရား။

ကြီး။ ။ ရနောင်မင်းသား သမီးတော်နှင့်လည်း သားတော်သမီးတော် တစ်ပါးမျှမရ။ ဥရောပတိုက်သူနှင့်လည်းမရ။ ကျွန်ုပ်နှင့်သာ သားတော် ၄ပါး၊



www.burmeseclassic.com

www.burmeseclassic.com



သမီးတော် ၆ ပါး ဖွားမြင်တော်မူကြောင်း။

စိန်။ ။ ယခု အားလုံးရှိပါသလား ဘုရား။

ကြီး။ ။ သားတော်တစ်ပါး ငယ်က လွန်၍ ယခုအခါ မြန်မာပြည်ပုံတော်တွင် ပါရှိသော သားတော်နှစ်ပါး၊ ပြင်သစ်ပြည်မှ ပြန်လာသော သားတော် တစ်ပါး၊ ပေါင်း ၃ ပါး မရှေးမနှောင်း လွန်ကြသည်။ သမီးတော် လည်း ၄ ပါး လွန်သည်။ ယခု သမီးတော် နှစ်ပါးသာအတူ ရှိတော့ ကြောင်း။

ဆက်ဦးအံ့

ဒီနေရာမှာ စကားချပ်အနေနဲ့ ပြောစရာတစ်ခုရှိပါတယ်။ အဲဒါက မြင်ကွန်းမင်းသားက အိမ်ရှေ့မင်းသမီးတော် တောင်ညိုမင်းသမီးနဲ့ ရေသွန်းလက်ထပ် ပါတယ်။ အရေးတော်ပြီးလို့ မြင်ကွန်းမင်းသား ထွက်ပြေးသွားရတော့ တောင်ညို မင်းသမီးက နေပြည်တော်မှာပဲ ကျန်ရစ်ပါတယ်။

◆ ◆ ◆

# မြင်ကွန်းမင်းသမီးကြီး
# ရှေ့တော်ဝင်မှတ်တမ်း
## အပိုင်း(၂)

အခုအပိုင်း (၂) မှာတော့ ၁၂၉၁ ခု၊ နှောင်းတန်ခူးလဆန်း (၄)ရက်၊ အင်္ဂါနေ့ထုတ်၊ ကေသရသတင်းစာဆောင်းပါးခန်းမှ ထုတ်နှုတ်ဖော်ပြပါ့မယ်။ မူရင်းဆောင်းပါး နှစ်ပိုင်းစလုံးမှာ ခြုံငုံပြီး သိသာတဲ့အချက်တစ်ခုက မြင်ကွန်း မင်းသားဟာ ခမည်းတော် မင်းတုန်းမင်းကြီးကို ပုန်ကန်ပြီး မြန်မာနိုင်ငံက ထွက်ခွာသွားတဲ့နောက် နိုင်ငံပေါင်း (၄)နိုင်ငံလောက် တစ်နေရာပြီး တစ်နေရာ ပြောင်းရွှေ့နေထိုင်ရတယ်ဆိုတဲ့ အချက်ပါပဲ။

အများကြားဖူးကြတဲ့အတိုင်း အိမ်ရှေ့စံ ကနောင်မင်းသားကြီးကို လုပ်ကြံတဲ့အရေးမှာ မြင်ကွန်းမင်းသားနဲ့အတူ ညီတော်ရင်း မြင်းခုံတိုင် မင်းသား ပါ နှစ်ပါးအတူ ခေါင်းဆောင်ခဲ့ကြတာပါ။ ဒါပေမယ့် ဆရာစိန်ရဲ့ ဆောင်းပါးမူရင်း အရ မြင်ကွန်းမင်းသမီးကြီး မိန့်မြွက်တဲ့ စကားမှာတော့ မြင်းခုံတိုင် မင်းသား အကြောင်း မပါပါဘူး။

တကယ်တော့ သူတို့ညီတော် နောင်တော်နှစ်ပါးဟာ အရေးအခင်း မအောင်မြင်ဘဲ မိမိတို့ ဇာတိနိုင်ငံတော်မှ ထွက်ခွာသွားကြရပြီးနောက် သူတို့ အားကိုးအားထားပြုရာ ပြင်သစ်တို့ အစီအမံအတိုင်း သင့်နိုးရာရာ ပြင်သစ် လက်အောက်ခံနဲ့ အင်္ဂလိပ်လက်အောက်ခံနိုင်ငံက မြို့တွေမှာ ကူးပြောင်းနေခဲ့ကြ ရတာကိုး။ အဲသလို နေကြရာမှာ သိပ်မကြာခင်ဘဲ ညီတော် မြင်းခုံတိုင်မင်းသား ဟာ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ (ယခု ဘနားရီးစ်) မှာ ကံကုန်တယ်လို့ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



စွယ်စုံကျမ်းမှာ ဖော်ပြထားပါတယ်။

မြင်ကွန်းမင်းသားနဲ့ အဖွဲ့ဟာ ရတနာပုံနေပြည်တော်မှ ထွက်ခဲ့ပြီး ပထမဆုံး အင်္ဂလိပ်ပိုင်နက် ရန်ကုန်မြို့၊ နောက် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၊ နောက်တစ်ဆင့် အိန္ဒိယနိုင်ငံရှိ ပြင်သစ်ပိုင် ပုံဒီချာရီမြို့ (ယခု ပွန်ဒီချယ်ရီ)၊ နောက်တစ်ဆင့် ဟာရာဏသီမြို့ (ဘနားရီးစ်)၊ နောက်တစ်ဆင့် စမ္ဗာနဂိုမြို့ (ချန္ဒာနဂို)၊ အဲသလို အိန္ဒိယနိုင်ငံမှာတင် (၄)မြို့လောက် ပြောင်းရွှေ့နေထိုင်ပြီးမှ ပြင်သစ်လက်အောက်ခံ အင်ဒိုချိုင်းနားရှိ ဆေးဂုံနဲ့ဟန္နွဲမြို့တွေမှာ စံနေရကြောင်း မင်းသမီးကြီးက မိန့်မြွက်ပါတယ်။ သူပြောတဲ့ နိုင်ငံနဲ့မြို့တွေဟာ လွန်ခဲ့တဲ့ နှစ် (၁၀၀)လောက်က အခေါ်အဝေါ်တွေဖြစ်ပြီး အခုတော့ ပြောင်းလဲတန်သရွေ့ ပြောင်းလဲသွားပါပြီ။ ပြင်သစ်လက်အောက်ခံလည်း မဟုတ်တော့ပါဘူး။

တောင်ဗီယက်နမ်နိုင်ငံရဲ့ မြို့တော် ဆိုင်ဂွန်မြို့ (ဆေးဂုံ)ရယ်၊ မြောက်ဗီယက်နမ်နိုင်ငံရဲ့ မြို့တော် ဟနွိုင်းမြို့ (ဟန္နွဲ)ရယ် ဖြစ်လာပါတယ်။ အဲသလို ပြင်သစ်နဲ့ပေါင်းပြီး ပြင်သစ်ပိုင် နိုင်ငံတွေမှာ လှည့်နေထိုင်ရတော့ မြင်ကွန်းမင်းသားဟာ ခေါင်းပေါ်က သျှောင်ထုံးနဲ့ခေါင်းပေါင်းကလွဲလို့ ကျန်တစ်ကိုယ်လုံးမှာတော့ ပြင်သစ်ဝတ်စုံကိုပဲ ဝတ်ဆင်နေပါတယ်။

ရာဇပလ္လင် ထိုင်ချင်တဲ့အတွက် တိုင်းတစ်ပါးသား လူမျိုးခြားကို အားကိုးမှားခဲ့ခြင်းရဲ့ရလဒ်တွေပါပဲ။ မိမိကြံစည်တဲ့ စီမံကိန်းမှာ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ်၊ အနှစ်နဲ့ အကာဆိုတာတွေ အသေအချာ ဆင်ခြင်စိစစ်ခြင်း မလုပ်မိဘဲ မင်းအာဏာကို မက်မောမိတဲ့ အကြောင်းရင်းခံကြောင့်လို့ ဆိုပါရစေ။

မြန်မာနိုင်ငံရဲ့ ရှေ့ရေးကို အမြော်အမြင်ကြီးစွာနဲ့ ခေတ်မီနိုင်ငံဖြစ်လာအောင် အားကြိုးမာန်တက် ဆောင်ရွက်နေတဲ့ အိမ်ရှေ့စံ ကနောင်မင်းသားကြီး ကျဆုံးရတာဟာ လျော်ကောင်းတုန်း တက်ကျိုးဆိုတာလို နိုင်ငံနဲ့လူမျိုးအတွက် အဘက်ဘက်က နစ်နာလှပါတယ်။ အဲဒီအခါမှာ ပြည်သူလူထုအဖို့ တောင်ကြီးပြိုသလို ခိုကိုးရာမဲ့ပြီး သည်ဆုံးရှုံးရမှုကို လုပ်ကြံဖန်တီးသူအဖြစ် ရဟန်းရှင်လူများက မြင်ကွန်းမင်းသားအပေါ် စိတ်နှလုံး နာကြည်းလိုက်ကြပုံကလည်း ဖြေမပြေနိုင်အောင်ပါပဲ။

သည်နေရာမှာ မင်းညီမင်းသားဆိုတာ ခေါင်းပေါ်မှာပေါက်တဲ့ ဆံပင်နဲ့ တစ်နည်းအားဖြင့် တူတယ်လို့ စာရေးသူထင်မိပါတယ်။ ဆံပင်ဆိုတာ လူကိုယ်ခန္ဓာရဲ့ ထိပ်ဆုံးပိုင်း အထွတ်အမြတ် ခေါင်းပေါ်မှာ ပေါက်ရောက်ပြီး လူ့ကျက်သရေ





တည်ရာ ဖြစ်ပေမယ့် ခေါင်းမှကျွတ်လွတ်ပြီး ဆံခြည်မျှင်ထွေးဖြစ်သွားတဲ့အခါ မတော့ ဘယ်သူကမှ မလိုချင်တော့ဘဲ ရွံရှာဖွယ်အမှိုက်သရိုက်ဖြစ်သွားတယ် မဟုတ်လား။ အဲဒီလိုပဲ မင်းညီမင်းသားဆိုတာလည်း မင်းသားပီပီ သက်ဆိုင်ရာ တာဝန်ထမ်းဆောင်ရင်း မြောက်အိမ်တော်ဆောင်ရိပ်မှာ စံနေတော်မူတုန်းက ပြည်သူအပေါင်းရဲ့ ဦးညွှတ်ရိုသေရာ ပုဂ္ဂိုလ်ဖြစ်ပါရဲ့။ ဒါပေမယ့် ရွှေအိမ်ရွှေနန်းမှ ကင်းကွာပြီး သူပုန်ဖြစ်သွားတဲ့အခါမတော့ သူ့ကို ပြည်သူက မလိုလားကြတော့ဘူးလေ။ နိုင်ငံ့ရန်သူအဖြစ် အများက ရှောင်ကြဉ်ကြပြီပေါ့။

အခုပြောခဲ့သလို မြင်ကွန်းမင်းသားနဲ့ မြောက်သားတော်တို့အဖွဲ့ဟာ ဇာတိဌာနေ မွေးရပ်မြေ မြန်မာနိုင်ငံကို ဘယ်လိုမှ မကပ်နိုင်တော့ဘူး။ သူအားကိုးမိခဲ့တဲ့ ပြင်သစ်ကိုပဲ ချဉ်းကပ်နေထိုင်ရပြီး ဘဝရဲ့အကောင်းဆုံးအချိန်အရွယ်ကို ကုန်ဆုံးစေရပါတော့တယ်။ ဒါဟာလည်း စာရေးသူ ကျွန်မတို့ရဲ့ အတွေးအဆ အမြင်ကို ဆင်ခြင်မိတာ ပြောရတာပါ။ ကာယကံရှင်ဖြစ်တဲ့ မြင်ကွန်းမင်းသားကြီး နိုင်ငံရပ်ခြားမှာပဲ ကံကုန်ပြီးတဲ့နောက် မြန်မာနိုင်ငံကို ပြန်ရောက်လာတဲ့ မြင်ကွန်းမင်းသမီးကြီးရဲ့ အဆိုအမိန့် ဘယ်လိုဆိုတာတော့ ဆရာစိန်ရဲ့ မူရင်းဆောင်းပါးမှာ ဖတ်ကြည့်ကြပါဦး။ ဒါမှ သည်ဘက်က သည်လိုမြင်ပေမယ့်၊ ဟိုဘက်ကတော့ ဟိုလိုမြင်တယ်ဆိုတာ နှိုင်းယှဉ်ဝေဖန် စဉ်းစားကြဖို့ပါ။

သည်နေရာမှာ စကားချပ်ကလေးတစ်ခု ထိုးဖို့ရှိတာက -

မြို့စားရွာစား မင်းသား မင်းသမီးဆိုတာ ဘုရင်က ချစ်ကြည်သနားလို့ မြို့ရွာအသုံးကံကျွေးပေးတဲ့အခါ အဲဒီမြို့ကိုစွဲပြီး မင်းတုန်းမင်းသား၊ ကနောင်မင်းသား၊ လှိုင်မင်းသမီး၊ မြတောင်မင်းသမီးရယ်လို့ ခေါ်တွင်ကြရတာပါ၊ သည်ဆောင်းပါးမှာတော့ ဆရာစိန်က မြင်ကွန်းမင်းသားကြီးရဲ့ ကြင်ရာမြောက်သားမို့ မြင်ကွန်းမင်းသမီးလို့ အလွယ်တကူ ခေါ်ယူသုံးနှုန်းလိုက်ခြင်းဖြစ်ပါမယ်။

## “ မြင်ကွန်းမင်းသမီးကြီး ရှေ့တော်ဝင်မှတ်တမ်း ”

စိန်။ ။ ဆေးဂုံမှာ စံနေတော်မူတုန်းက ပြင်သစ်အစိုးရတို့က ရိက္ခာတော် ထောက်ပါသလား ဘုရား။

ကြီး။ ။ ရိက္ခာတော် ပြင်သစ်ဒင်္ဂါးကြီး တစ်လ တစ်ထောင်ကျ ဆက်သတော်မူသည့်အပြင် စံအိမ်တော်များကိုလည်း လုံလောက်အောင် ဝင်းတော်



www.burmeseclassic.com

www.burmeseclassic.com



နှင့်တကွ ဆောင်လုပ်ပေး၍ ချမ်းသာစွာစံနေတော်မူရကြောင်း၊ ကိုယ်တော်ကြီး မရှိသည့်နောက်လည်း ၅၀၀ ကျဆက်သေးကြောင်း၊ နွေဥတုအခါရှေးက အာနန်းဘုရင် စံတော်မူသော " ဟန္တဝ "မြို့သို့ ပြင်သစ်အစိုးရတို့ မီးသင်္ဘောနှင့် ထွက်ကြွစံတော်မူရကြောင်း၊ ဟေမန္တဥတုအခါ မှာလည်း " စနူ " မြို့မှာ စံတော်မူရကြောင်း။

စိန်။ ။ ကိုယ်တော်ကြီး နတ်ရွာစံတော်မူတော့ သက်တော်မည်မျှရှိပါပြီလဲ ဘုရား။

ကြီး။ ။ သက်တော် ၇၈ နှစ်ရှိပြီ၊ အခြားရောဂါမရှိ၊ သားတော်များ လွန်၍ စိတ်တော် မချမ်းမသာဖြစ်ပြီးလျှင် လူအိုနာဖြင့် နတ်ရွာစံတော်မူရကြောင်း။

စိန်။ ။ မယ်တော်ကြီး အလောင်းတော်ကို အပြီးတိုင် သင်္ဂြိုဟ်တော်မူပြီးပါပြီလား ဘုရား။

ကြီး။ ။ အဆုံးတိုင် သင်္ဂြိုဟ်ပြီးကြောင်း။

စိန်။ ။ မသာတော် ခမ်းခမ်းနားနား ရှိပါရဲ့လား ဘုရား။

ကြီး။ ။ မယ်တော်ကြီး၊ ကိုယ်တော်ကြီး မသာတော်များမှာ အလွန်ခမ်းနားကြီးကျယ်သည်။ ဆေးဂုံမြို့ ပြင်သစ်အရာရှိကြီးငယ်တို့နှင့်တကွ ဘုရင်ခံကြီးပါ လိုက်ပို့ကြကြောင်း။

စိန်။ ။ ဆေးဂုံမြို့မှာ သံဃာတော်များနှင့် မြန်မာကျွန်တော်မျိုးများ ရှိပါရဲ့လား ဘုရား။

ကြီး။ ။ ရဟန်းသံဃာတော်များလည်း ကိုးကွယ်ရသည်။ မြန်မာကျွန်တော်မျိုး ၆၀ ထက်မနည်းရှိကြောင်း။

စိန်။ ။ ကိုယ်တော်ကြီး ခမည်းတော် လုပ်ကြံရန် ကြံရွယ်သည်ဆိုတာ မှန်ပါသလား ဘုရား။

ကြီး။ ။ ခမည်းတော်ကို မည်သည့်အခါမျှ မကြံရွယ်ကြောင်း။ ကိုယ်တော်ကြီး လူယုံတော်များကသာ မှား၍ လိုက်လံသည့်အခါ ငါ၏ခမည်းတော်ဘုရားဟုဆို၍ တားမြစ်ရကြောင်း၊ ခမည်းတော်ဘုရား မဆိုထားဘိ ၎င်းအရေးတော်တုန်းက ကာနယ်စလေဒင်ကိုပင် လူယုံတော်တို့က လိုက်လံသည်ကို ကယ်ဆယ်ခဲ့ရကြောင်း၊ ကာနယ်စလေဒင်သည် ကိုယ်တော်ကြီး ဘာရာဏသီမြို့မှာ စံတော်မူစဉ်က ဝင်လာ၍ ၎င်းက





အသျှင်မင်းသားကြီးပေးသည့်အသက်သာရှိသည်ဟု ပြောဖူးကြောင်း။

စိန်။ ။ မည်သည့်အတွက် အရေးတော်ဖြစ်ရပါသလဲ ဘုရား။

ကြီး။ ။ ဘထွေးတော်အိမ်ရှေ့ဘုရားက နွားသားမစားဘဲ နွားသားစားသည်ဟု ရန်ရှာခြင်း၊ အခြားနည်း နှိပ်ကွပ်လိုခြင်းများကြောင့်သာ အသက်ကာကွယ်လိုသည့်သဘောဖြင့် အရေးတော်ဖြစ်ပွားရကြောင်း။ နိုင်ငံကို အလိုရှိက ၎င်းအခါက ရရှိနိုင်ကြောင်းများ မိန့်တော်မူဖူးကြောင်း။

စိန်။ ။ နောက်တစ်ကြိမ် တိုက်ပြန်ခြင်းသည် ဘယ်အတွက်ပါလဲ ဘုရား။

ကြီး။ ။ ပဒိမ်းစားက ခမည်းတော်ဘုရား လုပ်ကြံသည်ကို ခုခံကာကွယ်ခြင်းမျှသာဖြစ်သည်ဟု မိန့်တော်မူဖူးကြောင်း၊ ၎င်း ရန်အေးလျှင်အေးခြင်း စုန်တော်မူခဲ့သည်ဟု မိန့်တော်မူဖူးကြောင်း။

စိန်။ ။ ဆေးဂုံမြို့၌ မမာတော်မူသည့်အခါ ဆေးဝါးကုသခံတော်မူပါရဲ့လား ဘုရား။

ကြီး။ ။ ပြင်သစ်ဆရာဝန်ကြီးများကိုယ်တိုင် ကုသကြသည်။ အိပ်ရာတော်တွင် ငြိမ်ငြိမ်စံတော်မူပါဆိုသော်လည်း ဘုရားဝတ်ပြုရန်အတွက် ထတော်မူသေးကြောင်း၊ မာတော်မူစဉ်က အလှူတော်များ ပြုလုပ်သည့်အပြင် ဥပုသ်တော်ယူခြင်း၊ တစ်နေ့လျှင် တစ်နာရီ ကမ္မဋ္ဌာန်းယူတော်မူကြောင်း၊ ပုတီးစိပ်တော်မူခြင်းများ ပြုလုပ်လေ့ရှိကြောင်း။

စိန်။ ။ သထုံမြို့၌ စံတော်မူရန် ကြံရွယ်ရင်းပါလား ဘုရား။

ကြီး။ ။ မန္တလေး-ရန်ကုန်-သထုံ-မော်လမြိုင် ၄ မြို့အနက် ပထမက မော်လမြိုင်မှာ စံတော်မူရန် အစိုးရတို့ထံ စာသွင်းပြီးနောက်မှ ဆေးဂုံ၌ စံတော်မူစဉ် ကြွရောက်ဖူးသည့် ဘုန်းတော်ကြီးတစ်ပါးက သထုံကောင်းကြောင်းပြော၍ နောက်မှသထုံမှာ စံနေရကြောင်း၊ မော်လမြိုင်မြို့သို့လည်း တစ်ခေါက်ရောက်ဖူးကြောင်း။

စိန်။ ။ ယခု စံတော်မူရတာ အချုပ်အချယ်များ ရှိပါသလား ဘုရား။

ကြီး။ ။ အချုပ်အချယ်မရှိ ချမ်းသာစွာ စံတော်မူရကြောင်း။

စိန်။ ။ ရိက္ခာတော်မည်မျှ ရပါသလဲ ဘုရား။

ကြီး။ ။ ရိက္ခာတော် တစ်လ ၄၁၀ လောက်ရရှိကြောင်း။

ကျွန်မတွေ့ထားတဲ့ ဆောင်းပါးနှစ်စောင်က သည်အထိပါပဲ။ စာဖတ်သူများထဲမှ ဆရာစိန်ရဲ့ သည်ဆောင်းပါးအဆက်ကို တွေ့သူရှိပြီး ဖြည့်စွက်ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မယ်ဆိုရင်တော့ တိမ်မြုပ်နေတဲ့ သမိုင်းဖြစ်ရပ် တစ်စိတ်တစ်ပိုင်းကို သဲလွန်စ ရနိုင်မှာမို့ သုတေသီများအတွက် အကျိုးရှိတန်သရွေ့ ရှိနိုင်ပါတယ်။

ရည်ညွှန်း။

မြန်မာ့စွယ်စုံကျမ်း အတွဲ (၄)၊ အတွဲ (၉)၊ အတွဲ (၁၃)။

◈ ◈ ◈

## ၆ ။ နန်းကျွင်းမုန့်နဲ့ ဖလိကာဏ္ဍ

ကျွန်မတို့ မြန်မာစားစရာ အာဟာရတွေမှာ ပင်တိုင်ဖြစ်တဲ့ ထမင်းပြီးတဲ့နောက် မုန့်အမျိုးမျိုးဟာ ဒုတိယနေရာမှာ အရေးပါလှပါတယ်။ ကျောင်းကန်ဘုရားများမှာ ဆွမ်းတော်ကြီးပွဲ၊ ဆွမ်းကပ်လှူပွဲမှစလို့ သားရှင်ပြုအလှူ၊ လက်ထပ်မင်္ဂလာ စတဲ့ နေရာတကာမှာ သူမပါရင် မပြီးတဲ့က၊ ညှော်ခံလှတဲ့ မုန့်အမျိုးမျိုးတွေပါပဲ။

ပွဲနေပွဲထိုင် ဧည့်ခံမုန့်ဆိုတာမှာလည်း၊ မုန့်အဆင့်အတန်းအများကြီး ရှိသေးတာကလား။ ဒါကတော့ ကာလဒေသလိုက်လို့ပါပဲ။ ကျွန်မတို့ မိဘဘိုးဘွားလက်ထပ်ကတော့ ကျေးရွာတွေမှာ စားသုံးကြတဲ့ဒေသထွက် မုန့်၊ မြို့ကြီးပြကြီးမှာ စားသုံးကြတဲ့မုန့်၊ ဘုရင့် ရွှေအိမ်ရွှေနန်းမှာ သုံးဆောင်ကြတဲ့ နန်းတွင်းမုန့်ရယ်လို့ မုန့် အမည်အမျိုးမျိုး၊ အဆင့်အမျိုးမျိုး ရှိကြပါတယ်။

သည်မုန့်တွေအားလုံး သူ့နည်းနဲ့သူ့ အရသာရှိပြီး အသုံးတည့်ကြတာချည်းပါ။ သူ့ခေတ်ကာလအလျောက် ကောင်းသထက်ကောင်းအောင် မွမ်းမံပြင်ဆင်စီမံကြရင်းကပဲ ပိုကောင်းလာတာ ရှိသလို၊ ညံ့ဖျင်းသွားရတာလဲ ရှိတတ်ပါရဲ့။ ဒါမှာတော့ လိုအပ်ပစ္စည်း ဖောဖောသီသီရနိုင်၊ မရနိုင်ဆိုတဲ့ အချက်ပေါ်မှာ မူတည်ပါလိမ့်မယ်။

### မြန်မာမုန့်များ နောက်ဆုတ်နေရ

ကနေ့ခေတ်မှာတော့ ကျွန်မတို့နိုင်ငံကို နိုင်ငံခြားယဉ်ကျေးမှုတွေ

ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုးဖောက်ဝင်ရောက်လာတာက နေရာတကာမှာဆိုတော့ အဝတ်အထည် ဆင်ယင်မှုသာမက၊ အစားအသောက်ပိုင်းမှာပါ တိုင်းတစ်ပါး အနံ့အသက် လွှမ်းမိုးလာနေတာ အများသူငါသိကြပြီး မဟုတ်လား။ ဆင်းဒ်ဝစ်ရှ်၊ ဟမ်ဘာဂါ စတဲ့ မုန့်မျိုးတွေ၊ မြို့ပြဟော်တယ်ကြီးတွေမှာ နေရာယူ တွင်ကျယ်လာတာနဲ့အတူ ကျွန်မတို့ မိရိုးဖလာ မြန်မာမုန့်တွေက ဘေးရောက် နောက်ဆုတ် ခပ်ကုပ်ကုပ် နေကြရပြီ။ သည့်ထက်သည်ကြာလာရင် မြို့ကြီး၊ ပြကြီးနေတဲ့ကလေးတွေဟာ မြန်မာမုန့် မြန်မာတွေ မခေါ်တတ်ဘူးဆိုတာမျိုး ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ကျွန်မသိမှတ်ဖူးတဲ့ မြန်မာမုန့် တချို့အကြောင်း ကျောင်းသား လူငယ်တွေအတွက် ပြောချင်စိတ်ပေါက် လာလာပါတယ်။ သည်လိုလေ။ မုန့်ဆပ်သွားဖူး၊ မုန့်နှမ်းပဒ္ဒူ၊ မုန့်ညာတယာ၊ မုန့်ပျားသလက်၊ မုန့်ဖက်ထုပ် စတဲ့မုန့်အမျိုးပေါင်း အများအပြားကို ရှေးခေတ်ကစလို့ ကနေ့ထက်တိုင် မြို့ပြနဲ့ဝေးတဲ့ ကျေးလက်ဒေသအနှံ့မှာ ပြည်သူလူထု အမြတ်တနိုး စားသုံးလျက် ရှိကြပါတယ်။

## တော်ဝင်မုန့်တွေ

ရတနာပုံခေတ် မန္တလေးမြို့မှာလဲ နန်းတွင်းစံတို့ဟာ ရှေ့ကပြောခဲ့တဲ့ မုန့်တွေကိုပဲ ပွဲတော်စာအဖြစ် သုံးဆောင်ခဲ့ကြပါတယ်။ ထီးသုံး နန်းသုံးဆိုတော့ကာ ပိုကောင်းပိုလှအောင်တော့ အထူးတလည် စီမံပြုလုပ်ကြပါသေးတယ်။ နန်းတွင်းမုန့်တွေထဲမှာ အခုပြောခဲ့တဲ့ မုန့်တွေအပြင် ခနုံထုပ်၊ ခနုံအီ၊ ခနုံမော့ကင်း၊ ခနုံလွှတ်ဆောင်းဆိုတာတွေလည်း နန်းသုံးတော်ဝင်မုန့်တွေပဲလို့ သိရပါတယ်။ အဲသည်မုန့်တွေကို ကနေ့ထက်တိုင် ကျွန်မတို့အားလုံး စားသုံးလျက်မို့ မြန်မာမုန့်စာရင်းမှာ ထည့်သွင်းပြီး ဆိုလိုက်ရပေမယ့် မြန်မာတစ်ဦးတည်းပိုင်တော့ မဟုတ်ပါဘူး။ ယိုးဒယား(ယခုထိုင်း) မြန်မာ ဖက်စပ်နန်းတွင်းမုန့်လို့ ခေါ်မှသာ အမှန်အကန် ဖြစ်မယ်ထင်ပါတယ်။

တကယ်ဆိုတော့ ယိုးဒယားနဲ့ မြန်မာဆိုတာ ရုပ်ဆင်းအင်္ဂါကစလို့ ကိုးကွယ်ရာဘာသာလည်းမခြား မြေသားကလည်း တစ်စပ်တည်း ဆက်လျက် မဟုတ်လား။ သည်မုန့်မျိုးတွေ မြန်မာ့နန်းတွင်းရောက်လာတာက သည်လိုပါ။ အလောင်းမင်းတရားကြီးရဲ့ သားတော် ဆင်ဖြူရှင်လက်ထက်တော်က ယိုးဒယားကို အောင်နိုင်ပြီး အပြန်မှာ ယိုးဒယားမင်းညီမင်းသား မင်းသမီးတချို့ပါ ခေါ်ယူလာပါတယ်။ သည်တော့ သူတို့ရဲ့ အခြွေအရံအဖြစ်နဲ့ သမားတော်ကြီးတွေ၊





လက်တတ်လက်ကောင်း အပ်ချုပ်သည်တွေ၊ စားတော်ကဲတွေ လူဦးရေထောင်ချီပြီး ပါလာကြတာကိုး။ အဲသည်မှာ ယိုးဒယားစားတော်ကဲတွေရဲ့ လက်ရာမှတဆင့် သည်မုန့်အတော်များများ မြန်မာ့နန်းတွင်းမုန့်တွေထဲကို ဝင်ရောက်တိုးပွားလာတာပါ။

## ခနုံဆိုတာမုန့်

ခနုံထုပ်ဆိုတာ ကြက်သား၊ ဝက်သား၊ ပုဇွန် စတဲ့ အသားတစ်မျိုးမျိုးကို စဉ်းကောကော ကျက်အောင်လုပ်ပြီး ကြက်ဥအပြားကြော်ထဲမှာ ဌာပနာပြီး လိပ်ထုတ်ထားတာပါ။ ခနုံအီဆိုတာကလည်း သည်လိုပဲ ကြက်ဥအပြားကြော်ထဲမှာ ထောပတ်၊ သကြား၊ အုန်းသီးမုန့် စတာတွေနဲ့ အချိုအရသာ ကဲပြီး လုပ်ထားတာပါပဲ။ တကယ်က ခနုံဆိုတာကိုက မုန့်လို့ အဓိပ္ပါယ်ရဆိုပဲ။ ခုပြောတဲ့ မုန့်တွေကို ကနေ့ခေတ်မှာလည်း မန္တလေးမြို့က အလှူပွဲကြီးတွေမှာ ကဒ္ဒီ (ကတ္တီ) ပေါ်တင် အလှပြင်ပြီး တခမ်းတနား ဧည့်ခံကျွေးမွေးလေ့ရှိပါတယ်။
(ကဒ္ဒီ ဆိုတာ ရှေ့မှာ ဖော်ပြပါမယ် )

နောက်ပြီး ခနုံမော့ကင်းဆိုတာက ရွှေချီဂျုံမုန့်၊ ကြက်ဥ၊ ထောပတ်၊ အုန်းနို့စတာတွေနဲ့ စီမံပြီး အိုးကပ် ဖုတ်ထားတဲ့မုန့်ပါ။ အခုတော့ အဲသည်မုန့်ကို ဆနွင်းမကင်းရယ်လို့ မြန်မာအာဟာရမုန့်ဖြစ်နေပြီလေ။ ယိုးဒယားဇာတိဆိုတာ တယ်မသိကြတော့ပါ။ ခနုံလွှတ်ဆောင်းဆိုတာက ယိုးဒယားဘာသာနဲ့ ယိုထွက်ကျတဲ့ မုန့်လို့ ခေါ်တာတဲ့။ သူကတော့ အခု တောရော မြို့ပါ လူတကာ စားသုံးတဲ့ မုန့်လုပ်ဆောင်း ဖြစ်သွားပါပြီ။

## ပွဲတော်စာမုန့်

အခုတစ်ခါ မုန့်အနေနဲ့ရော ဟင်းအဖြစ်နဲ့ပါ နန်းတွင်းပွဲတော်စာဖြစ်တဲ့ မုန့် (၃)မျိုးကို ပြောပြပါဦးမယ်။ အဲသည်မုန့်တွေက မုန့်ကြာလိပ်ကြော်၊ ဝက်အူချောင်းကြော်နဲ့ မနုံးပိုးဆိုတာတွေပါ။ မုန့်ကြာလိပ်ကြော်က ပဒုမ္မာကြာပွင့်ချပ်ပါးပါးကလေး (ကြာပွင့်အစစ်ပါ)တွေနဲ့ ဝက်သားစဉ်းကောနုပ်နုပ်ကို လိပ်ပြီး ကြော်ထားတာပါ။ ကြည့်လို့လဲလှ စားလို့လဲကောင်းလှပါတယ်။ လုပ်ရတာတော့ သိပ်လက်ဝင်တယ်လို့ သိရပါတယ်။ အခုခေတ်မှာတော့ အဲသည်မုန့်မျိုးမတွေ့ရတော့ပါဘူး။ ပဒုမ္မာကြာဆိုတာက ရိုးရိုးကြာထက် အပွင့်ကြီးတယ်လေ။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ဖို့ကလည်း မလွယ်လှပါ။

ဝက်အူချောင်းဆိုတာက သည်နေ့ခေတ် ဝက်အူချောင်းမျိုး မဟုတ်ဘူးလေ။ ဝက်အဆီနဲ့ အသားမျှတအောင် စဉ်းကော၊ အမွှေးအကြိုင်ခတ်ပြီးမှ ဝက်အူအစစ်ထဲမှ ထည့်သွင်းပြီး ပထမကျက်လောက်အောင် ပေါင်းရပါသေးတယ်။ (အရက်မပါရပါ) ပြီးမှ သူ့ကို လက်လေးသစ်စီလောက်ပိုင်းဖြတ်ပြီး ကြော်ထားတာပါ။ သည်ခေတ်မှာတော့ အဲသည်ဝက်အူချောင်းအမည်ကိုပဲ ဆက်လက်ခံယူထားပေမယ့် ပြုပြင်စီမံပုံ ခြားနားနေပါပြီ။

ခနုံးပိုး ဆိုတာက သည်လိုပါ။ ခနုံပိုးလည်းခေါ်တယ်။ သင်ပေါင်းပိုးလည်း ခေါ်တယ်။ အဖြူရောင်ပိုးကောင်တစ်မျိုးရှိပါတယ်။ အဲသည် ခနုံးပိုး ခပ်ငယ်ငယ်ကို အုန်းသီးထိပ် နတ်ပေါက်ကနေ သွင်းထားလိုက်တယ်။ နောက်အထဲမှာ အုန်းရေသောက်၊ အုန်းသီးဆံစားပြီး ကြီးထွားလာတော့မှ သူ့ကို ပြန်ထုတ်ပြီး ကြိုက်သလို အချိုတစ်မျိုး၊ အဆိမ့်တစ်မျိုး ချက်စားကြတာပါ။ သူ့ကို နန်းတွင်းပွဲတော်စာပြင်ရာမှာ မုန့်တစ်မျိုးအနေနဲ့ ထည့်ပြင်တယ်လို့ သိရပါတယ်။

ပွဲတော်စာပြင်ရာမှာ ဖလ်ကင်ပေါ်မှာတင် အလှပြင်ပြီးမှ ရွှေမြတ်စုံပိုးပုဝါနဲ့အုပ်ပြီး နန်းတွင်းစံတွေကို ဆက်ရတာပါ။ ဖလ်ကင် (ကတ္တိ)ဆိုတာ ဖလ်ကလပ်ပေါ်မှာ အံ့ဝင်ခွင်ကျထည့်ထားတဲ့ ဖလ်ခွက်ပက်ပက်ကလေးတွေပါ။ ပြင်သစ်နိုင်ငံကလာတယ်လို့ သိရပါတယ်။ နောက် ရတနာပုံမြို့တော်မှာ သက္ကရာဇ် (၁၂၃၀) ခုနှစ်လောက်က ဖလ်ချက်စက်ရုံတည်ဆောက်ပြီးကာမှ အဲသည် ဖလ်ကတ္တိကို ပုံစံတူထုတ်လုပ်တာပါပဲ။

## အချိုအချဉ်

ပွဲတော်စာပြင်ရာမှာလည်း တည်ခင်းတဲ့မုန့်ကို လိုက်ပြီး အချိုကတ္တိ၊ အချဉ်ကတ္တိရယ်လို့ ခွဲခြားခေါ်ကြရပါတယ်။ ခနုံထုပ်၊ ခနုံအီ၊ ခနုံမော့ကင်း စတဲ့ မုန့်အချိုတွေတင်ထားတာကို အချိုကတ္တိခေါ်သလို၊ မုန့်အချဉ်တင်ထားရင် အချဉ်ကတ္တိပေပေါ့။ အအီပြေ အငြိုးပြေစားစရာအနေနဲ့ သစ်သီးအချဉ်သီးတွေကို စားလို့ကောင်းအောင် စီမံပြီးထားတာပါ။ ဥပမာ ဇီးဖြူသီးဆားစိမ်၊ အချဉ်အဖန်ခါတ်လျော့သွားအောင် ပြုပြင်ထားတဲ့ သီးသီးနှပ်၊ စောင်းလျားသီးနှပ် စတာတွေကို တစ်ကန့်စီ တစ်ကန့်စီ ပြင်ဆင်ထည့်ထားတာကို အချဉ်ကတ္တိလို့ ခေါ်တာပါ။





## နန်းတွင်းပွဲအတုယူ

အခုအထိ မန္တလေးမြို့က အလှူပွဲကြီးတွေမှာ ကတ္တိနဲ့ မုန့်ပွဲပြင်ပြီး တည်ခင်းဧည့်ခံနေကြဆဲပါ။ ခနုံထုပ်ကလဲ တခမ်းတနား ပါမြဲပါပဲ။ ဖလ်ကတ္တိနေရာမှာတော့ သုံးချောင်းထောက် ရွှေရေးယွန်းကတ္တိဖြစ်လာပါတယ်။ သည်ယွန်းကတ္တိပေါ်မှာ ပြင်ထားတဲ့ မုန့်ပွဲကို ကော်တောင့်နေတဲ့ပုဝါဖြူ အုပ်ဆိုင်းလို့ သန့်သန့်ပြန့်ပြန့် တည်ခင်းလေ့ရှိပါတယ်။ ရှေးခေတ်နန်းတွင်းပွဲ အပြင်အဆင်မျိုးကို တတ်နိုင်သလို အတုယူကြတာပါ။

## ဆက်ထိန်းသူ

သည်လို ဧည့်ခံပွဲမျိုးကို အစဉ်အလာမပျက်၊ နှစ်စဉ်ကျင်းပနေတဲ့ ပုဂ္ဂိုလ်ကတော့ မန္တလေးတက္ကသိုလ်မှ မြန်မာစာကထိကဟောင်း ဆရာကြီး ဦးမောင်မောင်တင်။ ယခုသမိုင်းကော်မရှင်ပါ။ ဆရာကြီးက ဆောင်းဦးပေါက်ရာသီမှာ ကျရောက်တဲ့သူ့မွေးနေ့တိုင်း မန္တလေးတောင်ခြေရှိ မင်းတုန်းမင်းကြီးရဲ့ ကုသိုလ်တော် လောကမာရဇိန် ဘုရားတန်ဆောင်းကြီးအတွင်းမှာ အမြဲလုပ်ပါတယ်။ ပရိသတ်ကို ဧည့်ခံရာမှာ စားပွဲ ကုလားထိုင် မသုံးပါဘူး။ သင်ဖြူးကော်ဇောတွေခင်းထားတာပါ။ ကျွေးမွေးတာက ပထမ ကြာဖံဟင်းခါးနဲ့ သစ်သီးစုံ အချိုကတ္တိဖြစ်ပြီး ဒုတိယ အချဉ်ကတ္တိနဲ့ လက်ဘက်စုံများကို လက်ဘက်ရည်အဖန်နဲ့ တွဲဖက်တည်ခင်းပါတယ်။ သည်ခေတ်မှာတမူ ထူးခြားတဲ့ ဧည့်ခံမှုပါပဲ။

သည်ပွဲမှာ မိတ်တွေသင်္ဂဟတပည့်တပန်းတွေသာမက နိုင်ငံခြားသားသုတေသီများပါ ဆရာကြီးမွေးနေ့ပွဲကိုလာရင်း မြန်မာ့ရိုးရာစားစရာတွေကို စားကြရပါတယ်။ နောက်ပြီး ဘုရားဘေးမှာ ကပ်လျက်ရှိနေတဲ့ ပိဋကတ်တော်ကျောက်စာဂူတွေကိုလည်း တဆက်တည်းလေ့လာနိုင်ကြသေးတယ်လေ။ အိုးစည် ဒိုးပတ် စတဲ့ အတီးအမှုတ်မျိုးကလည်း ပါသေးတော့ မြန်မာ့မူဟန် အပြည့်ပါတဲ့ ပွဲမျိုးပေပေါ့။

ဟိုတယ်ဧည့်ခံပွဲတွေ ခေတ်စားတွင်ကျယ်နေတဲ့ မျက်မှောက်ကာလမှာ ကျွန်မတက်ရောက်ဖူးတဲ့ ဆရာကြီးရဲ့ နန်းတွင်းမုန့်နဲ့ ဖလ်ကတ္တိဧည့်ခံပွဲအကြောင်း တစေ့တစောင်း ဖော်ပြလိုက်ရခြင်းပါ။ အခုအခါ ဒါတွေမလိုတော့ဘူးလို့ ယူဆသူများ ရှိကြမှာပေမယ့် ရှေးကတော့သည်လို ရှိခဲ့ပါကလားဆိုတာ လူငယ်တွေနဲ့ ကျွန်မတို့ သည်နေရာမှ တင်ပြလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



" နန်းတွင်းမုန့်နဲ့ ဖလ်ကတ္တီ"

ခြောက်ပါးရယ်စုံ၊
ခနုံကြာလိပ်၊ တဆိတ်ကယ်
အအီအောင်ပ၊
ရသာကို သူလျှောင်တဲ့၊ မနုံးကောင့် ထွေလာဆန်းပါဘိ
နန်းမလေ့ပွဲ။ ။
ခင်းရွှေမြိတ်ပုံ၊
ပွဲတော်ခုံ ဖလ်ကတ္တီဖြင့်၊
စံမမီ မြန်ပြည်မှာ သုံးကြတယ်၊
ဘုန်းသူတို့နဲ့။ ။
ခြောက်ပါးရယ်စုံ - ချို၊ချဉ်၊ ဖန်၊ ငံ၊ စပ်၊ ခါး အရသာ ခြောက်ပါး။

◈ ◈ ◈

## ၇ ။ မြန်မာတရားရုံးက ဆုံးဖြတ်သော ယိုးဒယားအမှု

တစ်နေ့သောအခါ စာရေးသူသည် မဂ္ဂဇင်းဟောင်းတစ်စောင်၌ ထူးခြားသော အမွေမှုစီရင်ချက်တစ်ရပ်ကို ဖတ်မိပါသည်။ ယင်းကို အစအဆုံး ဖတ်ပြီးသွားသော်လည်း ကောင်းကောင်းနားမလည်ပါ။ နောက်တစ်ခေါက် လုံးစေ့ပတ်စေ့ ထပ်ဖတ်ပြန်သည်။ ဤတွင်လည်း ရေးရေးသာ ရိပ်မိသလိုရှိလာသည်။ ရှင်းရှင်းသဘောမပေါက်သေးပါ။ ထို့ကြောင့် ခင်ပွန်းသည် ရုံးဆင်းလာမှ မေးကြည့်တော့မည်ဟု စာအုပ်ကို ချထားလိုက်တော့သည်။

(ကျွန်မ၏ခင်ပွန်းမှာ ဗဟိုတရားရုံးရှေ့နေတစ်ဦး ဖြစ်ပါသည်။)

ခင်ပွန်းဖြစ်သူ ရုံးဆင်းလာပြီး ခဏတစ်ဖြုတ်မျှ အပန်းဖြေနားနေပြီးသော် ဖတ်လက်စ မဂ္ဂဇင်းဟောင်းကိုကိုင်ကာ အောက်ပါအတိုင်း စကားစလိုက်ပါသည်။

" အစ်ကိုကြီး အမွေမှုဆိုရင် အစအဆုံး ရုံးဘယ်နှစ်ရုံးအထိ တရားဆိုင်လို့ရလဲဟင် "

" ဒါဆိုရင် တရားမပေါ့။ အမွေပုံကကြီးသလား "

" ကြီးတယ်။ ရွှေ့ပြောင်းနိုင်တာရော၊ မရွှေ့ပြောင်းနိုင်တာရော အများကြီးပဲ "

" သည်လိုဆိုရင် မြို့နယ်ရုံး မဆုံတော့ဘူး။ တိုင်းတရားရုံး၊ ဗဟိုတရားရုံး သည်နှစ်ရုံးပဲ။ နိုင်ငံတော်ကောင်စီရုံးဆိုတာ ရှိတော့ရှိသေးတယ်။ သည်အထိ တက်လာတာ နည်းပါတယ်။ ဘာသိချင်လို့မေးတာလဲ "

" ဪ - သည်မှာ ရှေးတုန်းက အမွေမှုကြီးတစ်ခု တွေ့ထားလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲသည်အမှုက ရုံးငါးရုံးအထိ အဆင့်ဆင့်တက်တယ်လေ ”

“ ဟင် ငါးရုံးတောင်လား၊ မဟုတ်နိုင်ပါဘူး မင်းဥစ္စာ ”

“ ဟုတ်ပါတယ်။ ကြာတော့ကြာလှပြီ ”

“ ဘယ်လောက်ကြာပြီလဲ။ ဘယ်ခေတ်ကလဲ ”

“ ကြာဆို ဟံသာဝတီ ဆင်ဖြူရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာလက်ထက်က ဆိုတော့ နှစ်ပေါင်း ၄၀၀ ကျော်ရှိရောပေါ့ ”

“ အလိုဗျာ တကယ်ပဲလား။ ဘယ်မှာ တရားဖြစ်တာလဲ ”

“ အခြင်းဖြစ် အမွေပုံက ယိုးဒယားမှာ၊ အပြီးသတ်အမိန့်ချတာက မြန်မာပြည်မှာ ”

“ ဗုဒ္ဓေါဘုရား ဟုတ်မှဟုတ်ရဲ့လားကွာ။ မင်းအမှုက ”

“ ဟုတ်ပါတယ် အစ်ကိုကြီးရဲ့။ သည်မှာ ဟောသည်မှာ ဖတ်ကြည့်ပါဦး”

“ ပြစမ်းပါဦး၊ အင်း အင်း ဟုတ်ပ့ါ။ မင်းနှယ် တွေ့လဲတွေ့တတ်ပါမေ့”

“ ဒါတော့ မဆန်းပါဘူးရှင်။ ဖဝိုင်းရှာတဲ့သူ ဖဝိုင်းတွေ့တာပဲ၊ ပညာရှာသူ ပညာတွေ့တာပဲ။ စာရှာတဲ့သူ စာတွေ့တာပေါ့ ”

“ ထားပါတော့ ထားပါတော့။ စုံအောင်ဖတ်စမ်းပါရစေဦး ”

ကျွန်မသည် စိတ်ပါလက်ပါ ဖတ်နေသူအား အစအဆုံးဖတ်ပြီးအောင် အချိန်စောင့်ရင်း အကဲခတ်ကြည့်နေပါသည်၊ သူသည်လည်း ကျွန်မနည်းတူ နောက်တစ်ခေါက် ထပ်ဖတ်သည်ကို တွေ့ရပါ၏။ ကျွန်မနှင့် ခြားနားသည်မှာ သူ့အနေဖြင့် ဒုတိယအကြိမ် ဖတ်ပြီးသောအခါ စာအုပ်ကိုချလိုက်ပြီး အမှုအနေအထားနှင့်စီရင်ချက်အကြောင်းကို ချိုင့်မိပြီး ရေရေလည်လည် သဘောပေါက်သွားဟန်ကို အကဲရခြင်းဖြစ်သည်။ မေးလိုရာမေးတော့ဟူသော မျက်နှာပေးမျိုးဖြင့် . .

“ မင်းအမှုက ဇာတ်အိမ်ကြီးတယ်။ ဇာတ်အိမ်ကြီးသလောက် သိမ်မွေ့တယ်၊ ကဲ- မင်းက ဘယ်ဟာမရှင်းတာလဲ ပြော ”

“ မရှင်းတာကတော့ အများကြီးပဲ။ ဆင်ဖြူရှင် ဘုရင့်နောင်လက်ထက်က ယိုးဒယားကို အောင်တော်မူခဲ့တာမို့ ယိုးဒယားမှာ ဖြစ်တဲ့အမှုဟာ နောက်ဆုံး မြန်မာနိုင်ငံက ရုံးအထိ တက်လာတာဆိုတဲ့အခြေခံတော့ နားလည်ပါရဲ့။ ဒါပေမယ့် အမှုသည်သား အကြီးဆိုသူက ဖွဲကြီးလိုက်တာနော်။ သူအနိုင်မရ မချင်း တစ်ရုံးပြီးတစ်ရုံး တက်နေတာပဲ။ ရုံးတွေကလဲ ကုန်ပဲမကုန်နိုင်ဘူး အံ့ရော”





“ မအံ့နဲ့လေ။ ဒါ သူ့အခွင့်အရေးကိုး။ သူ့ခေတ်နဲ့သူ လမ်းရှိသမျှ သွားမှာပေါ့ ”

“ နောက်ပြီး ရှေ့ကအောက်ရုံး လေးရုံးစလုံးက ယိုးဒယားနေ အငယ်မောင်နှမနှစ်ယောက်ကိုချည်း အနိုင်ပေးတာရယ်၊ နောက်ဆုံး ရှင်ကျော်သူရုံးရောက်ကာမှ တရားလိုသားကြီးကို အနိုင်ပေးလိုက်တာဟာ ရှင်ဘုရင့်မျက်နှာတော် ထောက်ပြီး ဘက်လိုက်တာများလားလို့၊ အဲသည်နှစ်ချက် မရှင်းဘူး။ ပြီးတော့ ”

“ နေဦး နေဦး။ တစ်ပိုင်းစီ သွားရအောင်။ အောက်ရုံးလေးရုံးဆိုတာမှာ ယိုးဒယား တရားသူကြီးချည်းပဲ မဟုတ်ဘူးလေ။ တွေ့တယ်မဟုတ်လား၊ ပထမရုံးမှာသာ ယိုးဒယားအမတ်နှစ်ဦးက ဆုံးဖြတ်တာ၊ ကျန်တဲ့သုံးဦး မြန်မာတရားသူကြီးတွေချည်းပဲ၊ သည်တော့ရင် နောက်ဆုံး ဒီဂရီချပေးတဲ့ ရှင်ကျော်သူရုံးပါဆိုရင် ပေါင်း ငါးရုံးစလုံးက သူ့အမြင်နဲ့ သူ့ကောက်ချက်နဲ့ သူ့ဖြတ်ထုံးနဲ့ အသီးသီးတင်ပြတာချည်းပဲ။ ‘တစ်ဦးခေါင်း တစ်ပညာ’ ဆိုသလိုပေါ့။ မင်းတွေးသလို ဘက်လိုက်တာ၊ ဘာဘာညာညာ ရှိဟန်မတူပါဘူး ”

“ ဒါဖြင့်ရင် မူလလေးရုံးက ဆုံးဖြတ်ချက်ကို ရှင်ကျော်သူရုံးကျမှ ပြောင်းပြန်လှန်ပစ်လိုက်တဲ့ စီရင်ချက်ကကော ဘယ့်နှယ်လဲ ”

“ အဲဒါလဲ တရားသဖြင့်ပါပဲ။ ရှင်ကျော်သူက အလျှင်လူတွေထက် အကွက်ပိုမြင်တယ်၊ ဥပဒေမှာလဲ အဲ - အဲ - ရှေးကတော့ ဖြတ်ထုံးမှာလဲပေါ့လေ။ ပိုကျွမ်းတယ်။ ကြည့်ပါလား၊ သူ့စီရင်ချက်နောက်ပိုင်းနားမှာ သားအကြီးသည် အခြားသော မြို့စားစော်ဘွား သားသမီးတို့နည်းတူ အဘပစ္စုပ္ပံမြို့စားကထား၍ ခြေရင်းတော်မှာ ခယမ်းထမ်းရွက်နေစဉ် မိဘတို့ဝန်၊ မိဘတို့အမှုနှင့် မိဘတို့အစေအပါးကိုခံ၍ သွားရောက်နေထိုင်ရသည့်အခါ စားသုံးရန်ပေးကမ်းထားသည့် ကြေးငွေဥစ္စာ နောက်လိုက်နောက်ပါသာ ဖြစ်ချေသည်တဲ့၊ ဒါဆိုတော့ အမွေသဘောပေးထားတာ မဟုတ်ကြောင်း ထင်ခြားနေတာပဲဟာ။ ‘အခြားမြို့စားစော်ဘွား သားသမီးတို့နည်းတူ’ ဆိုတာတော့ မင်းနားလည်တယ် မဟုတ်လား ”

“ အဲဒါတော့ နားလည်ပါတယ်။ သူတို့သားသမီး ကိုယ့်နန်းတွင်းခေါ်ထားတော့ သူ့မိဘများက သစ္စာဖျက်မှာ မပူရတော့ဘူး၊ ဒီသဘောမဟုတ်လား”

“ ဟုတ်ပါတယ်။ ဒါ့အပြင် နန်းတွင်းမှာနေရတော့ သားအကြီးဘက်က



www.burmeseclassic.com

www.burmeseclassic.com



လဲ သူ့အရည်အချင်းအလိုက် ရာထူးနေရာကောင်းတွေ ရနိုင်တဲ့ အလားအလာ ရှိတာပေါ့။ ရှင်းပြီလား ”

“ တစ်ခုပဲ ကျန်ပါတော့တယ်။ ရှင်ကျော်သူရဲ့ အပြီးသတ်စီရင်ချက်မှာ သားကြီးကို ဝေစုအများဆုံး ပေးတာက ဘယ်လိုလဲ။ ဆတူဘာလို့ မပေးတာလဲ”

“ ဒါကတော့ သူ့ခေတ်သူ့ကာလက ပြဌာန်းထားတဲ့ ရွှေမျဉ်းမဓမ္မသတ်အရ စီရင်တာပဲလေ။ နောက်ပြီး သည်သားကြီးက အသက်နဲ့ရင်းပြီး နိုင်ငံရပ်ခြားမှာ သူ့အဖေကိုယ်စား လာအလုပ်လုပ်နေရသူဖြစ်လို့ ပိုရထိုက်ပါတယ်။ ကျေနပ်ပြီလား ”

အထက်ပါအတိုင်း ခင်ပွန်းသည်က တစ်ခုချင်း ရှင်းပြသောအခါမှ သဘောပေါက်နားလည်ကာ ဘဝင်ကျသွားတော့သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ပို၍တိကျအောင် ပြောရလေသော် ဟံသာဝတီ ဆင်ဖြူရှင်ဘုရင့်နောင်ကျော်ထင်နော်ရထာ မင်းကြီးလက်ထက်တော်က တရားရေးဆိုင်ရာ သမိုင်းတစ်ကွက်ကိုလည်းကောင်း၊ မြန်မာသက္ကရာဇ် ၉၃၀ ခုနှစ်ခန့်က ယိုးဒယားပြည်တွင် အချင်းဖြစ်ပွားသော အမွေမှုနှင့် မြန်မာတရားသူကြီးတို့၏တရား ထိုက်သင့်ရာ ချမှတ်သော စီရင်ချက်သည် လည်းကောင်း၊ ယင်းသည့်ခေတ်က ရှေးသုံးမြန်မာစာ ရေးသားဟန်ကို လည်းကောင်း စိတ်ဝင်စားဖွယ် ဆည်းပူးမှတ်သားဖွယ်ကောင်းလှသည်။

သို့ဖြစ်ရာ ထူးခြားရှားပါးသော သမိုင်းကြောင်းဆိုင်ရာ ဤအကြားအမြင်သုတရသကို ကျွန်မတစ်ဦးတည်း ခံစားရန်ထက် စာပေမြတ်နိုးသူများနှင့်အတူ ဝေမျှခံစားလိုသော စေတနာပေါက်လာပါသည်။ ထို့ကြောင့် စာပေအမွေပေးဝေသည့်အနေဖြင့် ဆောင်းပါးမူရင်းအတိုင်း အောက်တွင် ဖော်ပြလိုက်ပါ၏။ စာပေအမွေ ရယူလိုကြသူများ ဖတ်ရှုလေ့လာကြပါ။

## ‘ ရှေးစာဟောင်းမှ ထုတ်နှုတ်ဖော်ပြချက် ’

ပေမူမှကူးပို့သူ ကောလင်းမြို့ ဦးစိုးဘေ။

ရှေးထုံးများကိုထောက်၍ တရားဖြောင့်မတ်စွာ စီရင်သော အမွေမှုကြီးအကြောင်း။

တရားသူကြီး ရှင်ကျော်သူသည် အဂတိလေးပါးသို့ မလားမထောင့်ဖြောင့်မတ်စွာ စစ်ဆေးမေးမြန်း၍ တရားကျနအောင် ကောက်ယူစီရင်ဆုံးဖြတ်





ဖူးသည်ကား။

ယိုးဒယား ဒွာရာဝတီ နိုင်ငံတော်အတွင်း ပစ္စုပ္ပုံမြို့စားမှာ သားသမီးသုံးယောက်ရှိသည့်အနက် သားအကြီးသုံးဆောင်ရန် ရွှေငွေဝတ်စားတန်ဆာ အဆောင်အရွက် နောက်လိုက်နောက်ပါ ကျေးကျွန် ဆင်မြင်း အလုံးအရင်းနှင့်တကွ ပဲခူး ဟံသာဝတီရွှေမြို့တော်၌ ဆင်ဖြူရှင် မင်းတရားကြီးဘုရား၏ ခြေရင်းတော်မှာ မြဲစွာထမ်းရွက်နေထိုင်စေ၍ သုံးနှစ်ကျော် လေးနှစ်ခန့်ရှိသည်ကာလ ပစ္စုပ္ပုံမြို့စားလင်မယားတို့ မကျန်းမမာရှိလျှင် သားအကြီးကို အစီးအနင်း အသုံးအဆောင် ကွမ်းကိုင်ရေကိုင် ဝတ်စားတန်ဆာ ရွှေငွေ ဆင်မြင်းနှင့် အပြည့်အစုံ အလုံအလောက် ထောက်မပေးကမ်း၍ သီးသန့်ခြားနားကွဲပြားရှိလေပြီးဖြစ်သည်။ မိဘနှစ်ပါးတို့ နာလျှင်သေလျှင်လည်း အပူအချမ်း၊ အကြမ်းအနု ပြုစုကုမကမ်းလှမ်းရတော့မည်မဟုတ်ပြီ။ ကျန်သည့်ပစ္စည်းဥစ္စာကို သားသမီးငယ်နှစ်ဦးတို့က ရယူစေဟု ရဟန်းကြီး လူကြီးစုံရာ သမားတို့ရှေ့ ရပ်သိရွာမြင် အထင်အရှားစာရေးစာဝင် အစုံအညီနှင့်တကွ စာချုပ်စာတမ်းထား၍ ပေးခဲ့ပြီးလျှင် မကြာမြင့်မီ ပစ္စုပ္ပုံမြို့စားလင်မယားနှစ်ယောက်တို့ ကံကြမ္မာအလျောက် ရှေ့နောက် သေကြလေကုန်သည်။ ကျန်ရှိရစ်သည့် ရွှေပွတ်စု ငွေပွတ်စု၊ အကွင်းအချည်အထည်အလိပ်၊ လယ်ယာကိုင်းကျွန်း၊ ထုံးအင်းအိုင်၊ ကျေးကျွန်၊ ဆင်မြင်း၊ ကျွဲနွားသက်ရှိသက်မဲ့ အမွေဥစ္စာပစ္စည်းရပ်များကို ညီငယ်နှမငယ် မောင်နှမနှစ်ယောက်ကို ခွဲဝေခံစားကြလေသည်။ ထိုအကြောင်းကို ခြေရင်းတော်မြဲကြားသိလေသော် ဆင်ဖြူများရှင်ဘုရားမှာ ရှိခိုးသံတော်ဦးတင်ပြီးလျှင် မိဘတို့နေရပ် ပစ္စုပ္ပုံသို့ပြန်၍ မိဘတို့သေလွန်သည့်အရာကို မစေမပါးမမှာ မထားမကြား မသိရသည့်အမှုနှင့် အစုစုပိုင် ဥစ္စာပစ္စည်းရပ်များကို မေးမြန်းသည့် ကာလ၊ ညီငယ်နှမငယ်တို့က မိဘနှစ်ပါးရှိစဉ်ကပင် ကျွန်မတို့မောင်နှမနှစ်ယောက် ကို ပေးထားခဲ့သည်ဖြစ်၍ ခွဲဝေယူကြလေပြီဟု အကြိမ်ကြိမ် ပြောသောကြောင့် ယိုးဒယားရွှေနန်းရှင်ဘုရားထံ ရှိခိုးသံတော်ဦးတင်လျှင် သည်တရားကို အမတ်ဖြနရာဇ်၊ ဖြနရာဇာတို့ရှေ့ ဆိုကြစေ၊ အမိန့်တော်ကျ၍ ယိုးဒယားအမတ်ဖြနရာဇ်၊ ဖြနရာဇာတို့ ရှေ့တွင် ဆိုကြရာ သားငယ်သမီးငယ်တို့အား သေလွန်သူ မိဘနှစ်ပါးတို့ ပေးထားခဲ့သည်မှာ-‘ သေသူပေးက ရှင်သူရသည် ’ဆိုသောစကားလည်း တစ်ချက်ရှိသည်။ စုံရာသမားတို့ရှေ့ စာချုပ်စာတမ်းနှင့်ပေးလျှင် တည်စေရာသည် ဆိုသောစကားလည်း တစ်ချက်ရှိသည်။ အကြွင်သားသမီးတို့



www.burmeseclassic.com

www.burmeseclassic.com



အား အထိုက်အလျောက် ပေးကမ်းလေပြီးသည်ကို အမွေရကောင်းသည် မဆိုသာ ဆိုသည့်စကားလည်းရှိသည်။ ထိုစကားအရပ်ရပ်တို့ ညီသည်ဖြစ်သော ကြောင့် အထက်က မိဘနှစ်ပါးတို့ ပေးခဲ့သည့်အတိုင်း ပိုင်ဆိုင်ခံစားစေ စီရင် လေသည်။

ထိုစီရင်ချက်ကို ခြေရင်းတော်မြဲ သားအကြီးသည် မပြီးမပြေနိုင်၍ ဟံသာဝတီမြို့သို့ ပြန်လာပြီးလျှင် ဆင်ဖြူရှင်ဘုရားထံ သံတော်ဦးတင်ရာ တရားသူကြီး မြန်မာအမတ် နန္ဒကျော်ထင်၊ မဟာမွန်တို့ ရှေ့ဆိုကြစေ။ အမိန့် တော်မြွက် မှတ်တော်မူပြန်လျှင် သေသူပေးက ရှင်သူရသည်။ မိဘတို့ အာဏာ သားသမီးမှာ တည်စေရာသည်။ ပေးသည့်အတိုင်းလည်း လက်သို့ ရောက်ချေ သည်။ သားငယ်သမီးငယ်တို့က ရစေ ဆိုင်စေ၊ သားအကြီးက ခွဲဝေပေးရ ကောင်းသည်ဟု မတောင်းမဆိုရာ။ ယိုးဒယားပြနရာဇ်၊ ပြနရာဇာတို့ စီရင်ချက် အတိုင်း သင့်လေပြီဟု စီရင်လေသည်။

ထိုစီရင်ချက်ကိုလည်း သားအကြီး ခြေရင်းတော်မြဲက မပြီးမပြေနိုင်၍ ဆင်ဖြူများရှင်ဘုရားထံ တစ်ဖန် ရှိခိုးသံတော်ဦးတင်ပြန်ရာ သည်တရားကို ဆုံးခန်းရောက်အောင် တရားသူကြီး ဓမ္မရာဇ၊ မဟာသမ္မတတို့ ရှေ့ဆိုကြစေ။ အမိန့်တော်မြွက်နှင့်ဆိုကြရာ ခြေရင်းတော်မြဲသားအကြီးမှာ မိဘတို့ရှိစဉ် နောက်လိုက်နောက်ပါ ဥစ္စာရွှေငွေ သီးခြားကွဲပြားရှိလေသည်။ ကျန်ဥစ္စာပစ္စည်း ကိုလည်း သားငယ်သမီးငယ်တို့သို့ စာချုပ်စာတမ်းနှင့် ရဟန်းကြီး၊ လူကြီးတို့ရှေ့ မိဘတို့က လက်ရောက်ပေးပြီးသည်ကို ရကောင်းသည်ဟု မတောင်းမဆိုသာ။ မိဘတို့ပေးခဲ့သည့်အတိုင်း သားငယ်သမီးငယ်တို့က ခွဲဝေရယူပိုင်ဆိုင်ကြစေ။ အထက်က ယိုးဒယားအမတ် ပြနရာဇ် ပြနရာဇာ၊ မြန်မာအမတ် နန္ဒကျော်ထင်၊ မဟာမွန်တို့ စီရင်ချက်အတိုင်း သင့်လေပြီ စီရင်လေသည်။

ထိုစီရင်ချက်ကိုလည်း ခြေရင်းတော်မြဲသားအကြီးက သဘောမကျ မပြေနိုင်ရှိပြန်၍ ဆင်ဖြူများရှင်ဘုရားထံ ရှိခိုးသံတော်ဦးတင်ပြန်ရာ တရားသူကြီး ရာဇဓမ္မ၊ မဟာရာဇမနုတို့ရှေ့ ထပ်မံ၍ဆိုကြစေဟု အမိန့်တော်မြွက်မှတ်တော် မူပြန်၍ ဆိုကြပြန်ရာ သေသူပေးက ရှင်သူရသည်။ မိဘတို့အာဏာ သားသမီး တို့မှာ တည်စေရာသည်။ ပေးသည့်အတိုင်းလည်း လက်သို့ရောက်ချေသည်။ ခြေရင်းတော်မြဲ သားအကြီးမှာ အထက်က မိဘတို့ပေးခဲ့သည့် ဥစ္စာပစ္စည်းကိုသာ ရစေ။ မိဘတို့ သေလွန်သည့်နောက်မှ ကျန်ရှိရစ်သော ဥစ္စာပစ္စည်းများကို





သားငယ် သမီးငယ်တို့က ရစေ။ ပြနရာဇ်၊ ပြနရာဇ၊ နန္ဒကျော်ထင်၊ မဟာမွန်၊ ဓမ္မရာဇာ မဟာသမ္မတ ပညာရှိခြောက်ဦးတို့ စီရင်ချက်အတိုင်း သင့်ပလေပြီဟု စီရင်လေသည်။

ထိုစီရင်ချက်ကိုလည်း ခြေတော်ရင်းမြဲ သားအကြီးက သဘောမပြေ မကျေမချမ်းနိုင်ရှိပြန်၍ ဆင်ဖြူများရှင်ဘုရားထံ အတန်တန် သံတော်ဦးတင်ရာ တွင် အရိုးလေးပါး၊ ထာဝရတရားငါးပါး၊ အမွေခြောက်ပါး၊ အမွေရင်းခုနစ်ပါး၊ အမွေစားငါးပါး၊ အမွေပုံခုနစ်ဆယ်၊ အမွေဆိုင် နှစ်ဆယ့်ငါးပါး အဝင်ဖြစ်သော တရားစကားဖြစ်၍ အမှုသည်တို့က တရားစကား မကုန်မစင်မပြီးမပြေနိုင်ပါ တင်လျှောက်သည်ကို အနိုင်အပိုင်ပြီးပြတ်ရမည်ဟု မစီရင်သင့်။ တစ်ဦးကသည် တစ်ဦး၊ တစ်ပညာက သည်တစ်ပညာ ပြောင်းရွှေ့ညှိနှိုင်း၍ ပညာကျယ်ရာ ရွေးချယ်ကောက်ယူစီရင်စေရမည်။ ရှေးရှေးသော မင်းတို့လက်ထက်ကလည်း အကြိမ်ကြိမ်အဖန်ဖန် အတန်တန် စစ်ဆေးမေးမြန်းစူးစမ်းဆင်ခြင်၍ ဆုံးဖြတ် ကြောင်းကို ထုံးဟောင်းသက်သေ ထင်ရှားစွာရှိသည်။ အမွေဥစ္စာ အခမ်းအနား များသည် နိုင်ငံတော်အတွင်း တစ်မြို့ကသည်တစ်မြို့၊ တစ်ပြည်ကသည်တစ်ပြည် တရားစကားအရာ လိမ္မာကျွမ်းကျင်သော ပညာရှိတို့ထံ အယူခံစေရာသော အကြောင်းလည်း ရှိသည်။ ပညာရှိတို့ဆိုသောအရာကား ကြီးသည်ငယ်သည်၊ နိမ့်သည်မြင့်သည် မဆိုသာ။ မဟော်သဓာအမတ်၊ မနုအမတ်တို့သည် ခုနစ်နှစ် သာ ထွေးယှက်သည့်အရေးအရာကိုပင် သက်ာပျောက်ကင်း ရှင်းလင်းကျေနပ် အောင် ဖြောင့်ညီမှန်ကန်စွာ ဆုံးဖြတ်နိုင်ကြောင်းကို လည်းကောင်း၊ အာဒါသမုခ မင်းသားသည် ခုနစ်နှစ်တည်းကပင် သူခပ်သိမ်းတို့ မဆုံးဖြတ်နိုင်သော တစ်ဆယ့် လေးပါးတရားတို့ကို ဆုံးဖြတ်နိုင်ကြောင်းကို လည်းကောင်း သမ္ဘဝ သတို့သား သည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ပတ်ပတ်ရှာဖွေ၍ အဖြေမရနိုင်သော ဓမ္မရာဂ ပြဿနာကို သူငယ်အားသာ မြေမှုန့်ကစားရာကထ၍ လွယ်ကာဖြေနိုင်ကြောင်း များကို လည်းကောင်း ကျမ်းဂန်ပါဠိဝတ္ထုအထွက်ရှိသည်များကို ထောက်၍ ခြေရင်းတော်မြဲ သားအကြီးနှင့် ညီငယ်နှမငယ်တို့ဆိုကြသည်။ အမွေမှုတရား စကားကို တရားသူကြီးရှင်ကျော်သူ ရှေ့ထပ်မံ၍ ဆိုကြစေဦးဟု အမိန့်တော် မှတ်တော်မူပြန်၍ ဆိုကြသည်တွင် စီရင်ကောက်ယူသော ထုံးပုံစကားမှာ

အဆိုနှင့်ပြင်ဆင်ခြေစကားရပ်များကို တရားနှင့်ဆင်ခြင်သော် သေသူ ပေးက ရှင်သူ ရသည်ဆိုသော စကားလည်း မိဘတို့ပြင်းပြစွာ ဝေဒနာသည်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ အတူအလှည်းအသည်းအထန်သလွန်ညောင်းစောင်းသို့ ရောက်မှဖြစ်စေ၊ တစ်စုံတစ်ယောက်သောသားသမီးတို့အား ပေးသည်ကို ရယူစေ မဆိုမစီရင်သာဟု တရားတစ်ချက်လည်း ခံသည်။ ပေးသည့်အတိုင်းလက်သို့ရောက်သည်ဆိုရာမှာလည်း အသီးအစား အခြားနေမဟုတ်၊ အတူနေ အတူစား သားသမီးဖြစ်ချေက လက်သို့ရောက်သည်မဆိုသာဟူသော တရားလည်း တစ်ချက်ခံသည်။ မိဘတို့သေလွန်လျှင် အမွေပုံ ပစ္စည်းဥစ္စာကို သံသရာအတွက် အစိုးအပွားလှူဒါန်းပေးကမ်းရန် ချန်ထားစေဆိုသည့် စကားလည်း တစ်ချက်ခံသည်။ မိဘတို့ အာဏာ သားသမီးမှာ တည်စေရာသည်ဆိုသော စကားမှာလည်း သားသမီးတို့အား ညီမျှအောင် မပေးမရ။ တစ်စုံတစ်ယောက်သော သားသမီးတို့ကို ရစေလို၍ ပေးကမ်းမှာထားခဲ့သည်ကို မတည်စေရာဆိုသည့်တရားလည်း တစ်ချက်ခံသည်။ ရဟန်းကြီးလူကြီးစုံရာ သားသမီးတို့ရှေ့ စာရေးစာဝင်နှင့် အသေအချာ စာချုပ်စာတမ်း ထားသည်ဆိုသည့် စကားမှာလည်း အမွေခံ အမွေစားမျက်နှာစုံညီ မဟုတ်။ တစ်ဘက်အမှုသည်မရှိသည်ကို စာချုပ်စာတမ်းမမည်စေရာဆိုသည့်စကားလည်း တစ်ချက်ခံသည်။ အကြင်သားသမီးတို့အား အထိုက်အလျောက်ပေးပြီးသည်ဆိုရာ၌ ပေးဖွဲ့သည့်ပစ္စည်းဥစ္စာအမြောက်အမြားရှိ၍ ကျန်အမွေပုံပစ္စည်းဥစ္စာနည်းပါးလျှင် သားအကြီးထံ အထက်ပေးဖွဲ့သည့်ဥစ္စာနှင့်ငြိမ်းစေရာသည်။ ပေးဖွဲ့သည့်ပစ္စည်းဥစ္စာနည်းပါး၍ ကျန်ရစ်သည့်အမွေပုံအမြောက်အမြားရှိလျှင် အထက်ပေးဖွဲ့လေပြီးသူဖြစ်၍ ယခု နောက်အမွေပုံမှာမဝင်သာဟု အမွေစားတစ်ဘက်တို့က မဆိုရာဟူသော တရားလည်း တစ်ချက်ခံသည်။ မဟာပဒေသလေးပါးနှင့် တရားရင်းကို ရှင်းလင်းအောင် စစ်ဆေးပြီးမှ စီရင်ရာသည်ဟူသောစကားလည်း တစ်ချက်ခံသည်။ အကြင်သူတို့သည် ယူထိုက်ရထိုက်သည့် အမွေဥစ္စာကို လက်သို့မရ မရောက်သော်လည်းကောင်း၊ အကြင်သူတို့သည် မယူထိုက် မရထိုက်သော ပစ္စည်းဥစ္စာကို အနိုင်အထက် လုယက်တောင်းခံ ပေးကမ်းခွဲဝေဆက်ခံနေသော်လည်းကောင်း မင်း၊ အမတ်၊ မြို့ဝန်၊ မြို့ကွပ်၊ တရားသူကြီး၊ တရားဆရာတို့သည် ရှင်းလင်းကွဲပြားအောင် စစ်ဆေးပြီးလျှင် တရားအလျောက် ဖြောင့်မှန်ညီညွတ်စွာ စီရင်ရာသည်။ ဆိုသည့် တရားလည်း တစ်ချက်ခံသည်။ အကြင်သားချင်း အမွေစားအမွေဘက်တို့သည် တစ်မြို့တစ်ရွာမှာရှိနေလျှင် အမွေခွဲဝေသည့်ကာလ ထိုသူတို့ အမွေစုကို ချန်ထားစေလိုသည့် စကားလည်း တစ်ချက်ခံသည်။ မိဘတို့တာဝန်ကိုရွက်ဆောင်တတ်





သော သားသမီးတို့သည် မိဘတို့အမွေကို ခံစေဆိုသော တရားလည်း တစ်ချက်ခံသည်။ အမွေစားမစုံ၊ အမွေပုံမမှန်၊ မချန်မထားသည်ကို အမွေမခွဲမဝေရာ မပြတ်မကင်းစေရာ ဆိုသည့်တရားလည်း တစ်ချက်ခံသည်။ အမွေကို ထိန်ချန်ထားသူတို့မှာ အမွေကိုမခံစေနှင့်ဆိုသည့် တရားလည်း တစ်ချက်ခံသည်။ တစ်မိတစ်ဘတည်း မွေးဖွားကြသည့် သားချင်းမှန်က တိရစ္ဆာန်ပင်ဖြစ်သော်လည်း အမွေခံစေဆိုသည့်တရားလည်း တစ်ချက်ခံသည်။ ၎င်းတရားများနှင့်စဉ်းစားဆင်ခြင်လျှင် ပစ္စုပ္ပန်ရွာစား သားအကြီး ခြေရင်းတော်မြို့နှင့် ညီအငယ် နှမအငယ်တို့ဆိုကြသည့် အမွေမှုစကားများမှာ ပစ္စုပ္ပန်ရွာစားလင်မယားနှစ်ယောက်တို့ သေလွန်လျှင် ကျန်ရှိသည့်ပစ္စည်းဥစ္စာသည် အမွေပုံဖြစ်၍ သားငယ်သမီးငယ်တို့ အစိုးမရသည်လည်းဖြစ်ခဲ့။ ထိုသားအကြီးသည် အခြားသော စော်ဘွား၊ မြို့စားတို့ သားသမီးတို့နည်းတူ အဘပစ္စုပ္ပန်မြို့စားကထား၍ ခြေရင်းတော်မှ ခွဲမြဲခယမ်းထမ်းရွက်နေထိုင်ခဲ့သည်လည်းဖြစ်ခဲ့၊ မိဘတို့ နာစဉ်၊ သေစဉ် ညီငယ်နှင့် ညီမငယ်တို့က ခြေရင်းတော်မြို့အစ်ကိုကြီးထံ မစေမပါးမမှာ မထား မကြား မသိရသည်လည်းဖြစ်ခဲ့။ အမွေပုံမမှန် မချန်မထားသည်လည်းဖြစ်၊ မိဘတို့က သားကြီး၊ သားလတ်၊ သားငယ် မကွဲမပြား မခြား မသန့်ခဲ့သည်လည်းဖြစ်ခဲ့၊ ဥစ္စာပစ္စည်းရပ်များကို သားငယ်နှင့်သမီးငယ်တို့အားသာ ပေးကမ်းခဲ့သည်လည်းဖြစ်ခဲ့။ မိဘတို့ဝတ် မိဘတို့အမှု ကိစ္စကိုရွက်ဆောင်ကမိဘတို့အမွေကို ခံစေရာသည် ဆိုသည့်စကားလည်းရှိခဲ့။

ဩရသ၊ ခေတ္တဇ၊ ဟေတ္ထိမ၊ ပုပ္ပတ၊ ကိတ္တိမ၊ အပတိဋ္ဌသား ခြောက်ယောက်တို့တွင် ထိုခြေရင်းတော်မြို့သည် အဘအရာလည်းဖြစ်ခဲ့။ သားကြီး ဩရသလည်းဖြစ်ခဲ့။ ပေးသော်လည်းမရသည်။ မပေးသော်လည်းရသည်ဖြစ်ခဲ့။ အစစ်အဆေး၊ အမေးအမြန်း၊ မကုန်မစင်၊ တရားကြွင်းကျန်လျှင် မှန်ကန်အောင် စစ်ဆေးစီရင်ရာသည်လည်းဖြစ်ခဲ့။ ဤသို့ အရပ်ရပ်ကို ထောက်စာလျှင် ခြေရင်းတော်မြို့ သားကြီးသည် အိမ်သီးအိမ်ခြား သားမယားနှင့် နေထိုင်၍ မိဘတို့နာသည် သေသည်ဖြစ်စေ၊ သိလျက်နှင့် မပြုမစု မကျွေးမမွေး မပေးမကမ်း မသွားမလာ နေထိုင်သည်လည်းမဟုတ်။ ခြေရင်းတော်မြို့ကို အထက်ကပေးသည့်ပစ္စည်းဥစ္စာ ဆိုရာမှာလည်း မိဘတို့ဝန် မိဘတို့အမှုဖြင့် မိဘတို့အစေအပါးကိုခံ၍ သွားရောက်နေထိုင်ရသည့်အခါ၌ စားသုံးရန်ပေးကမ်းထားသည့် ကြေးငွေဥစ္စာမှာ နောက်လိုက် နောက်ပါသာဖြစ်ချေသည်။ ထို့ကြောင့် ပေးသည်၊ ရသည်၊ သီးခြား



www.burmeseclassic.com

www.burmeseclassic.com



ကွဲပြားသည်၊ သေသူပေးက ရှင်သူရသည်။ မိဘတို့အာဏာ သားသမီးတို့မှာ တည်ရာသည်။ စာချုပ်စာတမ်းရှိသည်၊ ပေးသည့်အတိုင်း လက်ရောက်ခွဲဝေပြီး သည်မဆိုသာ။

ဆင်ခြင်ထုံးစကားမှာ တက္ကသိုလ်ဆရာ ဒီသာပါမောက္ခထံ သေဒွေးသား အသပြာတစ်ရာပေး၍ ဝယ်ယူဖူးသော တရားမူလအမြစ်အရင်း ရှိလေသည်။ ဥဒ္ဒေသ၊ နိဒ္ဒေသ၊ ပဋိနိဒ္ဒေသ စကားသုံးရပ်များကို အကျယ်မဆိုပြီ။ မာတိကာတွင် နိတတ္တအားဖြင့် သားကြီးနှစ်စု၊ သားလတ်တစ်စုခွဲ၊ သားငယ်တစ်စု ဝေယူရာသည် ဟူ၍လည်းကောင်း၊ နှမကြီး၊ မောင်ကြီး၊ နှမလတ်၊ မောင်လတ်၊ နှမငယ်၊ မောင် ငယ်၊ နှမထွေး၊ မောင်ထွေး ဤသို့ရှိကြသော် အမွေပုံကို ခြောက်ပုံပြု၍ အကြီး နှစ်စု၊ အလတ်တစ်ခုခွဲ၊ အငယ်တစ်စု ဟူ၍လည်းကောင်း၊ အမွေပုံကို ဆယ်ပုံ ဆယ်ပုံပြု၍ အကြီးတစ်စုကောက်ယူစေ။ ကျန်သည့်ဆယ်ပုံကို အလတ်တစ်စု ကောက်ယူစေ။ ကျန်သည့်ဆယ်ပုံကို အငယ်တစ်စုကောက်ယူစေ။ ထိုမှကျန် သည်ကို ကျန်သမျှကို အညီအမျှကောက်ယူစေဟူ၍လည်းကောင်း၊ မနုမနော၊ အာဒါသမုခ၊ မာနုသိက၊ ဓမ္မရသ စသော ကိုးစောင်သော ဓမ္မသတ်များမှ ထုတ် နုတ်ထားသည့် ဓမ္မရသရွှေမျဉ်းထွက်၊ ပထမစီရင်ချက်စကားအတိုင်း ခြေရင်း တော်မြဲသားအကြီးမှာ အဘပစ္စပ္ပုံမြို့စား၏အစီးအနင်း အဆောင်အရွက် ကွမ်း ခွက်ကွမ်းတောင်၊ တကောင်းပိတ်စသော အဝတ်အစားတန်ဆာများနှင့် နေရာ နေအိမ်ကို သားအကြီးက ရှေးဦးစွာ ကောက်ယူစေပြီးလျှင် ထိုမှကြွင်းသည့် ရွှေငွေလယ်ယာကိုင်းကျွန်း၊ ထုံးအင်းအိုင်၊ ကျွဲနွား ဆင်မြင်း၊ ကျွန်မိန်းမ၊ ကျွန် ယောကျ်ားများ အထည်အလိပ်များကို စုခွဲပြု၍ ခြေရင်းတော်မြဲ သားအကြီးက နှစ်စုယူစေ၊ ထိုအောက် အလတ်ဖြစ်သော ညီက တစ်စုခွဲယူစေ၊ ကျန်တစ်စုကို နှမငယ်ကယူစေ ဟူ၍ စီရင်သည်။ အမူသည်သုံးဦးတို့ စိတ်သဘောကျေနပ် ငြိမ်းပြတ် ပြေငြိမ်းကြလေသည်။ ထိုအကြောင်းကို ဆင်ဖြူများရှင် မင်းတရားကြီး ဘုရားကို ရှိခိုးသံတော်ဦးတင်ရာ ရွှေနားတော်မြတ် ကြားသိတော်မူလျှင် နှစ်သက် အားရတော်မူပေသည်။ ။

ဖော်ပြပါ ဆောင်းပါးပါရှိသော ၁၉၃၀ ခုနှစ်၊ ဇွန်လထုတ် သူရိယ မဂ္ဂဇင်းကို လူထုဒေါ်အမာက ကျေးဇူးပြုပါသည်။

## ၈။ နတ်မောင်ထိပ်ခေါင်တင်ရဲ့ လက်မှုပညာ

လူသားတွေ တတ်ကျွမ်းကြတဲ့ ပညာရပ်အသီးသီးကို အကြမ်းဖျင်း ခွဲကြည့်ရင် လက်မှုအတတ်၊ နှုတ်မှုအတတ်လို့ နှစ်မျိုးကွဲပြားလာပါတယ်။ လက်မှု အတတ်မှာ ထပ်ပြီးအသေးစိတ်ခွဲခြား ကြည့်လိုက်ရင် စိတ်ထဲမှာ အရင်ဆုံး ကောက်ကာငင်ကာ ပေါ်လာတာက ပန်းဆယ်မျိုးပါပဲ။

"ဘုရားမတင်-နတ်မဝင်၊ လူတွင်ဆယ်ပွင့်ပန်း" ဆိုတဲ့အတိုင်း ပူဇော် ပသစရာ ပန်းအစစ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ပန်းပွင့်၊ ပန်းခိုင်၊ ပန်းခက် တွေနဲ့ နှိုင်းယှဉ်လောက်တဲ့ အလှအပကို ဖန်တီးတည်ဆောက်ပေးတဲ့ အဘိုးတန် လက်မှုအနုပညာရပ်ပေကိုး။ ဒီလိုဆိုတော့ လက်မှုအတတ် ဟူသမျှထဲမှာ ပန်းဆယ်မျိုးဟာ ထိပ်တန်းအကျဆုံး၊ တန်ဘိုးအရှိဆုံး အတတ်ပညာမျိုးလို့ ယူဆ ရရင် မမှားတန်ပါ။

ပန်းဆယ်မျိုး - (က) ပန်းချီ၊ (၂) ပန်းပု၊ (၃) ပန်းထိမ်၊ (၄) ပန်းပွတ်၊ (၅) ပန်းပဲ၊ (၆) ပန်းယွန်း၊ (၇) ပန်းရန်၊ (၈) ပန်းတဉ်း၊ (၉) ပန်းတော့၊ (၁၀) ပန်းတမော့ တို့ဖြစ်တယ်။ သည် အတတ်တွေကို တတ်ကျွမ်းကြသူတွေမှာ ယောကျ်ားသားတွေက အများစုပါ။ ကျွန်မတို့ဆီမှာ မိန်းမသားတွေ ပါဝင် လုပ်ဆောင်ကြတာက ပန်းချီပညာနဲ့ ပန်းယွန်းပညာနှစ်မျိုးလောက်ပဲ ရှိခဲ့တယ် လို့ ကျွန်မထင်ခဲ့မိပါတယ်။

သည်နှစ်မျိုးက ရေးဆွဲရတာလည်း သဘောချင်းနီးစပ်တာကိုး။ ကျွန်မ အတွေးအထင် မမှန်ဘူးဆိုတာ မကြာခင်က သိရပါတယ်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



အတွေးအထင်ဆိုတော့ တွေးတာထင်တာ သက်သက်ပဲ။ အကြားအမြင်မ မဟုတ်ပဲကလား။

**ပန်းထိမ်ပညာရှင် သမီးတော်**

ရှေးခေတ်က မိန်းမပန်းထိမ်ပညာရှင်တွေ ပေါ်ထွက်ခဲ့တယ်ဆိုတာ ကြားရတော့ ပထမအံ့သြပြီး ဒုတိယ ဝမ်းမြောက်ဂုဏ်ယူမိတာအမှန်ပါ။ ကြားရ တဲ့ အမျိုးသမီး ပန်းထိမ်ပညာရှင်ဆိုတာကလည်း သာမန်အရပ်သူထဲကတော်င မဟုတ်။ မင်းတုန်းမင်းကြီးရဲ့ သမီးတော်တစ်ပါးဆိုကိုး။ ဒီအကြောင်း ရေရေ လည်လည်သဘောပေါက်အောင် ကျွန်မကြားရသမျှ မူလဇာစ်မြစ်နဲ့တကွ ပြောပြ ပါ့မယ်။

မြန်မာမင်းတွေ အုပ်စိုးခဲ့တဲ့ ခေတ်တုန်းက နန်းတွင်းစံရွှေမင်းသမီးဆို တာ သုံးရွှေ့လယ်မှာ ပျော်မွှေ့ရွှင်မှုတွေနဲ့ စည်းစိမ်ယစ်နေကြသူတွေလို့ ကနေ့ ခေတ်လူတွေက ထင်မှတ်ထားကြပါတယ်။ အများစုက ထင်ကြတာပါ။ ဇာတ် သဘင်တွေမှာ ပြကြ၊ ကကြတာကလည်း သည်လောက်ရှိတာကိုး။ သည်လိုထင် ကြမပေါ့။ တကယ့်အဖြစ် မင်းသမီးတွေရဲ့ ဘဝအစစ်အမှန်က ဇိမ်ယစ်ပြီး ပေါ် ကြော့နေကြရတာမဟုတ်ပါဘူး။ သူတို့ ခမည်းတော် မယ်တော်တွေရဲ့ လမ်းညွှန် ပဲ့ကိုင် သတ်မှတ်ပေးမှုအောက်မှာ မျှတတဲ့ အလုပ်ချိန်၊ အားလပ်ချိန်၊ နားချိန် တွေနဲ့ တာဝန်ကိုယ်စီ ရှိကြသူချည်းပါ။

မြန်မာဘုရင်တွေထဲက သည်ကနေ့ခေတ်နဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ကုန်းဘောင်ခေတ် နောက်ပိုင်း၊ ရတနာပုံမန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်း ကြီးနဲ့ အိမ်ရှေ့စံ ကနောင်မင်းသားတို့ဟာ အမြော်အမြင်ကြီးတဲ့ ညီတော် နောင်တော်ရင်းနှစ်ပါးဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့သားတော်တွေကို ယောကျ်ား တို့တတ်အပ်တဲ့ ပညာရပ်များကို မသင်မနေရ သတ်မှတ်ပြဋ္ဌာန်းထားသလို သမီးတော်လေးတွေကိုလည်း အလကား စံမနေစေရ။ မိန်းမများတတ်သင့်တဲ့ အရာဟူသမျှကို သင်ကြားစေပါတယ်။ ပထမ အခြေခံအနေနဲ့ ဗုဒ္ဓဘာသာ တရားစာများကို စာသင်တဲ့သီလရှင်များ နန်းတွင်းပင့်ဖိတ်ပြီး သင်ပေးတာပါ။ နောက်ပြီး အဲသည်ခေတ်က မြန်မာတွေ အလေ့အထုံကြီးတဲ့ ဗေဒင်ပညာကို တော့ တောင်နန်းမတော် မိဖုရားခေါင်ကြီး စကြာဒေဝီ ကိုယ်တိုင် အလှည့်ကျ သင်ကြားပေးပါတယ်။ နောက်ပြီး အတွက်အချက်ဆိုင်ရာ ချိန်သချာ၊ ခြင်သချာ၊ တိုင်းသချာတွေကိုလည်း မသင်မနေရ ပြဋ္ဌာန်းထားတာပါ။





ဒီနေရာမှာ ကြားဖူးတာကလေး တစ်ချက်ပြောချင်တာက ဒီလိုပါ။ အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးရဲ့ သမီးတော်ကလေးတွေက မင်းတုန်းမင်း ကြီးရဲ့ သမီးတော်တွေထက် သိသိသာသာ စာတော်ကြပြီး သင်ပေးလေသမျှ လွယ်လွယ်ကူကူ တတ်ကြပါသတဲ့။ သည်လိုဆိုတော့ သူတို့ကလေးတွေက ကြောက်ရွံ့အားနာစွာနဲ့ပဲ -

" ညီမတော်များကတော့ ခမည်းတော်ဘုရားကို ခစားပြုစုရတဲ့ တာဝန် ချိန်နည်းပါးတော့ စာကျက်ချိန်ပိုရလို့ပါ " ဆိုပြီး စကားဖြေပြောရှာကြဆိုကိုး။ ဒါကတော့ မူရင်းဆောင်းပါးနဲ့ မဆိုင်ပေမယ့် စကားချပ်အဖြစ် မှတ်သားကြဖို့ပါ။

**စာဝေ အားကစား စာရင်းကိုင်**

စာပေပညာတွင်မက ရေကူးတတ်အောင်လည်း တောင်ဥယျာဉ်တော် ရေကန်ကြီးမှာ သင်ကြရသေးတယ်။ အချက်အပြုတ်ကိုတော့ လက်ရာကောင်းတဲ့ မိဖုရားတွေဆီမှာ သင်ကြရတယ်။ နောက် မိန်းမတို့အလုပ်ဖြစ်တဲ့ ဈေးဝယ်ခြမ်း မှုလည်း သင်ရပါသေးတယ်။ သည်လို မင်းသမီးကလေးတွေ ဝယ်ရတဲ့ဈေးတန်း ကတော့ နန်းတွင်းမှာပဲ ခင်းထားတဲ့ အထူးဈေးမှာပါ။ အဲသည်ဈေးတန်းမှာ ရောင်းသူတွေကလည်း နန်းတွင်းနေအငြိမ့်အပျိုတော်များဖြစ်ပြီး သူ့ဆိုင်ခန်းနဲ့ သူ ကုန်စုံအောင် တည်ခင်းရောင်းကြရတာပါ။

( အငြိမ့်အပျိုတော်အကြောင်း သီးသန့်ဆောင်းပါးကို ၁၉၈၄ခုနှစ်၊ ဇူလိုင်လထုတ် ရှုမဝ မဂ္ဂဇင်းမှာ စာရေးသူက ရေးပြီးဖြစ်ပါတယ်။ )

အဲသည်ဈေးတန်းမှာ အဝတ်အထည်၊ နံ့သာဖြူ ကရမက်၊ ကသယ်မှုန့်၊ သော်မော်ခဲ၊ ပန်းပေါင်းပုတီး၊ လေးတရာဆီဆိုတဲ့ အလှပြင်ပစ္စည်းမှစလို့ ဟင်းချက်စရာအထိ အမျိုးစုံဝယ်နိုင်ကြပါတယ်။ သည်စနစ်ကတော့ အထည် အသားကောင်းည့် ရွေးတတ်အောင်၊ အလေးချိန်ခွင်ပြည့်မပြည့် တတ်သိအောင်၊ ငွေကဲခတ်တတ်အောင်၊ အောက်ခြေသိမ်း မိန်းမမှု လက်တွေ့သင်တန်း တစ်မျိုး ဆိုကြပါစို့။

ဒါတင်မက ထက်မြက်ပြီး အဆင့်မြင့် သမီးတော်ကြီးတွေကိုတော့ ရွှေတိုက်တော်စာရင်း၊ ငွေခွန်တော်စာရင်း၊ ပြည်တွင်းပြည်ပ ဝါဂွမ်းရောင်းဝယ်မှု စာရင်းအထိ တာဝန်ယူ ကိုင်တွယ်စေပါတယ်။ အခုလို မင်းသမီးကလေးတွေ တတ်သင့်ရာရာ ပညာရပ်တွေ သင်ကြားပေးတဲ့အခါမှာ သူတို့ဝါသနာအလျောက်



www.burmeseclassic.com

www.burmeseclassic.com



ပညာရပ်တစ်မျိုးမျိုးမှာ ထူးချွန်ပေါက်မြောက်ပြီး နာမည်ထွက်လာတဲ့ သမီးတော်တွေလည်း ရှိကြပါတယ်။ သည်လို ထူးချွန်တဲ့ သမီးတော်တွေထဲမှာ နတ်မောက်မြို့စား ထိပ်ခေါင်တင်မင်းသမီးလည်း တစ်ပါးအပါအဝင်ဖြစ်ပါတယ်။ နတ်မောက်ထိပ်ခေါင်တင်ရဲ့ မယ်တော်က သရစိမ်းမိဖုရားကြီးပါ။ သည်မိဖုရားက ကျောက်ပန်းတောင်းဝန် ဦးရွှေချည်ရဲ့သမီး ဖြစ်ပါတယ်။ မင်းတုန်းမင်းကြီးနဲ့ သရစိမ်းမိဖုရားတို့ရဲ့ သမီးတော်အငယ်ကို နတ်မောက်မြို့စား အသုံးကံကျွေးပေးသနားလို့ နတ်မောက်ထိပ်ခေါင်တင်ရယ်လို့ သုံးနှုန်းကြတာပါ။ နတ်မောက်မြို့ဆိုတာက အများသူငါ သိကြပြီးတဲ့အတိုင်း မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇာတိမြို့ပေပေါ့။ စုန့်သာမြိုင် ဦးကြော့လည်း ပေါ်ထွက်ခဲ့တယ်လေ။ မကွေးမြို့နဲ့ (၃၆)မိုင်လောက်အကွာမှာ ရှိပါတယ်။ (စွယ်စုံကျမ်းအတွဲ) (၆)

နတ်မောက်ထိပ်ခေါင်တင်ဟာ မင်းသမီးတို့တတ်အပ်တဲ့ အတတ်များတတ်မြောက်တဲ့အပြင် သူထူးချွန်တာက လက်မှုအတတ်ဘက်မှာပါ။ သူကလေးက မင်းသမီးတန်မဲ့ ပန်းထိမ်ပညာကို အထူးဝါသနာပါလို့ သင်ယူချင်သတဲ့။ ပန်းထိမ်ပညာဆိုတာ အများသိကြသလို ရွှေကို အရည်ကျိုရတယ်၊ နန်းဆွဲရတယ်၊ မီးဖုတ်ရတယ်၊ ထုရိုက်ရတယ် မဟုတ်လား။ သည်လိုပညာရပ်ကိုမှ တတ်ချင်ပါတယ်ဆိုတော့ သူ့မယ်တော် သရစိမ်းမိဖုရားမှာ သူ့ဆန္ဒဖြည့်ဖို့ မလွယ်ဘူးဖြစ်နေတာပေါ့။ ဘယ်ယောကျ်ားမှ သွားလာဝင်ထွက်ခွင့်မပြုတဲ့ နန်းတော်အနောက်ပိုင်းမှာ စံနေကြသူတွေကိုး။

နောက်နည်းလမ်းရှာတော့ နန်းသုံးပန်းထိမ်တော်တစ်ဦးရဲ့ သမီးတစ်ယောက်ဟာ သူ့အဖေဆီက ပန်းထိမ်အတတ်ကို သင်ကြားတတ်ထားတာကြားသိရပြီး အဲဒီပန်းထိမ်ဆရာမကို နန်းတွင်းခေါ်လို့ နတ်မောက်ထိပ်ခေါင်တင်ကို အသင်ခိုင်းရပါတယ်။ ဖားဖိုလို့ခေါ်တဲ့ ပန်းထိမ်သုံး လေမှုတ်မီးဖိုကိုတော့ အပျိုတော်လေးများက ဆွဲပေးတယ်ဆိုပဲ။ ပန်းထိမ်ဆရာမကလည်း အထူးဂရုစိုက်သင်ပေးတာနဲ့ နတ်မောက်မင်းသမီးဟာ ပန်းထိမ်ပညာကို တစ်နှစ်ခန့်အကြာမှာပဲ အတော်တတ်သွားပါတယ်။

## ပုံစံထွင်ကိုယ်တိုင်ဝတ်

ဝါသနာကလည်းကြီးတော့ သူဉာဏ်သွားတိုင်း ပုံတွေထွင်ပြီး အဆန်း





တကြယ် လက်ဝတ်ရတနာများ ပြုလုပ်ကာ သူကိုယ်တိုင် ပွဲတက်အခမ်းအနားတွေမှာ ဝတ်ဆင်ပါတယ်။ နောက်တော့ သူ့အစ်မတော်ရင်းဖြစ်တဲ့ နောင်မွန်မြို့စားမင်းသမီး ဝတ်ဆင်ဖို့ သူ့လက်ရာ ရတနာရွှေထည်များပြုလုပ်ပေးပါသတဲ့။

အခုပြောသလို နတ်မောက်ထိပ်ခေါင်တင် ပန်းထိမ်တတ်ကြောင်းကြားစတုန်းက ကျွန်မအနေနဲ့ တအံ့တသြဖြစ်မိတာ အမှန်ပါ။ သို့ပေမယ့် နောက်မကြာခင်မှာပဲ သည်မင်းသမီးရဲ့ လက်မှုပညာထူးချွန်မှုကို စိတ်ချလက်ချ ယုံကြည်ဖို့ ဖြစ်လာပါတယ်။

## သမီးတော်လက်ရာ စာထုပ်ကြိုး

ဘာ့ကြောင့်ဆိုတော့ ကျွန်မက “ ပေစာထုပ်ကြိုးဆုတောင်းစာများ” စာအုပ်ရေးဖို့ ပေစာထုပ်ကြိုးတွေရှာဖွေစုဆောင်းတဲ့အခါ ကံအားလျော်စွာအဲသည် နတ်မောက်ထိပ်ခေါင်တင်ရဲ့ ကုသိုလ်တော် စာထုပ်ကြိုးနှစ်သွယ် တွေ့ရှိပါတယ်။ တွေ့တဲ့အထဲက တစ်သွယ်မှာ မင်းသမီးကိုယ်တိုင် ရက်လုပ် လှူဒါန်းတဲ့ ကြိုးဖြစ်နေတာကိုး။ လက်ရက်ကြိုးပြားပေါ်မှာ စာလုံးဖော်ပြီးရက်တဲ့ အတတ်ဆိုတာကလည်း လွယ်တာမှ မဟုတ်ပဲကလား။ အလွန်ပညာသားပါတဲ့ လက်မှုပညာတစ်ရပ်ပါ။ (ကနေ့ခေတ်မှာ ကြိုးစာရက်တတ်သူမရှိတော့ပါ။ လုံးလုံးကွယ်ပျောက်သွားပါပြီ) ကြိုးစာဆိုတာ စာလုံးဖော်ပြီး ရက်ရုံမကပါ။ ကနုတ်ပန်းတွေအဆန်းတကြယ် ရက်လုပ်ပြီး အလှဆင်ရပါသေးတယ်။

## သုသီရိဟေမာဝတီ

သည်လိုစာထုပ်ကြိုးစာကို ရက်တတ်သူဟာ ပန်းထိမ်အတတ်ကိုလည်း သူသင်ရင်တတ်မှာ အမှန်ပဲလို့ ချောချောကြီးဘဝင်ကျသွားပါတယ်။ နောက်ပြီး အဲသည်ကြိုးစာကို ဖတ်ကြည့်လိုက်တော့ နတ်မောက်ထိပ်ခေါင်တင်ရဲ့ ဘွဲ့အမည်ဖြစ်တဲ့ “သုသီရိဟေမာဝတီ”ဆိုတာတောင် ထပ်ပြီးမှတ်သားလိုက်ရပါသေးတယ်။

မင်းသမီးကလေးက ပိဋကတ်သုံးပုံ ရေးထားတဲ့ ပေစာထုပ်များ လှူဒါန်းရာမှာ အဲသည် ပေစာထုပ်ကို ရစ်ပတ်စည်းနှောင်ဖို့ ကြိုးပြားကို အလှအပဆင်တဲ့ အပြောက်အမွမ်းနဲ့တကွ ဆုတောင်းစာကို သူကိုယ်တိုင် ရက်လုပ်လှူတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဆုတောင်းစာရေးဖွဲ့တာမှာတော့ စာပေပညာရှင်ကို ထိုက်ထိုက်တန်တန် ညာဏ်ပူဇော်ခ ပေးတယ်လို့ သူ့စာအရ သိရပါတယ်။

အခု သူရက်လုပ်လှူဒါန်းတဲ့ ကြိုးစာကို သုတေသီ ပုဂ္ဂိုလ်များအတွက် တင်ပြပါ့မယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၂၀) ကျော်လောက်က ရေးဖွဲ့ထားတဲ့ ဆုတောင်းစာဖြစ်ပြီး မြန်မာမှုပီသပြီး ထိုးသံနန်းဟန်ပါတာကို အကဲခတ်နိုင်ကြပါတယ်။

(သတ်ပုံ သတ်ညွှန်း မူရင်းအတိုင်း)

“ မင်းတုန်းမင်းသမီးတော် နတ်မောက်ထိပ်ခေါင်တင်
ရက်သည့်ကြိုးစာ”

ဇမ္ဗူလက်ယာ၊ မြေမြတ်ရွာထက်၊ လေလာသမိုက်၊ မော်ကွန်းစိုက်၍၊ သိုက်ဗျာဒိပ်ရ၊ မဏ္ဍလဝယ်၊ ပဌမဥဂ္ဂါတ်၊ ဘုန်းမဏ္ဍပ်၏၊ သီးပွတ်တော်မှန်၊ လှဘုန်းလျှန်ကား၊ ကောင်းကြန်အင်္ဂါ။ အင်ငါးဖြာနှင့်၊ ခြောက်ဖြာကင်းလွတ်၊ သန်းရွှေနတ်ဟု၊ ထွန်းလတ်တေဇာ၊ သိပညာဖြင့်၊ သဒ္ဓါသီလ၊ မြတ်ဇာဂကြောင့်၊ ပိုင်သစားကျေး၊ မြတ်လေးမြီးမြှောက်၊ မြို့နတ်မော်ခွန်ရော် ဆက်သွင်း၊ ဘုန်းရောင်လင်းသား၊ ထွန်းဝင်း လျှန်ဘိ၊ “သုသီရိဟေမာဝတီ”သိယ်မြီရောင်လျှပ်၊ ဘွဲ့သစ်ထပ်၍၊ နတ်နှင့်နှုန်းဆွယ်၊ မြတ်ဘုန်းမယ်သည်၊ ကောင်းကြွယ်ဆန္ဒ၊ သမာနဖြင့်၊ လေးဝမင်္ဂဉာဏ်၊ ရည်စိတ်သန်၍၊ သုံးတန်ပိဋကတ်၊ ရွှေကျမ်းမြတ်ကို၊ နာဂတ်နောင်လာ၊ သာသနာလည်း၊ ရှည်ကြာစေခြင်၊ ပန်ဆုဆင်၍၊ ထင်မြင်အကျရာ၊ မြတ်ရွှေစာကို၊ သပြာလကျ၊ ဘိုးနဂ္ဂဖြင့်၊ ရေးရအမှန်၊ ပူဇော်ပန်၏။ ထုပ်ရန်စာကြိုး၊ မြတ်နိုးဆောင်ရွက်၊ ကိုယ်တိုင်ရက်၍၊ ထက်လှသဒ္ဓါ၊ စေတနာကြောင့်၊ ခေမာအမတ၊ ပြည်မလမ်းမကြီး၊ မဂ်ခရီးသို့၊ မဆီးထုတ်ချော၊ လျင်မျက်မှောက်ဖြင့်၊ ရော်လိုသော်ဝ်။ ။

လက်မှုအတတ်ပညာရှင် နတ်မောက်ထိပ်ခေါင်တင်က မင်းတုန်းမင်းနဲ့ သနစရစ်မိဖုရားရဲ့ သားတော် ကောလင်းမင်းသားနဲ့ စုံဖက်ပါတယ်။ ခမည်းတူမယ်တော်ကွဲမောင်နှမပါ။ အင်္ဂလိပ်လက်အောက်ရောက်တော့ ရန်ကုန်မြို့ လန်ကတ်စတာလမ်းက မယ်တော်သရစိမ်းမိဖုရားကြီး အိမ်တော်မှာပဲ သားမယ်တော်တစ်စု အတူတူစံနေသွားကြပါတယ်။ နတ်မောက်မင်းသမီးက သူနဲ့ဘဝတူတဲ့ ဘဝမတူတဲ့ မိန်းမသားအားလုံးအတွက် ဝါသနာနဲ့ အားထုတ်မှုရှိသူမှန်ရင်





'တကယ်လုပ် အဟုတ်ဖြစ်တယ် 'ဆိုတာ ညွှန်းဆိုနမူနာပြတဲ့ စံပြအမျိုးသမီးလို့ ပြောချင်ပါတယ်။

မှတ်စု။ ။ ဦးစိန်မောင်ဦး၊ ဒု-ညွှန်ကြားရေးမှူး (ငြိမ်း)
ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်။

◈ ◈ ◈

www.burmeseclassic.com

## ၉ ။ လေးတရာဆီလား၊ နှင်းရည်လား

" သင်းပျံ့နှင်းရည်၊ အီစတန်ပက်ပါလို့၊ ကတ္တီရုံထက်မှာလ၊ စက်မပျော် . . "

" လေးတရာဆီအမှန်၊ ရေနံလောက်မကောင်း၊ စိတ်အနေရုပ်ပြောင်းလို့၊ ချောင်းကိုပမြစ်ထင် . . "

အထက်ကဆိုခဲ့တဲ့ ဘောလယ်ကလေးတစ်ပိုင်းနဲ့ တေးထပ်ကလေးတစ်စကို မြန်မာ့ရှေးဟောင်းကဗျာလင်္ကာဖွဲ့ဆိုမှု စိတ်ဝင်တစားရှိသူတွေ၊ ကြားဖူးနားဝရှိကြလိမ့်မယ် ထင်ပါရဲ့။

ဘောလယ်အဖွဲ့က သီပေါမင်းလက်ထက်တော်မှာ ရေးဖွဲ့တာဖြစ်ပြီး တေးထပ်အဖွဲ့ကတော့ သီပေါမင်းပါတော်မူစက အချုပ်တန်းဆရာဖေ ရေးတာဖြစ်ပါတယ်။ ပထမ ဘောလယ်တစ်ပိုင်းမှာပါတဲ့ သင်းပျံ့နှင်းရည်နဲ့ အီစတန်ဆိုတာရယ်၊ ဒုတိယ တေးထပ်တစ်စမှာပါတဲ့ လေးတရာဆီ ဆိုတာရယ် ဒီစကားလုံးတွေရဲ့အဓိပ္ပာယ်ကို ဦးဆုံးရှင်းပါရစေ။

### ရေမွှေးတစ်မျိုး

သင်းပျံ့နှင်းရည်ဆိုတာမှာ သင်းပျံ့က မွှေးသင်းတဲ့ရနံ့ဆိုတာ အထူး





ပြောဖို့မလိုပါဘူး။ အဲ နှင်းရည်ဆိုတာကတော့ တကယ့်နှင်းစက်၊ နှင်းပေါက်၊ နှင်းရည်မဟုတ်ပါ။ သူဖြစ်ထွန်းလာတဲ့နေရာမှာ နှင်းစက်ကလေးလို တွဲလဲခိုနေရာမှ အရည်အဖြစ် စီးကျလာတာမို့လို့ နှင်းရည်လို့ တင်စားခေါ်ဆိုလိုက်တဲ့စကားပါ။ ရနံ့သင်းတဲ့နှင်းရည်လို့ ဆိုလိုပါတယ်။ သုံးစွဲရာမှာ ရေမွှေးနဲ့အတူတူပါပဲ။ ရှေးခေတ် ရေမွှေးဆိုတဲ့ အသုံးစကားမရှိသေးတာသလို အခုခေတ်မှာလဲ နှင်းရည်ဝေါဟာရပျောက်ကွယ်သွားလေပြီ။ သူ့နောက်က စကားဆက် " အီစတန် " (Eastern) ဆိုတာ အရှေ့တိုင်းလို့ နာမည်ပေးထားတဲ့ ရေမွှေးတစ်မျိုးပါ။ သူ့စာဆိုလိုရင်းက -

" ကတ္တီပါခင်းကျင်း ကာရံထားပြီး ရနံ့မွှေးတဲ့ အီစတန်နှင်းရည်ပက်ဖြန်းထားတဲ့အိပ်ရာမှာ မွေးအိပ်လို့ မပျော်ပါ " တဲ့။ အလွမ်းဘွဲ့ဆိုပါတော့။ ဘောလယ်အဖွဲ့တစ်ပိုင်းက ဒါလောက်ပါပဲ။

### နန်းသုံးတော်ဝင်

တေးထပ်အဖွဲ့တစ်စကတော့ ကျွန်မတို့ မြန်မာနိုင်ငံကို အင်္ဂလိပ်က အပြီးအပိုင်သိမ်းယူပြီးနောက် သူ့ကျွန်ဖြစ်စကာလမှာ စာဆိုတော် အချုပ်တန်းဆရာဖေက ရေးဖွဲ့ခဲ့တာပါ။ ဆရာဖေက အဲသည်ခေတ်အခြေကို ထင်ဟပ်ပြီး " အလွန်မွှေးကြိုင်လှတဲ့၊ လေးတရာဆီခေါ်တဲ့ ခေါင်းလိမ်းဆီဟာ အနံ့ဆိုးတဲ့ ရေနံလောက်တောင် မကောင်းတော့ပါ။ စိတ်ဓာတ်အခြေအနေရော၊ ရုပ်ဒြပ်အခြေအနေရော ပြောင်းလွဲကုန်ပြီ၊ ချောင်းကိုလည်း မြစ်ထင်နေကြပြီ " ရယ်လို့ မျက်မှောက်ခေတ်ကာလ နိုင်ငံ့အရေးကို သူမြင်သလို စာဖွဲ့ထားတာပါ။ သူ့ကျွန်ဘဝ နာကျည်းတဲ့ခံစားမှုကို ရင်ဖွင့်လိုက်တာပါပဲ။

သည်ဆောင်းပါးမှာတော့ အချစ်နဲ့အလွမ်းရယ်၊ နိုင်ငံ့အရေးခံစားချက်ဆိုတာရယ် တင်ပြဖို့ မဟုတ်ပါဘူး။ သည်စာနှစ်ကြောင်းမှာပါတဲ့ ရှေးခေတ်က နန်းသုံးတော်ဝင် အမွှေးအကြိုင်ပစ္စည်းနှစ်မျိုးကိုသာ ရွေးထုတ်ဖော်လိုရင်း ဖြစ်ပါတယ်။

### ရှေးကမြန်မာမလေးတွေ

ရှေးခေတ်ကတော့ မိန်းကလေးတွေဟာ အပြင်အပသွားလာမယ်ဆိုရင် ရေမွှေး၊ ပေါင်ဒါ၊ ခေါင်းလိမ်းဆီ အတန်အသင့်သုံးရုံနဲ့ အလှပြင်ကိစ္စပြီးသွား



www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ။ မြန်မာမင်းများလက်ထက် မိန်းမသားတွေ၊ ဘယ်ပုံဘယ်နည်းအလှပြင်ခဲ့ကြသလဲ။ ကြားဖူးသမျှ စဉ်းစားလိုက်တော့ကာ ဒီနေရာမှာ အဆင့်အတန်းနှစ်မျိုးခြားနားနေတာ တွေ့ရပါတယ်။

သာမန်အရပ်သူတွေအနေနဲ့တော့ သနပ်ခါး၊ နံ့သာဖြူ ကရမက် စတာတွေ လိမ်းခြယ်ပြီး ရာသီအလိုက်ပေါ်တဲ့ စံပယ်၊ နှင်းဆီ၊ သရဖီ၊ ပိတောက်ဆိုတဲ့ ပန်းတွေပန်လိုက်ရင် ပြည့်စုံသလောက် ဖြစ်သွားတာပါပဲ။ နန်းတွင်းသူတွေအတွက်ကတော့ အလှပြင်ဖီးလိမ်းရာမှာ ပို အကျယ်ချဲ့ ပိုဟာဟီရများတာပေါ့။ သူတို့က ထိပ်သီးဆိုတဲ့ အဆင့်ပေကိုး။ ကိုယ်လက်မျက်နှာ လိမ်းခြယ်စရာ ရိုးရာသနပ်ခါး၊ နံ့သာဖြူ တွေနဲ့တင် ဘယ်ပြီးဦးမလဲ။ ပန်းပေါင်းမှုန့်၊ သော်မော်ခဲစတာတွေအပြင် နံ့သာသွေးရာမှာ ရွှေသားအစစ်တုံးကိုတောင် သွေးထည့်ပြီး လိမ်းကြတယ်လို့ သိရပါတယ်။

## စီမံထုတ်လုပ်နည်း

အမွှေးအကြိုင် ပျံ့လှိုင်စေဖို့မှာတော့ သူ့ခေတ်မှာ နှင်းရည်ရှိတယ်။ နောက် ဆံပင်လိမ်းဖို့ ပန်းပေါင်းဆီဆိုတာရှိပါတယ်။ အဲဒါတွေဟာ မြန်မာ့နည်းမြန်မာ့ဟန်သက်သက်နဲ့ စီမံထုတ်လုပ်ထားတဲ့ အသုံးအဆောင်ပစ္စည်းနှစ်မျိုးပါပဲ။ နန်းသုံးတော်ဝင်ပစ္စည်းတွေပေါ့။ နန်းသုံးဆိုပေမယ့်လည်း နန်းတွင်းစံတွေအတွက်ချည်းတော့ မဟုတ်ပါဘူး။ သူ့အဆင့်နဲ့သူ သုံးခွင့်ရှိသူတွေ ဘုရင်က သဒ္ဓါလို့ ခွင့်ပြုထားတဲ့ပုဂ္ဂိုလ်တွေလည်း သုံးဆောင်နိုင်ကြပါတယ်။

အခုပြောတဲ့ နှင်းရည်တို့၊ လေးတရာဆီတို့ကို စီမံထုတ်လုပ်တဲ့နည်းကလည်း ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ လိုအပ်တဲ့ ပစ္စည်းတချို့နဲ့ ပန်းရှိရင် ဖြစ်နိုင်တာပါ။

ဗမာနှင်းဆီလို့ခေါ်ကြတဲ့ ပန်းနုရောင်အပွင့်ကြီးကြီး နှင်းဆီပန်း များများလိုပါတယ်။ သူက အနံ့သိပ်မွှေးတယ်လေ။ ဆောင်းလယ်မှာ လှိုင်လှိုင်ပွင့်တတ်တာမို့ ရဖို့လွယ်ပါတယ်။ နောက်အရွယ်တော် ဖန်ပေါင်းချောင်တစ်ခုရယ်၊ အောက်ခံကြွေလင်ပန်းရယ်။

ဗမာနှင်းဆီပွင့်လတ်လတ်ဆတ်ဆတ် အပွင့် (၁၀၀)လောက် ဆိုပါတော့။ သူ့အပင်မှပွင့်တဲ့အတိုင်း အညှာခြွေပြီး (ရေမဆေးရပါ)လင်ပန်းထဲမှာ အဆင့်ဆင့်စီထပ်ပြီး ပုံရပါတယ်။ အဲဒီပန်းပုံကြီးကို လုံအောင်၊ လေမဝင်အောင်





ဖန်ပေါင်းချောင်နဲ့အုပ်လိုက်ပြီး အရိပ်ထဲမှာ ထားလိုက်ရုံပါပဲ။ တဖြည်းဖြည်းဖန်ပေါင်းချောင်အမိုးပိုင်းမှာ နှင်းဆီ အဆိုးအငွေ့လေးတွေက နှင်းစက်နှင်းပေါက်ကလေးတွေလို တွဲလဲခိုနေတာမြင်ရပြီး အတော်များလာတော့ နှင်းရည်အဖြစ်နဲ့ လင်ပန်းထဲစီးကျလာတာပါပဲ။ အဲဒီအချိန်ပိုင်းမှာ လေမသလပ်အောင် လင်ပန်းကို ယွန်းအုပ်ဆောင်းကြီးနဲ့ အုပ်ထားရပါသေးတယ်။

ဒီနည်းအတိုင်း ဖန်ပေါင်းချောင်ထဲမှ စီးကျလာတဲ့နှင်းရည်ဟာ သူ့မူလနှင်းဆီပန်းရနံ့အတိုင်း သိပ်မွှေးပါတယ်။ နှင်းဆီပွင့်အကြီးအသေးကို လိုက်ပြီး အပွင့် (၁၀၀)ပေါင်းရင် နှင်းရည်သုံးကျပ်သား၊ လေးကျပ်သားလောက် ရတယ်လို့ ဆိုပါတယ်။ အဲဒီနှင်းရည်ကို ဖန်ဘူး ဖန်ပုလင်း စတာနဲ့ထည့်ပြီး လေလုံအောင် အဖုံးပိတ်ထားရပါတယ်။

(ရတနာပုံခေတ်မှာ ဖန်ချက်စက်ရုံရှိပြီမို့ စက်ရုံထွက် ဖန်ထည် အသုံးအဆောင်တွေ လှိုင်လှိုင်ရနေပါပြီ) နှင်းရည်ကို အဝတ်အထည်တွေမှာ ဆွတ်ထားရင် အကြာကြီး အနံ့စွဲတယ်ဆိုကိုး။ နောက် တိုင်းတစ်ပါးက အီစတန်ရေမွှေးစတာမျိုးတွေ ဝင်လာတော့လည်း အစပိုင်းမှာ နှင်းရည်လို့ပဲ ခေါ်ကြတာလို့ သိရပါတယ်။ ရေမွှေးအသုံးမတွင်ကျယ်သေးဘူးလေ။

## ဆီမကြီးနဲ့လိုက်ဆီ

လေးတရာဆီဆိုတာ ဆံပင်ကို လိမ်းရတဲ့ ပန်းပေါင်းဆီအကောင်းဆုံးကို အမွှမ်းတင်ပြီး ခေါ်ကြတာပါ။

ပန်းပေါင်းဆီလုပ်မယ်ဆိုရင် လိုတဲ့ပစ္စည်းတွေက နှမ်းအဖြူသန့်သန့်ရယ်၊ ကိုယ်ကြိုက်ရာ ရနံ့ရတဲ့ပန်းရယ် ဒါပါပဲ။ ဥပမာ- စံပယ်ပန်း၊ နှင်းဆီပန်း၊ သရဖီပန်း၊ ပိတောက်ပန်း စတဲ့ ခပ်များများရနိုင်တဲ့ပန်း တစ်မျိုးမျိုးပေါ့။ နောက်ပြီး ပန်းထည့်ပေါင်းဖို့၊ ပန်းပေါင်းအစ်လို့ခေါ်တဲ့ အမနဲ့အဖုံးတစ်စုံပါတဲ့ ယွန်းအစ်ကြီးတစ်လုံး ရှိရပါမယ်။ ပန်းပေါင်းအစ်ဆိုတာကို အခု မတွေ့မမြင်ရတော့ပါ။ သူ့ကို သူ့ခေတ်က ပန်းပေါင်းဖို့သက်သက် ထုတ်လုပ်တာဖြစ်လို့မို့ အခုခေတ်မှာ အသုံးမရှိတော့ဘူးလေ။ ရှေးကတော့ ရွှေပိန်းချတစ်မျိုး၊ ယွန်းသားအနီပေါ်မှာ ရွှေအနားရစ်ထားတာတစ်မျိုး သုံးစွဲသူရဲ့ အဆင့်အတန်းအလျောက် ခွဲခြားပြီး အသုံးပြုခဲ့ကြပါတယ်။

ပန်းပေါင်းဆီလုပ်နည်းက ကိုယ်လုပ်ချင်သမျှ နှမ်းအဖြူတစ်ပြည်သား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ နှစ်ပြည်သားဖြစ်ဖြစ်ကို ရေသန့်သန့်ဆေးပြီး နေလှမ်းအခြောက်ခံထားရပါမယ်။ အဲဒီနှင်း အနည်းအများကိုလိုက်ပြီး သူနဲ့ဆတူ ပန်းလတ်လတ်ဆတ်ဆတ် လိုပါတယ်။ နှမ်းနှစ်ပြည်ဆို ပန်းနှစ်ပြည်ပေါ့။ ပန်းနဲ့နှမ်း အသင့်ရပြီဆိုတော့ ပန်းပေါင်းအစ်ကြီးထဲမှာ နှမ်းတစ်ထပ် ပန်းတစ်ထပ် ကြားညှပ်ကာ (၅)လွှာလောက် ထည့်ပြီး အဖုံးပိတ်ထား။ ဒီလိုတစ်နေ့ပိတ်ထားပြီး နောက်တစ်နေ့မှာ ပန်းအဟောင်းတွေ ဖယ်ပစ်၊ ခူးဆွတ်ကာစပန်းအသစ်နဲ့ အဲဒီနှမ်းကိုပဲ အစ်ကြီးထဲမှာ ပြန်ထည့်၊ ပြန်ပေါင်းရပါဦးမယ်။ အစ်ကို နေလှမ်းစရာမလိုပါဘူး။ သည်နည်းအတိုင်း နေ့စဉ်ပန်းသစ်လဲ လဲပေးပြီး နှမ်းနဲ့ပန်းကို (၅)ရက်လောက် အစ်ထဲမှာ ပေါင်းပြီးရင် နှမ်းကို ဆုပ်ကိုင်ကြည့်လိုက်ရင်ပဲ မူလက ထည့်တဲ့ပန်းရဲ့ ရနံ့အတိုင်း မွှေးကြိုင်နေပြီလေ။ ဆီကြိတ်ယူဖို့ အသင့်ဖြစ်ပြီပေါ့။

ပန်းပေါင်းနှမ်းကနေပြီး ပန်းပေါင်းဆီထုတ်ယူတာကတော့ ကနေ့ထက်တိုင် တောကျေးလက်မှာ ရှိနေသေးတဲ့ နွားလှည့်တဲ့ဆီဆုံမှာပဲ ဆီကြိတ်သလို ကြိတ်ယူရတာပါပဲ။ ပန်းပေါင်းနှမ်းကို ဆုံထဲထည့်၊ ရေနွေးလိုသလောက်လောင်းထည့်ပြီး ကြိတ်လိုက်ရင် ဘေးပေါက်က အဦးဆုံးထွက်လာလာတဲ့ဆီကို ဆီမကြီး (နှုတ်ခေါ် ဆီမကျီး) လို့ခေါ်ပါတယ်။ အကောင်းဆုံးပန်းပေါင်းဆီအမျိုးအစားပါ။

နောက်တစ်ခါ ရေနွေးလိုက်ပြီး ထပ်ကြိတ်တဲ့ဆီကိုတော့ လိုက်ဆီလို့ခေါ်ပါတယ်။ လိုက်ဆီက မွှေးတော့မွှေးတယ်၊ ဆီမကြီးကိုတော့ မမီတတ်ဘူး ဆိုပဲ။ အဲဒီဆီကို အသုံးပြုတဲ့ ပန်းအမည်အတိုင်း စံပယ်ဆီ၊ မြတ်လေးဆီ စသဖြင့် ခေါ်ကြပါတယ်။ ရေးဖွဲ့သူမသိရတဲ့ ရှေးကဗျာကလေးတစ်ပုဒ်မှာ “ သင်းပျံ့ယဉ်ယဉ်၊ မယ့်ဆံပင်မှာ၊ အစဉ်မယ်သုံးတဲ့၊ ဂမုန်းပေါင်းလေ ” လို့ တွေ့ရဖူးပါတယ်။ သည်လို ပန်းပေါင်းခေါင်းလိမ်းဆီလုပ်ရာမှာ အများအပြားရနိုင်ဖို့ ခက်တဲ့ပန်းမျိုး (ဆိုပါတော့ သန့်စင်ပန်း)ကိုမှ မရအရရှာဖွေပြီး စီမံထုတ်လုပ်ထားတဲ့ ပန်းပေါင်းဆီမျိုးကိုတော့ အဆင့်မြင့်နန်းရ မိဖုရားကြီးများကို ဆက်သကြတယ်ဆိုကိုး။ အဲဒီလို ဆီမျိုးကိုတော့ အဘိုးထိုက်တန်လွန်းလို့ လေးတရာဆီလို့ တင်စားခေါ်ဝေါ်ကြပါတယ်။

## လှိုင်ထိပ်ထားတို့အကြောင်း

သည်နေရာမှာ အကြောင်းတိုက်ဆိုင်လာလို့ ဆီမကြီးရယ်၊ လိုက်ဆီရယ်ဆိုတာနဲ့ပတ်သက်ပြီး မှတ်ဖူးတာကလေး ကြားညှပ်ပြောပါရစေ။





တစ်နေ့တော့ အိမ်ရှေ့စံ ကနောင်မင်းရဲ့သမီးတော်ကလေး (တခြားကြင်ရာတော်မှ ဖွားသူ) စမ္ပါနဂိုရ် မင်းသမီးကလေးက သူ့မှာ ခေါင်းလိမ်းပန်းပေါင်းဆီကုန်နေလို့ မယ်မယ်ထားထားက ပေးပါဦးဆိုပြီး အထိန်းတော်တစ်ယောက်ကို စေလိုက်ပါတယ်။ လှိုင်ထိပ်ထားကလည်း ‘ပေးလိုက်ပါဘိ’အမိန့်တော်ရှိလို့ ရုံ့ရွှေတော်တစ်ယောက်က ပန်းပေါင်းဆီထည့်ပေးလိုက်ပါတယ်။ အဲဒီပန်းပေါင်းဆီထဲမှာ ဥခွံကျွတ်စ ပိုးဟပ်သေတစ်ကောင် ပါလာတယ်ဆိုပြီး သမီးတော်ကလေးက သူ့ခမည်းတော်အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီးကို တိုင်လျှောက်တဲ့အတွက် အိမ်ရှေ့မင်းက လှိုင်ထိပ်ထားအပေါ် အမျက်တော်ရှပါတော့တယ်။

## ဇာတ်နာအောင်ကပြရာမှ

တကယ်က လှိုင်ထိပ်ထားအမိန့်တော်အရ ရုံ့ရွှေတော်ထည့်ပေးတဲ့ ဆီက ဆီမကြီးမဟုတ်ပဲ လိုက်ဆီဖြစ်နေတာပါ။ ဘယ်ဆီပေးလိုက်တယ်ဆိုတာ လှိုင်ထိပ်ထားက မသိပါဘူး။ သည်မှာတင် သမီးတော်ကလေးက သမီးရင်းမဟုတ်လို့ ဆီမကြီးမပေးတာပါလို့ အပြစ်တင်ခံရတာပါ။ လှိုင်ထိပ်ထားမှာ တပည့်မကောင်း ဆရာ့ခေါင်း ဖြစ်ရတာပါပဲ။ နန်းတွင်းအိမ်ရှေ့မိဖုရားစံအိမ်တော်မှာ သူ့နေရာနဲ့သူသုံးဖို့ ရွှေသားစစ်အသုံးအဆောင်တွေ၊ ဖန်ဘူး ဖန်ခွက်တွေ ပေါလှပါတယ်။ ပိုးဟပ်သေပါသွားတယ်ဆိုတာ လုံးဝမဟုတ်နိုင်ပါဘူး။ သည်လို မသန့်မပြန့်မလုပ်ရ၊ မလုပ်ဝံ့ကြပါဘူး။ ပန်းပေါင်းဆီဆိုရာမှာ ဆီမကြီးရယ်၊ လိုက်ဆီရယ် ခွဲခြားရှိတာ မသိကြတဲ့ သဘင်သည်တချို့က ဇာတ်နာအောင်ကပြကြရာကနေ ပိုးဟပ်ပါလာတဲ့ ခေါင်းလိမ်းဆီဖြစ်ရပ်လို့ လူသိများလာရတာပါ။

သည်ဆောင်းပါး အပြီးသတ်ပြောချင်တာကတော့ ရှေးခေတ်မြန်မာလူကြီးတွေသုံးခဲ့တဲ့ အမွှေးအကြိုင် အသုံးအဆောင်အကြောင်းဆိုတာ ယဉ်ကျေးမှုပစ္စည်းအနေနဲ့ မေ့ပျောက်ပစ်ဖို့ မထိုက်ဘူးဆိုတဲ့ အယူအဆကြောင့် ကျွန်မ သိမှတ်သမျှ စေတနာရင်းနဲ့ တင်ပြလိုက်ရတာပါ။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ အလောင်းမင်းတရားအတွက် နီတိကျမ်းတစ်စောင်

နီတိကျမ်းတစ်စောင်ဆိုတဲ့ ခေါင်းစီးကို ဖတ်လိုက်ရတာနဲ့ပဲ လူသိများနားယဉ်ပြီးသားလည်းဖြစ်တဲ့ လောကနီတိကျမ်းကို ပြေးသတိရလိုက်ကြမယ် ထင်ပါတယ်။

ကျွန်မတို့ တွေ့ဖူး ဖတ်ဖူးတဲ့ နီတိကျမ်းတွေဟာ မြန်မာဘာသာသက်သက် ရေးဖွဲ့ထားတာချည်းမဟုတ်ပါဘူး။ နှစ်ပေါင်းအများကြီးက အိန္ဒိယနိုင်ငံမှာ ပညာရှိပရောဟိတ် 'ကောတိလျ'ရေးခဲ့တဲ့ 'စာဏကျနီတိ'၊ နောက် 'ဟိတောပဒေသ'ကျမ်းစတာတွေကို ကောက်နုတ်ရာရာထုတ်နှုတ်မြန်မာဘာသာပြန်ဆိုပြီး ပါဠိမြန်မာ နှစ်ဘာသာနဲ့ ရေးထားတဲ့ ကျမ်းတွေက များပါတယ်။ ကျမ်းသစ်ထွင်ဖို့ ကျမ်းရိုးကိုမှီးပြီးရေးတဲ့ ကျမ်းတွေလည်း ပေါ်ထွက်လာတယ်။

### လူသိအများဆုံးကျမ်း

ကျွန်မတို့ဆီမှာ ရဟန်းပညာရှိ လူပညာရှိတွေက လူတိုင်းကျင့်ဆောင်အပ်တဲ့ အဆုံးအမ စကားတွေကို စီမံသီကုံးဖွဲ့ဆိုလာကြတာလို့ ယူဆရပါတယ်။ အခုပြောသလို မြန်မာပြည်ဖြစ်သက်သက် ရေးဖွဲ့တဲ့ နီတိကျမ်းတွေထဲမှာ ပင်းယခေတ်က 'စတုရင်္ဂအမတ်ကြီး'ရေးတဲ့ 'လောကနီတိကျမ်း'ဟာ လူသိအများဆုံးကျမ်းလို့ ဆိုနိုင်ပါတယ်။ သည်ကျမ်းကလည်း ပါဠိမြန်မာနှစ်ဘာသာ တွဲစပ်ရေးထားတာပါ။ ကျွန်မတို့ မှတ်မိနေသေးတဲ့ လောကနီတိကျမ်းထဲက တစ်ပိုင်းတစ်စ





မြန်မာလိုသက်သက်ခွဲထုတ် ဖော်ပြရရင်-

" ပျင်းရိသူအား အဘယ်မှာ ပညာရအံ့နည်း။ ပညာမရှိသူအား အဘယ်မှာ ဥစ္စာရအံ့နည်း။ ဥစ္စာမရှိသူအား အဘယ်မှာ ကုသိုလ်ပြုနိုင်အံ့နည်း" စတာတွေပါပဲ။ မှတ်မိသမျှလေးကို သိသာရုံ ရွတ်ပြတာပါ။ နီတိသဘောကို ခေတ်လူငယ်တွေ ရိပ်စားမိရုံဆိုပါတော့။

### မင်္ဂလာတရားတော်နဲ့အတူ

တကယ်ကလည်း မြန်မာ့လူနေမှုစနစ်မှာ မြတ်ဗုဒ္ဓဒေသနာတော်ဖြစ်တဲ့ (၃၈)ဖြာမင်္ဂလာတရားတော်နဲ့အတူ အဲသည် နီတိကျမ်းတွေရဲ့ အဆုံးအမများ လိုက်နာရင်း နှစ်ပေါင်းများစွာ၊ ခေတ်ပေါင်းများစွာ တရားသဖြင့် ကျင့်သုံးနေထိုင်လာခဲ့ကြတယ်ဆိုတာ အထူးပြောဖို့ မလိုပါဘူး။

သည်ကနေ့ခေတ်မှာ လူသိနည်းပါးပေမယ့် အဓိပ္ပါယ်အနှစ်သာရ ဘယ်လောက်ပြည့်ဝတဲ့ စာဆိုတာ စာဖတ်သူများကိုယ်တိုင် အကဲခတ်ကြဖို့ပါပဲ။ သည်ကျမ်းကို အလောင်းမင်းတရား (ငယ်မည် ဦးအောင်ဇေယျ)အတွက် မင်းဆရာဖြစ်တဲ့ မဟာအတုလဆရာတော် စီရင်ရေးဖွဲ့တဲ့ ကျမ်းဖြစ်ပါတယ်။

### အမှတ်တမဲ့စံနေတော်မမူ

အကြောင်းကတော့ ကုန်းဘောင်ခေတ်က အစဦးတည်ထောင်တော်မူတဲ့ အလောင်းမင်းတရားကြီးဟာ မင်းမျိုးမင်းနွယ် မဟုတ်ပါဘူး။ သူကြီးကလန်မျိုးရိုးအဆင့်လောက်ကနေပြီး နှလုံးရည်၊ လက်ရုံးရည် စွမ်းပကားနဲ့ ရှင်ဘုရင်ဖြစ်လာတဲ့ 'ငါ့တစ်ပါးမင်း'ဖြစ်ပါတယ်။ သည်အလောင်းမင်းတရားကြီးက အလွန်အမြော်အမြင်ကြီးသူဖြစ်တော့ကာ မင်းဖြစ်တယ်ဆိုရင်ပဲ ချီးမြှင့်သင့်သူကို ချီးမြှောက်၊ နှိပ်ကွပ်သင့်သူကို နှိပ်ကွပ်၊ ပူဇော်ဆည်းကပ်ထိုက်သူကို ပူဇော် စတာတွေ မလစ်ဟင်းရအောင် လုပ်ဆောင်တော်မူခဲ့ပါတယ်။

နောက်ပြီး 'ငါမင်းဖြစ်ပကော'ရယ်လို့ အမှတ်တမဲ့ စံနေတော်မမူပါဘူး။ နိုင်ငံတော်မှာ သာသနာတော် စည်ပင်ထွန်းကားရေး၊ ငြိမ်သက်အေးချမ်းအောင် အုပ်ချုပ်ရေး စတာတွေကို နေ့ညမဟူ တစ်ဖက်က ထမ်းဆောင်ရင်း တခြားတစ်ဖက်ကလည်း မိမိကိုယ်တော်တိုင် မင်းကောင်းတစ်ပါးအဖြစ် အရည်အသွေးပိုမိုတောက်ပြောင်လာအောင် ကြိုးပမ်းအားထုတ်တော်မူတယ်ဆိုရင် မမှားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



**နန်းစဉ်ပုစ္ဆာရဲ့ နောက်ဆက်တွဲ**

အကြောင်းကတော့ အလောင်းမင်းတရားကြီး စိတ်တော်မှာ မူလကတည်းက ဘဝင်မကျဖြစ်နေခဲ့တဲ့ ဘာသာရေးဆိုင်ရာ ခဲရာခဲဆစ်တွေကို မဟာအတုလဆရာတော်ထံ မေးမြန်းလျှောက်ထားလို့ ဆရာတော်ကလည်း အမြင်ရှင်းသွားအောင် အတိအကျ ဖြေကြားတော်မူပါတယ်။ သည်လုပ်ရပ်ကို အလောင်းမင်းတရား နတ်ပြည်စံပြီးနောက်မှ 'နန်းစဉ်ပုစ္ဆာ'ဆိုတဲ့ ကျမ်းတစ်စောင် ပေါ်ထွက်လာတာ စာဖတ်သူတွေ သိပြီး ကြားဖူးပြီး ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

အခု ကျွန်မတင်ပြမယ့်ကျမ်းက နန်းစဉ်ပုစ္ဆာရဲ့နောက်ဆက်တွဲကျမ်းစာလို့ ဆိုနိုင်ပါလိမ့်မယ်။ ဘာကြောင့်ဆိုတော့ သည်ကျမ်းမှာပါတဲ့ စကားတွေက နန်းစဉ်ပုစ္ဆာကျမ်းထဲမှာ မတွေ့လို့ ကျွန်မ ယူဆချက်လို့ ပြောပါရစေ။ အကြောင်းကသည်လိုပါ။

**လောကဓမ္မထုံးပေါင်းစာတမ်း**

ကျွန်မ ရွှေဘိုမှာနေတုန်းက ကျွန်မတို့ကိုးကွယ်တဲ့ ရဟန်းတစ်ပါး၊ ဘွဲ့အမည် ဦးလာဘ ဆိုတာရှိပါတယ်၊ သည်ကိုယ်တော်က ကျွန်မရဲ့ စာပေဝါသနာကိုသိပြီးမို့ တစ်နေ့မနက်မှာ ယူလာပြီး ပေးတာပါ၊ ဘုန်းကြီးပေးတဲ့ ဗလာစာအုပ်ကလေး ဖတ်ကြည့်တော့ အခုတင်ပြမယ့် 'လောကဓမ္မထုံးပေါင်းစာတမ်း' ကိုတွေ့ရပါတယ်။ အပြည့်အစုံတော့ မပါတော့ပါ။

စာတမ်းက အလောင်းမင်းတရားကြီးက ဆရာတော်ထံ လျှောက်ကြားစာပို့ပြီး မေးမြန်းတော်မူလို့ ဆရာတော်က ပြန်လည်ဖြေကြားတော်မူတဲ့ အမေးအဖြေကျမ်း ဖြစ်ပါတယ်။ မင်းတို့ လိုက်နာကျင့်ဆောင်ရန်စာတမ်းမို့လို့ ကျွန်မက အဓိပ္ပါယ်ပေါက်လွယ်အောင် နီတိကျမ်းလို့ သင့်သလိုဖော်ပြလိုက်တာပါ။

ကျွန်မတို့ ရွှေဘိုဒေသထွက် နီတိကျမ်းကောင်းတစ်ဆူဖြစ်ရုံသာမက မြန်မာဘာသာသက်သက်မို့ ဖတ်ဖို့လည်း လွယ်ကူပါတယ်။ ကျွန်မအနေနဲ့ ပေးလာတဲ့ ဘုန်းကြီးဦးလာဘကို ကျေးဇူးတင်ဝမ်းမြောက်တာက ပြောမပြနိုင်အောင်ပါပဲ။

**အကျိုးရှိစေမယ့် ဩဝါဒမျိုး**

ထုံးပေါင်းစာတမ်းဆိုတဲ့အတိုင်း မင်းတို့လိုက်နာကျင့်ဆောင်ဖွယ် ထုံး၊ နည်း၊ ဥပဒေသ အတော်များများကို အထောက်အထားနဲ့တကွ ရေးသားပြဆို





တော်မူထားတာတွေ့ရပါတယ်။ ရှင်ဘုရင်အတွက် သွင်းတဲ့စာ ဖြစ်ပေမယ့် မင်းစိုးရာဇာတွေနဲ့ချည်း သက်ဆိုင်တာမဟုတ်ပါဘူး။ အများသူငါ လူတကာ လိုက်နာကျင့်သုံးရင်လည်း အကျိုးရှိစေမယ့် ဩဝါဒမျိုးပါပဲ။ စာအုပ်ကလေးထဲမှာ ပါရှိသမျှထဲက ကောင်းနိုးရာရာကျင့်ထုံးတွေကိုပဲ ရွေးထုတ်ပြီး ဆောင်းပါးနဲ့ ဝင်ဆံ့သရွေ့ တင်ပြလိုက်ပါတယ်။ ကျင့်ထုံးနည်း (၉)ခုပါ၊ အလောင်းမင်းတရားကြီးက " တကာတော်လိုက်နာကျင့်ဆောင်ရန် ဆရာတော် ဩဝါဒချီးမြှင့်တော်မူပါ ဆရာတော် " လို့ ပို့လိုက်တဲ့စာတော်မှာ အစချီထားပါတယ်။

" မင်းဇကရာဇ်သို့ သွင်းသော လောကဓမ္မထုံးပေါင်း စာတမ်း "

မဟာအတုလဆရာတော်စီရင်သည့်စာ

တကာတော်ရေမြေ့ရှင်သိသာအောင် ရှေးထုံးဟောင်းများပြဆိုအံ့။ မင်းဇကရာဇ်တို့က ချီးမြှင့်သူကောင်းပြုခြင်းနှင့်စပ်၍ သာလွန်မင်း၏ အမတ်ကြီး ဗညားကျန်းတော အရပ်တစ်ပါးသို့သွားစဉ် သူ၏သားနှစ်ယောက်ကို လွှတ်တော်က ခေါ်ယူ၍ ဘွဲ့အမည်ပေးနှင်း၏။ အဘပြန်ရောက်သော် ဝမ်းမြောက်ဝမ်းသာ ဆီးကြိုပြောကြ၏။ ဗညားကျန်းတောလည်း ငါ့သခင်ငါ့မျက်နှာကိုထောက်၍ ငါ့သားများကို ဘွဲ့မည်ပေးခြင်း ဖြစ်ရာသည်။ သည်သို့ပြုသော် ပြည်ရွာမဖျင်းပြီလော။ အရာလော။ အရာမဟုတ်။ မင်းတို့ကြောင့် ငါ့သခင်၏ ရန်သူ ခွေးတစ်ကောင်ကိုမျှ မနိုင်ဖူးချေ။ အရှင့်အမှုကိုမပြုတ် စွန့်စားထမ်းဆောင်သူတို့၊ အဘယ်ဘွဲ့ကို ခံရမည်နည်း။ သူ့ဘွဲ့ကိုပြန်အပ်ချေဆို၍ သားနှစ်ယောက် လွှတ်တော်သို့သွား၍ ပြန်အပ်ရ၏။ ။ သည်ဗညားကျန်းတော ထုံးကို ထောက်၍ ဇကရာဇ်တို့မည်သည် အမှုအထမ်းသသူကို အမှုထမ်းဘွဲ့ ကြီးကြီးမားမား ချီးမြှောက်လိုသည်ဟု ဆင်ခြင်မဲ့မပေးရာချေ။ ။ တထုံးယူလေ။

ပေးသော်ညားလည်း အရာအထူးကြီးကြီးမားမားက မိမိနှင့် အင်မတန်သည်ကို မခံယူရချေ။ ဝန်ကြီးမှူးကြီးတို့သည်လည်း ဗညားကျန်းတော အမတ်ကဲ့သို့ သားသမီးထက် ပြည်အရေးကို အထူးချစ်ရာသည်။ ။ တစ်ထုံးယူလေ။

အင်းဝတွင် မင်းချစ်မြတ်၍ အတွင်းစေ မိန်းမငယ်ကို ရွှေထဘီပေးသည်၊ မိန်းမငယ်လည်း ပြင်လွှင်သို့ဝတ်၍ ထွက်၏။ တံခါးက ကျူးသော် မြို့ဝန်ဖမ်း၍ အကုန်ဆုတ်၏။ ။ မိန်းမငယ်လည်း ငါ့အရှင် ပေးသည်ကိုကား မြို့ဝန်ကို ရန်စောင်၏။ ။ မြို့ဝန်လည်း အရှင်ပေးသနားလျှင် နင်အတွင်းတွင်သာမဝတ်



www.burmeseclassic.com

www.burmeseclassic.com



အရာမတန်ဘဲ အပြင်တွင် ဝတ်ရမည်လောဟု ဆို၏။ ။ မိန်းမငယ်က မင်း အထံပြန်၍ သံတော်ဦးတင်လျှင် ငါသနားတော်မူသည်၊ နင်အတွင်းတွင် မဝတ်၊ အပြင်တွင် ဝတ်ချေသည်။ သည်မျှနှင့် နင့်ကို မြို့ဝန်လွှတ်သည်။ နင်သက်သာ လှပြီကိုကား။ အရာမဟုတ် မဆိုင်သည်ကိုဝတ်လျှင် မြို့ဝန် ဆုတ်ပိုင်ချေသည်။ အမိန့်တော်ရှိ၏။ ။ ငါပေးသည်ကို မြို့ဝန် ဆုတ်ရမည်လေဟူ၍ မင်းတို့အပြစ် မှုရှိ မရှိချေ၊ မြို့ဝန်ဆိုက အရာမဟုတ်သည်ကိုပြုလျှင် မင်းနှင့်နီးသည်ဟု မငဲ့ သာ၊ စီရင်ရိုး ရှိချေသည်၊ ။ တထုံးယူလေ။ ။

အင်းဝတွင် မင်းတစ်ပါးသည် သောက်ဦးလို၍ လူတိတ်သည့်အခါ ထန်းရည်အိုးကို ပုဝါနီစည်း၍ အနောက်က သွင်းစေ၏။ အတွင်းဝန်ကြီးသိသော် အတွင်းတော်က ခြောင်း၍ဖမ်း၏။ မိလျှင် သေရည်အိုးနှင့်တကွ မိန်းမအား တုပ်နှောင်စေ၏။ မိန်းမငယ်လည်း အမိန့်တော်ရှိ၍ သွင်းသည်ဆို၏။ သေရည်အိုး နှင့်နင် မိန်းမတန်မဲ့ တစ်ပြည်လုံး မှောက်မယ်ကြံသည်ကိုကား အခုပင်သတ်ပစ် မည်။ ဝန်ကြီးလည်း အတွင်းတော်ကကြားလောက်အောင် ခြိမ်းမောင်း၏၊ မင်း ရွှေနားတော်ကြားသော် သည်းခံပါဘိ၊ သင်းပြစ်မဟုတ်ချေ။ ဆေးဝါးချက်လို၍ ငါစေလိုက်ပချေသည်ဟု အမိန့်တော်ပြန်မှ မိန်းမကို လွှတ်၏။ အင်းဝထုံး။ သည်ကိုထောက်၍ ရှင်ဘုရင်မသင့်သည်ကိုပြုလျှင် ဝန်ကြီးတို့က အလိုလိုက်မနေ သင့်ဆိုရာသည်၊ ။ တထုံးယူလေ။ ။

ငါအလိုတော်ရှိ၍ ယူစေသည်ကိုကား ဝန်ကြီး ငါ့ကိုမထောက်ဟူ၍ မင်းက အောက်မေ့စိတ်ဆိုးသည်မရှိချေ။ ဝန်ကြီးဝတ္တရားရှိချေသည်ကိုကား ယူ၏။ မင်းဇကောရာဇ်ဖြစ်စေကာ ဘွေမယူ၊ ။ တထုံးယူလေ။ ။

အင်းဝတွင်ပင် မင်းကျော်စွာကြီး ခြံဝင်းပတ်လည် ကျုံးတူးသည်ကို မြို့ဝန်က ထောင်သားတို့နှင့် ဝန်းရံထား၏။ ကျော်စွာကြီးလည်း ငါဘုရင့်ညီကို ကား မြို့ဝန် စော်ကားရမည်လောဟု မားကိုင်၍လိုက်၏။ မြို့ဝန်ကို မားကိုင်၍ လိုက်ကြောင်း နားတော်ကြားသော် ကျော်စွာသည် မြို့ဝန်အား မားကိုင်၍လိုက် သည်မမည်၊ ငါ့ကိုမားကိုင်၍လိုက်သည်မဟုတ်လော။ နင်စော်ကားလှ၏။ သည် အမှုသည်တွင်ပြီးစေ။ အမိန့်တော်ပြန်၏။ အင်းဝထုံးတည်း။ သည်ကိုထောက်၍ ရာဇဝတ်နှင့် ဆန့်ကျင်သည်ကို ပြုက မင်း၏ ညီတော်ပင်လည်း မြို့ဝန်က တား မြစ်ရိုးရှိသည်။ ။ တထုံးယူလေ။ ။

ရာဇဝတ်နှင့် ဆန့်ကျင်သည့်အမှုဖြစ်၍ ကျေးဇူးသစ္စာရှိသည့်အတိုင်း





မြို့ဝန်တားသည်ကို ငါ့ညီအား နင်တားဝံ့သလော မင်းတို့မျက်နိုးမရှိချေ။ မြို့ဝန် ကို ဆုလာဘ်ပေးနှင်း၏။ ။ တထုံးယူလေ။ ။

ကျေးဇူးသစ္စာရှိသည်နှင့်အညီ မြို့ဝန်တားချေ။ ဖျက်ချေသည်ကို ငါတို့ ရှင်ဘုရင့်ညီ ရှင့်ဘုရင့်သားကိုကားဟူ၍ ဂုဏ်မာန်တက်၍ မပြုသင့်ချေ။ ဂုဏ်မာန်တက်ပချေသော် မြို့ဝန်၏အပြစ်မဟုတ်။ အရှင်ကိုစော်ကားရာရောက် ၏။ မင်းညီမင်းသားတို့ ဆင်ခြင်ရာသည်။ ။ တထုံးယူလေ။ ။

အင်းဝတွင်ပင် ပရိယတ်ဂုဏ်မရှိသည့် ရဟန်းသာမညကို တံဆိပ်လှူ လိုသည်။ တံဆိပ်ရွှေပါဟု လျှောက်လာသည်ကို ဆရာတော်ကြီးတစ်ပါးကြား၍ မိုးသောက်သော် ရှမ်းယွင်းတို့ ဦးထုပ်ကိုဆောင်း၍ အတွင်းတော်သို့ဝင်၏။ မင်းဇကောရာဇ်တွေ့လျှင် ဆရာတော် ယနေ့ ဦးထုပ်ထူးလှ၏ဟုလျှောက်၏၊ ရေမြေ့ရှင်တကာတော် ရှမ်းပြည်တရား မရလိုက်ကြပြီဖြစ်၍ ရှမ်းယွင်းတို့ အင်မတန်သည့်အရာကို တံဆိပ်လှူမည်ဟု ငါအမိန့်တော်ရှိသည်ကို ဆရာတော် ကြားချေသည်ကိုကား အောက်မေ့တော်မူ၍ မင်းသည် အရည်ရှိသရွေ့ကိုသာ သင့်တင့်လျှောက်ပတ်သည်ကိုသာ လှူ၏ တံဆိပ်အာဏာပင် လှူသော်ငြား တံဆိပ်နှင့်အင်မတန်အောင် ဂုဏ်မရှိလျှင် မခံယူရာချေ။ ။ တထုံးယူလေ။ ။

ရဟန်းကို တံဆိပ်လှူသည်။ လူကို ဘွဲ့အမည်ပေးနှင်းသည်။ အင်တန် သည် မတန်သည်ကို အရည်အချင်းအား စူးစမ်း၍ ပေးအပ်ရာသည်။ သည်သာ ပေးသူနှင့် ခံယူသူ ကျေးဇူးဂုဏ်ရှိရာချေ၏။ ။ တထုံးယူလေ၊ ။
(သတ်ပုံမူရင်းအတိုင်း)

## အစဉ်အလာကြီးခဲ့တဲ့ ရွှေဘိုမှာ

သည်စာကို ကျွန်မတွေ့ရှိသလောက်ကိုပဲ အခုဖော်ပြလိုက်ပေမယ့် စာတမ်းအပြည့်အစုံ မဟုတ်ပါဘူး။ အတော်ကျန်နေသေးတယ်လို့ သိရပါတယ်။ တကယ်ကလည်း ကုန်းဘောင်နေမီး ထိန်ထိန်ငြီးငြီး သမိုင်းအစဉ်အလာကြီးခဲ့တဲ့ ရွှေဘိုဒေသမှာ စာကောင်းပေမွန်ဆိုတာ မရှားပါဘူး။ လုံ့လ ဝီရိယနဲ့ ဖွဲ့ရှိရှိရှာ နိုင် ဖွေနိုင်ရင် ကနေ့ထက်တိုင် တွေ့နိုင်ပါသေးတယ်။

ကုန်းဘောင်ခေတ်မရောက်ခင်အထက်ကလည်း မြန်မာစာပေမှာ အများအားဖြင့် ရဟန်းတော်များက အရင်ဆုံးစတင်ပြီး လင်္ကာစကားပြေ အထွေထွေ ရေးဖွဲ့တာကို သတိပြုမိကြပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့သလို အလောင်းမင်းတရားကြီးကိုယ်တော်တိုင် လျှောက်ကြားချက်အရ မဟာအတုလဆရာတော် ရေးသားခဲ့တဲ့ ရာဇနီတိ အဆုံးအမဩဝါဒများကို ကုန်းဘောင်မင်းအဆက်ဆက် လက်စွဲပြုပြီး မပျက်မယွင်း ကျင့်ဆောင်တော်မူကြတယ်လို့ ပြောနိုင်ကောင်းပါရဲ့။ မင်းညံ့တွေတော့ မပါပါဘူး။

အနားသတ်ပြောရရင် ကျွန်မမှတ်သားမိတဲ့ " လောကမွေ့ထုံးပေါင်းစာတမ်း " ဆိုတဲ့ အများလည်းသုံးဆောင်နိုင်တဲ့ အဘိုးတန် စာကလေးတစ်စောင်ကို လူငယ်သုတေသီတွေအတွက် ဝေငှပေးချင်တဲ့ စေတနာသက်သက်ပါ။

◈ ◈ ◈

## ၁၁။ ရထားနဲ့ တံခွန်

*ကျွန်မသိမှတ်ဖူးတဲ့ မင်းသမီးတစ်ယောက်ရဲ့ ဖူးစာကံထူးခြားပုံအကြောင်း ပြောပြချင်ပါတယ်။ ဇာတ်မင်းသမီး မဟုတ်ပါဘူး။ ဘုရင့်သမီးတော်အစစ်ပါ။ သည့်ထက်ရှင်းအောင်ဆိုရရင် မင်းတုန်းမင်းတရားကြီးရဲ့ သမီးတော်တစ်ပါးအကြောင်း ဖြစ်ရပ်မှန်ဘဝကို ဖေါ်ပြမှာပါ။*

သည်ဖြစ်ရပ်ဇာတ်လမ်းပေါ် ပေါက်ခဲ့တာ သီပေါမင်းပါတော်မူစ ကာလကမို့ သည်နှစ်ဆိုရင် နှစ်ပေါင်း (၁၁၁)နှစ်တောင် ရှိပါပြီ။ ဒါလောက်ကြာလာပြီဆိုတော့ကာ ရှေးရှေးတုန်းကလို့ အစချီရမလို ဖြစ်နေပြီလေ။ ဘာကြောင့်ဆိုရင် မျက်မှောက်ခေတ်အထိ ရှင်ဘုရင်စနစ် ကျန်နေသေးတဲ့ အင်္ဂလန်တို့ ဂျပန်တို့မှာ မင်းသားတွေက အရပ်သူကိုယူ၊ မင်းသမီးက အရပ်သားကိုယူတဲ့ ဖြစ်ရပ်တွေဟာ ကိုယ်တိုင်ကြားကြသိကြမို့ ရိုးနေကြပြီ မဟုတ်လား။ သည်လိုဖူးစာဖက်တာမျိုးက ဘာမှမဆန်းတော့ဘူး။ ဟို လွန်လေပြီးတဲ့ ပဒေသရာဇ်ခေတ် အရှေ့နိုင်ငံတွေမှာတော့ အလွန့်အလွန် ထူးဆန်းနေတာကိုး။ အထက်ထက်က အစဉ်အလာမရှိခဲ့တော့ ကြားကြားသမျှ အံ့ဩကြီးစွာ ဖြစ်ကြရပါတယ်။ အဲသည်သဘောကို အခုပြောမယ့် တကယ်ဖြစ်ရပ်မှာ တွေ့နိုင်ကြပါလိမ့်မယ်။ အများသူငါ ကြားဖူးကြတဲ့ မယ်ပဒ္မာ-မောင်ဒါသ ဇာတ်လို မဟုတ်ပါဘူး။ ဒါ့ကြောင့် မယုံချင်လည်း ပုံပြင်တော့ မမှတ်ကြပါနဲ့။

ကုန်းဘောင်မင်းဆက် ဆယ်ဆက်မြောက် မင်းတုန်းမင်းက ၁၂၁၄ ခုနှစ်

ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မှာ နန်းတက်တော်မူတယ်ဆိုတာက စပြောရမှာပါ။ ဒါကလည်း ဖြစ်ရပ်မှန်ဇာတ်လမ်းရဲ့ နောက်ခံမြင်ကွင်းကျယ်ကို သိနားလည်ထားစေချင်တဲ့အတွက်ပါ။ အဦးဆုံး ကေရာဇ်ဘုရင်ခံအဖြစ်ခံယူ နန်းတက်တဲ့ဒေသက ငါးမည်ရပြည်ရွှေဘိုမှာဖြစ်ပါတယ်။ နန်းတက်တာနဲ့တစ်ပြိုင်နက် နန်းရမိဖုရား (၄)ပါး ရွေးချယ်ရာမှာ ရွှေဘိုမင်းရဲ့ပင်တိုင်စံ သမီးတော်ကြီးကို တောင်နန်းမတော်မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ပါတယ်။ နောင်စကြာဒေဝီလို့ ထင်ရှားလာမယ့် မိဖုရားခေါင်ကြီးပါ။ မင်းတုန်းမင်းကြီးနဲ့ ခမည်းတော်တူ-မယ်တော်ကွဲ မောင်နှမတော်စပ်ပါတယ်။

## မယ်ရွှေဝ

အဲသည်ကတည်းက မိဖုရားခေါင်ကြီးအပါးမှာ ခစားထမ်းရွက်ကြတဲ့အပျိုတော်ကလေးတွေထဲမှာ မယ်ရွှေဝလို့ခေါ်တဲ့သူကလေးတစ်ယောက်ပါပါတယ်။ နန်းဓလေ့အတိုင်း နန်းတွင်းအပျိုတော်ဆိုတာ မင်းမှုထမ်း ရာထူးရာခံဖြစ်သူ မိဘက မွေးတဲ့မိန်းကလေးမှ ဖြစ်နိုင်တာပါ။ မယ်ရွှေဝကတော့ ရွှေဘိုမင်းလက်ထက်တော်က သံတော်ဆင့်အရာနဲ့သူကောင်းပြုခံရတဲ့ စစ်ကိုင်းမြို့နယ်ပဒူတောင်ရင်းရွာဇာတိ ဦးရွှေကြူဖနီးမယ်ရွှေအိတို့ရဲ့ သမီးကလေးပါ။ သူ့ကိုသက္ကရာဇ် (၁၁၉၇)ခုနှစ်က အင်းဝမြို့တော် မီးသွေးတိုက်တံခါးနားက နေအိမ်မှာဖွားတာပါ။ နန်းတွင်းအပျိုတော်ဆိုတာမှာလည်း တစ်ယောက်နဲ့တစ်ယောက်အဆင့်မတူကြပါဘူး။ ဘုရင်စံနေတော်မူတဲ့ မှန်နန်းဆောင်မှာ ခစားထမ်းရွက်ရသူတွေကို မှန်နန်းအပျိုတော်ရယ်လို့ အဆင့်(၁) သတ်မှတ်ပါတယ်။

ဒုတိယအဆင့် (၂)က တောင်နန်းမတော်မိဖုရားခေါင်ကြီးအဆောင်မှအပျိုတော်တွေပါပဲ။ နောက်ပြီး တစ်ခြားမိဖုရားတွေ၊ သမီးတော်တွေထံ ခစားထမ်းရွက်ရတဲ့ အပျိုတော်တွေကတော့ သူ့တို့သခင်မအသီးသီးရဲ့အဆင့် နိမ့်မြင့်အလိုက် သူတို့မှာလည်း အဆင့်အတန်းအမျိုးမျိုးကွာခြားကြရတယ်ဆိုပဲ။ ဒါကြောင့် မယ်ရွှေဝကတော့ အပျိုတော် အဆင့် (၂) ဖြစ်ပါတယ်။

## ကောက်ယူသိမ်းပိုက်

တခြားအပျိုတော်တွေ အများကြီးရှိရာမှာ သူက စာပေကျမ်းဂန်တတ်ကျွမ်းသူမို့ နန်းတွင်းမှာ ထူးထူးခြားခြား ရှိနေသူပါ။ အဲသည်လို စာတတ်ပေတတ်ဆိုတဲ့ အရည်အသွေးကို တန်ဖိုးထားမြတ်နိုးတတ်လေ့ရှိတဲ့ မင်းတုန်းမင်း





ကြီးက ကောက်ယူသိမ်းပိုက်ပြီး မိဖုရားအရာ ထားပါတယ်။ သူ့အသက်(၁၈)နှစ်မှာ မိဖုရားတစ်ပါး ဖြစ်သွားပါပြီ။ မိဖုရားတွေများလှချည်လား ဆိုချင်သူတွေရှိရင်တော့ ပဒေသရာဇ်ခေတ် ပုံစံဟာ ကမ္ဘာ့နဲ့အဝှမ်း သည်လိုချည်းပါလို့ပြောပါရစေ။

သက္ကရာဇ် (၁၂၁၆) ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက်၊ သောကြာနေ့ နန်းတွင်းမှာ ကျင်းပတဲ့ မဟာဥကင်တော်ဖွင့် မင်္ဂလာအခမ်းအနားမှာ မိဖုရားမယ်ရွှေဝကို “ သီရိသုစိတ္တာမဟေ ” ဘွဲ့မည်နဲ့အတူ လှိုင်ကျွန်းရွာစားအဖြစ် ချီးမြှောက်ခြင်းခံရပါတယ်။ မင်းတုန်းမင်းကြီးနဲ့ လှိုင်ကျွန်းမိဖုရားတို့က ရင်သွေးတော် (၄)ပါး ဖွားမြင်ရာမှာ သားတော် (၂) ပါးနဲ့ သမီးတော် (၂) ပါးဖြစ်ပါတယ်။ သားတော်တွေက ငယ်စဉ်ကပဲ ကံကုန်ကြပြီး သမီးတော် (၂) ပါးသာ ကြီးပြောက်လာတာပါ။ အရွယ်ရောက်တဲ့အခါ သမီးတော်အကြီးက တောင်တွင်းချောင်မြို့စားမင်းသမီး “ သီရိသုဝဏ္ဏဝတီ ”၊ ညီမတော်က ဟင်္သာမော်မြို့စား “ သီရိသုမင်္ဂလာဝတီ ” ရယ်လို့ ဖြစ်လာပါတယ်။ သည်ဆောင်းပါးရဲ့ အဓိကဖြစ်သူက ဟင်္သာမော်မြို့စား မင်းသမီးဖြစ်ပါတယ်။ ဟင်္သာမော်မြို့ဆိုတာ မင်းတုန်းမင်းလက်ထက်က မြို့၊ ယခုခေတ်မှာ ရွာကြီးဖြစ်သွားပြီး ဧရာဝတီမြစ်အထက်ပိုင်းတကောင်း-ကြံညှပ် အနားမှာပါ။

## အကျအနသင်ပေး

မယ်တော်ကြီး လှိုင်ကျွန်းမိဖုရားက သမီးတော်များကို သူ့လိုတတ်ကျွမ်းအောင် စာပေကျမ်းဂန်များနဲ့အတူ ကဗျာလင်္ကာဖွဲ့ဆိုမှုတွေပါ ကိုယ်တိုင်အကျအနသင်ပေးပါတယ်။ သည်လို စာပေတတ်မြောက်တဲ့ သမီးတော်များဖြစ်မှခမည်းတော် မင်းတုန်းမင်းကြီးရဲ့အကြိုက်နဲ့ ကိုက်ညီမှာကိုး။ ဘုရင့်သမီးတော်ချင်း ယှဉ်ရင်လည်း ကိုယ်က မညံ့စေရဘူးပေါ့။ ညီအစ်မနှစ်ပါးမှာ ဟင်္သာမော်မင်းသမီးက စာပေဖွဲ့ဆိုရာမှာ ပိုတော်ပါတယ်။

နန်းတွင်းမှာ သည်လိုခံစားနေရတုန်း ခမည်းတော် မင်းတုန်းမင်းကြီး (၁၂၄၀) ခုနှစ်မှာ နတ်ပြည်စံသွားပါလေရော။ သည်တော့ လွှတ်တော်ဦးစီးမှူးမတ်တွေက ရှင်ဘုရင်အသစ် ရွေးချယ်ကြရမှာပါ။ သည်ပုဂ္ဂိုလ်ကြီးတွေအပေါ် ကြီးကိုင်နိုင်စွမ်းသူက အလယ်နန်းမိဖုရားကြီး ဆင်ဖြူမရှင်ဖြစ်ပါတယ်။ ဆင်ဖြူမရှင်နဲ့ သဘောချင်းညီသူက ကင်းဝန်မင်းကြီး (ငယ်မည် ဦးကောင်း)ပါ။ သူတို့နှစ်ဦး ပူးပေါင်းသိမ်းသွင်းကြံစည်မှုအရ သားတော်ပေါင်း (၅၀) ခန့်အနက်



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ငယ်သေးတဲ့ သီပေါမင်းသားက ရာဇပလ္လင်ပေါ် ရောက်လာပါတယ်။ ဩဇာကြီးသလောက် ဓါးထက်လှတဲ့ ဆင်ဖြူမရှင်မိဖုရားကြီးကို ကြောက်ကြလွန်းလို့ လှိုင်ကျွန်းမိဖုရား အပါအဝင် ကျန်မိဖုရားအားလုံး လိုလို ငြိမ်ဝပ်ပိပြား စကားတောင်ကျယ်ကျယ် မဟဝံ့ကြပါဘူး။ မိဖုရားတွေတင်မက သားတော်၊ တူတော်တွေပါ မိမိတို့ရှေးရေးကို ရင်လေးစွာနဲ့ အရိပ်အကဲကို စောင့်ကြည့်နေကြရတဲ့ ရက်ပိုင်းဆိုပါတော့။

## ကွပ်မျက်ပစ်

အတိုချုပ်ပြောရရင် သီပေါမင်း နန်းတက်ပြီး ရက်ပေါင်း ၁၀၀ အကြာမှာပဲ သီပေါမင်းရဲ့ လက်ကိုင် (ကျွန်ယုံတော်) ရနောင်မောင်မောင်တုတ် ခေါင်းဆောင်တဲ့ အာဏာသားအဖွဲ့ဟာ မင်းတုန်းမင်းကြီးရဲ့ သားတော်၊ တူတော် သမီးတော်ပေါင်းများစွာကို ညဥ့်အချိန်မှာ ကွပ်မျက်ပစ်လိုက်ကြပါတယ်။ ကွပ်မျက်ခြင်းခံရတဲ့ မင်းညီမင်းသား သမီးတော်ဦးရေကို ယနေ့ထက်ထိ အတိအကျ မသိနိုင်ကြပါ။ အားလုံး ၄၀ ကျော်လောက်ရှိမယ်လို့ ဆိုတဲ့ ခန့်မှန်းချက်လောက်ပဲ မှတ်သားရပါတယ်။

သည်လိုအရည်အသွေးပြည့်မီတဲ့ သားတော်၊ တူတော်တွေ အစုလိုက်အပြုံလိုက် ဆုံးရှုံးလိုက်ရတဲ့အတွက် တစ်နိုင်ငံလုံး ယူကျုံးမရ စိတ်ထိခိုက်ကြရပါတယ်။ ရွှေနန်းရှင် သီပေါမင်းနဲ့ မိဖုရားကြီး စုဖုရားလတ် (ဆင်ဖြူမရှင်မိဖုရားကြီးရဲ့ သမီးတော်)တို့ဟာလည်း ကြာရှည်ကြာများ ထီးနန်းစည်းစိမ် မစံစားလိုက်ရပါဘူး။ နန်းသက် ၇ နှစ်အရမှာ အင်္ဂလိပ်အစိုးရစစ်တပ် ချီတက်လာပြီး နိုင်ငံကိုလည်း သိမ်း၊ မင်း၊ မိဖုရားကိုလည်း ဖမ်းယူခေါ်ဆောင်သွားပါတယ်။

## အေးချမ်းမှုမရှိ

အခုလို ထီးကျိုး စည်ပေါက်မင်းပါပျောက်ပြီး သူ့ကျွန်ဘဝကျရောက်ကြရတဲ့ အစပိုင်းကာလမှာ တစ်နိုင်ငံလုံး ထကြွဆူပူ လူမျိုးခြားအစိုးရကို တော်လှန်သူများ ရှိသလောက် လုယက်သောင်းကျန်းကြသူ တောကြောင်တွေကလည်း တစ်မှောင့် ဆိုသလို နေ့ညမဟူ ရင်တထိတ်ထိတ်နေကြတဲ့ကာလပါ။ ဘယ်ဒေသမှာမှ အေးချမ်းမှုဆိုတာ မရှိပါဘူး။ အထူးသဖြင့် ရတနာပုံ မန္တလေး နေပြည်တော်ကြီးမှာ ပိုဆိုးတယ် လို့ဆိုပါတယ်။





ဂေါ်ရာစစ်သားတွေရဲ့ သေနတ်သံ တဒိုင်းဒိုင်း၊ ညတိုင်းလို လောင်တတ်တဲ့ မီးခိုးမှိုင်းတလူလူ ဆူပူလှုပ်ရှားတာတွေ များလွန်းလို့ မြို့သူမြို့သားတွေ ဒုက္ခကြီးလှတဲ့ ကာလပိုင်းပေါ့။ သည်အခါမှာ နန်းတွင်းမှ အထုပ်ကလေးတွေ ကိုယ်စီပိုက်ပြီး ပြေးလာကြတဲ့ နန်းတွင်းစံတွေအဖို့ ကမ္ဘာပျက်သလို ခံစားကြရပါတယ်။ လှိုင်ကျွန်းမိဖုရားနဲ့ သမီးတော်နှစ်ပါးတို့လည်း နန်းမြို့တွင်းမှာ အများသူတကာလို ထွက်ခွာခဲ့ရပြီလေ။ အားကိုးအားထားပြုစရာ နောင်တော် မောင်တော်တွေကလည်း ကွပ်မျက်ခံသွားကြတော့ ခိုကိုးရာမဲ့ဘဝနဲ့ ဘယ်သောင်ဘယ်ကမ်းဆိုက်လိမ့်မှန်းမသိ၊ မိမိတို့ ကိုးကွယ်ရာဆရာတော်ကျောင်းတိုက်တွေမှာပဲ ခိုဝင်ကြရပါတယ်။ အရပ်ထဲမှာ မလုပ်တတ် မနေတတ်ဖြစ်ပြီး ဘဝကိုဖြစ်သလို ရင်ဆိုင်နေကြရတာပါပဲ။ ပါလာတဲ့ လက်ဝတ်ရတနာဆိုတာကလည်း အကြောင်းအမျိုးမျိုးကြောင့် ကျန်ကောင်းသမျှသာ ကျန်ပါတော့တယ်။ ရုတ်တရက် မျက်လှည့်ပြလိုက်သလို ဘဝအပြောင်းအလဲ မယုံနိုင်အောင် နိမ့်ကျသွားကြပါတယ်။

သည်လိုခေတ်ပျက်ကြီးထဲမှာ မယ်တော်ကြီး လှိုင်ကျွန်းမိဖုရားဟာ မန္တလေးမြို့ လက်ရွေးကြီးအရပ်မှာ ကံကုန်သွားပါလေရော။

ဟင်္ဂမော်မင်းသမီးရဲ့ ဖြစ်ရပ်နောက်ခံမြင်ကွင်းကျယ်က သည်အတိုင်းပါပဲ။ သည်လို ကာလပျက်မျိုးကြုံရခြင်းစတဲ့ နောက်ခံအချက်များ သိထားပါမှ အကဲဖြတ်နိုင်မှာမို့ ကြိုတင် အစီရင်ခံရတာပါ။

ဆိုခဲ့သလို မယ်တော်ကြီး ကံကုန်သွားတာကလည်း သူတို့အတွက် တောင်ကြီးပြိုပြီဆိုပါတော့။ ညီအစ်မနှစ်ပါး အရွယ်တော်ကလည်း ၂၀ ကျော်လောက်ပဲရှိကြပါသေးတယ်။ သည်နေရာမှာ ညီမ ဖြစ်တဲ့ ဟင်္ဂမော်မင်းသမီးက ဘုန်းကြီးလူထွက်တစ်ယောက်နဲ့ လက်ဆက်အိမ်ထောင်ပြုလိုက်ပါတယ်။ သည်လို အဆင့်အတန်းမမျှတဲ့သူနဲ့ယူလိုက်တာကို သူတို့ မင်းဆိုးမျိုးနွယ် အသိုက်အဝန်းမှာ သဘောတူသူကနည်းနည်း။ သဘောမတူသူတွေက အများကြီးရှိတယ်ဆိုပဲ။

သဘောမတူနိုင်ဆုံး၊ ရင်အနာဆုံးဖြစ်နေသူကတော့ ဦးမောင်မောင်တင်ပါ။ သူက မင်းသားတစ်ပါးဖြစ်ပြီး နောင်အချိန်မှာ 'ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး' သုံးတွဲနဲ့အတူ အခြားစာအုပ်တွေလည်း ရေးလေတော့၊ သမိုင်းကျမ်းပြုဆရာ အဖြစ်ထင်ရှားသူပါ။ အင်္ဂလိပ်ခေတ်မှာ အကြောင်းကြောင်းကြောင့် နယ်ပိုင်ဝန်ထောက် ဦးမောင်မောင်တင် K.S.M., A.T.M အဖြစ် ထမ်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



သွားပါတယ်။ သူ့အမြင်မှာတော့ ဘုရင့်သမီးတော်အစစ် နန်းတွင်းစံ ဖြစ်လျက်ကနဲ့ ဘုန်းကြီးလူထွက်နဲ့မှ ဖြစ်ရလေခြင်းရယ်လို့ ရင်ထုမနာဖြစ်ဟန်တူတယ်။ ဒါကြောင့် သည်ဖြစ်ရပ်ကို မခံမရပ်နိုင်ဘဲ တေးထပ်တစ်ပုဒ် ရေးဖွဲ့လိုက်ပါသတဲ့။ အခုဖော်ပြမယ့် တေးထပ်ပါပဲ။

" ဟင်္သာမင်းသမီးအကြောင်း
ဦးမောင်မောင်တင်ရေး တေးထပ် "

ကြားရပုံမချမ်းမြေ့အောင်ပ၊ နန်းမလေ့ပျက်တာ၊
ရမ်းသရွေ့ရှက်စရာငယ်၊ စက္ကဝါမဆံ၊
မင်းသမီး ရွှေနန်းပျော်မှာ၊ ရေဖျန်းတော် ညွန်းကြအနံ့၊
တောသားနဲ့လူထွက်တွေကို၊ ကြုံစက်ဘွေ့ဘုံပျံ့၊
သူမက်စေ မှုန်သန့်လို့၊ ထုံရနံ့ကြိုင်စွာ၊
အခွင့်တော်ချိုသာပေး၊ လိုရာရေး နှင်းတဲ့အခါ၊
ကောသလ သုပိနာငယ်၊ ခုသိသာ ပွဲအကျဆန်းပါလို့၊
ရွှေလင်ပန်းမုတ္တာရေ၊ ကိန်းဆိုက်ပေ့ါလေ၊
ပြည်ကုန်းဘောင်နှုန်းတနေမှာ၊
ဘုန်းသရေညှိုးပါဘိလေး။ ။
(ကောသလ သုပိနာ = ကောသလ အိပ်မက်)

ဟင်္သာမင်းသမီးက သူ့ဖြစ်အင်ကို ဦးမောင်မောင်တင်သည် တေးထပ်ရေးစပ်ကြောင်း ကြားတဲ့အခါ အလွန်စိတ်မကောင်းခြင်းကြီးစွာနဲ့ အချင်းချင်း ပြောရက်လေခြင်းလို့ စိတ်လည်းနာ ဒေါသလည်းဖြစ်မိပါတယ်။ သည်လိုဒေါသမျိုးကလည်း ကြီးမားတတ်ပါတယ်။ သူ့အဖြစ်က တကယ်ဆိုရင် 'ရေနစ်သူကောက်ရိုးတစ်ပင်တောင် ဖမ်းဆွဲတယ်' ဆိုရိုးစကားလိုပဲ။ ရေနစ်နေတုန်း လက်ကမ်းပေးသူကြုံရတော့ ကမ်းလာမဲ့လက်မှာ ပွေးပေါက်နေသလား ဝဲပေါက်နေသလားရယ်လို့ ဘယ်မှာ စောကြောစစ်ဆေးနေဖို့ အချိန်ရပါ့မလဲ။ လတ်တလောကြုံနေရတဲ့ အသက်ဘေးကလွတ်ဖို့သာ ဆွဲမိဆွဲရာဆွဲတော့မှာပဲ မဟုတ်လား။ နောက်ပြီး မင်းသမီးအနေနဲ့လည်း ကိုယ်လက်ခံမယ့်သူဟာ အဆင့်ချင်းမမျှတာ အသာထား။ ယုံကြည်ကိုးစားလောက်တဲ့ အရည်အသွေးရှိနေသူ ယူဆကောင်းယူဆလိမ့်မယ်လို့ ထင်တာပါ။

အမှတ်တမဲ့ စာဖွဲ့လိုက်သူ ဦးမောင်မောင်တင်ကတော့ ကရုဏာဒေါ





သောဖြစ်လွန်းလှိုပါပဲ။ သို့ပေမယ့် အရှက်ကြီးရှက်ရသူ မင်းသမီးမှာ ဟုတ်လွန်းမခံသာ ဆိုတာလို သည်အတိုင်း ခေါင်းငုံ့မခံနိုင်တော့ပါဘူး။ ဦးမောင်မောင်တင်ရဲ့အဆိုကို တေးထပ်တစ်ပုဒ်ရေးဖွဲ့ပြီး ပြန်ချေပလိုက်ပါတယ်။ ဦးမောင်မောင်တင်ရေးလိုက်ပုံမှာ စကားလုံးခပ်ကြမ်းကြမ်းတချို့ ပါလေတော့ကာ ဟင်္သာမင်းသမီးကလည်း ခပ်ကြမ်းကြမ်း ပြန်တွယ်တော့တာပဲ။ သူချေပတဲ့ တေးထပ်က သည်လိုပါ။

" ဟင်္သာမင်းသမီးရေး ချေတေးထပ် "

မင်းသားတွေ မိသမျှ၊ မရှိရ ဆွေးအောင်
အတိတ် ရှေးယခေါင်မှာ၊ ခွေးရနောင်လက်ကိုင်း၊
ညဥ့်တွင်းချင်း တက်တက်ကုန်သည်၊ ရက်စက်ပုံ သင်းကမိုက်ရိုင်း
နန်းပျက်တော့ ကြောက်အားဖြာသည်၊ မြောက်သားရှာခက်တိုင်း
ထောက်ထားကာ ရက်မဆိုင်းနိုင်လို့၊ သက်တန္တိုင်းကြုံရွှယ်
လူပြန်တော် မောင် ခေါင်းတုံးနဲ့၊ ခေါင်နှလုံးကြည်ရပါတော့တယ်၊
သို့ပါလျက် တို့မျက်ကွယ်မူ၊ မဲ့ကြသူအများပ
မင်းသား ယူဖို့ရာ၊ ရှားတဲ့ခေတ်ခါ၊
ကဲ့ရဲ့သည့် ပါးစပ်ဟာကို ဘိနပ်စာ ကျွေးမယ်ဟဲ့လေး။ ။
(လက်ကိုင်း = မင်းသားများရဲ့ လက်ရင်းငယ်ကျွန်)
(မြောက်သား = နန်းတွင်းသုံးစကား၊ ခင်ပွန်း)

သည် ဟင်္သာမင်းသမီးပဲရေးတဲ့ တေးထပ်တချို့ ကျန်ရှိပါသေးတယ်။ ထီးသုဉ်းနန်းပျက်၊ ကာလပျက်အခါမှာ ကြုံတွေ့ရတဲ့အဖြစ်တွေ ရေးဖွဲ့ထားတာပါ။ အခွင့်သင့်တဲ့အခါ ဆက်ရေးပါဦးမယ်။

ရည်ညွှန်း

(၁) ကုန်းဘောင်ဆက်ရာဇဝင်ကြီး၊ တတိယတွဲ
(၂) မှတ်စု၊ ဦးစိန်မောင်ဦး၊ ရှေးဟောင်းသုတေသနဌာန၊ ညွှန်ကြားရေးမှူး (ငြိမ်း)

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ မှန်ကင်းပေလား၊ ထင်းလေလား

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် (ခရစ်နှစ် ၁၈၈၆) ဝန်းကျင်၊ အင်္ဂလိပ်တို့က နိုင်ငံနှင့်မင်းပါ သိမ်းယူပြီးစ မန္တလေးနေပြည်တော်မှ မြို့သူမြို့သားတွေ (အဲသည်တုန်းက မန္တလေး လူဦးရေကို တစ်သိန်းခန့်လို့ ပညာရှင်များ ခန့်မှန်းကြပါတယ်) အလွန့်အလွန် အတိဒုက္ခရောက်ကြရတဲ့ကာလပါ။

လူဆိုး သူခိုး တောကြောင်တွေ ကြောက်ရ၊ အင်္ဂလိပ်စစ်တပ်က ဂေါ်ရာ ဂေါ်ရခါးတွေလည်း ကြောက်ကြရတဲ့အပြင် စားစရာနေစရာ ပြည့်စုံလုံခြုံဖို့ လူတိုင်း အခက်အခဲမျိုးစုံ ကြုံနေကြရပါတယ်။ သည်လို ဒုက္ခရောက်ကြရတဲ့ ပြည်သူတွေမှာ အကြမ်းအားဖြင့် နှစ်မျိုးနှစ်စား ရှိတယ်လို့ ပြောရပါမယ်။ ပထမအမျိုးက မြို့ရိုးလေးဖက်အတွင်းက ထွက်လာကြရတဲ့ ထီးရိပ်နန်းရိပ်မကင်းတဲ့ လူတန်းစား။ ဒုတိယအမျိုးက သာမန် အရပ်သူအရပ်သား လက်လုပ်လက်စားတွေ ဆိုပါတော့။

### ကံအဆိုးဆုံး

ပထမ အမျိုးအစားဝင် နန်းတွင်းစံတွေထဲမှာ နှစ်ပေါင်းများစွာ ဘုရင့်ဘုန်းရိပ်ကိုခိုပြီး အေးအေးလူလူ ပျော်စံနေထိုင်ခဲ့ကြရလေတော့ အခုလို ထီးနန်းပျက်ပြီး နန်းမြို့တွင်းက ထွက်ရပြီဆိုတော့ ဧရာမအခက်ကြီး ကြုံတွေ့ရပါရော။ တချို့က မြို့တော် လေးပြင်လေးရပ် ဆင်ခြေဖုံးရပ်ကွက်တွေမှာ ခြံဝင်းနေအိမ်ဝယ်ထားမိသူ ရှိတန်သလောက် ရှိပါတယ်။ သူတို့က နေစရာတစ်ခုတော့ မပူရ





ဘူး။ ကျန် အများစုကတော့ ပြေးစရာ မြေမရှိဆိုသလို ဖြစ်ကြပါတယ်။ နေရေးစားရေး အားလုံး အခက်ချည်းဆိုပါတော့။ သူတို့အထဲက ကံအဆိုးဆုံးလို့ ပြောရမယ့် သူတွေက မင်းတုန်းမင်းကြီးရဲ့ မိဖုရားဟောင်းတွေနဲ့ သမီးတော်တွေပါပဲ။

သူတို့က မိဖုရားဟောင်းတွေပဲ လက်ဝတ်ရတနာတွေ အသီးသီးမရှိကြဘူးလားလို့ မေးခွန်းထုတ်ဖို့ ရှိပါတယ်။ အဖြေက သည်လိုပါ။ သီပေါမင်းသားနဲ့ မြတောင်မြို့စား မင်းသမီး စုဖုရားလတ်တို့ဟာ မင်း မိဖုရားတွေအဖြစ် ရာဇပလ္လင်ပေါ် ရောက်လာတဲ့အခါ မိဖုရားက အမိန့်တော်တစ်ခု ထုတ်ပါတယ်။ အဲဒါက ခမည်းတော် မင်းတုန်းမင်းကြီးရဲ့ ကျန်ရစ်သူမိဖုရားဟောင်းတွေက သူတို့မင်း မိဖုရားနှစ်ပါးကို ရှိပစ္စည်း လက်ဖွဲ့ကြစေပေါ့။ သူ့ခမည်းတော်ရှိတုန်းက ဘယ်မိဖုရားကို ဘယ်လို ရတနာပစ္စည်း အပ်နှင်းခဲ့တယ်ဆိုတာ သူက အစဉ်းသိမှုပတ်လား။

### မိမ့်မိမ့်တုန်

သည်တော့ မိဖုရားဟောင်းကြီးတွေမှာ အထိတ်တလန့်နဲ့ စုဖုရားလတ်ရဲ့ အမိန့်တော်ကိုလည်း မပယ်ဝံ့။ စားထက်လှတဲ့ မယ်တော်ဆင်ဖြူမရှင် မိဖုရားကြီးကိုလည်း မိမ့်မိမ့်တုန်ကြောက်ကြရလေတော့ သူ့အမိန့်တော်အတိုင်း မိဖုရားဟောင်းအများစုက ရှိသမျှပစ္စည်း လက်ဖွဲ့ကြရပါတယ်။ တချို့ ခေါင်းမာတဲ့ မိဖုရားတွေက လှူတာလှူ သုံးတာသုံးပြီးမို့ ပစ္စည်းလက်ကျန်မရှိတော့ပါလို့ တင်ကြားကြတော့ အဲသည် မိဖုရားတချို့ကို ဖိနှိပ်အရေးယူပါတယ်။ အထူးသဖြင့် စိန်တုံးမိဖုရားကြီးက ပစ္စည်းထုတ်မပေးဘဲ တင်းခံနေတော့ကာ သူ့ကို အကျဉ်းချထားလိုက်တာ အတော်ကြီးကြာမှ လွှတ်တယ်လို့ ဦးမောင်မောင်တင် ရေးတဲ့ 'ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယတွဲ'မှာ တွေ့ရပါတယ်။ ကျန်မိဖုရားဟောင်းတချို့က မိမိတို့ ကိုးကွယ်ဆည်းကပ်ရာ ဆရာရင်း ဘုန်းကြီးကျောင်းတွေမှာ သွားရောက်ခွင့်တောင်းပြီး ခိုလှုံနေကြရပါတယ်။

သည်အနားမှာ နန်းတွင်းစံတွေရဲ့ အခက်အခဲတွေအကြောင်း ခဏရပ်ထားပြီး ဒုက္ခသည် ဒုတိယအမျိုးဖြစ်တဲ့ ပြည်သူလူထုဘက်ကို လှည့်ကြည့်ကြပါဦးစို့။ သာမန် လက်လုပ်လက်စား အများစုရဲ့ ဒုက္ခကလည်း အတော်ကြီးဆိုးဝါးပါတယ်။ မန္တလေးမြို့နဲ့ အနီးဝန်းကျင်ဒေသ ရပ်ကွက်တွေတကာ ကမ္ဘာပျက်သလို ချောက်ချားနေကြရဆိုပဲ။ မြန်မာ ရာဇဝင်သမိုင်း တစ်လျှောက်လုံး မင်းပြောင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းလွဲ ဆိုတာမျိုး ကြုံဖူးကြပါရဲ့။ ဒါပေမယ့် နောက်တက်တဲ့မင်းက အမျိုးတူ ဘာသာတူ မြန်မာမင်းချည်း မဟုတ်လား။ အခုတစ်ခါတော့ ရှေးကလို မဟုတ်၊ မျိုးမတူ ဇာတ်ခြားတဲ့ကုလားဖြူ ကုလားမည်းတွေက နိုင်ငံကို သိမ်းယူရုံမက မင်းမိဖုရားကိုပါ ဖမ်းခေါ်သွားတာမျိုး ဘယ်တုန်းကမှ ကြားဖူး ကြုံဖူးကြတာ မဟုတ်ဘဲကလား။ အခြေအနေချင်းက အရမ်းခြားနားနေတာကိုး။ အဲသည်တုန်းက တစ်ပြည်လုံး ခံစားကြရတဲ့ ဖြစ်တွေကိုပြောရရင် - (သည်နေရာမှာ ပြောပါရစေဦး။ သည်ဆောင်းပါးနဲ့ တယ်မသက်ဆိုင်လို့ ကျော်ဖတ်သွားရင်လည်း ဖတ်ကြပါ) သည်လို အရှင်နှစ်ပါး ပါတော်မူစမှာ တောကြောင်တွေက ထ၊ သူတို့ ကုလား စစ်ဗာရီတွေကလည်း စိတ်မထင်ရင် သူခိုး ဓားပြဆိုပြီး နေ့ညမရှောင် နေရာမရွေး ပစ်သတ်ကြတာပါ။ သည်တော့ နေပြည်တော်ဝန်းကျင်မှာ စစ်သားတွေရဲ့ သေနတ်သံ တဒိုင်းဒိုင်း မီးခိုးမှိုင်း တလူလူနဲ့ မီးမလန့်တဲ့နေ့ရယ်လို့ မရှိဘူးဆိုပဲ။ ရှို့မီးလည်းပါတာပေါ့။ သည်သတင်းစကားတွေကလည်း တစ်ဆင့်ပြီး တစ်ဆင့် ပြောပြကြတော့ အများကြီး ပြန့်နှံ့နေပြီလေ။ ဝမ်းစာအတွက် အလုပ်အကိုင်ကလည်း မရှိ။ စားသောက်ကုန်စည်၊ သွင်းကုန်ပို့ကုန်ကလည်း ရပ်သွားပါလေရော။

## ကုလားရေကြီးနှစ်

ဒါ့အပြင် အဲသည် (၁၈၈၆) ခုနှစ်ထဲမှာ ဧရာဝတီမြစ်ရေ တားထားတဲ့ တာရိုးကြီးကလည်း မကျိုးစဖူး ကျိုးပေါက်သွားပြန်တော့ မြို့တွင်းရှိပြီးသား စားသောက်ကုန်တွေ ရေထဲပါ။ ဒါတင်မက လူနေအိမ် အများအပြား မျောပါသွားသေးတယ်။ ဒါကြောင့် အဲသည်နှစ်ကို 'ကုလားရေကြီးနှစ်'လို့ အလွယ်တကူ မှတ်သားသုံးနှုန်းကြပါတယ်။ လူ အသေအပျောက်လည်း ရှိပါသေးသတဲ့။ သည်လို မီးဘေး၊ ရေဘေးကြောင့် ဆင်းရဲသားတချို့ ငတ်ပြတ်နေကြတာသိတဲ့ အင်္ဂလိပ်အစိုးရက ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးစခန်းတွေ ဖွင့်ပေးပါတယ်။

သည်လို ကယ်ဆယ်ရေးစခန်းတွေကို နေ့စဉ် လာရောက်ယူကြသူ တစ်ဦးကို ပိုက်ဆံ ကြေးပြား နှစ်ပြား(ပဲဝက်)နဲ့ ဆန် တစ်ပေါင်ကျစီ (နို့ဆီဘူး နှစ်လုံး) ပေးပါတယ်။ ဒါပေမယ့် မိမိ အိမ်ထောင်စုအတွင်းမှာ တစ်နေ့ဝင်ငွေ (၆) ခြောက်ပဲရှိသူပါရင် အဲသည် မိသားစုဝင်တွေ မပါရပါဘူး။ တစ်နေ့တစ်နေ့မှာ လာရောက်တောင်းခံကြသူ ၂၀၀၀ ကျော် ၃၀၀၀ အထိ ရှိပါတယ်။ (ဒေါ်ကြန်





ရေး၊ 'မြန်မာနိုင်ငံ ၁၈၈၅-၈၆ အခြေအနေ' စာအုပ်မှ) ဒါလောက်ဆိုရင် အဲသည်ခေတ်ရဲ့ ပြည်သူအများ ဒုက္ခကို ရိပ်မိနိုင်ပါပြီ။ ကျွန်မ ပြောချင်တဲ့ စကားက ဒါပါပဲ။

စကားညှပ်ပြီးတော့ ရှေ့နားက ခဏရပ်ထားခဲ့တဲ့ စကားစပ်ကို ပြန်ကောက်ပါမယ်။ အများတကာ အခုလို အခြေအနေမျိုး ဖြစ်နေကြလေတော့ နန်းတွင်းက ထွက်လာကြရသူတွေအတွက် ပိုခက်သွားကြရပြန်ပါတယ်။

## ထူးချွန်ပြောင်မြောက်

ဘုန်းတော်ကြီးများကျောင်းရိပ်ကို ခိုလှုံရောက်ရှိသွားကြရတဲ့ မိဖုရားပေါင်းတွေထဲမှာ 'သီရိသုမိတ္တာမဟေသီ' ဘွဲ့ရ (ငယ်မည် မယ်ရွှေဝ) လှိုင်ကျွန်းမိဖုရားနဲ့ သမီးတော်နှစ်ပါး ပါဝင်ပါတယ်။ သူတို့သား မယ်တော်တစ်စုကလည်း အဖိုးထိုက် ရတနာပစ္စည်း လက်မဲ့ဖြစ်နေပုံရပါတယ်။ သမီးတော်အကြီးက တောင်တွင်းချောင်မြို့စား 'သီရိသုဝဏ္ဏဝတီ'ဖြစ်ပြီး၊ သမီးတော်အငယ်က ဟင်္ဂမော်မြို့စား 'သီရိသုမလ္လာဝတီ' ဘွဲ့ရသူဖြစ်ပါတယ်။ ဟင်္ဂမော်မြို့ဆိုတာ ဟိုတုန်းကတော့ မြို့အဆင့်ရှိပြီး အခု ရွာကြီးဖြစ်နေပြီလို့ သိရပါတယ်။ ဧရာဝတီမြစ် အထက်ပိုင်း တကောင်း-ကြံညှပ်နားမှာပါ။ သည်သား မယ်တော်သုံးပါးရဲ့ ထူးခြားချက်က မယ်တော် လှိုင်ကျွန်း မိဖုရားကြီးက စာပေကျမ်းဂန် တတ်ကျွမ်းသူမို့ သမီးတော်များကို သူ့လိုပဲ တတ်အောင် သင်ကြားပေးထားတာပါ။ အထူးသဖြင့် သမီးတော်အငယ် ဟင်္ဂမော် မင်းသမီးက ကဗျာ လင်္ကာ အရေးအဖွဲ့မှာ ထူးချွန်ပြောင်မြောက်သူ ဖြစ်ပါတယ်။

သူတို့ ဘုန်းကြီးကျောင်းမှာ ခိုဝင်နေထိုင်ကြတယ်။ မကြာခင်မှာပဲ သမီးတော်အကြီး တောင်တွင်းချောင်မင်းသမီး ကံကုန်သွားပါလေရော။ သည်တော့ကာ သားမယ်တော် နှစ်ပါးသာ ကျန်ရှိရစ်ပါတယ်။ ဟင်္ဂမော်မင်းသမီးဟာ ခိုကိုးရာမဲ့ဖြစ်ပြီး ရေနစ်သူလို တွယ်မိတွယ်ရာ ဆွဲမိသလို နီးစပ်ရာ အစစ အကူအညီပေး စောင့်ရှောက်သူ ဘုန်းကြီးလူထွက်တစ်ဦးနဲ့ လက်ဆက်အိမ်ထောင်ပြုလိုက်ပါတယ်။ (သည်သားမယ်တော်တစ်စုရဲ့ ဖြစ်ရပ်မှန်တွေကို စာရေးသူက 'ရထားနဲ့တံခွန်'ဆိုတဲ့ ဆောင်းပါးတစ်စောင်၊ ၁၉၉၇ ခု၊ နိုဝင်ဘာလ 'မိုးဂျာနယ်' မှာ ရေးထားပါတယ်။ အဲသည်ဆောင်းပါးမှာ ထီးနန်းပျက်စ မယ်တော်ကြီး လှိုင်ကျွန်းမိဖုရား ကံကုန်တယ်လို့ ချွတ်ချော်ရေးမိပါတယ်။ အမှန်က သမီးတော်



www.burmeseclassic.com

www.burmeseclassic.com



အကြီး ကံကုန်တာဖြစ်ပါတယ်။ (ခွင့်လွှတ်ပြင်ဆင် ဖတ်ကြပါရန်)

ဟင်္သာမော်မင်းသမီးရဲ့ အိမ်ထောင်ရေးအဖြစ်ကို ဘဝတူအချင်းချင်းကနားလည်ခွင့်လွှတ်သူတွေ ရှိသလို ကဲ့ရဲ့စကားတင်းဆိုသူတွေလည်း မကင်းပါဘူး။ သည်လို ဝေဖန်ကဲ့ရဲ့သူတွေထဲမှာ မင်းသား ဦးမောင်မောင်တင် (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (၃)တွဲကို ရေးသူ) ကတော့ ဟင်္သာမော်မင်းသမီးကို ဘုရင့်သမီးတော်အစစ် ဖြစ်ပါရက်ကနဲ့ ဘုန်းကြီးလူထွက်နဲ့မှ ဖြစ်ရလေခြင်းလို့ 'မထင်ဘဲနဲ့ ရင်ထဲကနာ'ဆိုသလို ကရုဏာဒေါသောဖြစ်ပြီး အလွန်ထိမိတဲ့ တေးထပ်တစ်ပုဒ် ရေးစပ်လိုက်ပါတယ်။

သည်လို တေးထပ်ရေးကြောင်း ဟင်္သာမော်မင်းသမီးနား ပေါက်ကြားသွားတော့ သူကလည်း ခေါင်းငုံ့မခံပါဘူး။ သည်လိုအကြောင်းကြောင့် သည်လိုအကျိုးဆက်ဖြစ်ရတာလို့ ချေပဖြေရှင်း ရေးဖွဲ့လိုက်တာပါ။ သူ့လက်ရာ တေးထပ်ကလည်း အဓိပ္ပာယ် ကာရန် နဘေကစလို့ ပြောင်မြောက်တဲ့စာပါပဲ။ အဲသည်စာများ 'ရထားနဲ့တံခွန်' ဆောင်းပါးမှာ ပါပြီးပါ။

## တေးထပ် ရေးစပ်

အမှန်တော့ ဦးမောင်မောင်တင် ရေးလိုက်တုန်းကလည်း ဟင်္သာမော်မင်းသမီးတစ်ဦးတည်း ပစ်မှတ်ထားရည်ရွယ်ခြင်းဟုတ်ပုံ မရပါဘူး။ ကျန်ဆွေတော်စုတွေအနေနဲ့လည်း နောင် သည်လိုမဖြစ်အောင် မျိုးရိုးဇာတိ စောင့်ရှောက်တတ်အောင်၊ မိမိကိုယ်ကို တန်ဖိုးထားတတ်အောင် သတိပေးလိုက်ခြင်းလို့ပဲ ထင်ရပါတယ်။ နောက်ပြီး မင်းသမီးကလည်း တစ်ပါးသူ ရေးလိုက်တဲ့စာကို အခံရခက်လို့သာ လက်တုံ့ပြန်ပြီး တေးထပ်ရေးစပ်လိုက်တာပါ။ သူ့အတွင်းစိတ်ထဲကတော့ ဖြစ်လာသမျှအကြောင်းကံကို သည်းခံခြင်းသာပဲ။ ဘခမည်းတော် အမိန့်တော်ကို လိုက်နာရရောက်တယ်လို့ ဘဘောပိုက်ထားဟန်ပါပဲ။ မိမိတို့ဘဝ အခြေအနေ မျက်လှည့်ပြလိုက်သလို ခြားနားသွားရတာ ကိုယ်တွေ့ကြုံရလေလေ၊ ခမည်းတော်ဘုရားရဲ့ သည်းခံခြင်းတရား လက်ကိုင်ထားဖို့ အမိန့်တော်ထား ဆုံးမခဲ့ပုံတွေကို သတိရလေလေ ဖြစ်နေတာပါ။

သည်အချက်ကို အလေးအနက်ထားပြီး နတ်ပြည်စံ ခမည်းတော်ဘုရားသို့ လျှောက်ကြားလေဟန် ရေးဖွဲ့တဲ့ တေးထပ်တစ်ပုဒ်ကို ဖတ်ကြည့်ကြပါဦး။

" တုသိတာ ဘွေပြာသာဒ်က၊ လောင်းတော်မြတ် ရာဇိန်၊ ဘုံ ရတန





နန်းဂိရိန်ကို၊ ထောင်စက်ရှိန် ရှူစား။ သမီးမြတ် ရတနာမှာ၊ ခန္တီဝါ ဖြစ်ပေ့ါဘုရား။
ဓိတ်တော်ကြိုက် စရိုက်ဉာဉ်ကို၊ အလိုက်ပင် မမှား။ ထိုက်သင့်ရာတရားနဲ့၊ မိန့်
ထားချက် ဗျာသံ။ တစ်သဝေ ဖယ်မတိမ်းပါဘု၊ ခန္တီကိန်းဖွင့်လျက် အမှန်။
လောက ထုံးစံမှာ၊ သည်းခံလျှင်သာဖိလို့၊ ဒါသီက ကဲကာချွန်၊ မိုးက မူဝံ။
သာကီစစ် နေကဝံမှာ၊ မြေအမွန် ဖြစ်ကိန်းထင့်လေး။
(ဗျာသံ = ဗျာဒိတ်တော်အသံ။ ဒါသီ = ကျွန် )

အထက်ပါအတိုင်း ခမည်းတော်သို့ တိုင်တည်ရေးဖွဲ့လိုက်ရုံမကပါဘူး။ သူတို့ ဖြစ်ပုံပျက်ပုံ အတွေ့အကြုံတွေအရ နောက်တစ်မျိုး နာသာခံခက်စရာအကြောင်းတစ်ရပ်ကလည်း ရှိပါသေးတယ်။ အဲဒါကတော့ စိန်မှန်ကင်းအစစ်ကထင်းဖြစ်နေရတဲ့ မင်းသမီးတွေ ရှိသလို အယောင်ဆောင် မင်းမျိုးအတုတွေပေါ်ပေါက်လာခြင်းပါပဲ။ မင်းမျိုးမင်းနွယ် အစစ်တွေက အခြေအနေအလိုက်မိမိကိုယ်ကို နှိမ့်နှိမ့်ချချ နေထိုင်ပြောဆိုနေကြရတာပါ။ ဒါပေမယ့် အဆောင်ကိုင်၊ အပျိုတော်၊ နောက်လိုက်လက်ပါးစေ စတဲ့ မင်းခစားတချို့ကတော့ သူတို့ကိုယ်သူတို့ မင်းမျိုးလို့၊ တံဆိပ်ကပ် အယောင်ဆောင်နေသူတွေ ပေါများလာပါတယ်။ ယောကျ်ားတွေက ထိပ်တင်၊ မိန်းမတွေက ထိပ်ခေါင်တင် ဘယ်သူဘယ်ဝါလို့ ကိုယ့်ဟာကိုယ် သမုတ်ပြီး ဟန်လုပ်နေကြတာကို ဆိုလိုတာပါ။

မင်းတုန်းမင်းကြီးက သဒ္ဒါတော်မူလို့ ဆွေတော်စုနဲ့မခြား တစ်တန်းတည်း ထားပြီး နေထိုင်ပြောဆို သုံးနှုန်းခွင့်ပြုထားသူတွေ ရှိတန်သရွေ့ ရှိခဲ့တာမှန်ပါရဲ့။ သူတို့ မင်းခစားတွေဟာ နန်းတွင်းမှာ ဝင်ထွက်သွားလာဖူးကြတော့ ထီးဟန်နန်းဟန် သုံးနှုန်းပြောဆိုတတ်ကြပြီးသားပေ့ါ။ သိပ်မကြာခင်ပဲ အဲသည်လိုလူတန်းစား မင်းမျိုးဆိုသူတွေ ရှောင်မလွှတ်အောင် များသထက်များ ပွားသထက်ပွား ဖြစ်လာပါတယ်။

နန်းတွင်းနဲ့စိမ်းတဲ့ သာမန်အရပ်သားတွေအဖို့မှာတော့ အစစ်နဲ့အတုခြားသိဖို့ မလွယ်လှပဲကိုး။ တကယ့် မင်းဆွေမင်းမျိုးတွေကတော့ ဘယ်သူဟာအတုဆိုတာ ကောင်းကောင်းသိကြပါတယ်။ သည်လို သိကြပေမယ့် ဒါတွေဖိုက်ပြောနေဖို့လည်း တယ်မလွယ်ဘူးလေ။

## ခံကြယ်လို့

အခုလို ဇာတိမမှန်သူတွေက ဘာ့ကြောင့် သည်လို ဟန်ပန်လုပ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တာလည်းဆို အများရဲ့ အရိုအသေပြုခံ၊ ဟိတ်ဟန်ထုတ်ချင်တာ တစ်ကြောင်း၊ နောက်ပြီး အင်္ဂလိပ်အစိုးရက မင်းဆွေမင်းမျိုးတွေကို ထောက်ပံ့ကြေးပေးမယ် ဆိုတာ သတင်းသဲ့သဲ့ကြားလို့ လိုချင်တာတစ်ကြောင်း ဖြစ်မယ်လို့ ယူဆရပါတယ်။ အဲသည်လို အတုအယောင်တွေက 'မိုးထက်တိမ်ယံက မူဝံကြယ်လို မောက်မားတောက်ကြွားဘုရားပါဘုရား' လုပ်နေကြလေတော့ကာ သာကီဝင် အစစ်တွေမှာ အရှိန်အဝါ ကွယ်ပျောက်ရတော့မယ့်ကိန်းဆိုက်မရောက်နေပါပြီ ရယ်လို့ ဝမ်းပန်းတနည်း ဖွဲ့ဆိုလိုက်တဲ့ ဟင်္ဂမော်မင်းသမီးရဲ့ စာ၊ တေးထပ်ကလေး တစ်ပုဒ်ကို ဖော်ပြပါဦးမယ်။

မင်းမူဟန် ရှောင်တိမ်းလို့ ခပ်စိမ်းစိမ်းနေမယ်။
ခေတ်အလိုက် မင်းဖြစ်လွယ်သည်၊ ထိပ်ခေါင်ငယ် မရှား။
စုချင်စု၊ ခေါင်ချင်ခေါင်မယ်၊ အခွန်ဆောင် ပေးရတာလား။
ထီးမကိုင်ရှု နန်းဆိုတာ၊ စံရမှာ သာထား။
ဖြစ်ရရုံ ကြုံမလားလို့၊ ကစုံမွှား စက်ရာ။
သုပိနာ လီဆယ်ပြ၊ ဟုတ်ရှာကြ မှတ်ထင်၍သာ။
စဉ်အဆက် မင်းအလာကို၊ ထင်လင်းစွာ တကယ်ပြု၍၊
ရှမ်း တုတု၊ တီ သေသေ၊ စုနဲ့ခေါင်တွေ။
ထိပ်တင်နှင့် ခေါင်ခေါင်ပွေသည်။
ထောင်ရောင်နေကွယ်ကိန်းထင့်လေး။

ဟင်္ဂမော်မင်းသမီးဟာ ဖော်ပြတဲ့ တေးထပ်များကို ခေတ်နဲ့ထင်ဟပ်စွာ ရေးခဲ့ရုံမကပါဘူး။ တခြား ရေးဖွဲ့ခဲ့တာတွေ အများကြီး ကျန်ရှိပါသေးတယ်။ တေးထပ်ရဲ့ အဓိပ္ပာယ် အတိမ်အနက် သဘောကို တန်ဖိုးထားနားလည်သူ၊ သုတေသီတွေက ဆက်လက်ရှာဖွေမယ်ဆိုရင် အများအပြား တွေ့နိုင်လိမ့်ဦးမယ်လို့ ထင်မိပါတယ်။ စာဆိုရှင် ဟင်္ဂမော်မင်းသမီးဟာ သက္ကရာဇ် ၁၃၀၃ ခု၊ တပေါင်းလဆန်း ၂ ရက်နေ့၊ မန္တလေးမြို့ လက်ရွေးကြီးရပ်မှ အိမ်တော်မှာ ကံကုန်တော်မူပါတယ်။

ရည်ညွှန်း - မှတ်စု၊ ဦးစိန်မောင်ဦး၊
ရှေးဟောင်းသုတေသနဌာနညွှန်မှူး (ငြိမ်း)

◆ ◆ ◆

## ၁၃။ ဒုတိယသမီးတော်၏ စာသဝဏ်

ကျွန်မတို့နိုင်ငံရှိ ပြည်သူတွေထဲမှာ အသက် ၄၀ ကျော်ပြီးသားများက လွဲလို့ ကျန်တဲ့သူတွေ အနေနဲ့တော့ သူတစ်ပါးလက်အောက်ခံ၊ ရှင်းရှင်းဆိုရရင် သူ့ကျွန်ဘဝပေါ့။ အဲဒီ သူ့ကျွန်ဘဝရဲ့ ခါးသီးတဲ့အရသာကို လက်တွေ့မခံစားဖူး ကြပါ။ ဘယ်မှာ ခံစားဖူးပါ့မလဲ။ သူတို့က ဘုန်းကောင်း ကံကောင်းနဲ့ လွတ်လပ်ရေး ခေတ်မှာမှ လူဖြစ်လာကြရသူတွေကိုး။ သည်တော့ မျက်နှာဖြူမြင်ရင် သခင်လို့ ခေါ်ခဲ့ရတဲ့ အဖြစ်၊ လက်အုပ်ချီနေရတဲ့ အဖြစ်မျိုး မကြုံဖူး မကြားဖူးသူတွေပေါ့။

သည်ခေတ်မွေးလူထုဟာ ဘာနဲ့တူသလဲဆိုရင် မြစ်နား ကမ်းနား နေရလို့ ရေကြည်တစ်ခွက်ရဲ့တန်ဖိုး နားမလည်သူများနဲ့ တူတယ်လို့ ဆိုချင်ပါတယ်။ ကျွန်မတို့လို လူကြီးတွေကတော့ သဲကန္တာရအလယ် လမ်းပျောက်ပြီး အိုအေစစ်စခန်းမရောက်နိုင်ဘဲ ရေငတ်နေသူ ခရီးသည်များနဲ့ တူတယ်လို့ထင်ပါတယ်။ သည်နေရာမှာ ရေဆိုတာ တခြား စားစရာ မုန့်ပဲများလို ဆာတယ်လို့ မသုံးဘဲ ငတ်တယ်လို့ သုံးနှုန်းခဲ့ကြတာကိုက ခံစားချက်အပြင်းအပျော့ကို ခြားနားပြီးသား ဆိုတာ သတိပြုရမှာပါ။

သည်ခေတ်လူငယ်ထုကို ကျွန်မတို့ငယ်စဉ်က လွတ်လပ်ခွင့် ရေကြည်ကို ဘယ်လောက် တောင့်တခဲ့ကြရတယ်ဆိုတာ သဘောပေါက်စေချင်လို့ တင်စားပြောရတာပါ။ ဒီလို ပြောပြချင်တဲ့ စိတ်ကူးပေါက်လာရတာကလဲ အကြောင်းရှိပါတယ်။ အဲဒီအကြောင်းကတော့ ကျွန်မတို့လူမဖြစ်ခင်ကတည်းက ထွက်တဲ့ မဂ္ဂဇင်းဟောင်းတစ်စောင်ထဲက ဆောင်းပါးတစ်ပုဒ်ကို တွေ့မိဖတ်မိလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သည်စာ မဖတ်ရခင်ကလဲ လက်အောက်ခံဘဝရဲ့ ဆိုးကွက်၊ ညံ့ကွက်တွေကို အတော်များများ သိပြီးသားပါ။ ဒါပေမယ့် အခုဆောင်းပါးမှာ ပါသလောက်အထိ သူ့ကျွန်ဘဝမှာ သာမန်အရပ်သားမပြောနဲ့ ထေရ်ကြီးဝါကြီး ရဟန်းကြီးတွေကို တောင် ရှိုင်းရှိုင်းပျပျ စော်ကားမော်ကား လုပ်တာ ခံခဲ့ကြရတယ်ဆိုတာအထိ တော့ ဂဃနဏ မသိခဲ့ဖူးပါ။

သည်ဆောင်းပါးမှာက မြန်မာနိုင်ငံမှာ အစိုးရက နိုင်ငံရေး စီးပွားရေး တင်မက သာသနာရေးမှာပါ အနှိမ်ခံနေကြရပြီလို့ သတင်းကြားရတော့ အိန္ဒိယ နိုင်ငံမှာ စံနေတော်မူတဲ့ သီပေါမင်းရဲ့ ဒုတိယသမီးတော်က သံဃာတော်ကြီး တွေအပေါ်မှာ ဝန်ထမ်းအချို့က မဖွယ်မရာ ပြုနေတာတွေကို ကာဆီးပေးဖို့ မြန်မာပြည်ဘုရင်ခံဆာဟာ ကုတ်ဘတ္တလာဆီ စာရေးပေးပို့ခဲ့တာကို ဖော်ပြထား ပါတယ်။ ဒုတိယသမီးတော်က မိမိဇာတိနိုင်ငံရင်းအတွက် သူတတ်နိုင်တဲ့ ဘောင် အတွင်းကနေပြီး အကူအညီပေးတဲ့ စာပါပဲ။

ဒီတော့ ဒီစာကို မတင်ပြခင် ကျွန်မအနေနဲ့ အချက်နှစ်ချက်ကို အလျင် ရှင်းပြဖို့လိုတယ် ထင်ပါတယ်။ ပထမအချက်က ၁၉၂၀ ပြည့်နှစ်လောက်က ကျွန်မတို့နိုင်ငံနဲ့လူမျိုး ဒုက္ခတွင်းမှာ ဘယ်လိုဖြစ်တည်နေကြရတယ်ဆိုတဲ့ အခြေ အနေမှန်ကို ရှင်းလင်းပြထားနှင့်ဖို့ပါ။ ဒုတိယအချက်ကတော့ မြန်မာပြည် ဘုရင်ခံဆီ စာသဝဏ် ပေးပို့လိုက်တဲ့ ဒုတိယသမီးတော်အကြောင်းပဲ ဆိုကြပါစို့။

အခု ပထမအချက်ကို စပြောပါ့မယ်။

အဲဒီခေတ်မှာက မြန်မာ့သယံဇာတထွက်ကုန်ဖြစ်တဲ့ ဆန်စပါး၊ ကျွန်းသစ်၊ ရေနံနဲ့ကျောက်သံပတ္တမြားတွေကို အင်္ဂလိပ်ကုန်သည်ကြီးတွေက ဘီအိုစီ၊ ဘီဘီတီစီ၊ ဒီလင်ဂျာပူးလ်၊ ဂလုပ်၊ စတီးလ်ဘရားသား စတဲ့ ကုမ္ပဏီကြီး တွေ အမျိုးမျိုးဖွင့်ပြီး အကြီးအကျယ် လက်ဝါးကြီးအုပ်နေတဲ့ အချိန်ပါ။ သူတို့ ပြီးတော့မှ အလတ်စားအနေနဲ့ တရုတ်၊ ကုလား အရင်းရှင်များက ငွေလုံးငွေရင်း နဲ့ အမြတ် ထုတ်နေကြတယ်။ အညံ့ဆုံးအစားကတော့ တိုင်းရင်းသား မြန်မာတွေ ပါပဲ။ မြန်မာလူထုမှာတော့ ကိုယ့်အိမ်တွင် နေရင်းထိုင်ရင်း ဘုံပျောက်ပြီး ခိုကိုး ရာမဲ့ ဖြစ်သွားသူလို ကြိတ်မနိုင်ခဲမရ ကာလပေါ့။ မြန်မာလူနည်းစုက ဝန်ထမ်း လောကမှာ ရာထူးသေးသေးကလေးတွေယူပြီး လခသေးသေးကလေးတွေ စား လို့။ လူများစုကြီးကတော့ မြေကြီးကို ကြက်ယက်သလိုယက်ပြီး စားနေရပေမယ့် မဝေရေစာပါ။ ခြုံပြောရရင် မြန်မာပြည်မှာ မြန်မာတွေက အောက်တန်းအကျဆုံး





အဆင့်မှာ နေကြရတဲ့ ကာလပါပဲ။

အခုလို အမျိုးလိုက်ချီပြီး စားဝတ်နေရေး ဒုက္ခတွင်းနက်နေကြရတာ၊ မျက်နှာငယ်ကြရတာဖြစ်တော့ ဒီနေရာမှာ ရဟန်းသံဃာများက ဝင်ပါလာကြရ တာပေါ့။ တကယ်ကလဲ သံဃာနဲ့ပြည်သူဆိုတာက ရေနဲ့ကြာလိုပဲ မဟုတ်လား။ ကြာနဲ့တူတဲ့ သံဃာတော်များအတွက် ရေနဲ့တူတဲ့ လူဒါယကာတွေ ပြည့်စုံမှ ဖွံ့ဖြိုးမှုဖြစ်မှာပေါ့။ တစ်ခါ ရေနဲ့တူတဲ့ ဒါယကာများမှာလဲ ကြာနဲ့တူတဲ့ ကိုးကွယ်ရာ ရဟန်းသံဃာမရှိရင် ဘယ်မှာတင့်တယ်ပါ့မလဲ။ ဘယ်မှာ ကျက်သရေရှိပါ့မလဲ။

ဒီတော့ ရဟန်းတွေလဲ ဒီချက်မှာ မနေသာဘူးပေါ့။ ကိုယ့် ဒါယကာ တွေအတွက် မျက်မှောက် ကောင်းကျိုး၊ တမလွန်ကောင်းကျိုးဟူသမျှ ရှေ့ဆောင် လမ်းပြလုပ်ရတဲ့ ဝတ္တရားရှိတော်မူကြလေတော့ တစ်မျိုးသားလုံး အမိမဲ့သား ရေနည်းငါး ဖြစ်နေတာကို လက်ပိုက်ကြည့်မနေနိုင်ကြတော့ဘူးလေ။ သူ့ခေတ် သူ့အခါအလိုက် ဆရာနဲ့တကာ တကာနဲ့ဆရာ ပေါင်းစည်းကူညီပြီး လက်တွဲ ဆောင်ရွက်ခဲ့ကြတာတွေ ရှိသားပဲကိုး။

မြန်မာ့သမိုင်းကို နောက်လှန်ကြည့်မယ်ဆိုရင် ရဟန်းတော်များ တိုင်းကျိုးပြည်ကျိုးဆောင်တော်မူခဲ့တဲ့ သာဓကတွေ အပုံကြီးပါ။ ပုဂံခေတ်က သက္ကရာဇ် ၆၄၆ ခု (ခရစ် ၁၂၈၄) နှစ်မှာ ရဟန်းတော် အရှင် ဒိသာပါမောက္ခ ရယ်၊ ပင်းယခေတ်က သက္ကရာဇ် ၇၆၆ (ခရစ် ၁၄၀၄) ခုနှစ်မှာ ပင်းယစကြို သူမြတ်တို့ဟာ မင်းမှုထိုးတာ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်းရေး မဟာတမန်တာဝန် ကို ထမ်းဆောင်တော်မူခဲ့ကြတာ ရာဇဝင်မှာ အထင်အရှား မဟုတ်လား။

သည်ခေတ် အင်္ဂလိပ်ကျွန်တွင်း နစ်နေကြရတဲ့ အချိန်မှာတော့ ခေတ် အခြေအနေရဲ့ တောင်းဆိုချက်အရ ပြည်သူနဲ့အတူတူ လက်တွဲပြီး ပြောစရာရှိ တာပြောဟောစရာရှိတာ ဟောကြရပါတယ်။

သံဃာတော်တွေပါသည်လိုပါဝင်လာပြီဆိုတော့ မျိုးချစ်ဝံသာနုတရား ဟောတဲ့ ဆရာတော်များကို အစိုးရနဲ့ မကင်းမလွတ်တဲ့ စကားများ-ပြောဟော တယ်ဆိုပြီး အိန္ဒိယရာဇသတ်ပုဒ်မ ၁၂၄-(က)အရ၊ နောက်တစ်မျိုးက ကာကွယ်ရေးဥပဒေအရဆိုပြီး ဖမ်းတယ်။ ထောင်ချတယ်။ ထောင်ချရာမှာလဲ သာမန်ထောင်သားများလို သင်္ကန်းကိုချွတ်၊ ထောင်အဝတ်ကိုဝတ်ပေးတယ်။ အဖမ်းခံရတဲ့အထဲက တချို့ကိုယ်တော်တွေကို အလုပ်ကြမ်းလဲ လုပ်စေတယ်။ သည်တော့ ပြည်သူလူထုအနေနဲ့ မူလကမှ လူလုံးမလှ အောက်တန်းကျနေကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



အထဲ အခုလို မိမိတို့ ဦးထိပ်ထားကိုးကွယ်ရာ သံဃာပါထိလာတော့ အုံကြွလာတာပေါ့။ အင်္ဂလိပ်အစိုးရကလဲ မလျော့ဘူး။

ဒီအတောအတွင်း ရဟန်းတော် ဦးဥတ္တမ ကိုယ်တော်ကြီးကို ခုပြောတဲ့ ဥပဒေပုဒ်မတွေတပ် ဖမ်းဆီးပြီး ရုံးတင်အမှုလုပ်ပါတယ်။ ရုံးချိန်းရက်မှာ စစ်ဆေးတဲ့အချိန် ဆရာတော် သံဃာတော်များက ရုံးခန်းကို လာရောက်နားထောင်တော်မူကြပါတယ်။ သည်မှာတင်တစ်ခါ ရုံးထိုင်တဲ့ အရေးပိုင် မစ္စတာ အငွလာဆိုသူက ဆရာတော်ကြီးများက ရုံးကို အရိုအသေပေးမကောင်းလားရယ်လို့ ထွက်သွားကြဆိုပြီး နှင်ထုတ်ပါလေရော။ ဒီတော့ ဆရာတော်သံဃာတော်တွေအားလုံး ရုံးခန်းက ထွက်လာကြရပါတယ်။

အဲဒီဖြစ်ရပ်မှာ မြန်မာတစ်မျိုးသားလုံး မကျေမနပ်ဖြစ်ပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာ ရဲတဲ့သူက ခေါင်းကြီးပိုင်းမှာ ရေးကြ၊ ကာတွန်းဆွဲပြကြနဲ့ တတ်အားသမျှ ဆန္ဒပြ ကန့်ကွက်နေကြတာပေါ့။ ဒါဟာ သတင်းစာသမား၊ စာပေသမားများအနေနဲ့ အင်္ဂလိပ်လက်အောက်မှာ ထောင်မကြောက်ဘဲ တာဝန်ကျေခဲ့ကြတယ်ဆိုတာ မှတ်သားစရာပါပဲ။ နောက်ပြီး အခုလို ဒုတိယ သမီးတော်က ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာဆီ ရေးပို့တဲ့ စာကို ဖော်ပြဝံ့တဲ့ သူရိယမဂ္ဂဇင်းကိုလဲ ချီးကျူးထိုက်ပါတယ်။ အခုပြောပြတာတွေက အဲဒီခေတ်က မြန်မာနိုင်ငံရဲ့ အခြေအနေပါပဲ။

ဒုတိယ ပြောချင်တာကို အခုပြောပါ့မယ်။

အရှင်နှစ်ပါးကို အင်္ဂလိပ် ဖမ်းသွားပြီးတော့ အိန္ဒိယနိုင်ငံ ရတနာဂီရိမှာ အကျယ်ချုပ်ထားပါတယ်။ အဲဒီဒေသမှာ စံနေတော်မူရာက သီပေါဘုရင်နတ်ရွာစံတော့ မိဖုရားကြီးက မြန်မာနိုင်ငံကို သမီးတော် အချို့နဲ့အတူ ပြန်လာခွင့်ရပါတယ်။ ပြန်လာခွင့်မရတဲ့ ဒုတိယသမီးတော်နဲ့ မြောက်သားတော်လတ်သခင်တို့ကတော့ အိန္ဒိယပြည် ကလင်ပုံမြို့မှာ စံနေရစ်ခဲ့ကြရပါတယ်။ လတ်သခင်ဆိုတာက တိုင်တားမင်းကြီး (ငယ်မည် ဦးဖိုး)ရဲ့ မြစ်တော်စပ်သူ၊ ငယ်မည် ခင်မောင်လတ်ကို ခေါ်တာပါ။ သူ့ရဲ့ မျိုးရိုးကသည်လိုပါ။

တိုင်တားမင်းကြီးရဲ့သမီး ပတိမ်းမြို့စားက တောင်ဒဝယ်ဗိုလ်နဲ့ လက်ဆက်ပါတယ်။ သူတို့သားဖြစ်တဲ့ မဖဲမြို့စား အမြောက်ဝန်က စုဖုရားလတ်ရဲ့ လူယုံ အပျိုတော် မန်သကြီးရွာစား ခင်လေးနဲ့ လက်ဆက်ပါတယ်။ ခင်လေးက မင်းတုန်းဘုန်းတော်ကြီးဘုရားရဲ့ စီးတော်မြင်းဝန်နဲ့ ဇနီး ကျောက်တစ်လုံး





မြို့စားရဲ့သမီးပါ။ ကျောက်တစ်လုံး မြို့စားက မင်းတုန်းမင်းရဲ့ အိမ်တော်ပါငယ်ပေါင်း၊ မြောက်နန်းမိဖုရား (ငယ်မည် ခင်သဲ)ရဲ့ အစ်မဆိုတော့ ခင်လေးက မြောက်နန်းမိဖုရားရဲ့ တူမတော်ပါ။ ဒါကြောင့် လတ်သခင်က အမြောက်ဝန်နဲ့ မန်သကြီးရွာစား အပျိုတော်ခင်လေးတို့ရဲ့ သားဖြစ်သူပါ။

ဒုတိယသမီးတော်နဲ့ လတ်သခင်တို့ဟာ ကလင်ပုံမြို့မှာပဲ အသက်ထက်ဆုံး စံနေတော်မူသွားကြရပါတယ်။ လတ်သခင်က သေနတ်ပစ်ရာနဲ့ ပန်းချီဆွဲရာမှာ ထူးချွန်တယ်လို့ သိရတယ်။ ဒါဟာ ကျွန်မ သိထားသမျှ ပြောပြတာပါ။ တကယ်တော့ အရှင်နှစ်ပါး အနွယ်တော်များအကြောင်းကို ဘယ်ခေတ်မဆို ပြည်သူက သိချင် ကြားချင်နေကြတာပါ။ ဘုရင့်အနွယ်တော်များနဲ့ပတ်သက်လို့ စာအုပ်က 'ဂီရိရတနာဆောင်းပါးမဟာ'နဲ့ 'သီပေါမင်းဆက် အတွင်းရေးများ'ဆိုတဲ့ နှစ်အုပ်ပဲ အထင်အရှားရှိပြီး အခုဆောင်းပါးကတော့ တိမ်မြုပ်နေတဲ့ စာဆိုပါတော့။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၄ နှစ်က စာမို့ အဲဒီခေတ်က အရေးပါတဲ့ သမိုင်းကြောင်းတစ်ကွက်ကို မီးမောင်းထိုးပြသလို ပြက်ပြက်ထင်ထင် တွေ့မြင်ကြရမှာပါ။ နောက်ပြီး စာသဝဏ်ရေးလိုက်တဲ့ ဒုတိယသမီးတော်ရဲ့ ကိုယ်ကျိုးမဖက်၊ နိုင်ငံအကျိုးသက်သက် ဆောင်ရွက်တဲ့စေတနာကိုလဲ သိရပါတယ်။ ဒါ့အပြင် အလောင်းဘုရား ဦးအောင်ဇေယျရဲ့ အနွယ်တော်ပီပီ ဇာတိသွေးမခန်းခြောက်သေးဘူးဆိုတာ အရင်းခံထားပြီး သူ့ခေတ်က သူ့ရဲ့ နိုင်ငံရေးအမြင်၊ သူ့ရဲ့ တာဝန်သိမှုဆိုတာတွေ ခြုံငုံပြီး ရိပ်စားနားလည်ခွင့် ရလိုက်ပါတယ်။ နယ်ချဲ့လက်တွင်း စံနေရင်းကပဲ နယ်ချဲ့ကိုယ်စားပြုတဲ့ ဘုရင်ခံဆီ ရေးလိုက်တဲ့ စာအရ သူ့ရဲ့ ဇာတိပုည ဂုဏ်မာန ပုံရိပ်ကို စိတ်မျက်စိမှာ ထင်းခနဲ မြင်ရတာကိုလဲ အားရမိပါတယ်။

တကယ်ကတော့ ဒီစာရေးလိုက်တာကလဲ အထိုက်အလျောက်တော့ အကျိုးရှိတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ သည်စာရေးပို့လိုက်တဲ့အချိန်ရယ်၊ နိုင်ငံတွင်းမှာလဲ သည်ကိစ္စနဲ့ပတ်သက်ပြီး ရဟန်းရှင်လူတွေ မကျေမနပ်ရေးကြပြောကြတဲ့အချိန်ရဲ့ နောက်ပိုင်းမှာ အင်္ဂလိပ်အစိုးရဟာ ရဟန်းတော်များနဲ့ ဆက်ဆံရတဲ့အခါ ရိုင်းပျမှုတွေ လျော့ပါးသွားတာ တွေ့ရလို့ပါ။ ဒါကြောင့် သည်အဖြစ်တွေကို သည်ခေတ်လူတွေ သိကြရအောင် ၁၉၂၄ ခုနှစ်က ဒုတိယသမီးတော်က ဘုရင်ခံဆီ ပေးပို့တဲ့စာတော်ကို မူရင်းအတိုင်း ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။

က- နတ်ရွာစံ မြန်မာဘုရင်မင်းမြတ်၏ ဒုတိယ သမီးတော် အရှင်ထိပ်စု
မြတ်ဘုရားလတ်၊ ကလင်ပုံ၊ အိန္ဒိယနိုင်ငံ။
သို့- မြန်မာပြည်ဘုရင်ခံမင်း ဆာဟာကုတ်ဘတ္တလာ၊ ရန်ကုန်မြို့။

ရဟန်းတော် ဦးဥတ္တမ ကိုယ်တော်၊ ယခု ဖြစ်ပွားလျက်ရှိသော အမှုစစ်ဆေးနေစဉ်၊ ရုံးသို့ အမှုနားထောင်ရန် ကြွရောက်တော်မူလာကြသော မြန်မာရဟန်းတော် ဆရာတော်အရှင်များအား ရုံးကို အရိုအသေမပေးသဖြင့် ရုံးခန်းမှ တရားသူကြီးက နှင်ထုတ်သောအကြောင်းနှင့်၊ ရဟန်းဦးဥတ္တမကိုယ်တော်အား ထောင်အဝတ် အတင်းလဲလှယ်စေကြောင်းကို မြန်မာသတင်းစာများ၌ တွေ့ရသဖြင့် များစွာ စိတ်မချမ်းမသာ ဖြစ်တော်မူရသည်။ အောက်ပါ မြန်မာမင်းအစိုးရတို့၏ ထုံးစံအယူဝါဒကို ဆာဟာကုတ်အမှူးရှိ အစိုးရတို့ သိစေရန် ဝတ္တရားအရ ရေးတော်မူလိုက်သည်။

ခမည်းတော်ဘုရားသည် မင်းဧကရာဇ်ဖြစ်တော်မူသောကြောင့် မိမိတို့ အယူဝါဒဓလေ့ထုံးစံအလိုက် အသက်ကြီးသော ဆရာတော် ရဟန်းကြီးများကို မဆိုထားမူ၍ ၎င်းထက် အောက်ကျသော ရှင်သာမဏေခေါ် ကျင့်ဝတ်အနည်းငယ်သာ ခံယူရသော ပုဂ္ဂိုလ်များကိုပင် မြင့်သောနေရာ၊ မြတ်သောနေရာပေးခြင်း၊ လျှောက်ထားခြင်းဖြင့် အရိုအသေပေးတော်မူသည်။ ခမည်းတော်ဘုရားတစ်ပါးသာ ဤသို့ ပြုမူတော်မူသည် မဟုတ်။ အဆက်ဆက်သော မြန်မာမင်းဧကရာဇ် အစိုးရတို့သည်လည်း ဤအတိုင်း အယူဝါဒဓလေ့ထုံးစံအရ ပြုမူ အရိုအသေ ပေးမြဲဖြစ်သည်။ ထို့ပြင် ရဟန်းအဝတ်မှ ထောင်အဝတ် အတင်းလဲလှယ်စေခြင်း၌လည်း မြန်မာမင်းအစိုးရတို့ မည်သည့်အခါကမျှ ပြုသော ထုံးစံ စည်းကမ်းမရှိချေ။

ထောင်အတွင်း၌ အင်္ဂလိပ်လူမျိုး၊ မြန်မာလူမျိုး စသည်ဖြင့် ရှိရာ မြန်မာလူမျိုးအတွက် လုံချည်သင်္ကန်ရှိသော အဝတ်ကိုထား၍ အင်္ဂလိပ်လူမျိုးအတွက် ဘောင်းဘီ၊ ကုတ်အင်္ကျီစသော အဝတ်ဖြင့် ခွဲခြားထားသော ထုံးစံရှိခဲ့ပါလျှင် မြန်မာရဟန်းတော်များကိုလည်း ထောင်ချရန် အသင့်ရှိသောအခါ သင်္ကန်းခေါ်





သော ရဟန်းတော်တို့ အဝတ်များကို ခွဲခြားထားရန် ကောင်းပါလိမ့်မည်။ ဤသို့ မပြုမီ ဝိနည်းတရားတော်ကို ကျွမ်းကျင်တော်မူသော ဆိုင်ရာရဟန်းတော် ဆရာကြီးများ၊ မြန်မာလူမျိုးများနှင့်လည်း မည်သို့ထားရန် သင့်လျော်ကြောင်း ဆွေးနွေးတိုင်ပင်မှ သင့်လျော်ချေမည်။ အကြောင်းမှာ သင်္ကန်းဆိုသော အရာသည် လူ၏အဝတ်ကဲ့သို့ မိမိတို့ စိတ်ထင်ရာ ချုပ်လုပ်ပြုပြင်ထားသော အရာမဟုတ်သည့်အပြင် လူကစွန့်ကြဲပေးကမ်းသည်ဟူသော ဝတ္ထုပစ္စည်းမျိုး မဟုတ်သောကြောင့် အဆိုပါပုဂ္ဂိုလ်မျိုးအား ဆွေးနွေးလျှောက်ထားသဖြင့် ဘာသာတရားအတိုင်း ဆက်ဆံမှသာ မှန်ကန်ပြီးကျေနပ်ရန် ရှိချေမည်။

ကျွန်ုပ်တို့ ဘာသာထုံးစံကို ယုံကြည်ရိုသေရမည်ဟု မဆိုလို။ ယဉ်ကျေးသော စည်းကမ်းအတွင်း သက်ဆိုင်သလောက်သာ ဖော်ပြတော်မူသည်။ ဝိတိုရိယဘုရင်မကြီး သားတော် မြေးတော် ဘုရင်အဆက်ဆက် ဘိသိက်ပွဲတွင်လည်း သူတစ်ပါး အမျိုးသား သာသနာဘာသာကို မထိခိုက်မစော်ကားရကြောင်း ပြန်တမ်းထုတ်သည်များကိုလည်း ဆာဟာကုတ် သိပါလိမ့်မည်။ မြန်မာတို့၏ အထက်ပါ ထုံးစံတို့ကိုလည်း သိပါလိမ့်မည်။ သတိဝီရိယလွန်၍ ဤကဲ့သို့ မသင့်လျော်သော နှိပ်ကွပ်စော်ကားမှုများ ဖြစ်မိသည်ဟုသာ ကျွန်ုပ်တို့ အယူရှိသည်ဖြစ်ကြောင်း။

ထို့ပြင်တစ်ချက်မှာ မြန်မာအစိုးရနှင့်တကွ ပြည်သူပြည်သားတို့၏ အထွတ်အထိပ်ဖြစ်သော ရဟန်းတော်များအား နှိပ်ကွပ်သည်ကို သိမြင်ကြက မြန်မာတစ်မျိုးလုံး ကြောက်ရွံ့ပြီးပြားနွံနာသွားကြလိမ့်မည်ဟူသော ဝါဒသဘောမျိုး အင်္ဂလိပ်အစိုးရ၌ရှိခဲ့ပါလျှင် မှန်လိမ့်မည် မထင်ပါ။ အင်္ဂလိပ်တစ်မျိုးလုံးသည် ရဲရင့်သည်ဟု မယူဆနိုင်သကဲ့သို့ မြန်မာတစ်မျိုးလုံးလည်း ရဲရင့်သည်၊ ဒုက္ခခံဝံ့သည်ဟု မဆိုလိုပါ။ အင်္ဂလိပ်ဖြစ်စေ မြန်မာဖြစ်စေ၊ ရဲရင့်သူရဲရင့်၍ သူရဲဘောနည်းသူနည်းကြောင်း များမှာ မျက်မြင် ဒိဋ္ဌပင်ဖြစ်ပါသည်။

တပ်အပ်သိမြင်ရန် ဖော်ပြလိုသည်မှာ ကျွန်ုပ်တို့ကိုးကွယ်သော ဘုရားအောက်မှာ ရဟန်းသံဃာတော်များဖြစ်သည်။ သံဃာတော်များအောက်မှာမှ ကျွန်ုပ်တို့ကိုမွေးသော မိဘနှင့်ဆရာများဖြစ်ရာ မိမိတို့၏မိဘကို တစ်စုံတစ်ယောက်က စော်ကားထိခိုက်လျှင် လူတို့သဘောမှာ ပထမ စိတ်နှလုံးတွင် ထိခိုက်နာကျင်ခြင်းဖြစ်သည်။ ထို့နောက် တစ်ခါတစ်ရံ မှားသည် မှန်သည်ကို ရုတ်တရက် မနှိုင်းချိန်နိုင်ဘဲ မိမိတို့မိဘအတွက် အသက်ပေးရန်ကိုသာ သဘောပိုက်ပြုကျင့်



www.burmeseclassic.com

www.burmeseclassic.com



တတ်လေသည်။ မိဘထက် မြတ်သောသံဃာတော်တို့အတွက် ထားရှိမြဲအယူဝါဒမျိုးမှာ ထိုပုဂ္ဂိုလ်တို့အတွက် စွန့်စားလျှင် မိမိကိုယ်တိုင်နှင့် ကင်းလျက်ရှိသောကြောင့် မြတ်သည်ဟူသော အယူဝါဒမျိုး လူတိုင်းပင် ထက်သန်ရှိတတ်သောကြောင့် ထိုပုဂ္ဂိုလ်မျိုးအတွက် ဆိုလျှင် လွယ်လွယ်ကူကူ စွန့်စားအသက်ပေးတတ်သော အပြုအမူမှာ မြန်မာလူမျိုးတိုင်း ထိုသဘောရှိလိမ့်မည်ဖြစ်ကြောင်းကို ဆင်ခြင်သဖြင့် တိုင်းပြည်‌ အရှည်ငြိမ်သက်ရေးအတွက် မြော်မြင်ချုပ်တည်းနိုင်လျှင် အကောင်းဆုံးဟုဆိုလိုပါသည်။

ဆာဟာကုတ်သည် ပညာဗဟုသုတပြည့်ဝပေါများ၍ ပရိယာယ်၌များစွာလိမ္မာရေးခြားရှိကြောင်း မြန်မာပြည် အိန္ဒိယပြည်တို့၌ အထူးကျော်ကြားပါသည်။ ဤတွင် အရှေ့နိုင်ငံနှင့် အနောက်နိုင်ငံများစွာသော ခြားနားချက်တစ်ခုသိရသည်မှာ အနောက်နိုင်ငံမှာမူ ပညာဗဟုသုတ၏အဘိုးကို ပရိယာယ်ပေါများလိမ္မာခြင်းကိုသာ ကြည့်၍ ဆုံးဖြတ်လေသည်။ (တက္ကလက်စ်မင်း) ပရိယာယ်မရှိသောသူဟူ၍ အင်္ဂလိပ်အချင်းချင်း ရှုပ်ချပြောဆိုသည်များကို တွေ့ဖူးသဖြင့်လည်း သိရချေသည်။ အရှေ့နိုင်ငံ၌မူကား ပညာဗဟုသုတ၏အဘိုးကို ဖြူစင်သော သဘောကို ပြုသောစိတ်အင်အား၊ မြင့်မြတ်သောအပြုအမူနှလုံးထားတို့ကို ကြည့်သဖြင့် ဆုံးဖြတ်ကြလေသည်။ ထိုသည်မှာ သဘောကောင်းခြင်းစိတ်ဖြောင့်စိတ်မြတ် ရှိမရှိ၊ လူ၏လက္ခဏာ အင်္ဂါ အပြုအမူ ဖိဇီရိုနိုမီ[၁] ကို ကြည့်လေ့ကြည့်ထရှိခြင်းဖြင့် သိနိုင်လေသည့်အပြင် ကျွန်ုပ်တို့ သင်ကြားရသောစာများတွင်လည်း ဤကဲ့သို့ပင် အဆုံးအဖြတ်ပေးလေသည်။

ဆာဟာကုတ်သည် မြန်မာပြည်သို့ ၂ ကြိမ်မြောက် ပြည်လည်သွားရောက် အုပ်ချုပ်ရန်စေ၍ အုပ်ချုပ်လျက်နေရခြင်းသည် အထက်ပါသဘောနှစ်မျိုးနှင့်သက်ဆိုင်လျက်ရှိချေသည်။ ရှိပုံမှာ မြန်မာပြည်သို့ ပထမ သွားရောက်အုပ်ချုပ်စဉ်အခါက ပြည်သူတို့ ယခုအခြေလောက် မနီးကြားသေးဟုဆိုရစေကမူ ပြည်သူတို့အား စိတ်နာကျည်းအောင်ပြုသော ဆန့်ကျင်မှုများ လုံးလုံးမကင်းဟု ဆိုသည့်တိုင်အောင် နည်းပါးသေးသည်ဖြစ်သောကြောင့် သတင်းစာနှင့်ပြည်သူအများက မိမိတို့ထုံးစံ ကြည့်လေ့ကြည့်ထအတိုင်း အခြားဘုရင်ခံများထက် ဖြောင့်မတ်၍ စိတ်သဘောကောင်းသောဘုရင်ခံဟု ဆုံးဖြတ်ပြောဆိုခဲ့ကြ

---

၁။ ဖိဇီယိုနိုမီ (**Physiognomy**)





လေသည့်အပြင် ဒုတိယအကြိမ် ပြန်လည်အုပ်ချုပ်စအခါ၌လည်း အထူးတလည်ကောင်းသော အကျိုးကို မမြင်တွေ့ကြရသေး၍ ဝမ်းမြောက်ဖွယ်မရှိသေးစေကာမူ အထူးဆိုးသွမ်းသော အုပ်ချုပ်ခြင်းမျိုးကိုမူ တမင်သိလျက်နှင့် မပြုမလုပ်ဟု စိတ်ချခဲ့ကြဖူးသဖြင့် ဝမ်းနည်းခြင်းလုံးလုံးမရှိကြကြောင်း ထင်ရှားလေသည်။ သို့ဖြစ်ပါ၍ မရမှုနေမည်။ အမှန်ပင် ကန့်ကွက်ကြမည်ဖြစ်သည်။

ဆာဟာကုတ်၏ အထက်အင်္ဂလိပ်အစိုးရကမူ ထိုအခြေအနေကို ဆာဟာကုတ် ပရိယာယ်ကောင်းသောကြောင့်ဟု ယူဆကြောင်း ထင်ရှားလေသည်။ ဤအတိုင်းသာ ယူဆလိုက်ပါက ပြည်သူနှင့်အစိုးရ တစ်လမ်းစီ ခွဲခြားသွားကြရမည့်အရေးမှာ လွဲလိမ့်မည်မထင်ပါ။

ပညာဗဟုသုတ ပေါများခြင်း၊ ထက်မြက်သိနားလည်ခြင်း၊ နက်နဲသောသဘောရှိခြင်း၊ သူရသတ္တိကောင်းခြင်း၊ စိတ်နှလုံးဖြောင့်မတ်ခြင်းတို့ဖြင့် ပြည့်စုံသောသူများ အရှေ့နိုင်ငံများ၌လည်းကောင်း၊ အနောက်နိုင်ငံများ၌လည်းကောင်း၊ ပေါများစွာရှိသောကြောင့် ပရိယာယ်ဖြင့် နှိပ်ကွပ်သောအင်အားနှင့် မှန်ကန်ကျနခြင်းမရှိသည်တို့ကို နေဌာနတိုင်းရှိ လူတိုင်း၌ စူးရှိထိရောက်သော လက်နက်အဖြစ် အသုံးမပြုနိုင်ကြောင်းလည်း ရှေးရှေးက ရာဇဝင်တို့ကို အပထား၍ အခုအခါ အင်္ဂလန်နိုင်ငံ ပါလီမန်တွင် ဖြစ်ပျက်ပုံများနှင့် ယနေ့တိုင်လည်း တိုင်းပြည်အချို့တို့တွင် မငြိမ်မသက်ဖြစ်နေသည်ကို ဆင်ခြင်သဖြင့် ကျွန်ုပ်တို့ သိရှိနားလည်ရပါသည်။

ထို့နောက် ညွှန်ပြရန်တစ်ခုမှာ ဘေးတော်ဘုရား၊ ဘိုးတော်ဘုရား၊ ခမည်းတော်ဘုရားများ လက်ထက်တော်က နိုင်ငံခြားသားတို့ သာသနာပြုရန်လာရောက်နေထိုင်ခဲ့ကြလေသည်။ ထိုသူများ၏ သာသနာကို ကျွန်ုပ်တို့သည် ထိခိုက်စော်ကားပြုမည်ကား ဝေးစွ။ နေထိုင်ရန် မြေနှင့်တကွ အဆောက်အဦများပင် မြန်မာပြည်သားတို့၏ ငွေကြေးဖြင့် ထောက်ပံ့ခဲ့ဖူးသည်။ ဤကဲ့သို့ ပြုမူခြင်းသည် နိုင်ငံခြားသားတို့အား အထင်ကြီးမိတ်ဖွဲ့လိုသော အယူဝါဒသဘောမျိုး၊ နိုင်ငံခြားသားတို့၏ လက်နက်အင်အား တန်ခိုးကို သိရှိကြောက်ရွံ့သောသဘောနှင့်သက်ဆိုင်ခြင်းတို့မှ လုံးလုံးကင်းရှင်းလျက် အလျှုဒါန၌ ရက်ရောသော အမျိုးမလေ့စိတ်သဘောရင်းဖြင့် ရန်သူဟု ထင်မြင်လေ့မရှိဘဲ သက်သက်မျှသော မေတ္တာတရားအားဖြင့် ကူညီအားပေးခဲ့ဖူးသည့် အခြေအနေသဘောတို့ကို ဆာဟာကုတ် စဉ်းစားဆင်ခြင်လျှင် လူမျိုးတို့ စိတ်နှလုံးနာကျင်ထိခိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



စိမ်အုပ်ချုပ်မည် ဝေး၍ စိတ်နှလုံးတွင် ထိုဆန္ဒမျိုး ကပ်ငြိနိုင်မည်ပင် မဟုတ်ကြောင်း ကျွန်ုပ်က ယုံကြည်၏။

ကျွန်ုပ်တို့ ကိုးကွယ်ရာ ရတနာသုံးပါး၊ ခမည်းတော် မယ်တော်ဘုရား။ ဆရာသမားများနှင့် တိုင်းပြည်ကို အမှူးထားပြီးလျှင် သမစိတ္တဖြင့် ဆိတ်ငြိမ်စွာ မနေအပ်သည့်အလျောက် မိမိဆိုင်ရာ တာဝန်ကြောင့်၊ ထင်မြင်ချက်ကို ရေးသားတော်မူလိုက်သည်။ *

အရှင်ထိပ်စုမြတ်ဘုရားလတ်
ကလင်ပုံမြို့၊ အိန္ဒိယပြည်။

အကိုးအကား။
၁၉၂၄ - ခု၊ ဒိဇင်ဘာလထုတ် သူရိယ မဂ္ဂဇင်း၊ ဘာသာရေး သတင်းခန်း။

◈ ◈ ◈

* ရှေးက အရေးအသားအတိုင်း လေ့လာနိုင်ရန် စာလုံးပေါင်းများ ရှေးမူအတိုင်း ဖော်ပြထားပါသည်။

စီစဉ်သူ

## ၁၄။ မြန်မာအမွေကြောင်း ခွဲတမ်းစာ

*သည်ခွဲတမ်းဟာ ရှေးမြန်မာကြီးတစ်ဦးရဲ့ အမြော်အမြင်ကြီး သလောက် ခံယူချက်သဘောထား ပြတ်သားပုံတွေကို အကဲခတ်နိုင်တဲ့ စာမျိုးပါ။*

သည် ဆောင်းပါးရဲ့ လိုရင်းသဘောကို ခေါင်းစည်းစာလုံးကြည့်ရုံနဲ့ သိနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ခွဲတမ်းစာဆိုတဲ့ စကားလုံးကလေးကတော့ ထူးထူးခြားခြား စိတ်ဝင်စားစရာပါပဲ။ သည်နေ့ သည်ခေတ်မှာ အမွေကြောင်းနဲ့ ပတ်သက်လာရင် သည်စကားလုံးမှ မသုံးတော့ဘဲကိုး။

တကယ်က ခွဲတမ်းစာဆိုတာ သေတမ်းစာနဲ့ အတူတူပါပဲ။ အနောက်နိုင်ငံများမှာ သေတမ်းစာဆိုတာ လူတစ်ဦးတစ်ယောက်ဟာ သူပိုင်တဲ့ပစ္စည်းတွေကို ဘယ်လိုဘယ်နည်း လုပ်ဆောင်ခွဲဝေရစ်ကြစေဖို့ သူ့ဆန္ဒရှိတဲ့အတိုင်း ဖော်ထုတ်ရေးသားထားတဲ့ တရားဝင်ကြေညာစာတမ်းကို ခေါ်တာပါပဲ။

ကျွန်မတို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက်ကတော့ အနောက်တိုင်းသားများလို သေတမ်းစာ ရေးခွင့်မရှိပါဘူး။ ဒါကြောင့် မိမိပစ္စည်းမိမိ ပေးချင်သူတွေကိုပေးဖို့ ခွဲတမ်းစာလဲ ရေးပြီးပေးခွင့် မရှိပါဘူး။ ဒါက ကနေ့ခေတ်အရ ပြောရတာပါ။

ဒါဖြင့် ရှေးတုန်းကကော ခွဲတမ်းစာ ရေးခွင့်ရှိပါသလားလို့ မေးလာရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ နည်းနည်းကျယ်ကျယ်ပြန့်ပြန့်ဖြေမှ ဖြစ်မယ့် ကိစ္စပါ။ အကြောင်းကတော့ ရှိတယ်/မရှိဘူးရယ်လို့ တစ်ခွန်းတည်း ယတိပြတ်ဖြေလို့ မရလို့ပါပဲ။ နည်းနည်း ရှင်းပါ့မယ်။

မြန်မာလူမျိုး ပစ္စည်းရှင်တစ်ဦးရေးခဲ့တဲ့ ခွဲတမ်းစာအရ ဆိုင်ရာလူကြီး သူမများက ခွဲဝေပေးတာကို အမွေခံများက သဘောတူလိုက်နာကြတဲ့အတွက် ခွဲတမ်းစာထမြောက်အောင်မြင်တဲ့ သာကေတွေ အများကြီးရှိပါတယ်။

ပစ္စည်းရှင် မကွယ်လွန်မီ သူဖြစ်စေချင်တဲ့ ဆန္ဒအမျိုးမျိုးကို ရေးသား ရာမှာ သူကိုယ်တိုင်ရေးတာလဲရှိတယ်။ သူ့ကိုယ်စားစာရေးသူတစ်ယောက်ယောက် က ရေးပေးတာမျိုးလဲ ရှိပါတယ်။ နောက်ပြီး စာတမ်းရှင်ရဲ့ရှေ့မှာ ပုဂ္ဂိုလ် ၄ ဦး ၅ ဦးလောက်က သိရှိသူဆိုတဲ့နေရာမှာ ကိုယ်တိုင်လက်မှတ်ရေးထိုးထားလေ့ရှိ ပါတယ်။ ဒါကတော့ သိရှိသူဆိုတာ သက်သေကိုခေါ်တာပါပဲ။

ခုပြောသလို မိဘတစ်ဦးတစ်ယောက်က ဆိုပါတော့။ မိမိ သားသမီး များကို သည်လိုသည်လို ခွဲဝေယူရစ်ကြရယ်လို့ ရေးသွားတဲ့ ခွဲတမ်းစာကို ဆိုင်ရာ အမွေခံများက သဘောတူလက်ခံရယူကြတာက များပါတယ်။ ငြင်းဆန်ကန့်ကွက် သူက နည်းပါးပါတယ်။

ဒါက ခွဲတမ်းစာဓလေ့ရှိခဲ့တယ်ဆိုတဲ့ဘက်က ပြောရတာပါ။ ကောင်းပြီ ခွဲတမ်းစာ ဓလေ့မရှိဘူးဆိုတဲ့ဘက်က ပြောပြပါဦးမယ်။

အမွေရှင် ရေးခဲ့တဲ့ ခွဲတမ်းစာတစ်စောင်ကို အမွေစားတစ်ယောက်ယောက် က ငြင်းပြီ၊ မကျေနပ်ဘူးဆိုရင်တော့ မြန်မာတရားရုံးများက ခွဲတမ်းစာကို တရားဝင် အသိအမှတ်မပြုပါဘူး။ မြန်မာမင်းအဆက်ဆက် အုပ်ချုပ်လာတဲ့ ခေတ်ကာလတစ်လျှောက် လူမှုရေးဆိုင်ရာ အရေးအခင်း၊ တရားတဘောင်ပေါ် ပေါက်သမျှ အမှုအကြီးအသေးကို လိုက်ပြီး ဆိုင်ရာသူကြီး၊ ကလန်၊ သံပြင်၊ ခုံတော်၊ မြို့ဝန်မှစပြီး လွှတ်ရုံးတော်အထိ အဆင့်ဆင့် ကြားနာစစ်ဆေးဆုံးဖြတ် ပေးကြရပါတယ်။

သည်နေရာမှာ အထက်ထက်ကစပြီး လက်စွဲပြုကိုးကားလိုက်နာကြရ တဲ့ ကျင့်ထုံးဥပဒေတွေ ရှိခဲ့ကြတယ်လေ။ အချုပ်အားဖြင့်တော့ ရာဇသတ်ကြီးနဲ့ ဓမ္မသတ်ကြီးရယ်လို့ နှစ်မျိုးခွဲခြားထားပါတယ်။ ရာဇသတ်ကြီးဆိုတာက သူပုန်မှု၊ မားပြမှု၊ လူသတ်မှု၊ ခိုးမှု၊ တိုက်မှု၊ ကျူးလွန်မှု ဆိုတဲ့ ရာဇဝတ်ကြောင်းဆိုင်ရာ တွေပါ။ ဓမ္မသတ်ဆိုတာကတော့ အမွေမှု၊ လင်မယားကွာရှင်းလိုမှု၊ အိမ်ယာ





ခြံမြေ ရောင်းဝယ်ပေါင်နှံမှု ဆိုင်ရာ အရှုပ်အထွေးများနဲ့ သက်ဆိုင်ပါတယ်။ ဓမ္မသတ်ဆိုတဲ့အတိုင်း တရားသဖြင့်ဖြစ်အောင် စီရင်ဆုံးဖြတ်ဖို့ ကျင့်ထုံးဥပဒေ လို့ ယူဆဖွယ်ရှိပါတယ်။

မြန်မာမင်းများလက်ထက်တော်မှာ ဓမ္မသတ်ကြီးလေးစောင်ကိုအခြေခံ လက်ကိုင်ပြုပြီး စီရင်ကြကြောင်း မှတ်သားဖူးပါတယ်။ ဒါကလဲ ဗုဒ္ဓဘာသာဝင် မြန်မာများ ဘာသာဝင်များနဲ့ မသက်ဆိုင်ပါဘူး။

ရှေ့ကဆိုခဲ့တဲ့ ခွဲတမ်းစာအရ အမွေခံသူ တစ်ယောက်ယောက်က မကျေနပ်ဘူးဆိုပြီး သူကြီးရုံး ရောက်လာပြီ။ မြို့ဝန်ရုံးရောက်လာပြီဆိုရင်တော့ ခွဲတမ်းစာဟာ အရေးမပါတော့ဘူးလေ။ အမွေပစ္စည်းနဲ့ပတ်သက်လာရင် ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းဖြစ်စေ၊ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းဖြစ်စေ စောစောက ပြောခဲ့တဲ့ ဓမ္မသတ်ကြီးလေးစောင်မှာ ပါရှိတဲ့ ဥပဒေကျင့်ထုံးအတိုင်းသာ ဆုံးဖြတ် ခွဲဝေပေးတာ ခံရပါတယ်။

သည်လို ခွဲတမ်းစာအရ လေးစားလောက်တဲ့ လူကြီးသူမများ ရှေ့တွင် မပြီးပြတ်ဘဲ မညီညွတ်ကြဘဲ ရုံးရောက်လာတဲ့ အမွေမှုဆိုတာ ရှေးကတော့ အလွန်နည်းတယ်ဆိုပဲ။ ဒါကြောင့်မို့ ရှေးတုန်းက ခွဲတမ်းစာဓလေ့ ရှိ/မရှိ အပြတ် ပြောလို့မဖြစ်တာပေါ့။ အချုပ်ကတော့ ခွဲတမ်းစာဆိုတာ အရပ်ထဲမှာသာ အကျုံးဝင်တယ်။ တရားရုံးရောက်ရင်တော့ အကျုံးမဝင်ဘူး။ ဒါပါပဲ။

သည်ကနေ့ မျက်မှောက်ခေတ်မှာကတော့ ခွဲတမ်းစာဆိုတာ ကြားဖူး သူတောင် အတော်နည်းနေပြီဆိုတော့ အသုံးမရှိတော့ဘူးဆိုတာ အထူးပြောဖို့ မလိုတော့ပါ။ အခု ကျွန်မ လက်ထဲမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်ကာလ သီပေါမင်းလက်ထက်တော်က ရေးခဲ့တဲ့ ခွဲတမ်းစာ မူရင်းတစ်စောင် ရှားရှားပါးပါး ရရှိထားပါတယ်။ ပုရပိုက်ဟောင်းကလေး တစ်စောင်ပါ။

သည်ခွဲတမ်းစာကို လေ့လာရတာ အတော်စိတ်ဝင်စားဖို့ ကောင်းပါ တယ်။ အမွေရှင်ဖခင်ကြီးတစ်ဦးဟာ သူ့သားသမီးများအပေါ်မှာ ကျောသား ရင်သားမခွဲခြားဘဲ စေတနာထားပုံ၊ ကျန်တဲ့ ဆွေမျိုးဉာတိများကလဲ ထိုက်ရာ တန်ရာ ပေးချင်ပုံများဟာ သိသိသာသာ ပေါ်လွင်နေပါတယ်။

ဒါလောက် မကသေးဘူး။ အခိုင်အစေအဖြစ် ငွေနဲ့ဝယ်ထားတဲ့ တပည့်နှစ်ယောက်ကိုတောင် “ ကိုယ်နေ သက္ကရာဇ် ဖျက်သိမ်းရမည် ” ဆိုတဲ့ စကားကလေးထည့်ပြီး လွတ်လပ်ခွင့်ပေးခဲ့ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သူဖြစ်စေချင်တဲ့ ဆန္ဒဟူသမျှကိုလဲ ထောင့်စုံအောင် စေ့စေ့စပ်စပ် ဖော်ထုတ်ရေးသားထားတာ ဖတ်လိုက်ရတော့ သည်ခွဲတမ်းစာဟာ ရှေးမြန်မာကြီးတစ်ဦးရဲ့အမြော်အမြင်ကြီးသလောက် ခံယူချက်သဘောထားပြတ်သားပုံတွေကို အကဲခတ်နိုင်တဲ့ စာမျိုးပါ။ နောက်ပြီး သတိပြုမိတာက နှစ်(၁၀၀)ကျော်က ရေးခဲ့တဲ့ မြန်မာစာဟာ စကားလုံးအပိုတွေမပါဘဲ လွယ်လွယ်ကူကူသဘောပေါက်စေနိုင်တဲ့အတွက် အရေးအသားကျစ်လျစ်တယ်လို့ ပြောချင်ပါတယ်။

ခွဲတမ်းစာကိုရေးသူကတော့ ပုဂံမြို့ ကိုးခရိုင်အုပ် ဝန်ထောက်တော် "မင်းကြီးမဟာ ရာဇသကြီ"ဖြစ်ပါတယ်။ သူရေးသွားတဲ့ပုံစံက လိုရင်းအချက်တွေကို ခုကာလာမှာလို အမှတ်စဉ် ဂဏန်းနဲ့မပြဘဲ ပေစာထုပ်များမှာသုံးသလို အက္ခရာစားလုံး က-ကာ+ကိ-ကီ များနဲ့ ရေးထိုးထားပုံကလဲ ထူးခြားချက်တစ်ရပ်ပါပဲ။

"ကိုးခရိုင်အုပ် ဝန်ထောက်တော်ကြီး မဟာရာဇသကြီ၏ ခွဲတမ်းစာ"

က။ ။ အဘ ဝန်ထောက်တော်မင်း မှာထားသည်၊ သမီး ရှင်မကြီး ရှင်မယ်ပုတို့။ ဘုန်းတော်ကြီးလှသော သူကောင်းပြုတော်မူသည့် ကျေးဇူးသစ္စာတော်မြတ်ရှိသည့်အတိုင်း၊ မိုင်းနောင်ကြောင်းသို့ ချီတက်ထမ်းရွက်ရာ ၁၂၄၆ ခု၊ နယုန်လဆန်း ၃ ရက်နေ့က အဖျားရောဂါကပ်ရော၊ ဝါဆိုလအတွင်း လွတ်ကင်းသည့်နောက် ရင်တွင်လေပြည့်၍စားသော်မဝင်။ နံနက် ရမန်းတစ်ပန်းကန်မျှသာ စားသောက်သုံးဆောင်နိုင်သောကြောင့် ခွန်အားလျော့ပါး သားရေကြဲလို့၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့တိုင် မဆုတ်မယုတ် မောပန်းသည်ဖြစ်၍ သတိသမ္ပဇည်ရှိသည့်အခါ၊ သားသမီး၊ မယား၊ တပည့်၊ ဆွေမျိုးတို့ မရှုပ်မထွေးစေရအောင် မှာစာ စာတမ်းရေးသားထားသည်။ ။ ကာ။ ။ အဘမြတ်စွာဘုရားဟောတော်မူသည့် သင်္ခါရသဘောတရားကို မလွန်နိုင် ကွယ်လွန်ခဲ့လျှင်၊ မိန်းမငယ် ရွှေသင်ကမွေးသည့် သမီးမကျီတော်၊ ရွှေညွန့်က မွေးသွားသည့်သား စော်ဘွားကြီး၊ သမီး မအေးကြူတို့ကို လူလားမြောက်အောင် သမီး ရှင်မကြီး ရှင်မယ်ပုတို့က ယူ၍ ကျွေးမွေးပြုစု ထားရမည်။

ကိ။ ။ အသက် ၁၇ နှစ် ချိန်တန်ရွယ်ရောက်လျှင် သမီး မကျီတော်မှာ အထက်ဝတ်ဆင်သည့် ရွှေစတီလက်ကောက်ရန်စုံ ၅။ အချိန် ၂၀ိအပြင် ရွှေချိန်၁၀ိတို့၍ ရွှေချိန် ၃၀ိ။ သား စော်ဘွားကြီးမှာ ရွှေချိန် ၂၀ိ။ သမီး မအေးကြူမှာ ရွှေချိန်





၂၀ိ။ သမီး ရှင်မကြီး ရှင်မယ်ပု၊ ညီစာရေးတော်ကြီးတို့နှင့်အတူနေထိုင်လျှင် သမီးတို့ကပေးရမည်။ မနေမထိုင် သူတို့အမိနေသို့ လိုက်သွားကြလျှင် ရွှေချိန် ၅ိသားစီသာ ပေးလိုက်ရမည်။ နေ့တဘာန် သမီးကြီးတို့ထံဖြစ်စေ၊ ညီစာရေးတော်ကြီးထံ ဖြစ်စေ နေလာပြန်လျှင်လည်း သမီးကြီးနှစ်ယောက်တို့က ပေးလိုသမျှသာပေးရမည်။ ။ ကီ။ ။ ရဲမက်လက်နက်ကိုင် အမှုထမ်းတို့ စားသုံးရန် ချေးငှားစိုက်ထုတ်ပေးရသည့် ငွေ(၅၄၆၀)ရရှိလျှင် ရွှေသင် ရွှေညွန့် ရွှေဟသ်ာတို့သို့လက်ရောပေးပြီး ပုတီး၊ နားဒောင်း၊ လက်စွပ်၊ ငွေများကိုလည်း အပြန်အယူမရှိကြနှင့်။ ပေးထားသည့်အတိုင်းယူစေရမည်။ သမီး မကျီတော်၊ သား စော်ဘွားကြီး၊ သမီး မအေးကြူတို့ နားထွင်းရှင်ပြုလော်သည် အရွယ်တိုင်ရောလျှင် သမီးကြီးတို့က အဘရင်သွေးဖြစ်၍ လျော်ပတ်တင့်တယ်အောင် ချီးမြှော့ကြရမည်။ ။

ကု။ ။ မကျီတော်၊ စော်ဘွားကြီး၊ သမီး မအေးကြူတို့ အသက် ၁၇ နှစ်မပြည့်မီ သမီးကြီးတို့ သိမ်းဆည်းထားသည့်ပေးရန် ရွှေများကို ရန်သူမျိုးငါးပါး ဖျက်ဆီး ဆုံးပါးသည်ဖြစ်စေ၊ သမီးကြီးတို့ ကံအလျော့ ဆင်းရဲငြိုငြင် မပေးနိုင်ရှိသည်ဖြစ်စေ၊ မကျီတော်၊ စော်ဘွားကြီး၊ မအေးကြူတို့က ရကောင်းသည် အတောင်းမခံ မရှိကြနှင့်။ ။ ကူ။ ။ မကျီတော်၊ စော်ဘွားကြီး၊ မအေးကြူတို့ကိုပေးရန် ရွှေချိန် ၇၀ိအပြင်၊ ကျန် ရွှေငွေ အကွင်းအချည် အထည်အလိပ်လယ်မြေ သက်ရှိသက်မဲ့ ဥစ္စာပစ္စည်းများမှာ သမီး ရှင်မကြီး သမီး ရှင်မယ်ပုတို့ ညီမျှခွဲဝေ ယူကြရမည်။ ရင်းပြင် မြင်းအုန်းခွံဖြူမှာ ဒုံမက်စာရေးကြီး။ မြင်းနီမှာ သံတော်ဆင့် လယ်ဝန်ယောမြို့စား၊ ဒေါန ခေါ် အုန်းခွံညိုမှာ မြေး မောင်ဘ၊ ငယ်ဖြူကြီးမှာ ညီစာရေးတော်ကြီး။ ဘောင်းဝတ်ခြော်မှာ ယောက်ဘ ဥယျာဉ်အုပ်မင်း၊ ပလောင် ခေါ် အုန်းခွံမှာ တပည့် မောင်သာမြိုင်တို့ ယူကြစေရမည်။ ။ ကေ။ ။ သစ်ဆိမ့်ကျောင်း၊ အာသောကရာမကျောင်း၊ ရွှေပန်းရကျောင်းနှင့် စေတီများကို သမီး ရှင်မကြီးက မပျက်မစီးအောင် ကိုးကွယ် လှူဒါန်းရမည်။ ကံသာကျောင်း၊ ပုသိမ်ကလေးကျောင်းနှင့် စေတီများကို သမီး ရှင်မယ်ပုက မပျက်မစီးအောင် ကိုးကွယ် ကြည့်ရှုလှူဒါန်းရမည်။ တောင်ဝန်းရှိ ဝဲဆောင်နှင့် မြေဝံဆောင်ကို ဖျက်သိမ်း၍ ရွှေပန်းရဘုရားမှာ သိမ်တန်ဆောင်း သမီးကြီး ၂ ဦးတို့က လှူဒါန်းရမည်။ ။

ကဲ။ ။ တောင်ဝင်းအနေဲ့ပေါက် မြေဝံဘက်ဝင်းပြင် အိမ်ဝင်းတွင်းအိမ်ကို ယောက်ဖ ဥယျာဉ်အုပ်မင်းကို အိမ်ဆော်ရန် ပေးသည်။ ဖျက်သိမ်းယူစေ



www.burmeseclassic.com

www.burmeseclassic.com



ရမည်။ မြေဝံဝင်းရှိ မြင်းဇောင်း၊ ၎င်းအနော်ဝင်းတွင်း အိမ်ငယ်၊ ၎င်းအရှေ့ ဖြတိုက်သံဆင့်တို့ကျူးနေထိုင်သည့်အိမ်များကို ညီစာရေးတော်ကြီးသို့ အိမ်ဆောက်ရန် ပေးသည်။ ဖျက်သိမ်းယူစေရမည်။ ။ ကော။ ။ အမှာတော်ရေး နေထိုင်သည့် အိမ်၊ လက်စွဲ မောင်လောဟူ နေထိုင်သည့် အိမ်များမှာ ၎င်းတို့က ရောင်းချလျှင် ရောင်းသည့်အဘိုးကို သမီးတို့က တောင်းယူရမည်။ မရောင်းမချနေထိုင်ကြလျှင်လည်း နေမြဲအတိုင်း နေစေရမည်။ ဝင်းမှာ သနားတော်မြတ် ခံရသည့်ဝင်းဖြစ်သည်။ အထူးမဆိုသာ။ တပည့် ငပွား ငချိပ်တို့သည် ငယ်စဉ်အခါကပင် အဝေးမြို့ရွာသို့ လိုက်ပါထမ်းရွက်ကြသည်။ ၎င်းတို့ ကိုယ်နေသင်္ကရာဇ်ကို ဖျက်ဆီးရမည်။ ငကြေပ်ကြီး ငယ်စဉ်ကဆွဲသည့် ရွှေဆီးဖြူကုံးကို ငကြုတ်ကြီး အိမ်ထောင်ကျကာလ ၎င်းသို့ ပေးရမည်။ ။ ကော်။ ။ သမီး ရှင်မကြီး ရှင်မယ်ပုတို့ ၂ ဦးမှာလည်း အဘထိမ်းမြားခဲ့သည့် ခင်ပွန်းကို ရိုသေစွာ ဝတ်မပျက်အောင် ပြုစုလုပ်ကျွေးကြရမည်။ သမီး ၂ ဦးတို့မှာ တစ်စုံတစ်ရာ အကြောင်းကြောင့် ဒေါသပွား မသင့်ကြလျှင် ဦးလေး ဥယျာဉ်အုပ်မင်း၊ ဘထွေး စာရေးတော်ကြီးမင်းတို့ပြောဆိုရာ၊ အဘပြောဆိုသကဲ့သို့ ထင်မှတ်နာယူ ပြေကြေ သင့်မြတ် ကြရမည်။ ဆွေမျိုး၊ တပည့်၊ ကြေးကျွန်တို့ကိုလည်း အဘ မှာထားသည့်အတိုင်း ကြည့်ရှုကြရမည်။ ။

ကဲ။ ။ အဘ မှာထားသည့်အတိုင်း သမီးကောင်းတို့လည်း မထောက်မပြန်နာခံကြပါလျှင် ဘုန်းကြီး သက်ရှည် အန္တရာယ်ကင်းဝေး၍ တက်သစ်သောနေဝန်း၊ ဆန်းသစ်သော လကဲ့သို့ တစ်နေ့တခြား စီးပွားချမ်းသာ တိုးတက်ကြလိမ့်မည်။ အဘ စကားကိုမတည်လျှင် မတည်သူ သမီးဆိုး သမီးညစ် ဖြစ်ကြမည်များကို အမြဲနှလုံးထားကြရမည်။ ၎င်းမှာထားသည့်အတိုင်း မတည်ကြလျှင်လည်း ဘထွေး စာရေးတော်ကြီး၊ သံတော်ဆင့် လယ်ဝန် ယောမြို့စား၊ တပည့် အမှာတော်ရေး၊ တပည့် လယ်ဝန်စာရေး၊ တပည့် ဘဏ္ဍာစိုး၊ ဗိုလ်တပ်ရေး မောင်ကြီးတို့က မပျက်မကွက်အောင် ပြောဆိုကြရမည်။ ။

ကား။ ။ ၁၂၄၆ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်နေ့ စာတမ်းရေးသားသည်။ သိရှိသူ စာရေးတော်ကြီး နေမျိုးမင်းထင်ရာဇာ၊ အမှာတော်ရေး ဦးမှဲ့၊ လယ်ဝန်စာရေးကြီး ဦးစိုး၊ ဗိုလ်တပ်ရေး မောင်ကြီး၊ ဘဏ္ဍာစိုး မောင်သော်၊ မောင်ကံစ။ ၎င်းစာတမ်းနှင့် မိုင်းနောင်တပ်ရှိ ပစ္စည်း အသုံးအဆောင် စာရင်းများကို





တံဆိပ်ခပ်စက္ကူတွင်ရေးသား၍ သမီး ရှင်မကြီးသို့ တစ်စောင်၊ သမီး ရှင်မယ်ပုသို့ တစ်စောင်၊ ညီစာရေးတော်ကြီးမင်းသို့တစ်စောင်၊ ထိန်းသိမ်းထားရန် တစ်စောင် အပ်ခဲ့သည်။ စာရင်းစာတမ်းများကို ကြည့်ရှုမှတ်သား သင့်တင့်ညီညွတ်စွာ နေထိုင် ထမ်းရွက်ကြရမည်။ ။

အကိုးအကား

သည်ခွဲတမ်းစာပါတဲ့ ပုရပိုက်ဟောင်းတစ်အုပ်ကို မင်းကြီးသူရ မဟာမင်းခေါင်သမိန်ဘရမ်း ဘွဲ့မည်ခံ မင်းလက်ဝဲကြီး၏ စာပေစုများမှ ရရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ ဦးခြိမ့်၏ အာဝဇ္ဇန်း

တီထွင်ရေးဖွဲ့ခဲ့သူ၏ အမည်မှာ ကင်းဝန်မင်းကြီး ဖြစ်သည်ဟု
အမှတ်မှားခဲ့ခြင်းကြောင့်ဖြစ်သည်
စင်စစ် ကင်းဝန်မင်းကြီး၏လက်ရာ မဟုတ်ချေ. . .

ဦးခြိမ့်ကား ရွှေဘိုမြို့နယ် ခွန်တောင်းကြီးရွာသားဖြစ်သည်။ မင်းတုန်းမင်းနှင့် သားတော် သီပေါမင်းတို့ မင်းနှစ်ဆက်တွင် အမှုထမ်းခဲ့သူဖြစ်ပါသည်။ မင်းတုန်းမင်းကြီးလက်ထက်တော်တွင် လက်ဖက်ရည် တော်အရာမှ စတင်ထမ်းရွက်ခဲ့လေရာ အရည်အချင်းအလျောက် အဆင့်ဆင့် ရာထူးတက်၍ မြောင်လှမြို့စား ဝန်ထောက်တော်မင်းကြီး သီရိမဟာ ဇေယျသူဘွဲ့မည်ဖြင့် ဥရောပ နိုင်ငံသွား သံတော်ကြီးအထိ တာဝန်ယူခဲ့ရသူဖြစ်သည်။

သူသည် မူလကပင် စာပေအရေးအဖွဲ့၌ ထူးချွန်သူဖြစ်လေရာ နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ရာတွင် မိမိ၏အတွေ့အကြုံများကို ခရီးသွားမှတ်တမ်းအဖြစ် ခမ်းနားထည်ဝါစွာ ရေးသားခဲ့ပါသည်။ ထိုမှတ်တမ်းမှတ်ရာများသာမက မြန်မာစာပေလောကတွင် ထင်ရှားသော ကဝိလက္ခဏာဒီပနီကျမ်းကို ပြုစုခဲ့သူလည်းဖြစ်ပါသည်။ သူ၏ သံတမန်ဘဝ စတင်ခဲ့သည်မှာ ဤသို့ ဖြစ်သည်။

ကင်းဝန်မင်းကြီး (ငယ်မည် ဦးကောင်း)သည် မင်းတုန်းမင်းကြီးလက်ထက်တော်၌ သံတော်ကြီးအဖြစ် ဦးဆောင်၍ ၁၂၃၃ ခုနှစ်၌ အင်္ဂလန်နိုင်ငံသို့လည်းကောင်း ၁၂၃၅ ခုနှစ်၌ ပြင်သစ်နိုင်ငံသို့လည်းကောင်း သွားရောက်ခဲ့





သည်။ သို့ ကင်းဝန်မင်းကြီး ဦးဆောင်သွားရောက်သော သံအဖွဲ့တွင် ပထမအခေါက်၌ ဦးခြိမ့်သည် သံငယ်စာရေးတော်ကြီး မင်းလှဇေယျသူဘွဲ့မည်ဖြင့် သံငယ်အရာ၊ ဒုတိယအခေါက်တွင် သံလတ်အရာဖြင့် လိုက်ပါထမ်းဆောင်ရလေသည်။ ထိုကဲ့သို့ တိုင်းခြားခရီးနှစ်ခေါက်သွားရောက်ခဲ့ပြီးနောက် ဦးခြိမ့်မှာ နိုင်ငံရပ်ခြား မင်းမှုစိုးတာ၊ သံတမန်ဆိုင်ရာ အလုပ်အဆောင်များတွင် လုံလောက်သော အတွေ့အကြုံနှင့် မျက်စိရည် နားရည်ဝပြီး ဖြစ်လာတော့သည်။ စင်စစ်သံကြီး တမန်ကြီး အရည်အသွေးပြည့်စုံနေလေပြီ။

သို့လျှင် ဦးခြိမ့်၏ ကြိုးစားမှုနှင့် လုပ်ရည်ကိုင်ရည်ကို မင်းတုန်းမင်းကြီး သတိပြုမိလာသောအခါ ကိုယ်တော်တိုင် ဦးခြိမ့်အား ချီးမြှောက်တော်မူလေသည်။ သို့ ချီးမြှောက်သည့်အခမ်းအနားမှာ စိတ်ဝင်စားဖွယ်ကောင်းလှ၍ ဖော်ပြပါဦးမည်။

'သက္ကရာဇ် ၁၂၃၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ ဇေတဝန်ဆောင် တော်တွင်း မှူးတော် မတ်တော်တို့ အကျီလက်ကျယ်၊ ရွှေစလွယ်ဆင်၍ စုံညီရှိနေသည့်အတွင်း ဘုန်းတော်ကြီးလှသော ဘဝရှင်မင်းတရားကြီးဘုရား၊ ထွက်စံတော်မူ၍ ရာဇသံစာကို သံတော်ဆင့် ဦးလှဘူးဘတ်လျှောက်၍ ချလျှင် (ပြင်သစ်မင်း ဆက်လိုက်သောရာဇသံစာကို ဆိုလိုသည်။)

စာရေးတော်ကြီး မောင်ရင်ခြိမ့်ပါသလား။ မေးတော်မူရာ ဝန်ရှင်တော် ကင်းဝန်မင်းကြီးက ပါကြောင်းနှင့် ရှိခိုးသံတော်ဦးတင်၍ အဆုံးသတ်တွင် မောင်ရင်ခြိမ့် ငါ့အမှုတော်ကို ထမ်းရွက်သည့်အရာ များလှပေပြီ။ ဝန်ထောက်တော် ခန့်ပါဘိတော့။ အမိန့်ရှိတော်မူ၍ သံတော်ဆင့် ဦးလှဘူးက ဝန်ထောက်ခန့်မြဲ အမိန့်တော်အတိုင်း အမိန့်တော်မှတ်ပြီးလျှင် ဘတ်လျှောက်သံတော်ဦးတင်ရာ မဟာဘွဲ့ပေးပါဘိ အမိန့်တော်ရှိတော်မူသည်။ ပြီးလျှင် ဝင်တော်မူသည်။

(ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်း စာမျက်နှာ ၁၉၀ မှ)

ထိုနေ့မှစ၍ သံလတ်စာရေးတော်ကြီး မင်းလှဇေယျသူအဖြစ်မှ ဝန်ထောက်တော် မြောင်လှမြို့စားမင်းကြီး သီရိမဟာဇေယျသူ အဖြစ်သို့ ရောက်လာသည်။ ရာထူးနှင့် ဘွဲ့မည်ပါအဆင့်တက်ပြီး အစိုးရအဖွဲ့တွင် ထင်ရှားသူတစ်ဦး ဖြစ်လာလေပြီ။

၁၂၃၇ - ၃၈ ခုနှစ်တိုင် ရောက်သောအခါ မင်းတုန်းမင်းကြီးက ဥရောပနိုင်ငံများသို့ မဟာမိတ်ဖွဲ့ရန်စေလွှတ်ကာ ချစ်ကြည်ရေးသံအဖွဲ့တွင်မှ ဦးခြိမ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် သံတော်ကြီးအဖြစ် သွားရောက်ရန် တာဝန်ပေးခြင်းခံရလေသည်။ ထိုအခေါက်တွင် အီတလီ၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံများသို့ သွားရောက်ရလေရာ ထိုနိုင်ငံများတွင်မက ခရီးတစ်လျှောက်ဖြစ်သန်းသွားရာရသော ဒေသတိုင်းလိုပင် အတွေ့အကြုံ အကြားအမြင်တို့ကို ပေါ်လွင်ထင်ရှားအောင် မှတ်တမ်းတင်ခဲ့လေသည်။ စင်စစ် သူသည် ပင်ကိုယ်ကပင်လျှင် စာပေအရေးအသားဘက်၌ ထူးချွန်သူဖြစ်လေရာ နိုင်ငံရပ်ခြား ခရီးသွားမှတ်တမ်းကို ခမ်းနားထည်ဝါစွာ ရေးဖွဲ့ခဲ့လေသည်။

သို့ မှတ်တမ်းစာပြုရာ၌ လင်္ကာသွားအခြေခံ၍ ရေးသားသည်ဆိုရသော်လည်း ပုံစံတစ်မျိုးတည်းရေးဖွဲ့သည်မဟုတ်ပါ။ အချို့နေရတွင် မေတ္တာစာ၊ အချို့နေရာတွင် ရကန်သွား၊ အချို့နေရာတွင် တောလားဆန်ဆန်၊ နဘေကာရန်တို့ဖြင့် ရေးဟန်အမျိုးမျိုး ကလောင်စွမ်းပြထားပါသည်။

ထို့ကြောင့် သူ့စာကိုဖတ်ရာတွင် မင်္ဂြီငွေ့ရုံမှုမက စာဖတ်သူကိုယ်တိုင် ရောက်ရှိတွေ့မြင်နေရသလို ရုပ်မြင်သံကြားဟုဆိုလောက်သည့် အဖွဲ့ကလေးများပါ ခံစားမိသေးတော့သည်။ ရွှင်ရွှင်လန်းလန်းဝေဝေဆာဆာ ရှိလှသော မှတ်တမ်းပေတည်း။

စကားပမာဆိုရလျှင် စာတစ်ပုဒ်ရေးရာတွင်ဖြစ်စေ၊ စင်မြင့်ဟောပြောရာတွင်ဖြစ်စေ အချက်အလက်ခိုင်လုံရုံမျှဖြင့် မပြီးသေးဘဲ ဖတ်ရှုကြားနာသူစိတ်မပင်ပန်းလေအောင် သင့်လျော်ရာတွင် သောလုံးကလေးများညှပ်ကာ ပြောတတ် ရေးတတ်ရှိပါမှ ပရိသတ်အကြိုက်တွေ့သည့်သဘောပင်။

သို့လျှင် ထူးခြားပြောင်မြောက်လှသော ခရီးသွားမှတ်တမ်းကြီးဖြစ်ပါသော်လည်း ထင်ရှားကျော်ကြား အားနည်းနေပါသေးသည်။ သို့ဖြစ်ရခြင်းတွင် ကျွန်မ၏အယူအဆကို ဆိုပါမည်။

ကင်းဝန်မင်းကြီး၏ လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်းနှင့် ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်းများမှာ ပြည်သူလူထုအတွက် နားယဉ်ပြီး ဖြစ်ပေ၏။ ကိုယ်တိုင် မဖတ်ဖူးသေးပါဆိုသည့်တိုင် မှတ်တမ်းအမည်ကိုကား ကြားဖူးနားဝရှိကြသည်ချည်းပင်။ ထိုမှတ်တမ်းများကား ခရစ်နှစ် ၁၉၀၈ ခုနှစ်ကပင်လျှင် ပေမူမှ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိပြီး ဖြစ်ခဲ့သည်။ သို့. . . စာအုပ်ဖြစ်လာသောအခါ နိုင်ငံအလုံးပြန့်နှံ့ပြီးဖြစ်လေရာ လူအများ ဖတ်ခွင့်ရ၍ အချိန်စောစွာ ထင်ရှားကျော်ကြားလာရခြင်း ဖြစ်နိုင်ပါသည်။ ဦးခြိမ့်၏ အီတာလျှံ (အီတလီ)





သွားမှတ်တမ်းမှာကား ၁၉၅၉ ခုနှစ်တိုင်ရောက်မှ ပုံနှိပ်စာအုပ်ဖြစ်လာ၍ ပြည်သူလူထုနှင့် ရင်းနှီးခွင့်ရခဲ့ပါသည်။ သို့ဖြစ်ရာ ကင်းဝန်မင်းကြီးနှင့် မြောင်လှမြို့စားမင်းကြီးတို့သည် မှတ်တမ်းရေးသည့်ကာလမှာ တစ်ချိန်တည်းဖြစ်သော်လည်း စာအုပ်ဖြစ်လာခြင်းတွင်မူ နှစ်ပေါင်း ၅၀ ခန့်ကွာခြားနေခြင်းကြောင့် လူသိများခြင်းတွင်လည်း အချိန်ကွာခြားပေမည်ဟု ယူဆဖွယ်ရှိပါသည်။

အမှန်စင်စစ် မှတ်တမ်းကြီး နှစ်စောင်စလုံးပင်လျှင် မိမိတို့ နိုင်ငံရင်းမှ လွန်၍ အနောက်ဥရောပအထိ လှမ်းကြည့်နိုင်အောင် ပြည်သူတို့အား မျက်စိဖွင့်ပေးသော စာပေချည်းဖြစ်သည်။

ထို့ကြောင့် မျိုးခြား မြေခြား ဗဟုသုတတွေ တစ်လှေကြီးပါရှိသည်။ ကြိုက်သည့်နေရာတွင် မျှဉ်းသားရမည်ဆိုလျှင် ကျွန်မအဖို့တော့ တစ်အုပ်လုံးပင် သားရပေတော့မည်။

ထို့သို့ အတွေ့အကြုံတွေ ပြည့်စုံကြသည်ချည်းဖြစ်စေကာမူ ရေးဟန်ကား ကွာခြားပါသည်။ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦး၏ ခရီးသွားမှတ်တမ်း နှစ်စောင်တွင် သွားရောက်ရာနေရာဒေသနှင့် တစ်ခုတည်းသောဖြစ်ရပ်ကိုပင် ကိုယ့်အာဘော်နှင့်ကိုယ် တစ်မျိုးစီရေးဖွဲ့ကြသည်ဖြစ်လေရာ အကောင်းချည်းဖြစ်သော်လည်း ကောင်းပုံချင်းမတူပါ။ စာဖတ်သူကိုယ်တိုင် နှိုင်းယှဉ်လေ့လာနိုင်ကြရန် ယင်းတို့စာနှစ်ပိုဒ်စီ တင်ပြပါမည်။

ပထမ တင်ပြလိုသည့်စာပိုဒ်မှာ စူးအက်တူးမြောင်းအကြောင်းကို ယင်းတို့နှစ်ဦး စာဖွဲ့ကြပုံဖြစ်သည်။ ၁၂၃၃ ခုနှစ်က ကင်းဝန်မင်းကြီးသည် သံတော်ကြီးအဖြစ် အင်္ဂလန်သို့သွားရာတွင် ပင်လယ်နီမှအထွက် စူးအက်မြို့အရောက် စူးအက် တူးမြောင်းကို ဤသို့. . .

' စွစ်မြို့ပတ်လည်ရှိမြေမှာလည်း မြေသားမဟုတ်၊ သဲကန္တာရဖြစ်၍ သဲကျောက်အတိ၊ သစ်ပင်ချုံနွယ်မပေါက် မရောက်နိုင်။ လုပ်ခင်းလယ်ယာဥယျာဉ်ပန်းမန် မရှိ အလွန်ခြောက်သွေ့ပူပြင်း မိုးရေမရွာသောအရပ်ဖြစ်သည်။

သို့သော်. . . တူးမြောင်းကိုအမှီပြု၍ သင်္ဘောအများ ဆိုက်ရောက်၊ နိုင်ငံတကာနှင့် ဆက်ဆံရသဖြင့် တိုးဆဲပွားဆဲဟု ထင်မှတ်ရန်ရှိသည်။ တူးမြောင်းအကျယ်မှာ ငါတို့မြစ်ငယ်ခန့်။ တာပေါင်း ၁၆ တာ၊ ၎င်းအနက်မှာ တောင် ၁၆ တောင်ဖြစ်၍ ၃ ပင်တိုင် သင်္ဘောကြီးပင် ဝင်ထွက်နိုင်သည်၊ တူးမြောင်းသည် ခရီးမြန်မာတိုင် ၄၅ တိုင်ရှိသော သဲကန္တာရအတိကို ဖြတ်ဖောက်လုပ်ဆောင်ရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အလုပ်အလွန်ခက်ခဲသည့်အရာကိုပင် မြေတူးမြေသယ် စက်အများအပြားနှင့် အားထုတ်လုပ်ဆောင်သောကြောင့် ဖြစ်ဆန်းသာမည်မဟုတ်၊ အကြီးအကျယ်ဖြစ်ထွန်းပေါက်ရောက်ရှိသည်ကို အံ့သြချီးမွမ်းဖွယ်ရှိလှသည်။ ၎င်းတူးမြောင်းကို စ၍ကြံစည်သည်မှာ ပြင်သစ်လူမျိုး ပါရဒင်နက်လက်စက် ဆိုသူဖြစ်၍ (Ferdinand de Lesseps) ၎င်းသူကို နိုင်ငံအများကပင် ချီးမွမ်းကြကြောင်း ပြောဆိုကြားသိရသည်။

(ယင်းစာများမှာမူလစာလုံးပေါင်း သတ်ပုံအတိုင်းပင် ဖြစ်ပါသည်။)

ထိုဒေသသို့ ၁၂၃၇ ခုနှစ်တွင် ရောက်ရှိသော မြောင်လှမြို့စားမင်းကြီးက အောက်ပါအတိုင်း စာဖွဲ့ခဲ့ပါသည်။

'စွစ်မြို့က ဘက်၊ ကြည်းသို့တက်၍၊ ခက်ခဲနိုင်သမျှနှင့်၊ ဝါလုကန္တရပကတိ၊ တိုင်လေးဆယ့်ငါး ခွန့်ရှည်လျားတွင် ရပ်နားရန် ရိပ်မရှိဘူး၊ သဲပြင်အတိမီးပမာ၊ ချင့်ကိုဖြတ်၍ တရွေ့ရွေ့ကို နေ့ရက်အများ ကြာအောင်သွားကြရသည်မှန်တုံဘိ။ သို့မဟုတ်လျှင် သမုဒ်ပြင်က၊ လှမ်းချင်သူ ရှိအံ့၊ အိုရုံးအမည်ခေါ် ပင်လယ်မော်လမ်းဆီက၊ အာဖရိကျွန်း၊ ပြင်ပြန့်ကျယ်စွန်းကြီးကို၊ လှည့်ဝန်းသွားလေမှလျှင်၊ ကိုးလဆယ်လ ကြာလေ၍၊ ယခင်ကြိုးပမ်း၊ သဲပြင်ဖြတ်လမ်းနှင့်၊ လမ်းချင်းပေါင်းဆုံတွေ့၏ရှင့်၊ လမ်းကွေ့လမ်းဖြတ်၊ သည်နှစ်ချက်၊ ခက်သည့်အပြင် ခဲလေသည်၊ ခက်ခဲသည်နှစ်ခက်ကို၊ မခက်စေခြင်းငှာ ဦးစွာပထမကြံမိချက်ကျသူ၏၊ နာမမည်သညာကား ဗာဒရင်နက်ဒီလက်စက်၊ ပြင်သစ်လူမျိုး၊ သူ့တန်ခိုးလည်း ကျော်ဟိုးဝှန်တက်၏။ ကြံချက်ဟန်တမူကား၊ ယခင်ဆိုပြီး သဲပြင်ကြီးကို ဒလဲလျှောက်၊ မြေတူးမြေသယ်စက်ကြီးငယ်ဖြင့်၊ ဆက်သွယ်မြောင်းကြီးဖောက်၏။ ထိုမြောင်းသည်လျှင်၊ စွစ်မြို့ကို အကြောင်းပြုသည့် စွစ်မြောင်း အမည်တွင်ရှင့်၊ . . . . . . . . . . . . ၊ မီးသင်္ဘောစက် ဝင်ချင်တိုင်းဝင် ထွက်ရအောင်၊ သည်ကြံချက်ကောင်းလေစွ။ အံ့ကြသြကြ လူဗိုလ်ပါ၊ မီးသင်္ဘောချင်းမြောင်းအတွင်းမှာ၊ ရှောင်ကွင်းတိမ်းစရာနှင့် သို့အရာရာ ပြည့်စုံရှောင်း၊ ရှေ့-နောက်ပင်လယ်၊ ဆက်မိအောင်သွယ်နိုင်ပေ၊ အံ့ဘွယ်အလွန်ကောင်း စွစ်တူးမြောင်းဟုသောင်းထိုက်ဇမ္ဗူပေါ် တွင်၊ အကျော်တစ်ခုမှတ်ရာ၏။'

ယခုတစ်ဖန် နှိုင်းယှဉ်လေ့လာရန် ဒုတိယစာပိုဒ်တစ်မျိုးစီ တင်ပြပါဦးမည်။ ဤစာပိုဒ်ကား ယင်းတို့နှစ်ဦးလုံး မစ်ဒီတာရေးနီးယန်း အိုယှင်(မူလစာလုံးပေါင်း)ကို သင်္ဘောဖြတ်သန်းရာတွင် လေပြင်းမုန်တိုင်းမိကြပုံကို ဤသို့ တစ်မျိုး





စီ ရေးဖွဲ့ကြသည်။ ကင်းဝန်မင်းကြီး၏စာကို အရင်ဖော်ပြပါမည်။

၁၂၃၆ ခုနှစ်၊ နယုန်လ၊ ပါရီမြို့တွင် ရေးသည်စာ။

'ဉရောပတိုက်အဝင်၊ ကမ္ဘာ့အလယ်ချက်ဖြစ်သော မစ်ဒီတာရေနီယန်း အိုယှန်းစီး ခေါ်သည့် ပင်လယ်ကြီးသို့ရောက်သည်။ ၎င်းပင်လယ်တွင် ၆ ရက်ပတ်လုံး ပြင်းပြသည်းထန် မုန်တိုင်းတို့သည် လှည့်ကာ ပတ်ကာ၊ ဝဲယာရှေ့နောက် လှုပ်ရှားတိုက်ဇော့သည်နှင့်၊ ပင်လယ်အလုံး ရှိုက်ရှိုက်တုန်လျက်၊ တောင်ရှိဘနန်း၊ မောက်လျှမ်းဝှန်တက်၊ လှိုင်းရေဂယက်တို့သည်၊ တိုင်းထက်အလွန်ထသတည်း။ ထိုအခါ အလွန်ကြီးကျယ်ခိုင်ခန့်လှသော စင်းခေါ်သည့် မီးသင်္ဘောကြီးသည် တက်တုံတက်တုံခုန်၍ ရှေ့နောက်ဦးစောင်းဂျမ်းပြန်လှုပ်သည်။ လူးတုံလဲတုံ မကြုံကောင်းစွာ၊ ဝဲယာန်ထောင်းစောင်း၍ လှုပ်သည်။ ရစ်တုံပတ်တုံ မပြတ်၊ ချားရဟတ်သို့၊ ပတ်ပတ်လည်၍ လှုပ်သည်။ ယင်းသို့ လေပြင်းမုန်တိုင်းလှိုင်းနှင့် သင်္ဘော၊ သုံးလွန်တင်နှော့ဆဲတွင် . . .'

တစ်ဖန် ထိုဒေသတွင် ထိုသို့ ပင်လယ်လှိုင်း ပြင်းထန်ပုံကိုပင်လျှင် မြောင်လှမြို့စားမင်းကြီးက ၁၂၃၇ ခုနှစ်အတွင်း၌ သူ့အတွေ့အကြုံကို ဤသို့ ရေးဖွဲ့ထားပါသည်။

မစ်ဒီတာရေနီယံ အိုရှံအမည်တွင်လေဘိ၊ လေကြမ်းရေကြမ်း ပြင်ပြည့်လျှမ်းငယ်တွင်၊ ကမ်းလမ်းမြင်မသိဘူး၊ ကသီကရိ လှူးကာငုပ်၊ မီးသင်္ဘောစက်၊ ပြန့်ဘောင်ဘင် ဘွတ်ထဲတွင်၊ ရောက်ရက်ခတ်ကြီး လှုပ်လေသော်၊ စက်ဆုပ်ရွံ့ရှာဖွယ်စတောင်း။ မူးဝေပြောင်းပြန်၊ ဂွမ်းဆောက်ပြန်ကြီးငယ်၊ နေထိုင်ရန်ခက်ခနောင်းမို့၊ လျှောင်းလျက် စောင်းလျက် မထနိုင်၊ သုံးရက်လေးရက်၊ လှိုင်းဂယက်ကယ်က၊ ဂုတ်ဆက်ကိုနှိမ်၍ကိုင်သို့၊ အနိုင်ပ၊ နိုင်ထ၍ဆို၊ ဆန့်လက်ရုံးတန်း၊ နင်သောင်းကျန်းသလား၊ ငါမှန်း မသိသေးလို့ကိုဟု၊ ကြိမ်း၍များ ဆိုသော်လည်း၊ နဂိုတလဲလဲ၊ အိရှိုင်းအိရှိုင်း၊ ဘွက်ကျယ် လှိုင်းကြီးငယ်၊ တိုင်းထက်အလွန်သဲခဲ့။ ထိုကလွဲ၍၊ တကွဲချင့်စိတ်ကြိုက်၊ တိုးတိုးသာသာ၊ တဆိတ်ကယ် ငြိစွန်းပါဟု ချော့ရာသို့လည်း သူမလိုက်ဘူး၊ ပင်လယ်မိုက်ကြီး ထုံပေပေ။'

အထက်ပါ မြောင်လှမြို့စားမင်းကြီး၏စာ၊ ခတ်ရွှင်ရွှင်ခတ်သော့သော ကလေး ရေးထားသည်များမှာဖတ်၍မငြီးနိုင်ပေ။ ကင်းဝန်မင်းကြီး၏ စာမှာ အရှိကိုအရှိတိုင်းဖော်ပြထား၍ ဓာတ်ပုံရိုက်ထားသည်နှင့်တူပါသည်။ မြောင်လှမြို့စား မင်းကြီး၏ စာမှမူ ပကတိရှုခင်းကို ပန်းချီရေးဆွဲထားသကဲ့သို့ ရှိသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ယူဆဖွယ် ဖြစ်ပါသည်။

သို့ ရေးဖွဲ့နည်း ကွာခြားပုံအား ဆရာကြီးသိပ္ပံမောင်ဝက ကောက်ချက်ချထားခြင်းကို တင်ပြပါဦးမည်။ မြန်မာသံတော်ကြီး ဦးဖြိုး၏ အီတာလျံ သွားမှတ်တမ်းကို လက်ရေးစာမူကဖတ်ရသော သိပ္ပံမောင်ဝသည် ခေတ်စမ်းမောင် အမည်ဖြင့် အောက်ပါအတိုင်း -

'ကင်းဝန်မင်းကြီး၏မှတ်တမ်းကား ရှင်ဘုရင်မင်းမြတ်ထံ တင်ဆက်ရန် အစီရင်ခံစာနှင့်တူ၏။ ဤမှတ်တမ်းကား ဖတ်လိုသောအခါဖတ်ရန် ကိုယ်ပိုင်မှတ်တမ်းဖြစ်သည်။ ထို့ကြောင့် အီတလီသွား မှတ်တမ်းကား ဖတ်၍ ပိုကောင်းလေသည်. . . 'ဟု ဝေဖန်ထားပါသည်။

(၁၂၉၇ - ခု၊ သီတင်းကျွတ်လထုတ် ကြီးပွားရေးမဂ္ဂဇင်းမှ)

ဤသို့လျှင် စာပေပညာရှင်ကြီးနှစ်ဦး၏ ရေးဖွဲ့ဟန်များကို လေ့လာရန် နှိုင်းယှဉ်တင်ပြပြီးပါပြီ။ ယင်းသို့ တွေ့မြင်ခံစားကြရသည့်နည်းတူ အများပြည်သူများ ကြားသိကြရလေအောင် အားထုတ်လုပ်ဆောင်ထားသော မှတ်တမ်းမှတ်ရာ ဖတ်စရာများပင်ဖြစ်ပါ၏။

ဆိုခဲ့သော တိုင်းခြား သုတတို့ကို ကျွန်မတို့သည် မပင်မပန်းသုံးဆောင်ခံစားကြရလေသောကြောင့် အင်မတန် အကျိုးများပေသည်။

ယင်းမှတ်တမ်းများတွင် ကင်းဝန်မင်းကြီး၏ မှတ်တမ်းမှာ ၁၉၀၈ ခုနှစ်က ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေပြီး၍ မြောင်လှမြို့စားမင်းကြီး၏ မှတ်တမ်းမှာမူ ၁၉၅၉ ခုနှစ်တိုင်ရောက်မှသာ ပုံနှိပ်စာအုပ်ဖြစ်လာလေသည်။ သို့ဖြစ်ရာ ပြည်သူလူထုနှင့် ရင်းနှီးခွင့်ရခြင်းတွင် နှစ်ပေါင်း ၅၀ မျှ ကွာခြားနေသည်။ မည်သို့ပင်ဖြစ်စေ စာဖတ်သူတို့အဖို့ အလွန်ကျေးဇူးကြီးသော စာပေများပင်တည်း။

ဤနေရာတွင် ကျေးဇူးစကားနှင့်ပတ်သက်လာသောကြောင့် ကျွန်မတို့ငယ်စဉ်က ကြားဖူးနားဝရှိခဲ့သော ' နှိုင်းမတုထိုက်အောင် သိုင်းကရုလိုက်ပါကြောင်း'ဆိုသည့် စကားတစ်လုံးကို ရှင်းလင်းပြောချင်စိတ်ပေါက်လာမိပါသည်။ ရှင်းလင်းချင်သည်ဆိုရာ၌ ကျွန်မငယ်ငယ်က ထိုသည့်စကားလုံးကို တီထွင်ရေးဖွဲ့ခဲ့သူ၏အမည်မှာ ကင်းဝန်မင်းကြီးဖြစ်သည်ဟု အမှတ်မှားခဲ့ခြင်းကြောင့်ဖြစ်သည်။ စင်စစ် ကင်းဝန်မင်းကြီး၏ လက်ရာမဟုတ်ပါချေ။ ဦးဖြိုး တီထွင်သုံးနှုန်းခဲ့သော





စကားလုံးသာဖြစ်သည်။

အမှန်မှာ ကင်းဝန်မင်းကြီးရေးသော 'လန်ဒန်မြို့သွားနေ့စဉ်မှတ်တမ်း' ဒုတိယတွဲတွင် ပါရှိသော စာဖြစ်၍ ကင်းဝန်မင်းကြီး၏စာဖြစ်သည်ဟု သိမ်းရုံးပြီး အမှတ်မထင် ပြောကြဆိုကြဟန်တူပါသည်။

ထို့ကြောင့် ရေးဖွဲ့သူအမည်မှန်ကို သိရှိသူအများရှိကြမည် ဖြစ်သော်လည်း ကျွန်မနည်းတူ အမှတ်မှားမိသူများလည်း ရှိနိုင်သောကြောင့် ယင်းစာကို မူရင်းအတိုင်း ဖော်ပြလိုပါသည်။

ဤတွင် မေတ္တာစာမူရင်းမှာ အတန်ရှည်လျားနေသည့်အတွက် ရသမပျက်လေအောင် အနည်းငယ်ချုံ့၍ အစ၊ အလယ်၊ အဆုံးမျှ တင်ပြပါမည်။

(သတ်ပုံမူရင်းအတိုင်း)

' သက္ကရာဇ် ၁၂၃၄ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့။ ။ ပြင်သစ်နိုင်ငံ၊ ပါရစ်မြို့ ဒလူးဟိုတယ်တိုက်တွင် ရေးသည့်မေတ္တာစာ။ '

ခုရှစ်ဆယ်ခ၊ ရာယာမဟု၊ သြဒိဿအပြား၊ ရောမိဿ အများ၊ နှောကြိတ်ရအပွားတွင်၊ ပိုင်းခြားမွှေနှောက် ဆွေနှစ်ယောက်ကိုသာ ရွေးကောက်၍ ပြင်ကျယ်၊ ပင်လယ်အဏ္ဏဝါ၊ မကသော ရေဟုန်၊ ရေတမ်းခွန်ကဲ့သို့၊ တွေတွေသွန်ရှက်စပ်၊ စက်မရပ်ဘဲ၊ ထက်ကြပ်သွန်းလောင်းလေ့ရှိပါသော၊ စာရေးတော်ကြီးမင်းလှဇေယသူ ကြားရောက်ပါသည်။ ။ မိုးသီး မိုးပေါက်၊ မီးတောက်မီးလျှံ၊ ဉာဏ်ရောက်ရော၊ အကြံပါ နှောပြီးလျှင်၊ လောကဓာတ် တစ်ခုလုံး၊ ပြောစမှတ်ပြုစဆုံးအောင်၊ ခုတုန်းခေတ်ခုကာလ၊ ခုဌာန ခုရွှေမန်းမှာ တရကြမ်းထွန်းတောက်၍၊ ပြောင်မြောက်အောင် ထင်ပေါ်၊ အကျော်စေရဖြစ်သူ၊ အဆွေသံတော်ဆင့်မင်း ၂ ဦးတို့။ ။

. . . . . . . . . . . . . . . . . .

ပြန်စာ၏ သဘောမှာ ချောသည်ပြေသည်။ စာနေပုံလှသည်။ မွှေ့လျော်ရွှင်ပြုံး၊ နှလုံးကိုပွားစေသည်။ မရှည်မတို၊ ကြည်ညိုစရာစာ၊ သာလိကာတစ်သောင်း၊ ပေါင်း၍ဝင်စား၊ တစ်ကောင်တည်း တွားပြီးမှ၊ စကားတတွတ်တွတ်၊ ရွတ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ပုံစံ၊ စာအသံမတော့ အင်္ဂလန်တကြော၊ ဥရောပတိုက်ပါတိုက်များစွာနှင့်၊ ကမ္ဘာလုံးအကျွတ်၊ စာသံကို ညွှတ်ပြီးလျှင်၊ သိုးချွတ်လက်မြှောက်၊ သေသောက်ဟစ်ကြွေး၊ ဟူးရေး ဟူးရေး၊ ကောင်းချီးပေးလျက်၊ မြတ်လေးဟန်ပန်၊ ကြွက်ကြွက်ညံမျှ၊ နာခံသူမငြီး၊ နတ်ပဋ္ဌသိန်၊ စောင်းသံနှင့်ချိန်လောက်အောင်၊ ဂုဏ်အရှိန်ကြီးပေသည်၊ လိပ်ကမ္ဗည်းတပ်ချက်နှင့်၊ ကပ်လျက်ပါစကား၊ စာအသွားမတော့၊ မှတ်သားစေရန်၊ စိတ်ကောင်းကောင်း ကြံပြီးမှ၊ ရေးဟန်မရှိ ဝတ်ကြေဝတ်ကုန်၊ စာဖြစ်ရုံမျှ၊ ရေးပုံကို သိပါ၏။

. . .    . . .    . . .    . . .    . . .    . . .

သို့ဖြစ်ကတဲ၊ ဝမ်းမနဲသည့်ပြင်' ရွှေတဆွဲမျှ၊ ကောက်၍ ရသကဲ့သို့၊ မရစတောင်း၊ စာအကြောင်းများကို၊ မိတ်ကောင်း ၂ ဦးတို့၊ ကျေးဇူးကြောင့်၊ အထူးအထွေ၊ မှတ်ရပေသည်ဟု၊ မကျေဉဒါန်း၊ ရွှင်လန်းသမှု၊ နှလုံးပြုပြီးလျှင်၊ နှိုင်းမတုထိုက်အောင်၊ သိုင်းကာရုလိုက်ပါကြောင်း။ ။

. . .    . . .    . . .    . . .    . . .    . . .

(ဤသို့ . . .   . . .   . . . ခြားထားသည်များမှာ ချုံ့ထားသည့်စကားများဖြစ်ပါသည်။ ကင်းဝန်မင်းကြီး၏ 'လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်း' မှ )

ကျမ်းကိုး

၁။ ကင်းဝန်မင်းကြီးရေး ' လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်း' ပ-ဒုတွဲများ။
၂။ ကင်းဝန်မင်းကြီးရေး 'ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်း'။
၃။ မြန်မာသံတော်ကြီး ဦးခြိမ့်ရေး 'အီတာလျှံသွား မှတ်တမ်း'။

## ၁၆ ။ ဘိုးတော်ဘုရားလက်ထက် မူးယစ်ဆေးနှိမ်နင်းရေး

*ကွယ်လွန်သွားခဲ့သူ စာရေးဆရာကြီး လက်ဝဲမင်းညို၊ လကျ်ာစံထားရယ်လို့ နှစ်နာမည်ရှိသူ မဟာသရေစည်သူ ဦးချမ်းသာ (အိုင်-စီ-အက်စ်) ဝိုင်-အမ်-ဘီ-အေ အသင်းတိုက်မှာ ပြောဟောချက်မှ ထုတ်နုတ်တင်ပြချက်*

မြန်မာနိုင်ငံရဲ့ ရှေးပဒေသရာဇ်ခေတ် မင်းကောင်းအံဆက်ဆက်လက်ထက်များကတည်းက ယစ်မျိုးငါးမျိုးကို တားမြစ်ပိတ်ပင်လာခဲ့ရာ ကနေ့မျက်မှောက်ခေတ်တိုင်အောင်ပါပဲ။ တကယ်တော့ ရှေးခေတ် သမိုင်းအစနှင့်သည်ကနေ့ ရောက်နေတဲ့ သမိုင်းဖြစ်ရပ်ဆိုတာ တောက်လျှောက်ဆက်စပ်နေတာ မဟုတ်ပါလား။

သည်ဆောင်းပါးမှာ တင်ပြချင်တာကတော့ ဘိုးတော်ဘုရားလို့ လူသိများတဲ့ ဗဒုံမင်း (မြန်မာသက္ကရာဇ် ၁၁၀၆-၁၁၈၁၊ ခရစ်နှစ် ၁၇၆၄-၁၈၁၉) လက်ထက်တော်က မူးယစ်ဆေးကို ဘယ့်လောက်ထိ အရေးယူနှိမ်နင်းခဲ့တယ်ဆိုတဲ့ အကြောင်းပါ။ ဘိုးတော်ဘုရားဟာ ကုန်းဘောင်ခေတ်မှာ အလွန်ထူးခြားတဲ့ မင်းတစ်ပါးဖြစ်ပါတယ်။ 'ကုန်းဘောင်ခေတ်တစ်ဝက်-မင်းကောင်းတစ်ဆက်' ရယ်လို့ ပြောစမှတ်ပြုကြရတဲ့ မင်းတစ်ပါးပါပဲ။ သူ့ရဲ့ ထူးခြားချက်တွေကို အကြမ်းဖျင်းဆိုရရင် ကုန်းဘောင်မင်း ၁၁ ဆက်အနက် နန်းသက်အရှည်ဆုံး မင်းဖြစ်ပြီး ၃၈ နှစ်တိုင် နန်းစံသွားသူပါ။ နောက်ပြီး သူ့လက်ထက်မှာ နိုင်ငံတော်စည်ကားဖွံ့ဖြိုးတယ်။ ပညာရှိ မှူးမတ်တွေ ပေါ်များတယ်။ သူ့ရှေ့မှာ မင်းငါးပါး



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှာ မင်းငါးပါးရှိတဲ့အတွက် အလယ်တည့်တည့် ကုန်းဘောင်မင်းဆက် အမှတ် (၆)အဖြစ် နန်းစံတဲ့ဘုရင်ပါ။ မင်းစဉ်အမှတ်သာ အလယ်ကျတာမဟုတ် နှစ်ကာလအရလည်း တွက်ကြည့်မယ်ဆိုရင် အလယ်လောက်ပဲကျပါတယ်။ ပြီ သူ့ရဲ့ ပိဋကတ်တိုက်တော်မှာကလဲ ပေစာ ပုရပိုဒ်စာ အများဆုံးထားရှိပြီ ကိုယ်တော်တိုင် စာအဖတ်ဆုံး ဘုရင်လဲ ဖြစ်ပါတယ်။ မြန်မာဘုရင် အများစုဟာ ကိုယ်တိုင် စာဖတ်လေ့မရှိကြပါဘူး။ စာတော်ဖတ်များကိုသာ အလိုရှိရာ အဖတ် ခိုင်းပြီး စာနာကြတာပါ။ ဒါတွေကတော့ ကျွန်မမှတ်မိထားသရွေ့ပြောရတာပါ၊ အထူး တင်ပြချင်တာက ဘိုးတော်ဘုရားရဲ့ မူးယစ်ဆေးနှိမ်နင်းရေး အစီအစဉ် ဖြစ်ပါတယ်။

သည်အကြောင်းရပ်ကို ကျွန်မအနေနဲ့ ပြောမှာမဟုတ်ပါဘူး၊ ကွယ်လွန်သွားခဲ့သူ စာရေးဆရာကြီး လက်ဝဲမင်းညို၊ လက်ျာစံထားရယ်လို့ နှစ်နာမည်ရှိသူ မဟာသရေစည်သူ ဦးချမ်းသာ (အိုင်-စီ-အက်စ်) ကိုယ်တိုင် ဝိုင်-အမ်-ဘီ-အေ အသင်းတိုက်မှာ ပြောဟောချက်မှ ထုတ်နုတ်တင်ပြချက်ဖြစ်ပါတယ်။ သည်ဟောပြောချက်တိပ်ခွေကို သူ့ရဲ့ဇနီး ဒေါ်တင်တင်မေထံမှတစ်ဆင့် ကျွန်မက ကူးယူထားတာပါ။ ရှေးမီ နောက်မီ ရာဇဝင်သမိုင်းကျွမ်းကျင်သူ၊ ကဗျာ အလင်္ကာ စာပေပညာရှင်တစ်ဦးရဲ့ အဆိုအမိန့်ကို လေ့လာမှတ်သားကြရအောင် သူ့တိပ်ခွေ မူရင်းအတိုင်း တင်ပြလိုက်ပါတယ်။

ဦးချမ်းသာ ဟောပြောမယ့် နေ့က အသင်းနာယကကြီး ဦးစိုးရက ဦးချမ်းသာနှင့်ပရိသတ်ကို မိတ်ဆက်ပေးရာမှာ ဦးချမ်းသာရေးတဲ့ 'အနုပညာ ဂုဏ်ရည်' စာအုပ်ကို တက္ကသိုလ်မှာ သင်ကြားဖို့ ပြဋ္ဌာန်းခံရတယ်ဆိုတဲ့အကြောင်း မှစပြီး ဦးချမ်းသာရဲ့ဂုဏ်ရည်၊ မိဘယောက္ခမတို့ အမည်များပါ ပြောပြပေးပါတယ်။ နာယကကြီးက နိဒါန်းလို စကားဦးပြောပြီးမှ ဦးချမ်းသာက သူ့ဟောပြောချက်ကို စပါတယ်။

'၂၁-၇-၇၉နေ့ ဝိုင်-အမ်-ဘီ-အေ အသင်းတိုက်မှာ မဟာသရေစည်သူ ဦးချမ်းသာ ဟောပြောချက် '

'သည်နှစ်ဟာ အမရပူရမြို့တော်၊ မြို့သက်နှစ် (၂၀၀) ပြည့်တဲ့ကာလ ဖြစ်ပါတယ်။ ဒါကြောင့် အမရပူရမြို့တော် မြို့တည် နန်းတည်မင်းဖြစ်တဲ့ ဘိုးတော်ဘုရားလို့ လူသိများတဲ့ ဗဒုံမင်းရဲ့တိုင်းပြု ပြည်ပြု ဆောင်ရွက်ချက် အများကြီးထဲက ရာဇဝင်မှာ စာမတင်ဖြစ်တဲ့ဖြစ်ရပ်ကလေးများ အချိန်ရသလောက်





ပြောပါ့မယ်။ ရာဇဝင်ဆိုတာ မှတ်တမ်းတင်လောက်တဲ့ အကြောင်းရယ်၊ ဘယ် ဘုရားတည်တယ်၊ ဘယ်မိဖုရား တောင်နန်းတင်တယ်၊ ဘယ်နိုင်ငံကို စစ်ပြုတယ်။ ဒါတွေကိုသာ အရေးထားရေးသားကြတာပါ။ အသေးအမွှားရယ်လို့ မှတ်တမ်း မတင်လောက်ဆိုပြီး ချန်ရစ်ထားကြတာတွေက အများကြီးပေါ့။ သို့သော် ပါးစပ် ရာဇဝင်လို့ ဆိုချင်ဆို ဟိုတုန်းက အရေးမကြီးဘူးထင်ရတာမျိုးကလဲ နောက် နောင်အခါ အရေးပါလာတတ်ပါတယ်။ ကျွန်တော် ပြောမှာက ဖြည့်စွက်ချက် ဆိုပါတော့။ သုတေသနပြုစရာ အကြောင်းရပ်ကလေးတွေပါပဲ။ ဘိုးတော်ဘုရား က ၁၁၀၆ ခုဖွား၊ ၁၁၈၁ ခုနှစ်မှာ နတ်ပြည်စံတော်မူတယ်။ အဲသည်မှာ နတ်ပြည် စံတယ်ဆိုတာ မင်းအဖြစ်နဲ့ သေသွားရင် သုံးနှုန်းတာပါ။ နတ်ရွာစံတယ်ဆိုတာ ကတော့ မင်းအဖြစ်မှ ကျပြီးမှသေတာကို သုံးနှုန်းတာပါ။

ဘိုးတော်ဘုရားက နိုင်ငံနှင့်လူမျိုးကောင်းစားအောင် တိုးတက်အောင် လုပ်ခဲ့တာတွေ အများကြီး။ ရှင်ဘုရင်နဲ့ ဆိုင်တာ၊ မင်းညီမင်းသားနဲ့ဆိုင်တာ၊ နိုင်ငံတော်နဲ့ဆိုင်တဲ့ ဆောင်ရွက်ချက်တွေ၊ တရားစီရင်ရေးနဲ့ပတ်သက်တဲ့ မင်းမြေ၊ သာသနာ့မြေ၊ အရပ်သားမြေ စတာတွေ ခွဲခြားသတ်မှတ်ပေးတာတွေ ဒါတွေ အကုန်ပိုင်းခြား သတ်မှတ်ပေးတော်မူတယ်။ နောက်ပြီး ကုန်ဈေးနှုန်းတည်ငြိမ် ရေး၊ စစ်သည်ရဲမက် ရိက္ခာဖူလုံရေး၊ အလေးတင်းတောင်းစတဲ့ ချိန်သချာ၊ တိုင်း သချာ၊ ခြင်သချာတွေ တစ်ညီတည်းဖြစ်စေရေး ဒါတွေအားလုံး အောင်မြင်ဖြစ် မြောက်အောင် လုပ်ခဲ့တယ်လေ။

ရှေးက ငွေသားကို ဖြတ်တော်သုံးစွဲရလို့ 'ငွေစ'ရယ်လို့ခေါ်တယ်။ ဒိ-သား၊ ငါးမူးသားစလို့ပေါ့။ အဲဒီမှာ ငွေသားရဲ့ အရည်အသွေးကောင်းညံ့၊ ချိန်ခွင်မှန်မမှန်၊ ဒါတွေ မသိနားမလည်တဲ့ ဆင်းရဲသားပြည်သူများ အလိမ်အညာ ခံကြရတာ သိပ်များပါတယ်။ သာချင်းသည် ဦးအောင်ဖြိုးက ဘိုးတော်အိမ်နိမ့်စံ ဘဝက ပေးခဲ့ဖူးတယ်ဆိုတာ အဲဒီလို ငွေစတွေပေ့။ သည်တော့ကို ဒါတွေ တစ်ပြေးညီမှန်ကန်အောင် အာဏာသုံးပြီး တည်ဆောက်ယူခဲ့ရတာပါ။ နောက် ဘိုးတော်ဘုရားက ငွေဒင်္ဂါး၊ ကြေးဒင်္ဂါးတွေ ပုံနှိပ်ထုတ်ဝေသုံးစွဲစေပါတယ်။ သူက တနင်္လာသားမို့ ဒင်္ဂါးမှာ ငါးရုပ်ခပ်နှိပ်တယ်။ ငါးကြင်းလေးနှစ်ကောင်ပုံနဲ့ပါ။

နောက်ပြီး ဆင်းရဲသားတွေ ကြွေးတင်-ကျွန်ဖြစ်ကြရတာတွေ ကြွေး တွေ လျှော်ပစ်ဖို့ ခိုင်းတယ်။ ဒါမျိုး တော်ရုံရှင်ဘုရင် မလုပ်ဝံ့ဘူး။ သူကတော့ ဖြစ်အောင်လုပ်ခဲ့တာ။ တစ်ချို့ မြီရှင်နဲ့ မြီစား ညှိနှိုင်းဖြန်ဖြေပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အာဏာစက် ရှိတော့ ပြေလည်တာ များပါတယ်။ တချို့ မပြေလည်ရင် သူက ငွေတိုက်တော်က ငွေထုတ်ပြီး စိုက်ပေးတယ်။ ဒါနဲ့ 'ကြွေးတင်-ရှင်ဘုရင်ဆပ်' ဆိုတဲ့ စကားစပေါ်လာတာပဲ။

ဒါ့အပြင် ရာဇဝင်မှာ မပါပေမယ့် အခုခေတ် အမြင်နဲ့လှည့်ကြည့်ရင် သူ့လက်ထက်မှာ အရေးပါတဲ့ ဆောင်ရွက်ချက်နှစ်ခုတွေ့ရတယ်။ အဲဒါကတော့ နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် မူးယစ်ထုံထိုင်း ဆေးစွဲသူများ နှိပ်ကွပ်ခြင်းနဲ့ ဒေါက်တာရမ်းကုတွေ ဖယ်ရှားခြင်းပါပဲ။ အဲဒါပြောပါ့မယ်။

ဘိန်း-ဘင်း-ကဇော် ဆိုတာတွေဟာ အဲဒီခေတ်ကတည်းက လိုက်စားကြတယ်ထင်ပါရဲ့။ ဟို-လူမိုက် မကုန်နိုင်ဘူးဆိုသလိုပေါ့လေ။ သည်လို သူ့တိုင်းသားတွေ ပေတေပျက်စီးနေကြတာ တွေ့ရကြားရတော့ကာ ဘိုးတော်ဘုရားက ဘိန်းတော့ အပြတ်နှိမ်မှဖြစ်မယ်ဆုံးဖြတ်ပြီး ဘိန်းရောင်းသူဘိန်းစားသူမှန်ရင် သူပုန်နဲ့ အပြစ်ဒဏ် အတူတူထားပြီး 'သတ်စေ'ပဲ။ သည်ကိစ္စနဲ့ မငြင်းမကွယ်နိုင်သူမှန်ရင် သတ်ပစ်တာပဲ။

သည်နေရာမှာ ဘိုးတော်ဘုရားနဲ့ အလွန်ရင်းနှီးတဲ့ သူ့လူရင်းပေါ့။ တောင်မင်းကြီးဆိုတာရှိတယ်။ အမရပူရမြို့မှာ အခုထက်ထိ တောင်မင်းကြီးဘုရားဆိုတာ တောင်လေးလုံးကျောင်းတိုက်ဝင်းထဲမှာ ရှိပါတယ်။ အဲသည် ဘုရားဒါယကာ တောင်မင်းကြီးမှာ တစ်ဦးတည်းသောသားတစ်ယောက်ရှိတယ်။ သားရဲ့နာမည်က မောင်ကံတဲ့။ မိဘများက အလွန်ချစ်ပြီး အလိုလိုက်ထားတဲ့သားပေါ့လေ။ မှူးမတ်သားလဲဖြစ်၊ အလိုလိုက်ခံထားရသူလဲဖြစ်တော့ အပေါင်းအသင်းများတယ်။ ငွေစပေါတာကိုး။ မောင်ကံဟာ အရွယ်ရောက်လာတော့ ဘိန်းစွဲပြီး ဘိန်းစားဖြစ်သွားပါလေရော။ ဒါကို ဘိုးတော်ဘုရား ရွှေနားတော်ကြားသွားတယ်။ ခက်ပြီ။ ဒီတင် ဘိုးတော်ဘုရားက သူ့လူရင်း တောင်မင်းကြီးကိုခေါ်ပြီး-

'မောင်မင်းသားကို ကြည့်ဆုံးမဦး' လို့ အမိန့်တော်ရှိလိုက်တယ်။ တကယ်တော့ သူ့လူရင်းမို့ မင့်သား ဘိန်းဖြတ်ပါစေဆိုတဲ့ သဘောနဲ့ပေါ့။

ဒါပေမယ့် တောင်မင်းကြီးဆိုတာကလဲ ဥပဒေကို ရိုသေသူ၊ တိကျပြတ်သားသူဖြစ်တယ်။ နောက်ပြီး ဘုရင့်စကား မိုးကြိုးသွား ဆိုသမှတ်လား။ ကိုယ်တိုင်ပါဝင်တဲ့ ဘုရင့်အစိုးရအဖွဲ့က ထုတ်ပြန်ထားတဲ့ဥပဒေပဲလေ။ ကိုယ်တိုင်က ချိုးဖောက်လို့ မဖြစ်ဘူး။ သည်တင် ဥပဒေမှာရှိတဲ့အတိုင်း သူ့သားခေါ်ပြီး ပါးကွက်အာဏာသားတွေ လက်အပ်လိုက်တာပဲ။ တစ်ဦးတည်းရှိတဲ့သား





သေရော။ အဲသည်တွင် အမရပူရမြို့တော်မှာ ပြောစမှတ်တွင်လာတဲ့စကားရှိတယ်။ ဒါကို အကြောင်းပြုလို့ပေါ့။

'တောင်မင်းကြီး မျက်မှန်-မောင်ကံတဲ့လေး။ မောင်ကံ ဓားတွေဝိုင်း၊ သေချက်ကရိုင်း 'လို့ဆိုပဲ။ မှတ်မိသမျှပြောရတာ၊ ကာရန်က မကိုက်ဘူး။ သည့်နောက်တော့ တောင်မင်းကြီး ခမျာ သည်စိတ်နဲ့ပဲ စိတ်မူမမှန်ဖြစ်သွားကြောင်း သိရပါတယ်။

မဟာသရေစည်သူ ဦးချမ်းသာ ဟောပြောချက်က သည့်မှာတင် တစ်ခန်းရပ်ပါပြီ။ နောက် အဆင်ပြေရင် သူပြောတဲ့ ဒေါက်တာရမ်းကုတွေ ဘိုးတော်ဘုရား ဖယ်ရှားတော်မူပုံကို ဆက်ရေးပါဦးမယ်။ ရှေ့မှာပါတဲ့ တောင်မင်းကြီးဘုရားဆိုတာ ကနေ့ထက်တိုင် အမရပူရမြို့ တောင်လေးလုံးကျောင်းတိုက်အနီးမှာ ရှိပါသေးတယ်။ မူးယစ်ဆေးသုံးစွဲမှုကို သူပုန်မှုနဲ့ တန်းတူအပြစ်ဒဏ်ချမှတ်တာဆိုတာ သိမှတ်စရာပါပဲ။ ကုန်းဘောင်မင်းဆက် အမှတ် (၁၀) မင်းတုန်းမင်းတရားကြီး ရတနာပုံ မန္တလေးမြို့မှာ စံတော်မစဉ်ကလဲ သည်လိုဖြစ်ရပ်မျိုး တစ်ခု ဖြစ်ဖူးပါတယ်။

အဲသည်ဟာကတော့ သူပုန်မှုပါ။ မင်းတုန်းမင်းကြီးရဲ့ စစ်သူကြီးတစ်ဦးဖြစ်တဲ့ မဟာသမိန်ဗရမ်းဘွဲ့ရ (မင်းလက်ဝဲးကြီး)ကလဲ သူ့သားအရင်းတစ်ယောက်ဟာ သူပုန်အဖွဲ့တစ်ဖွဲ့ထဲမှာ ပါနေတာ။ ဖမ်းဆီးရမိတော့ သူကလဲ ဥပဒေကို လိုက်နာရိုသေသူမို့ သူ့သားကို သူကိုယ်တိုင်ပဲ သေစေ စီရင်ချက်ချပြီး ပါးကွက်သားလက် အပ်လိုက်ပါတယ်။ သူကတော့ စိတ်ပိုပြီး ပြတ်တယ်လို့ ဆိုရပါမယ်ထင်ပါရဲ့။ ပုံမှန်နေနိုင်တဲ့အပြင် သားတော် သီပေါမင်းလက်ထက်၊ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲမှာတောင် မင်းလှခံတပ်မှာနေပြီး ဦးဆောင်တိုက်ခိုက် ပါသေးတယ်။ မြန်မာမင်းများလက်ထက်မှာ အခုလို ကျောသားရင်သားမခွဲခြားဘဲ ဥပဒေလိုက်နာသူတွေ ပြောစမှတ်ပြုလောက်အောင် ရှိကြတယ်ဆိုတာ မှတ်သားစရာပါပဲ။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## ၁၇ ။ ဘိုးတော်ဘုရားလက်ထက်
## ဒေါက်တာရမ်းကုဖယ်ရှင်းရေး

*သမားတု ရမ်းကုနှစ်ယောက်နဲ့တကွ သူတို့လို သမားစဉ်ဆရာ မဟုတ်တဲ့ဆေးဆရာတွေ နန်းတွင်း လာရောက်ခစားကြစေလို့ ခေါ် လိုက်တယ် . .*

ကျွန်မတို့နိုင်ငံမှာ နေမကောင်းထိုင်မသာဖြစ်ပြီဆိုရင် ဆရာဝန်နဲ့တကွ နိုင်ငံခြားဆေးကို အားကိုးကုသကြသူရယ်၊ မြန်မာဆေးဆရာရဲ့ ရိုးရာတိုင်းရင်းဆေးနဲ့ ကုသကြသူရယ်လို့ လူထုအနေနဲ့ အကြိုက်နှစ်မျိုးရှိပါတယ်။

သည်သဘောကလည်း သူ့ခေတ်နဲ့သူဖြစ်လာတဲ့ အခြေအနေတစ်ရပ်ပါပဲ။ မြန်မာမင်းများလက်ထက်တော်ကတော့ သမိုင်းတစ်လျှောက်လုံး မင်းနဲ့ပြည်သူ အတူတူပဲ မကွဲမပြား တိုင်းရင်းဆေးများကိုပဲ အားထားကုသခဲ့ကြတဲ့ ကာလပါ။ သည့်နောက် အင်္ဂလိပ်လက်အောက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းက နှစ်ပေါင်း ၆၀ ကျော်။ အောက်ပိုင်းက နှစ်ပေါင်း ၁၀၀ ကျော်လောက် နေခဲ့ကြရလေတော့ ဆေးကုသမှု အခြေအနေတွေ ပြောင်းကုန်တယ်။

ဆရာဝန်နဲ့ နိုင်ငံခြားဆေးကိုမှ ယုံကြည်အားထားသူ များသထက်များလာတာနဲ့အမျှ တိုင်းရင်းဆေးဆရာနဲ့ ဆေးကိုအားထားသူ တဖြည်းဖြည်း နည်းပါးလာပါတယ်။ ကျေးလက်တောရွာနေသူ အများကတော့ ဆရာဝန်လက်လှမ်းမမီကာတစ်ကြောင်း၊ ငွေကြေး မတတ်နိုင်တာတစ်မျိုးမို့ ဒေသခံတိုင်းရင်းဆေးသမားနဲ့ ဆေးဝါးကိုသာ အားထား ကုသနေကြဆဲပါပဲ။

ဒီလို အခြေအနေမျိုးမှာ ဒုတိယကမ္ဘာစစ်မီး ဝင်မွှေလိုက်တော့ကာ





သိကြပြီးအတိုင်း မြန်မာလူထု လှိမ့်ခံနေကြရတာ သုံးနှစ်သုံးမိုး ကြာသွားပါတယ်။ ဒီတော့ စစ်အတွင်းကာလမှာ ဆရာဝန်နဲ့တကွ နိုင်ငံခြားဆေးတွေ ရှားပါးပြတ်လပ်ကုန်ပါရော။ သည်မှာတင် လူနာရှင်တွေအဖို့ ကြိုက်ကြိုက် မကြိုက်ကြိုက် မြန်မာဆေးသမားရဲ့ တိုင်းရင်းဆေးတွေကိုပဲ အားကိုးတစ်ခုပြုပြီး ကုသကြရတော့တာပေါ့။

သည်တော့မှ တို့ဘိုးဘွားမိဘတွေ သုံးခဲ့ကြတဲ့ တိုင်းရင်းဆေးတွေလဲပဲ ကောင်းသလောက်-ကောင်းတာပဲဆိုတဲ့အချက်ကို လက်တွေ့သိလာကြပြီး မူလက အထင်သေး အမြင်သေး ခံနေကြရတဲ့ မြန်မာဆေးဆရာများ အတန်သင့်ခေါင်းမော်လာနိုင်ပြီလို့ ဆိုရပါမယ်။ နောက်တစ်ချက်ကလဲ မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိလိုက်ပြီ ဆိုတော့ကာ နိုင်ငံတော်အစိုးရများကလဲ မိမိတို့ရိုးရာတိုင်းရင်းဆေးကို ဖွံ့ဖြိုးတိုးတက်လာအောင် ပြန်လည်နေရာရလာအောင် မြှေတောင်မြှောက်ပေးသင့်ကြောင်း စေတနာပေါက်လာပြီး ကူညီပံ့ပိုးပေးဖို့ အစီအစဉ်တွေချမှတ် လုပ်ဆောင်ပေးလာတယ်။

ဒီနေရာမှာ ဘယ်လို ပုဂ္ဂိုလ်မျိုးမှ မြန်မာဆေးဆရာတစ်ယောက်ဖြစ်မြောက်နိုင်တယ်ဆိုတာ အမွှက်လောက် ပြောပြချင်ပါတယ်။ မြန်မာ ဆေးဆရာများအနေနဲ့ စာသင်ခန်းနဲ့ စာမေးပွဲနဲ့ စနစ်တကျ သင်ကြားတတ်မြောက်ရတဲ့ ဆရာဝန်များလိုတော့ မဟုတ်ခဲ့ဘူးပေါ့။ ဒါပေမယ့် သူတို့မှာလဲ သူ့နည်းသူ့ဟန်နဲ့ ဆေးဆရာအမည်ခံနိုင်ဖို့ နှစ်ရှည်လများ အချိန်ယူကြိုးစားကြရတာပါပဲ။ ဆေးဆရာရယ်လို့ အမည်ခံအသက်မွေးနိုင်ဖို့ နည်းလမ်း နှစ်မျိုးရှိပါတယ်။ ရှေးပဝေဏီကတည်းက ကျင့်သုံးတည်ဆောက်ရတဲ့ လမ်းစဉ်တွေပါပဲ။ ပထမနည်းက သမားစဉ်ဆရာလို့ ခေါ် ရပါမယ်။ ဘေးဘိုးဘမှစပြီး ဆေးဆရာအလုပ်နဲ့ အသက်မွေးခဲ့ကြသူများပေါ့။ ဆင်းသက်လာတာကိုက ဆေးသမားမျိုးရိုးမို့လို့ ဗီဇစိတ်ဓာတ်အရရော ကြီးပြင်းလာတဲ့ ဘဝတစ်လျှောက်မှာရော လူမမာရဲ့အင်္ဂါရုပ်ကိုအကဲခတ်တာကစလို့ သွေးစမ်းမှု ရောဂါလက္ခဏာရှာဖွေမှု၊ ဆေးဖော်နည်းကားဆိုတာတွေကို တစ်သက်လုံး မျက်စိရည် နားရည်ဝပြီး ယဉ်ပါးပြီးသားကိုး။ ဒါ့အပေါ် မှာ ဖခင်ဖြစ်တဲ့ ဆေးဆရာကြီးကလဲ သူ့သားကို ဆေးကုသွားရာအတူခေါ် သွားပြီး လက်ထပ်သင်ပေးတာပဲ။ ဆိုပါစို့ လူနာသွေးစမ်းနည်း၊ ယောကျ်ားမိန်းမလူနာခွဲခြားပြီး စမ်းသပ်ကြည့်ရမယ့်နေရာ၊ စမ်းသပ်တွေ့ရှိချက် အခြေခံပြီး စွဲကပ်တဲ့ရောဂါ၊ ကုသလို့ လွယ်မလား၊ ခက်ခဲမလား ရိပ်စားမိအောင် တစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တည်း လက်တွေ့သင်တန်းကို သင်ပေးတာပါ။ ဒီလို သုံးနှစ်တန်တယ်၊ လေးနှစ်တန်တယ် စာတွေ့ လက်တွေ့ သင်ယူပြီး ဖြစ်လာတဲ့ဆေးဆရာကို သမားစဉ်ဆရာလို့ သုံးနှုန်းကြတယ်လေ။

ဒုတိယဆေးဆရာဖြစ်နည်းက ပိုခက်ခဲပြီး အချိန်လဲပိုယူရတယ်။ သူက ဆေးသမားမျိုးရိုး မဟုတ်ဘဲကိုး။ မဟုတ်ပေမယ့် မူလစိတ်ဓာတ်ကိုက အထုံပါတယ်ဆိုရမလား၊ ဆေးပညာဝါသနာကြီးလေတော့ ကျော်ပေ့ တော်ပေ့ ဆရာကြီးများမှာ တပည့်ခံပြီး အတူသွားရောက်နေထိုင်လို့ ဝတ်ကြီးဝတ်ငယ် ပြုရသေးတယ်။ ဒါတောင် ဆရာကြီးက အကဲခတ်ပြီး ဖြစ်လောက်တယ်ထင်မှ ပညာသင်တပည့်ရယ်လို့ လက်ခံတာပါ။ အခုပြောတဲ့ သမားစဉ်ဆရာရဲ့ ဝါသနာပါရမီကြောင့် ဖြစ်လာတဲ့ ဆေးဆရာနှစ်မျိုး အကြောင်းသိသာရဲ့ ပြောပြပါ့မယ်။

ဘိုးတော်ဘုရားလို့ ကျော်ကြားတဲ့ ဗဒုံမင်းတရားကြီး လက်ထက်တော်က ဘုရင်အမေးတော်ရှိလို့ ရှေ့တော်မှာ တင်လျှောက်ကြတဲ့ သမားနှစ်ဦးရဲ့ စကားကို မူရင်းအတိုင်း ဖော်ပြရရင် -

သမားစဉ်ဆရာ ချေစ်ပွင့် (ရှေးက ဒီလိုပဲရေးပါတယ်)ကို ဘိုးတော်ဘုရားက ရှေ့တော်ခေါ်ပြီး ထုံနာနဲ့ပတ်သက်တဲ့ ဆေးအကြောင်း မေးတော်မူတဲ့အခါ ဆရာ ချေစ်ပွင့်က သည်လို တင်ကြားပါတယ်။

'ကျွန်တော်မျိုး ဘေး-ဘိုး-ဘကသည် ကျွန်တော်တိုင်အောင် ဆေးသမားအစဉ်အဆက် ပြုလုပ်သူဖြစ်ပါသည်။ ဆေးကျမ်းများ လက်စွဲပြုပြီး ကုသည်မှာ ဘိုး-ဘကစ၍ ကုသသည့်ဆေးနည်းကို အနာနှင့်လျော်စွာ လက်ထပ်သင်ပြခဲ့သည့်အတိုင်း ကုသပါသည်။ ဆေးကျမ်းများမှာ လက္ခဏာဒီပကျမ်း၊ ဓာတုဒီပဏီ၊ ပဋ္ဌပွတ် ဆပွတ်ဆေးကျမ်းများကို အင်တန်သာကြည့်ရှုလေ့လာဖူးပါသည်။ ကျေးရွာအနီးအစပ်များက ပင့်ခေါ်လျှင် ဆေးဝါးကုသ၍ အသက်မွေးပါသည်။ ယခု ပြန်ပြောကြား၍ သိရသည့်အနာကို ဆင်ခြင်လျှင် စွဲရောက်သည့်ဝေဒနာတော်သည် အထက်က စွဲကပ်ဖူးသည့် ထုံနာငွေ့ပင်ထင်ပါသည်။'

ဘိုးတော်ဘုရား အမေးတော်ကို သမားစဉ်ဆရာ ချေစ်ပွင့်က ဖြေကြားတင်လျှောက်ပြီးနောက် ဝါသနာပါရမီနဲ့ ဖြစ်ထွန်းလာတဲ့ ဆရာ ရွှေပုရဲ့ လျှောက်တင်ချက်ကို ဆက်လက်တင်ပြပါ့မယ်။ အဲဒီ ဆရာရွှေပုကို ဘုရင်ကခေါ်ပြီး မေးတဲ့ နေ့စွဲကတော့ ၁၁၈၁ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက် (ခရစ်နှစ်-၁၉/၆/၁၈၁၉)မှာ ဖြစ်ပါတယ်။ ဆရာရွှေပု တင်ကြားချက်ကတော့ -





'ကျွန်တော်မျိုး အသက် ၂၀ ရွယ်က ဆေးအတတ်ကို စွဲမြဲကုသပါသည်။ ယခု အသက် ၆၃ နှစ်တိုင် ဖြစ်ပါသည်။ အထက်ဆရာစဉ်နည်းနာခံဖူးသည်မှာ ရတနာသိယ်မြို့တော်မြောက် စည်သာနေ ဆရာကြီးသောစ်နှင့် ချိုပါရွာ ဆရာကြီး ကြွေက်တို့ထံ နည်းနာခံတပည့် ပြုလုပ်ရပါသည်။ ကျားရွာ ဆရာအောင် နောက်ကလည်း ဆေးအစ်ပစ်တောင်းကိုထမ်း၍ အရပ်ရပ်လှည့်ပတ်ရာ ထုံနာစွဲလျှင် ဆူးခေါက်နက် ၂၅-ကျပ်၊ စမုန်မျိုးငါးပါး ၁-ပဲစီ၊ ဇာဒိပ္ဖိုလ် ၁-ပဲ၊ လေးညှင်း ၁-ပဲ၊ တြိကဋုက်သုံးပါး ၁-ပဲများကို အမှုန့်အညက်ပြု၍ ရေနွေးဖြင့် တိုက်ရမည်ဆိုသည်ကို နည်းခံမှတ်သားရပါသည်။ နှစ်ပေါင်းများစွာ ဆရာစဉ်ဆက် သင်ကြားကြည့်ရှုသည့်ဆေးကျမ်း ဆေးစာများကို အသီးသီး ဆရာများပြသ၍ နည်းနာခံရပါသည်။'

လို့တွေ့ရှိရပါတယ်။ 'မင်းတရားကြီးဆေးတော်များနှင့် ပုဂံပြည်ကျော် ဆေးကျမ်းနှစ်တွဲ' မန္တလေးမြို့ မြန်မာ့တာရာပုံနှိပ်တိုက်မှ ၁၉၁၂ ခုနှစ်တွင် ရိုက်နှိပ်သည်။ (အဖိုး ၄-ပဲ)အထက်က ဆေးကျမ်းမှာ ဖော်ပြထားတဲ့အတိုင်း အဲဒီခေတ်က ဆေးဆရာဖြစ်သင်တန်းဆိုတာ ဆရာသွားလေရာ ဆေးအစ်ပစ်တောင်းထမ်း တပည့်ခံလိုက်ပြီး သင်ယူကြရတာ တွေ့နိုင်ပါတယ်။ (သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၊ ၁၉၇၀ ခုနှစ်က မန္တလေးမြို့မှာ ဖတ်ကြားတဲ့ 'အမှိုက်ထဲက ရွှေ' စာတမ်းမှ)

ယနေ့ခေတ် ဆေးကျောင်းကသင်တန်းနဲ့တော့ တခြားစီပေါ့။ ဒါပေမယ့် ဝါသနာအရင်းခံပြီး ဖွဲလုံ့လနဲ့ ဆရာတစ်ဦးဖြစ်မြောက်လာအောင် ဆည်းပူးရတဲ့ နှစ်ကာလအပိုင်းအခြားက မနည်းလှပါဘူး။

ရှေးခေတ်က သည်လိုသမားကြီးများကုသတာနဲ့ အချို့ရောဂါဝေဒနာတွေ ဒိဋ္ဌပျောက်ကင်းစေတဲ့ ပွဲတွေ့လက်တွေ့ ဆေးစွမ်းကောင်းတွေ အမြောက်အမြားရှိခဲ့တာ အမှန်ပါပဲ။ တစ်ခုတော့ ပြောစရာရှိရဲ့။ အဲသည်တစ်ခုက သမားအိုကြီးများထဲက တချို့ဟာ အကြောင်းကြောင်းကြောင့် သူ့ပညာ၊ သူ့ကုထုံးတွေကို အသေအချာ မှတ်တမ်းမှတ်ရာနဲ့တကွ ပညာအမွေ မပေးခဲ့ကြပါဘူး။ သည်တော့ကာ အလွန်အာနိသင် ထက်မြက်တဲ့ ဆေးဖော်နည်းကားတွေဟာ ပညာရှင်နဲ့အတူ ပျောက်ကွယ်သွားရတာတွေ အများကြီး ရှိလိမ့်မယ်လို့ ထင်မိပါတယ်။

သည်လို တိမ်ကော ပျောက်ကွယ်သွားရတဲ့ ဆေးပညာတွေဆိုတာမျိုးဟာ ကျွန်မတို့နိုင်ငံမှာတင် ဖြစ်တာမဟုတ်ပါဘူး။ သေသူကို နှစ်ပေါင်း ၃၀၀၀



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း ၄၀၀၀ အထိ မပုပ်အောင် ဆေးစီရင်ကျပ်စည်းတဲ့အတတ်၊ အီဂျစ်ပြည်မှာ ရှိခဲ့တယ်ဆိုတာ အများသူငါ သိကြပြီးပါပဲ။ ဒါဟာ သိပ္ပံပညာရယ်လို့ သတ်သတ်မှတ်မှတ် အမည်မတပ်ခဲ့ပေမယ့် ဘယ်လောက် စွမ်းတဲ့အတတ်မျိုးဆိုတာ ငြင်းနိုင်မယ် မဟုတ်ပါ။ အခု အဲသည်ပညာရပ်တွေ ရှိသေးရဲ့လား။ အစအနမကျန် ကွယ်ပျောက်သွားခဲ့ရပါပြီ။

အခု ဖော်ပြခဲ့တာတွေက တကယ်လုပ်လို့ အဟုတ်ဖြစ်မြောက်လာတဲ့ သမားတွေအကြောင်း အရိပ်အမြွက်ပဲ ဆိုပါစို့။ အဟုတ်တကယ် မတတ်ကျွမ်းဘဲ ဆေးပညာအမည်ခံပြီး ဆေးကုသနေကြတဲ့ သမားတု သမားယောင်၊ ကနေ့ခေတ်စကားနဲ့ဆိုရင် ဒေါက်တာရမ်းကုများ ဘိုးတော်ဘုရားလက်ထက်တော်ကတည်းက ရှိနေခဲ့ကြောင်းဖြစ်ရပ်ကို ပြောပြချင်ပါတယ်။ သည်စကားကလဲ ကျွန်မအနေနဲ့ ပြောမှာမဟုတ်ပါဘူး။ အရင်လ 'အတွေးအမြင်'စာစောင်မှာပဲ ကျွန်မရေးခဲ့တဲ့ 'ဘိုးတော်ဘုရားလက်ထက် မူးယစ်ဆေးနှိမ်နင်းရေး'ဆောင်းပါးရဲ့ အဆက်အနေနဲ့ စာရေးဆရာကြီး ဦးချမ်းသာရဲ့ ဟောပြောချက်မှ ထုတ်နုတ်တင်ပြမှာ ဖြစ်ပါတယ်။ သူ့ဇနီး ဒေါ်တင်တင်မေရဲ့ ခွင့်ပြုချက်အရ မူရင်းတိပ်ခွေမှ ကူးယူထားတာပါ။ ဆရာကြီးဟောပြောခဲ့တဲ့ အခမ်းအနားကစပြီး ပြောပါ့မယ်။

၂၁-၉-၇၉ နေ့၊ ရန်ကုန်မြို့ ဝိုင်အမ်ဘီအေ အသင်းတိုက်မှာ စာရေးဆရာ ကဗျာဆရာကြီး လက်ဝဲမင်းညို၊ လက်ယာစံထားနှစ်မည်ခံ အိုင်စီအက်စ် ဟောပြောမည့်အချိန်မှာ အသင်းနာယကကြီး ဦးစိုးရက ဟောပြောမည့်ပုဂ္ဂိုလ်နဲ့ ပရိသတ်ကို မိတ်ဆက်ပေးပါတယ်။ ပြီးမှ ဟောပြောပွဲ စတင်ပါတယ်။

### ဦးချမ်းသာဟောပြောချက်

'သည်နှစ်ဟာ အမရပူရမြို့နှစ် ၂၀၀ ပြည့်ကာလ ဖြစ်ပါတယ်။ ဒါ့ကြောင့် အမရပူရမြို့တည် နန်းတည်မင်းဖြစ်တဲ့ ဘိုးတော်ဘုရားလို့ထင်ရှားတဲ့ ဗဒုံမင်းကြီးရဲ့ တိုင်းပြုပြည်ပြု ဆောင်ရွက်ချက်တွေအများကြီးထဲကမှ ရာဇဝင်တွေမှာ စာမတင်ရသေးတဲ့ မှတ်လောက်သားလောက် ဖြစ်ရပ်ကလေးတွေ အချိန်ရသမျှ ပြောပါ့မယ်။ စောစောပိုင်းက ဘိုးတော်ဘုရားရဲ့ မူးယစ်ဆေးဝါး နှိမ်နင်းရေး ပြောခဲ့ပါပြီ။ အခုတစ်ခါ သမားတု သမားယောင်၊ ဒီခေတ်စကားနဲ့ဆိုရင် ဒေါက်တာရမ်းကုတွေပေါ့။ အဲဒီ ဒေါက်တာရမ်းကုတွေကို ဘယ်နည်းဘယ်ပုံ ဖယ်ရှားခဲ့တယ်ဆိုတာ ဆက်ပြောပါ့မယ်။





ဘိုးတော်ဘုရားဟာ အလောင်းမင်းတရားကြီးသားတော်ပီပီ 'နိုင်ငံတိုးတက်ကြီးပွားရေးကိုလဲ မဖြစ်မနေလုပ်တယ်။ စစ်ကစားဖို့လဲ ဝါသနာကြီးတာပဲ။ သည်တော့ကာ သူ့သားတော်ကြီး အိမ်ရှေ့စံရခိုင်နိုင်မင်းသားကြီးဆိုတာ နားရတယ်မရှိပါဘူး။ ထိုင်းနယ်စစ်သွားလိုက်ရ၊ မဏိပူရနဲ့ရခိုင်ပြည်သွားလိုက်ရနဲ့ ခရီးချည်းတသွားထဲ သွားနေရတော့ ကြာတော့ ငှက်ဖျား ဝင်ပါလေရော။ ဒီတွင် နန်းတွင်း သမားတော်ကြီးတွေနဲ့ သင့်ရာဆေးတော်များဆက်ပြီး ကုသကြရတယ်ပေါ့။ ဒါပေမယ့် ငှက်ဖျားက ရှင်းရှင်းမပျောက်ဘူး။ တိုးလိုက်ဆုတ်လိုက် ဖြစ်နေတယ်။

သည်လိုနဲ့ ရက်ညောင်းလာတော့ ဘိုးတော်ဘုရားက သူသိပ်ချစ်တဲ့ သားတော်ကြီးအတွက် ရတက်မအေး ဖြစ်လာတယ်လေ။ နာလန်ထ နေ့တယ်ပေါ့လေ။ စိတ်စောပြီး သည်လိုစီစဉ်တယ်။ နန်းတွင်းသမားတော်မဟုတ်ပေမယ့် အပြင်က ဆေးဆရာများ ကုသပေးချင်သူပေါ်ထွက်ရင် ခွင့်ပြုတော်မူမယ်လို့ အမိန့်တော်ရှိတယ်။ အဲဒီမှာ သမားဖြစ်ဖို့ သင်တန်းရယ် ဘာရယ်မရှိပေမယ့် အရိုးအစဉ်ဆိုတာ ရှိသေးတာပဲ။ သမားကြီးရဲ့ သား၊ သမက် စသည်ဖြင့်ပေါ့။ အရင်းအချာမရှိလဲ နှစ်ပေါင်းများစွာတပည့်ခံ၊ ဆေးအစ်ကြီးကိုင်ပြီး နောက်လိုက်အဖြစ် လက်တွေ့ပညာယူရတဲ့ သားတပည့်တွေရှိတယ်။ ဆရာလုပ်သူက စိတ်ချရပြီ၊ ဆေးကုလို့ဖြစ်ပြီလို့ လက်လွှတ်လိုက်မှ အလုပ်လုပ်စားခွင့် ရတာပါ။

ရှေ့က ပြောခဲ့တဲ့အတိုင်း ဘိုးတော်ဘုရား အမိန့်တော်အရ သမားစဉ်မဟုတ်တဲ့ သမားရမ်းကုနှစ်ယောက်က သူတို့ အာမခံကုပါ့မယ်ဆိုပြီး နန်းတွင်းရောက်လာကြတယ်။ သူတို့မှာ ပါလာတဲ့ ဆေးတစ်မျိုးကို နနတ်သီးအရည်နဲ့ရောပြီး ဆေးတော်ဆက်တယ်။ ပြီးတော့ ပြန်သွားကြတာပဲ။ အိမ်ရှေ့ကိုယ်တော်ကြီးရဲ့ မူလအခြေအနေက သိပ်ဆိုးဆိုးရွားရွား မဟုတ်ဘူး။ နာလန်မထသေးတာပဲ ရှိတယ်။ အဲဒီ ရမ်းကုနှစ်ယောက် ဆေးတော်ဆက်ပြီးသွားတဲ့ ညမှာပဲ အိမ်ရှေ့မင်း ကံတော်ကုန်ပါရော။ ဒုက္ခရောက်ပြီလေ။

ဘိုးတော်ဘုရားက သည်အဖြစ်ကို လူသိမခံဘူး။ အိမ်ရှေ့ကိုယ်တော် ကံတော်ကုန်ပြီ ဆိုတာကိုပေါ့။ သူ့အတိုင်ပင်ခံအဖွဲ့ကိုသာ အသိပေးပြီး 'ငါ၏သားတော်ကြီးကိုတောင် သည်လိုမျိုး ဆေးစမ်းတဲ့ အကောင်တွေ၊ ဆင်းရဲသားပြည်သူတွေဆိုရင် ဘယ့်လောက် ဒုက္ခပေးမလဲ' လို့ ဆင်ခြင်ပြီး မိန့်တော်မူတယ်။ သည့်နောက်တော့ သူသည် သမားတုရမ်းကုနှစ်ယောက်နဲ့တကွ သူတို့လို



www.burmeseclassic.com

www.burmeseclassic.com



သမားစဉ်ဆရာမဟုတ်ဟဲ့ ဆေးဆရာတွေ နန်းတွင်းလာရောက်ခစားကြစေလို့ ခေါ်လိုက်တယ်။ သည့်တွင် ဆုတော် လာဘ်တော်မျှော်ကိုးပြီး ဟိုနှစ်ယောက် ခေါင်းဆောင်လို့ တစ်စုကြီး လာခစားကြတာ အားလုံးကွပ်မျက်ပစ်တာပဲ။ ကွပ်မျက်ပုံကလဲ ဗိုလ်ပုံအလယ်မှာ သူတို့လုပ်ပုံ သူတို့အပြစ်ကိုပြောပြီး ရေနက်ရာသွားချစေတာပဲ။ ရေကူးသန်သူ အနည်းအပါးလောက်သာ အသက်ချမ်းသာမှာ။ ဒေါက်တာရမ်းကုတွေကုန်ရော၊ နောက်လဲ သည်လိုသမားတု သမားယောင်တွေ မလုပ်ဝံ့တော့ဘူး။ ၁၈ ရာစုတုန်းက အနောက်ဥရောပမှာလဲ အာဏာရှင်သက်ဦးဆံပိုင်တွေ ပေါ်ခဲ့တာပဲလေ။ အနုနည်း အကြမ်းနည်း အစုံသုံးပြီး နိုင်ငံကောင်းအောင် လုပ်ခဲ့ကြသလို ဘိုးတော်ဘုရားကလဲ ဒီအတိုင်းအပြတ်လုပ်ခဲ့တာပါ။ ကနေ့ခေတ် ဒေါက်တာရမ်းကုတွေကို နှိမ်တာထက် ပိုပြင်းထန်တာမှန်တယ်။ သက်ဦးဆံပိုင် ခေတ်ပေကိုး။ ဘိုးတော်ဘုရားချည်း ရက်စက်တယ် ပြောလို့မရပါဘူး။ အဲဒီခေတ်က ဥရောပနဲ့ အရှေ့နိုင်ငံတွေ သည်လို အုပ်ချုပ်ခဲ့ကြတာချည်းပဲ။ တကယ်တော့ ဘိုးတော်ဘုရားဟာ နိုင်ငံအကျိုးရှိရာရှိကြောင်း၊ ဘာသာရေး၊ လူမှုရေး၊ စာပေဖွံ့ဖြိုးရေးတွေ ဘက်စုံဆောင်ရွက်တဲ့ မင်းကောင်းတစ်ပါးပါ။

ဆရာကြီး ဦးချမ်းသာရဲ့ ဟောပြောချက် သည်မှာတင် ပြီးပါပြီ။ ရာဇဝင်သမိုင်း ကျွမ်းကျင်သူပညာရှင်တစ်ဦးရဲ့ မှတ်သားလောက်တဲ့ ဟောပြောချက်တစ်ရပ်မို့ မပျောက်မပျက်ရအောင် မှတ်တမ်းတင်အနေနဲ့ ကျွန်မက တစ်ဆင့်ကူးယူဖော်ပြလိုက်ပါတယ်။

◈ ◈ ◈

## ၁၈။ နန်းတွင်းသူခိုး နှင့် မိန်းမစိုး

အထက်ပါခေါင်းစီးစာလုံးကို ဖတ်ကြည့်မိရုံမျှဖြင့် မျက်မှောက်ခေတ်သူခိုးအကြောင်း မဟုတ်နိုင်ဟု ရိပ်စားမိကြပေလိမ့်မည်။ မှန်ပါ၏။ ကျွန်မ ပြောပြချင်သည့် သူခိုးကလည်း မြန်မာတို့ ကုန်းဘောင်မင်းဆက် နောက်ဆုံးဘုရင် သီပေါမင်း လက်ထက်တော်က နန်းတွင်းသူများစံပျော်ရာ အနောက်ဆောင်တွင် ဖြစ်ခဲ့ဖူးသော မိန်းမသူခိုးနှင့်မိန်းမစိုးတို့၏ ဖြစ်ရပ်ပေတည်း။

သီပေါမင်းနှင့် မိဖုရားကြီးစုဖုရားလတ်တို့၏ ပထမသမီးတော်ကလေး အနီးတွင်းအရွယ်က ဖြစ်ရပ်ဖြစ်သောကြောင့် ယနေ့ဆိုလျှင် နှစ်ပေါင်း ၁၂၅ ခန့်ကြာမြင့်ခဲ့လေပြီ။ သူခိုးဟူသည် ကျေးလက်တောရွာမှစပြီး မြို့ကြီးနန်းတွင်း အထိရှိစမြဲ ဖြစ်သည်။ သို့လျှင် နေရာဒေသမရွေး သူခိုးရှိသည်နှင့်အမျှ ကာကွယ်စောင့်ရှောက်သူများလည်း ရှိသည်ချည်းပင်။

သို့တစေ မည်သည့်နေရာဌာနမဆို ဟာကွက်၊ လစ်ကွက်ရှိစမြဲအတိုင်း သူခိုးများဘက်ကလည်း ယင်းသည့်ဟာကွက်အား ရှာဖွေကြံစည်ကာ ပိပိရိရိ ခြေရာဖျောက်နိုင်အောင် ကြိုးစားပြီး ခိုးသားလုပ်ကြလေသည်။ လွတ်မြောက်သည်များရှိသလို ဖမ်းဆီးသူများလည်း ရှိကြပေ၏။

ကျွန်မတင်ပြမည့်ခိုးမှုမှာ ဘုရင့်စံနန်းတော်တွင်းဖြစ်သည့်အပြင် အထူးသဖြင့် အစောင့်အကြပ် ထူထပ်စွာ ချထားသော အမျိုးသမီးပိုင်း အနောက်ဆောင်တွင်ဖြစ်ခဲ့သည်။ သို့ဆိုလိုက်လျှင် မယုံချင်သူများ ရှိကောင်းရှိပေမည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က (အနည်းငယ် ကွာခြားနိုင်ပါသည်) အင်္ဂလန်နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှဘုရင်မကြီး အယ်လစ်ဇဘက်စံမြန်းရာ အိပ်ခန်းဆောင် အတွင်းအထိ ယောက်ျားတစ်ယောက်သည် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ဖူးခြင်းကို စာဖတ်သူများ ဖတ်ရှုမိဖူးပါလိမ့်မည်။ အစောင့်အကြပ်ဟူ၍ကား အထူးပြောကြားရန်မရှိပြီ။ နန်းတွင်းစောင့်တပ်များ၊ တာဝန်လဲလှယ်သည့် အခမ်းအနားမှာ ဝင့်ထည်သားနားလှသောကြောင့် တမင်တကာ လာရောက်ကြည့်ရှုသူများပင်ရှိသည်ဟူ၏။

သို့ဆိုလျှင် ကျွန်မတင်ပြမည့်ဖြစ်ရပ်သည်လည်း ဖြစ်နိုင်ကောင်းသည်ကို ဆင်ခြင်ဖွယ်ရှိပါသည်။ ရှေးကဆိုခဲ့သလို မည်ရွေ့မည်မျှ စီမံဆောင်ရွက်ထားစေကာ ဟာပေါက်၊ ယိုပေါက်ဟူသည် ရှိစမြဲ၊ ကြည့်တတ်သူ မြင်စမြဲဟုသာ ယူဆရပါမည်။

မြန်မာ့ပဒေသရာဇ်ခေတ်မှ နိုင်ငံတော်၏ ထိပ်သီးအမျိုးသမီးများဖြစ်ကြသော နန်းရ၊ ဆောင်ရ မိဖုရားကြီး၊ လတ်၊ ငယ်၊ နှောင်း၊ မောင်းမပေါင်းများစွာနှင့် ထိပ်ခေါင်တင်အခေါ်ခံ သမီးတော်များ စံမြန်းရာ အနောက်ဆောင်ဟူသည် အပျိုတော်၊ အထိန်းတော်၊ အဆောင်ကိုင် စသည်ဖြင့် အခြွေအရံအများအပြားသည် နေ့ညဥ့်မပြတ် ဝဲလှည့်၊ ယာလှည့် တာဝန်ကျသလို ခစားထမ်းရွက်ကြရပါသည်။

ယင်းအဆောင်များတွင် အဆင့်အသီးသီးမှ အမျိုးသမီးပေါင်းများစွာရှိကြသည်။ ၎င်းတို့အား စောင့်ရှောက်ကြီးကြပ်ကွပ်ကဲရန် မိန်းမစိုးများလည်း ဦးရေတစ်ရာကျော်ရှိလေသည်။ ထိုမိန်းမစိုးများမှာ မိန်းမအစစ်များချည်းဖြစ်ပါ၏။ အချို့ထင်မြင်ရေးသားနေကြသလို သင်းကွပ်ထားသောယောက်ျားများဆိုသည်မှာ မဟုတ်ပါ။ မမှန်ပါ။ ယောကျ်ားမိန်းမစိုးဟူ၍ မင်းတုန်းဘုန်းတော်ကြီးဘုရား ထံပါးတွင် နတ်ပြည်စံတော်မူမည့်အချိန်တိုင်အောင် အနီးကပ် ခစားထမ်းရွက်ခွင့်ရသူ လူယုံတော်ငယ်ကျွန် "ဖေခဲ"ဆိုသူတစ်ဦးသာလျှင် ရှိပါသည်။ ယင်း "ဖေခဲ"မှာလည်း သင်းကွပ်ထားသူမဟုတ်။ ငယ်စဉ်ကလေးဘဝကတည်းက ခိုက်မိ၍ ယောက်ျားအင်္ဂါမစုံလင်တော့သောသူဖြစ်သည်။ သူမှတစ်ပါး သင်းကွပ်ယောက်ျား မိန်းမစိုးမရှိချေ။

သို့ဆိုလျှင် အနောက်ဆောင်တွင် စောင့်ရှောက်ကွပ်ကဲနေရသူ မိန်းမစိုးဟူသည် မည်သည့်အမျိုးအစားဖြစ်သည်ကို အရင်ဖော်ပြရန်လိုပါသည်။ ယနေ့ခေတ်တွင် မိန်းမစိုးဟု 'စ'လုံးဖြင့် ပေါင်းရေးသားကြစေကာ ရှေးခေတ်ကမူ





'ဆ'လိမ်ဖြင့် စာလုံးပေါင်းပြီး " မိန်းမဆိုး " ဟု ရေးထုံးရှိခဲ့ကြောင်း မှတ်သားရဖူးသည်။ ဤသည်မှာ နန်းတွင်းအနောက်ဆောင်တွင် ထိပ်တန်းအမျိုးသမီးများစံနေကြသည့်ဌာနဖြစ်သောကြောင့် အုပ်စိုးသူဟူသော ယူဆချက် မလွဲမှားစေရန် " စိုး " ဟု မသုံးနှုန်းခြင်းဖြစ်ဖွယ်ရှိပါသည်။

မိန်းမစိုးဟု ရေးသည်ဖြစ်စေ၊ မိန်းမဆိုးဟု ရေးသည်ဖြစ်စေ ယင်းတို့ကား အမျိုးသမီးနန်းတွင်းရဲမေများပင်တည်း။ အပျိုနည်းပါးပြီး အများစုမှာ အိမ်ထောင်သည်များဖြစ်ကြသည်။ သို့ မိန်းမစိုးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရန် လိုအပ်သည့်အရည်အချင်းများအနက် သန်စွမ်းသောကာယဗလရှိခြင်း၊ ထက်မြက်ခက်ထန်သူဖြစ်ခြင်း၊ အနာရောဂါကင်းစင်သူဖြစ်ခြင်း၊ စာရေးစာဖတ်တတ်မြောက်ပြီး နန်းတွင်းသုံး အလေ့အထအသုံးအနှုန်းကျွမ်းကျင်သူဖြစ်ခြင်းတို့ ပါဝင်လေသည်။ အများအားဖြင့် ယင်းတို့အုပ်စုတွင် မြို့ဝန်၊ တံခါးမှူး စသည့် အလယ်အလတ်အရာရှိများ၏ မယားငယ်များဖြစ်ကြသည်။ ဥပမာအားဖြင့် မြို့ဝန် ဦးသာအိုး (ဦးပုညအားသတ်ပစ်သူ)၏ မယားငယ်များထဲမှပင်လျှင် ငါးယောက်ခန့်ပါဝင်သည်။ ဦးသာအိုးကဲ့သို့ အဆင့်ရှိသူသည် သူ၏မယားငယ်နှစ်ဆယ်၊ အစိတ်ခန့်ရှိသည်ကို လုံလောက်အောင် ကျွေးမွေးထောက်ပံ့ခြင်း မပြုနိုင်ပါ။ သင့်ရာတော်ရာအလုပ်သွင်းပေးခြင်း၊ ဈေးဆိုင်ကနား နေရာချထားပေးခြင်းမျှသာ ဆောင်ရွက်ပေးနိုင်သည်။ သို့ရာတွင် မင်းမှုထမ်းမည်သူမည်ဝါ၏မယားတစ်ယောက်ဟူ၍ကား အရပ်ထဲတွင် ဂုဏ်ဒြပ်တစ်မျိုးရှိကောင်း ရှိပေမည်။ ကျွန်မတို့ အရှေ့တိုင်းနိုင်ငံများ၌ ဘုရင်ကိုယ်တိုင်က မိဖုရားအများအပြားတင်မြှောက်ထားသည့်ကာလဖြစ်သောကြောင့် အစိုးရအဖွဲ့ဝင် မင်းမှုထမ်းအချို့ မယားဦးရေများခြင်းမှာ သူ့ခေတ်နှင့်သူဆိုပါက ဆန်းသည်မဟုတ်ပါ။

ဆိုခဲ့သော ရတနာပုံမန္တလေးမြို့တော် နန်းတွင်းအနောက်ဆောင်တွင် အမှုထမ်းသော မိန်းမစိုးဦးရေ တစ်ရာကျော်ရှိစေကာ နေ့စဉ် ညဆက် အားလုံးတာဝန်ကျသည်မဟုတ်။ သူ့အလှည့်ဖြင့်သူ မိန်းမစိုးချုပ်က တာဝန်ချသည့်အတိုင်း ဆိုင်ရာအဆောင်တွင် ထမ်းရွက်ကြပ်မတ်ကြရခြင်းဖြစ်သည်။ သူတို့၏ဝတ်စုံများကား ထဘီရင်ရှား၊ ပဝါနီစီးပြီး ရွှေနားတောင်းကြီးများဝတ်ဆင်ကြသည်။ ရိုးရိုးမိန်းမစိုးက ထားဝယ်ကြိမ် ကိုင်ခွင့်ရှိပြီးလျှင် မိန်းမစိုးချုပ်ကမူ ငလိပ်ကျောက်မြီး ကိုင်ပြီး ရိုက်နှက်ဆုံးမခွင့်ရှိသည်။

သို့ ဆုံးမခွင့်ရှိသူများတွင် သန့်ရှင်းရေးအလုပ်သမားများ၊ အစေတော်



www.burmeseclassic.com

www.burmeseclassic.com



ကျေးကျွန်များ၊ ဝိုင်းတာမများ စသည်တို့ဖြစ်ကြသည်။ မိန်းမသားများချည်း သက်သက်နေကြသော ဌာနဖြစ်သည့်အတိုင်း ယင်းနေရာမျိုး၌ ဖြစ်ပေါ်လေ့ရှိသကဲ့သို့ အချစ်တော်ဖွဲ့သည့်ကိစ္စမျိုးလည်း ဖြစ်ပွားတတ်သေးသည်။ ထိုကိစ္စမျိုး ပေါ်ပေါက်လျှင်ကား မိဖုရားကြီး စုဖုရားလတ်ကိုယ်တိုင်က အလွန်စက်ဆုပ်တော်မူသဖြင့် မိန်းမစိုးချုပ်က ရိုက်နှက်ဆုံးမဖို့ အမိန့်ပေးထားသည်။ ကျန်အမှုအခင်းများမှာမူ ပစ္စည်းခိုးခြင်း၊ ရန်စောင်ခြင်း၊ ဆဲဆိုသတ်ပုတ်ခြင်းလောက်သာ ရှိလေသည်။

အနောက်ဆောင်နေသူများတွင် ခင်ခင် အခေါ်ခံအပျိုတော်များ၊ ခင်လေး အခေါ်ခံ အငြိမ့်အပျိုတော်စသည်များကိုကား ဆုံးမပိုင်ခွင့်မရှိချေ။ အပျိုတော် အချင်းချင်း စကားများခြင်း၊ ရန်စောင်ခြင်းများရှိပါက ယင်းမိန်းမစိုးများအနေဖြင့် ဖျန်ဖြေပေးပြီး မရပါမှ ယင်းအပျိုတော် ခစားထမ်းရွက်သည့် မိဖုရား သို့မဟုတ် မင်းသမီးထံမှောက်သို့ ပို့အပ်တိုင်ကြားရုံမျှသာ ဆောင်ရွက်ရလေသည်။ နန်းတွင်း အပျိုတော်ဟူသည်မှာ မှူးကြီးမတ်ကြီးများ၏ သမီးပျိုများ၊ အဆင့်မနိမ့်သူများချည်းမဟုတ်ပါလော။

ထို့ပြင် မိန်းမစိုးများ၏ အရေးပါသောတာဝန်တစ်ရပ်မှာ မိဖုရားကြီး စုဖုရားလတ်သည် ဥယျာဉ်တော်သို့ဆင်းသည်ဖြစ်စေ၊ မည်သည့်နေရာသို့ သွားသည်ဖြစ်စေ မလှမ်းမကမ်းမှ ကင်းပုန်းဝပ်ပြီး လုံခြုံရေးစောင့်ရှောက်ကြရခြင်း ဖြစ်သည်။ ယင်းမိန်းမစိုးတို့တွင် ကိုယ့်အဆင့်နှင့်ကိုယ် လစာအနေဖြင့် ရိက္ခာတော် သီပေါမင်းလက်ထက်တွင်မူ လစာ ငွေဒင်္ဂါးအသီးသီးရရှိကြသည်။

မိန်းမစိုးများ၏ ဘဝနှင့်တာဝန်ပိုင်းဆိုင်ရာများမှာ သိသာလောက်ပေပြီ။ ယခု နန်းတွင်းအနောက်ဆောင် သူခိုးဖမ်းပွဲအား ဆက်လက်ဖော်ပြပါမည်။ သီပေါမင်း နန်းတက်ပြီး နှစ်နှစ်ခန့်အကြာတွင် အနောက်ဆောင်ပိုင်း၌ ရွှေထည်၊ ငွေထည်၊ အသုံးအဆောင်ပစ္စည်းများ မကြာခဏပျောက်ရှသည်။ အထူးသဖြင့် မိဖုရားကြီးစုဖုရားလတ်၏ ပထမသမီးတော်နှင့် နို့ထိန်းတော်တို့စံရာ အဆောင် တစ်ဝိုက်တွင် အဖြစ်များလေသည်။ မိဖုရားတို့မည်သည် မိမိတို့ ရင်သွေးသားတော်၊ သမီးတော်များကို နို့ချိုတိုက်ကျွေးခြင်း၊ အတူအိပ်ခြင်း ပြုလေ့မရှိချေ။ အဆင့်အတန်းမြင့်သော ကတော်မယားထဲမှ အင်္ဂါရုပ်ကောင်းသူ၊ ကျန်းမာသန့်ရှင်း သူကို ရွေးချယ်ကာ နို့ထိန်းခန့်ထားလေ့ရှိသည်။

ပထမသမီးတော်ကလေးအား မိခင်ရင်းနှင့်မခြား နို့ချိုတိုက်ကျွေးစောင့်





ရှောက်ရသူမှာ ယက္ကန်းတော်အုပ်မင်းသားကြီး (ယနေ့ခေတ်အလိုအထည်အလိပ် စက်မှုလက်မှုဆိုင်ရာဝန်ကြီး၏ တာဝန်မျိုးဖြစ်မည်ဟု ယူဆမိပါသည်)၏မယား သုံးဆယ်မြို့စားဖြစ်သည်။ ပထမသမီးတော်၏ ယင်းနို့ထိန်းတော်သည် အရှင်နှစ်ပါး ပါတော်မူအပြီး မဒရပ်မြို့အထိ လိုက်ပါထမ်းရွက်ရသူ ဖြစ်လေသည်။

ဆိုခဲ့သည့်အတိုင်း အနောက်ဆောင်တွင် သူခိုးကလည်းပူ၊ စုံစမ်းစစ်ဆေး၍လည်းမပေါ်ပေါက်၊ သို့လျှင် လိပ်ခဲတည်းလျှဦး ရက်ပိုင်းတွင် တစ်ညသ၌ အထိန်းတော်သုံးဆယ်မြို့စားသည် ပထမသမီးတော်ကလေးအား ရင်ခွင်ပိုက်ရင်း အဆောင်တွင်း ညောင်စောင်းပေါ်တွင် သတိဖြင့် အိပ်နေသည်။ အနီးအပါးတွင်လည်း အဆောင်ကိုင်လက်ပါးစေများ အစီအရီ အိပ်ပျော်နေကြသည်။ ရွှေတိုင်တော်ကလည်း ထိန်သည်လည်းမမည်၊ မှိန်သည်လည်းမဆိုသာ အနေတော် လင်းလျက်ရှိနေသည်။

ရွှေတိုင်တော်ဆိုသည်မှာ ပြင်သစ်ပြည်က လက်ဆောင်တော်ပေးပို့သော ထွာဆိုင်ခန့်ရှိ ဖယောင်းတိုင်ကြီးကို အမြောက်အမွမ်းဆင် ရွှေချထားခြင်းဖြစ်သည်။ တစ်ကြိမ်ထွန်းထားလျှင် နှစ်ညခန့်ထွန်းရသည်ဟူ၏။ နို့ထိန်းတော် သုံးဆယ်မြို့စားသည် သန်းခေါင်ကျော်ခန့်တွင် ခေါင်းရင်း လေသာဆောင်ပြတင်းမှ ခပ်မည်းမည်း လူသဏ္ဌာန်တစ်ခုဝင်လာသည်ကို ရုတ်တရက်သိလိုက်သည်။ သို့သော် အသက်အသံမပြုဘဲ ခပ်မှေးမှေးလှမ်းကြည့်နေသည်။ ယင်းသဏ္ဌာန်တွင် ခါးပိုင်းတွင် ကြိုးတစ်ချောင်းတန်းလန်း ချည်လျက်သား ပါသည်ကိုလည်း တွေ့ရသည်။ ခိုးသူပေတကား။

သူခိုးသည် ခြေဖွနင်းကာ အဆောင်တွင်းရှိ ရွှေဖလား၊ ရွှေကလပ် စသည်များအား ဖွတ်လတ်စွာကောက်ယူပြီး ဘေးလွယ်အိတ်အတွင်းသို့ထည့်သည်။ ဤတွင် သုံးဆယ်မြို့စားသည် ငေါက်ခနဲခုန်ထပြီး " သူခိုးမ နင် မပြေးနဲ့" ဟု အော်ကာ ဆင်းလာသည်။ သူခိုးမမှာ ခေါင်းမှဆံပင်ရှည်ကို ရှေ့သို့ဖြန့်ချလိုက်ပြီး ခုန်ဆွခုန်ဆွလုပ်ကာ တစ္ဆေလိုလို ရှေ့တိုးပြီး ခြောက်လှန့်သေးသည်။ ဤတွင် သုံးဆယ်မြို့စားကလည်း " အမယ်-ငါ့များခြောက်လို့ လာစမ်း " ဟု၊ သူ့ဆံပင်ကို လက်ဖြင့်ရစ်လိမ်လိုက်ကာ၊ ကြိမ်းကာ နှုတ်မှလည်း " ဟဲ့-အစေတော်တွေ ထကြစမ်း ထကြစမ်း " ဟု နိုးရသည်။ တစ်ဆောင်လုံး ရုတ်ရုတ်သဲသဲ ဖြစ်ကာ အချို့က သူခိုးမကို ဝင်ဖမ်းသည်။ အချို့က မိန်းမစိုးများအား ပြေးခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမစိုးများနှင့် မိန်းမစိုးချုပ်ပါ လိပ်ကျောက်မြီးကိုင်လျက် ချက်ချင်းရောက်လာကာ ခက်ထန်သော မျက်မာန်ဖြင့် သူခိုးမအား ဝိုင်းရံကာ သုံးဆယ်စားအထိန်းတော်၏အမိန့်ကို စောင့်လင့်နေကြသည်။ အထိန်းတော်သည် ထိုအခါမှ ရစ်လိမ်ထားသော လက်ဆုပ်ဖြေကာ သူခိုးမအားစစ်ဆေးရာ သူခိုးမသည် လွယ်အိတ်တွင်းမှ ရွှေထည်ပစ္စည်းများကို ပြန်ထုတ်ပေးရင်း - " ဖျာ့ ကျွန်မဘာမှ မသုံးစွဲရသေးပါဘုရား၊ ဒီတစ်ကြိမ်သာ စွန့်စားမိုက်မှားမိခြင်းပါဘုရား၊ လွှတ်တော်မူရင် နေပြည်တော်ကဝေးရာ ပြေးပါတော့မယ်ဘုရား " စသဖြင့် ခြေဖက်တောင်းပန်လေ၏။

စင်စစ် သူခိုးမသည် အပျိုတော်တစ်ဦး၏ နောက်လိုက်နောက်ပါအဖြစ် အနောက်ဆောင်များသို့ လိုက်ပါလာဖူးသူ၊ ဝင်လမ်း ထွက်လမ်း ကျွမ်းကျင်သူဖြစ်သည်။ ယင်းသည့်ကာလက အပျိုတော်တစ်ဦးတစ်ဦးတွင် နောက်လိုက် ငါးဦးမှ ဆယ့်ငါးဦးခန့်အထိ အသီးသီး လိုက်ပါလာကြစမြဲဖြစ်သည်။

သို့ အပျိုတော်တစ်ဦးဦး၏ နောက်လိုက်အဖြစ် လိုက်ပါလာဖူးသော ထိုသူခိုးမသည် လေသာဆောင်ပေါ်သို့ ကိုင်းညွှတ်ကျနေသော မန်ကျည်းကိုင်းပေါ်မှ ခါးတွင် ကြိုးချည်ပြီး လျှောဆင်းလာခြင်းဖြစ်သည်။ လူမမိသော် ယင်းကြိုးကိုပင် အားပြုဆွဲငင်ကာ ပြန်တက်သွားပေလိမ့်မည်။

သို့လျှင် သုံးဆယ်မြို့စားအထိန်းတော်က စစ်မေးပြီးသော် မိန်းမစိုးချုပ်သည် လိပ်ကျောက်မြီးကိုင်ကာ ရှေ့သို့တိုးလာတော့သည်။ ဤတွင် သုံးဆယ်မြို့စားက -

" ဟဲ့-ဟဲ့- အဲဒါကြီးနဲ့တော့ မလုပ်နဲ့။ ငါ့ရှေ့ကခေါ်သွားတော့။ ရိုးရိုးကြိမ်နဲ့ပဲ နည်းနည်းရိုက်ပြီး ဆိုင်ရာပို့လိုက်ကြပေတော့ " ဟု အမိန့်ပေးလိုက်လေ၏။

သို့လျှင် ပထမသမီးတော်၏အထိန်းတော် ယက္ကန်းတော်အုပ်မင်းသားကြီး၏မယား သုံးဆယ်မြို့စားသည် ၁၂၄၇ ခုနှစ် (၁၈၈၅ခုနှစ်)တွင် အရှင်နှစ်ပါး အင်္ဂလိပ်လက်သို့ ပါတော်မူသွားကြသောအခါ အိန္ဒိယနိုင်ငံအထိ ခစားလိုက်ပါသွားရသူဖြစ်သည်။ နောက် အရှင်နှစ်ပါးက ခွင့်ပြုတော်မူသောအချိန်မှာ မြန်မာနိုင်ငံသို့ ပြန်လည်လာကာ မိမိ၏မိသားစုဖြင့် အတူနေရလေတော့သည်။

ဤ နန်းတွင်းသူခိုးနှင့် မိန်းမစိုးတို့အဖြစ်တွင် အနောက်ဆောင်၏ မြင်ကွင်းတစ်ကွက်အပြင် အရှင်နှင့် ကျွန်ယုံတော်တို့၏ မေတ္တာ သစ္စာ ကြီးမားခြင်းတစ်ရပ်ကိုပါ အကဲခတ်နိုင်ကြပါသည်။

ရတနာပုံစာအုပ်တိုက်



အကိုးအကား -

၁။ ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးများ ရေးသားခဲ့သူ မင်းသားဦးမောင်မောင်တင်၏သမီး ဒေါ်တင်တင်မေ၏ မှတ်စု။

၂။ စာရေးသူ၏ အဘွား ဒေါ်ရွှေပုံ (မင်းလက်ဝါး၏ချွေးမ) ပြောပြချက်များ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။ ပတ္တမြားငမောက်၏ခြေရာ

စကားဦး။ ။ (ဤဆောင်းပါးတွင် ပါရှိသော အခြေခံအချက်များမှာ မမကြီး ဒေါ်တင်တင်မေ၏ မှတ်စုမှတ်တမ်းများမှ ရရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရှေးဦးစွာ ဒေါ်တင်တင်မေနှင့် စာဖတ်သူအား မိတ်ဆက်ပေးရန် လိုအပ်ပါသည်။ သူ၏အဘမှာ ကုန်းဘောင်ဆက် တတိယမြောက် ဆင်ဖြူရှင်မင်းတရားနှင့် မိဖုရားကျောက်ဘွားစောဘွဲ့ခံ ဥပစောပတိ (ယိုးဒယားမင်းသမီးတော်)တို့မှ ဆင်းသက်ပြီး မြစ်တော်စပ်သူ မင်းသား ထိပ်တင်ဖြူ (ဦးမောင်မောင်တင်- K.S.M, A.T.M ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကိုရေးသူ) ဖြစ်ပါသည်။ အမိမှာ ကုန်းဘောင်ဆက် အဌမမြောက် ရွှေဘိုမင်း၏သားတော် အကြီးဆုံး ပြည်မင်းသားကြီး၏ မြေးဖြစ်သူ မင်းသမီး ပြည်ထိပ်တင်ဆင့် ဖြစ်ပါသည်။

မမကြီး ဒေါ်တင်တင်မေသည် စာရေးသူအား သူ၏မှတ်တမ်းများကို ဖတ်ခွင့်ပြုသည့်သာမက မရှင်းသည့်အချက်များတွင်လည်း နှုတ်အားဖြင့် ဖြည့်စွက်ပြောပြပေးသည်။)

စာရေးသူ

(၁)

ယခုလက်ရှိ သက္ကရာဇ်သည် ၁၉၈၅ ခုနှစ်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာမင်းနှင့် မိဖုရားတို့ အင်္ဂလိပ်လက်ဝယ် ပါတော်မူခဲ့ရသော ၁၈၈၅ခုနှစ်မှ





စ၍ ရေတွက်သော် နှစ်ပေါင်း ၁၀၀ မြောက်ချေပြီ။ နှစ် ၁၀၀ မြောက် ပါတော်မူနှစ်သည် ဂုဏ်ယူစရာမဟုတ်ပါ။ သို့သော် မြန်မာတစ်မျိုးသားလုံး သင်ခန်းစာယူအပ်သော မေ့မပျောက်ခြင်းငှာ မထိုက်သောနှစ် ဖြစ်ပေသည်။

ယင်းသည့်ကာလ မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့ တည်ရာဖြစ်သော သီပေါမင်းနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့သည်လည်းကောင်း၊ မြန်မာဘုရင်အဆက်ဆက်တို့၏ နန်းစဉ်ရတနာများစွာတို့သည်လည်းကောင်း တစ်နေ့တည်း တစ်ချိန်တည်းပင် အင်္ဂလိပ်လက်တွင်းသို့ ရောက်ရှိသွားလေ၏။

သို့ ရောက်ရှိသွားရသော်လည်း မြန်မာဘုရင်သည် မိမိရန်သူ အင်္ဂလိပ်စစ်တပ်များကို အားကုန်အင်ကုန် အစွမ်းကုန် တိုက်ခိုက်ပြီးမှ စစ်ရှုံးရခြင်းမဟုတ်။ စစ်ရှုံးပြီးနောက်မှ ဖမ်းဆီးခြင်းခံရသော စစ်အကျဉ်းသားဘုရင်လည်း မဟုတ်။ ထိုနည်းအတူ မြန်မာ့နန်းစဉ် တော်ဝင်ရတနာများသည်လည်း အင်္ဂလိပ်တို့လက်သို့ တရားဝင်လွှဲအပ်စာတမ်းနှင့်တကွ ခိုင်လုံစွာ ပေးအပ်ရခြင်းလည်း မဟုတ်ချေ။

ရေကြောင်းချီလာသော အင်္ဂလိပ်တို့သည် သူတို့အလိုရှိရာ စာချုပ်ချုပ်ဆိုပြီး ပြန်မည်ယောင်ယောင် တစ်ပါးသောမြန်မာမင်းသားနှင့် နန်းလွှဲပြောင်းပေးမည်လိုလို ဟိုနှယ်သည်နှယ် ဥပါယ်တံမျဉ် ဉာဏ်နီဉာဏ်နက် ကြွယ်ဝစွာဖြင့် တစ်ဆင့်ပြီးလျှင်တစ်ဆင့် အရှင်နှစ်ပါးအား သူရိယသင်္ဘောပေါ် အရောက်ဆောင်ကြဉ်းပြီး အပါခေါ် သွားသည်နှင့် မခြား၊ ကာနယ်စလေဒင်သည် မြန်မာ့နန်းစဉ် ရတနာများကိုလည်း ပရိယာယ်ဝေဝုစ်ဖြင့် ရယူသွားခြင်းဖြစ်သည်။ ဤစကားကို အဓိပ္ပာယ်မဲ့မဆိုပါ။ ထိုနန်းစဉ်ရတနာများသည် အဘယ်မျှခန့်ရှိလိမ့်မည်နည်းဆိုသော် အဖြေကို ဆင်ခြင်ရပါမည်။ မြန်မာမင်းဆက် ရှည်လျားသည်နှင့်အမျှ ဘုရင့်ဘဏ္ဍာတိုက်တော်အတွင်း ရှိနှင့်ပြီးသော ပတ္တမြား၊ စိန်၊ ပုလဲ၊ နီလာ စသော ရတနာမျိုးတို့သည် အနှုတ်အသိမ်းမရှိ အတိုးအပွားချည်းသာ ထပ်ဆင့်လာခြင်းကြောင့် သီပေါမင်းလက်ထက်တိုင်ရောက်သော် ရတနာအစုအပုံသည် များပြားလှချေပြီ။ ယင်းတို့အနက်မှ ပတ္တမြားတစ်မျိုးတည်း တင်ပြရပါလျှင် -

အင်းဝရွှေနန်းရှင် ပြည်မင်းတရားလက်ထက်၌ သက္ကရာဇ် (မြန်မာ) ၁၀၂၃ ခုနှစ်တွင်းက ချင်းတွင်းရွာနေ ငမောက်ဆိုသူ ဆက်သလာသောကြောင့် ယင်း၏အမည်ဖြင့် ထင်ရှားသော ရတီချိန် ကိုးဆယ်ကျော်ရှိ ပတ္တမြားကြီး။



www.burmeseclassic.com

www.burmeseclassic.com



ရတီချိန် လေးဆယ်ကျော်ရှိသော လှော်ကားတင်ကြီးခေါ် ပတ္တမြား။ ရတီချိန် နှစ်ဆယ်ကျော်ရှိ လှော်ကားတင်ကလေးခေါ်ပတ္တမြား။ ထို့အပြင်လည်း စံကျောက်တော်ပတ္တမြား၊ နဂါးဗိုလ်ပတ္တမြား စသဖြင့် ထင်ရှားသော ကျောက် အများအပြားရှိသေးသည်။

' ပတ္တမြား ဂေါ်ကြီး အဖိုးပြည်တန် ' ဟူသော ဆိုရိုးစကားသည် အမိပ္ပာယ်မဲ့သည်မဟုတ်ပါချေ။ ထို့ကြောင့် မြန်မာ့နန်းစဉ်ရတနာများသည် တန်ဖိုးအနဂ္ဃရှိလိမ့်မည်ကို သံသယဖြစ်ဖွယ် မလိုပါ။

(တော်ဘုရားလေးရေး 'သီပေါမင်းဆက်အတွင်းရေးများ' စာအုပ်နှင့် ဦးကိုလေး မန္တလေးတက္ကသိုလ် အဓိပတိဟောင်းရေး 'သီပေါမင်းနှင့် နယူးရော့ တိုင်း သတင်းစာ' စာအုပ်၊ နှစ်အုပ်စလုံးတွင်ပင် မြန်မာ့နန်းစဉ်ရတနာများ၏ တန်ဖိုးကျပ်ငွေ ကုဋေ ငါးထောင်ခန့်ရှိမည်ဟူ၍ တထပ်တည်း ခန့်မှန်းထားကြ သည်။)

ဆိုခဲ့သော ပတ္တမြားနာမည်ကျော်တို့အနက်မှ ပတ္တမြားငမောက်ကြီး အကြောင်းကို ဆက်လက်တင်ပြပါမည်။ ယင်းပတ္တမြား၏အရွယ်မှာ ကွမ်းသီး ခန့်ရှိ၍ အရည်အသွေးမှာလည်း ပြည့်မီနီလွင် ရှုချင်စဖွယ်ရှိလှသည့်အပြင် မြင်သူ တိုင်းအား ရင်သပ်ရှုမောဖြစ်စေသည်။

ယင်းပတ္တမြားအား အရွယ်နှင့်အရည်တွင် ယှဉ်လောက်သောပတ္တမြား သည် ရှေးကလည်းမရှိခဲ့။ ယခုတိုင်လည်း မပေါ်သေးချေ။ ထို့ကြောင့် မြန်မာ တို့၏ အမျိုးသားအမွေအနှစ် ဂုဏ်ထူးဆောင်အစစ် ဖြစ်ပါသည်။ ယင်းအပါအဝင် မြန်မာ့နန်းစဉ်ရတနာများ အင်္ဂလိပ်လက်သို့ ကူးပြောင်းသွားခန်းမှာ အောက်ပါ အတိုင်း ဖြစ်ပါ၏။

(၂)

၁၈၈၅ ခု၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင်ကား မင်းမိဖုရားနှင့် သား မယ်တော်အားလုံးပင် အင်္ဂလိပ်တို့ ခေါ်ဆောင်ရာသို့ မလွဲမသွေ လိုက်ပါရ ချေတော့မည်ဟု သိကြလေပြီ။ ထို့ကြောင့် စုဖုရားလတ်၏အဆောင်တော်တွင်း၌ အဝတ်အထည် အသုံးအဆောင် ပစ္စည်းအမျိုးမျိုးကို ထုပ်ပိုးသိမ်းဆည်းလျက်ရှိ ကြသော အပျိုတော်များသည် မျက်စိမျက်နှာ မသာသော်လည်း တည်ငြိမ်စွာ အလုပ်လုပ်လျက်နေကြသည်။





ပစ္စည်းဘဏ္ဍာအစုစုမှာ နန်းစဉ်ရတနာများမှအစ ဟင်းယင်၊ လင်ပန်း၊ ကွမ်းအစ်၊ ထွေးခံများအထိ ရွှေသားအတိပြီးသော မင်းခမ်းတော်များချည်းဖြစ် လေသည်။ ယင်းတို့အနက် အချို့ကို ရတနာသုံးပါး စီခြယ်သော ရွှေသေတ္တာ၊ အချို့ကို ကျွန်းသေတ္တာ၊ အချို့ကို ယွန်းသေတ္တာ စသဖြင့် သင့်ရာတော်ရာ ထည့် သွင်းပြီးနောက် ကတ္တီပါအိတ်များဖြင့် သွတ်တန်သည်ကို သွတ်ပြီးလျှင် လိုလေသေး မရှိရအောင် သယ်ဆောင်ကြရန် စီစဉ်နေကြဆဲ ဖြစ်လေသည်၊ ထိုကဲ့သို့ ပျားပန်း ခတ်မျှ အလုပ်ရှုပ်လျက်ရှိနေစဉ် မင်းမိဖုရားတို့သည် ဣန္ဒြေမပျက် စံနေရင်း ရှုစားတော်မူလျက်ရှိကြသည်။ ထိုအချိန်၌ နန်းတော်ဆောင်များအတွင်း ဟိုမှ သည်မှ လျှောက်သွားနေသော ကာနယ်စလေဒင်သည် ယင်းအဆောင်သို့ ရောက်လာလေ၏။ စလေဒင်သည် ပစ္စည်းသိမ်းနေသော အပျိုတော်များအား ကြည့်ပြီးနောက် ' လိုတာမှန်သမျှ မကျန်ရအောင် သယ်ယူခဲ့ကြရန်နှင့် အချိန် ကောင်းစွာ ရကြောင်း ' သတိပေးစကား ပြောကြားလေသည်။

များမကြာမီ စလေဒင်သည် နောက်တစ်ခေါက်လှည့်လာပြန်သည်။ ဤအကြိမ်တွင်မူ စုဖုရားလတ် စံနေရာသို့ ချဉ်းကပ်ကာ " နန်းမတော်ဘုရား ကြုံကြိုက်တုန်း ပတ္တမြားငမောက်ကျောက်တော်ကို ကျွန်တော်မျိုး မြင်ဖူးချင်လွန်း လို့ ပြတော်မူပါဘုရား " ဟူ၍ လက်နှစ်ဘက်ကို ယှက်ယောင်ပြုကာ လျှောက် ထားလေ၏။ အရှင်နှစ်ပါးအား အစဉ်သဖြင့် ဘုရားထူးလာခဲ့ရသည့် စလေဒင် သည် ယခုလည်း မူမပြောင်းဘဲ အရင်အတိုင်း ဆက်ဆံမြဲပင်။

ထိုအခါ စုဖုရားလတ်သည် နန်းစဉ်ရတနာများကို အကန့်အကန့်ပါ သော ရွှေသေတ္တာအတွင်း စနစ်တကျ ထည့်သွင်းနေသော ချွန်းတောင် မင်းသမီး ကလေး သုသီရိစန္ဒာဝတီဘက်သို့ မျက်နှာမူကာ " ချွန်းတောင်မင်းသမီး ငမောက် လက်ဝတ်တော်ကို ပြလိုက်ပါဘိ" ဟု မိန့်တော်မူရလေ၏။ ချွန်းတောင်မြို့စား မင်းသမီးသည် ရွှေသေတ္တာ၏တစ်ခုသော အကန့်အတွင်းမှ ပတ္တမြားလက်ဝတ် တော်ကြီးကို အသာကိုင်ကာ စလေဒင် လက်သို့ ကမ်းလိုက်လေသည်။ စလေဒင်သည် လက်ဝတ်တော်ကြီးအား ရှေ့နောက်ဝဲယာလှည့်၍လည်းကောင်း၊ နေရောင်ရှိရာသို့ ထောင်၍လည်းကောင်း အထက်အောက် ပြောင်းကိုင်ကာ အားပါးတရကြည့်ရင်း ရင်သပ်ရှုမောဖြစ်လာတော့သည်။ ပတ္တမြားငမောက် ကြီးကလည်း နေရောင်ဖြင့်တည့်တည့် မှောက်ကိုင်ထားသည့်အခိုက်တွင် အရည်လည်ပြီး တစ်စက်ချင်း ယိုကျလာတော့မလို ကြည့်မြင်သူ အသက်ရှူ



www.burmeseclassic.com

www.burmeseclassic.com



မှားလောက်အောင်ပါပင်။

စလေဒင်သည် အနီးရှိ စစ်ဗိုလ်တစ်ဦး နှစ်ဦးတို့အား လက်ဝတ်တော်ကြီးကို တအံ့တသြ ပြလိုက်သေးသည်။ လက်ကိုင်ပုဝါဆွဲထုတ်ပြီး ချွေးသုတ်ဟန် ပြုလိုက်သေးသည်။ အတွင်းစိတ်မှာကား 'အခုပဲ ယူလိုက်ရသော် ဖြစ်လေမလား' ဟု ဟန်လုပ်ခါ အကြံထုတ်နေသယောင်။ တစ်အောင့်လောက်ရှိလေပြီ။ စလေဒင်သည် လက်ဝတ်တော်ကို ပြန်မပေးဘဲ လက်ကိုင်ပုဝါဖြင့်လုံးကာ ဘောင်းဘီအိတ်တွင်းသို့ ထိုးထည့်လိုက်လေ၏။ ဘဏ္ဍာတော်ထိန်း ချွန်းတောင်မင်းသမီးသည် အကင်းလည်းပါးသည်။ သူ့တာဝန် ဖြစ်မည်ကိုလည်း စိုးရိမ်သည်။ ထို့ကြောင့် သတိမလွတ်ဘဲ အသာကြည့်နေသည်။ ပုဆစ်တုပ်ထိုင်လျက်ကပင် စလေဒင် ရွေ့လျားသွားလာရာသို့ မျက်ခြေမပြတ်လိုက်ကြည့်ရင်း ရွှေသေတ္တာကို အဖုံးဖွင့်လျက်သားအတိုင်း ပင့်ကိုင်ကာ စောင့်နေလေဟန် ပြထားသည်။ စုဖုရားလတ်သည် ဤအဖြစ်ကိုမြင်ပြီး အကဲသိပြီးဖြစ်စေကာ တစ်စုံတစ်ရာ နှုတ်ခွန်းတော် မဟာချေ။ အတန်ကြာပြီးနောက် စလေဒင်ကြားကြားလောက်သည့် နေရာအရောက်မှ " ချွန်းတောင်မင်းသမီး ဘာစောင့်နေသည်တုံး " ဟု အမေးတော်ရှိလိုက်သည်။ ထိုအခါ ချွန်းတောင်မင်းသမီးက " ငမောက် လက်ဝတ်တော် ပြန်မအပ်သေးပါ၍ မပိတ်ရခြင်းပါဘုရား " ဟု တင်လျှောက်ရင်း စလေဒင်ဘက်သို့ လက်ညှိုးညွှန်လေ၏။

ဤတွင် စလေဒင်သည် မေ့နေမိသောကြောင့် အားတောင့်အားနာဟန်ဖြင့် -

" အိုး - ရှိတယ်။ ရှိပါတယ်။ ကျွန်တော်မျိုးဆီမှာ " ဟုဆိုရင်း ထုတ်ပေးလေသည်။ ချွန်းတောင်မင်းသမီးလည်း လက်ဝတ်တော်ကြီးအား အမြတ်တနိုးကိုင်ကာ သူ့နေရာသို့ အသေအချာပြန်ထည့်၍ သေတ္တာ ပိတ်လိုက်လေ၏။

ယင်းသည့်နေ့ညနေဆည်းဆာအချိန်တွင်မှ မင်းမိဖုရားသားမယ်တော်ခုနစ်ပါးစလုံးပင် နောက်တော်ပါ အခြွေအရံများနှင့်အတူ ဂေါ်ဝိန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သူရိယသင်္ဘောပေါ်သို့ တက်ရလေတော့သည်။ သို့သင်္ဘောဆင်းသည့်အချိန်၌ စုဖုရားလတ်မှာ ကြွေ့မပျက်သော်လည်း သီပေါဘုရင်မှာမူ မျက်နှာတော် အတုန်ညှိုးလေသည်။ အရှင်နှစ်ပါးတို့သည် သင်္ဘောဦးခန်းရှိ စလေဒင်ညွှန်ပြသော ကုလားထိုင်များတွင် အသီးသီးထိုင်မိကြလေပြီ။ ရံရွေတော်များလည်း သင့်ရာမှခစားလျက်ပင်။ စုဖုရားလတ်မှာ အပြင်ပန်းသိသိသာသာ





မျက်နှာမပျက်သော်လည်း ရင်ညွှန့်လှိုက်ဖိုနေခြင်းကို အကဲခတ်မိကြလေသည်။ အကြောင်းမှာ ရင်ပေါ်တွင် ဆွဲဆင်ထားသော စိန်လည်ဆွဲများမှာ အခါတိုင်းနှင့်မတူ မီးရောင်အောက်၌ အထူးပင် ဝင်းဝင်းတောက်အောင် လှုပ်ခတ်နေသည်ကို မြင်ကြရသောကြောင့်ပင်။

ဆိပ်ကမ်းပေါ်တွင်ကား မင်းမိဖုရားရှိရာသို့ လှမ်းမျှော်လက်အုပ်ချီလျက်ရှိသူ၊ ထို့ထက်မက လူးလိမ့်ငိုကြွေးရင်း " ကြွတော်မူကြရေ့ဘုရား " ဟူ၍ မြည်တမ်းနေကြသူများပါ ကမ်းညွှတ်ခမန်း ရှိတော့သည်။ ယင်း လူအုပ်ကြီးထဲမှ ချောင်တစ်စောင်းဖြင့် ဥပမိရုပ်ကောင်းကောင်း လူငယ်တစ်ဦးသည် အစောင့်စစ်သားများကြားမှ အတင်းတိုးဝင်ကာ သင်္ဘောပေါ်သို့ တက်ရန် အားထုတ်နေသည်။ ထိုလူငယ်ကား ချွန်းတောင် မင်းသမီး၏ အစ်ကိုရင်း၊ တောင်ဇင်မင်းသမီး (သီပေါမင်း ဒုတိယသမီးတော်၏ နို့ထိန်းတော်အဖြစ် လိုက်ပါမည့်သူ)၏ မောင်ဝမ်းကွဲ တော်စပ်သူ မင်းသား 'မောင်မောင်တင်' ပေတည်း။

အရှင်နှစ်ပါးအတွက် နာကျည်းချက်နှင့်ထပ်တူ နှမတော်များအတွက် စိုးရိမ်စိတ်မွန်လျက် ဖွတ်တက်မည်ပြုနေသူ မောင်မောင်တင်အား သေနတ်ကိုင်ကုလားစစ်သားများက ခပ်ရိုင်းရိုင်းပင် ဖယ်ရှားပစ်လိုက်ကြလေ၏။ ယင်းဖြစ်ရပ်ကြောင့် ကမ်းပေါ်မှ လူအုပ်ကြီးပါ ထိန်းမနိုင်သိမ်းမရ ဖြစ်လာတော့သည်။ ထို့ကြောင့် သူရိယသင်္ဘောသည် ချက်ချင်းကမ်းမှ ခွာလေ၏။ ချွန်းတောင်မင်းသမီးကလေးသည် ကမ်းပေါ်တွင် ရုန်းရင်းဆန်ခတ် ဖြစ်နေကြောင်းကိုကား သိပါ၏။ သူ့မောင်တော်မှန်း မသိရှာပါ။

ထိုအခိုက် ကာနယ်စလေဒင်သည် ပျာယီးပျာယာ ဝင်ရောက်လာကာ " ကမ်းပေါ်မှာ ဓားပြတွေ အုပ်လိုက်ကြီးဆူနေတာ ကြားတော်မူတဲ့အတိုင်းပါဘုရား။ လုံခြုံရေး စိတ်မအေးရပါ။ ဘဏ္ဍာသေတ္တာကို ကျွန်တော်မျိုး လုံခြုံရာမှာ ကောင်းကောင်း သိမ်းထားပေးပါမည်။ အပ်တော်မူပါဘုရား " ဟု လက်ယှက်ကာ လျှောက်တင်လေ၏။ ဤတွင် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သူ့ဘက်သားကိုယ့်လူပမာ စဉ်းစားချိန်မရရှာသော အရှင်နှစ်ပါးတို့သည် ငမောက်လက်ဝတ်တော်ကြီး အပါအဝင် ဘဏ္ဍာတော်ရွှေသေတ္တာကို စလေဒင်လက်သို့ အပ်လိုက်ရလေတော့သည်။ ထို့နောက် စလေဒင်သည် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် စုဖုရားကြီးတို့ နှစ်ပါးစံနေရာသို့ သွားရောက်ကာ ထိုနည်းအတိုင်း ပြောဆိုပြီး အပ်နှံရန် သွေးဆောင်ပြန်လေသည်။ ဆင်ဖြူမရှင်မိဖုရားကြီးကမူ " မိဖုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ ဘဏ္ဍာပစ္စည်း များများ မပါခဲ့ပါ " ဟူ၍ ပြန်ကြားသည်။ မည်သည့် ပစ္စည်းကိုမျှ မအပ်ချေ။

နောက်တစ်နေ့ နံနက်လင်းသောအခါ သူရိယသင်္ဘောသည် ရန်ကုန်သို့ စုန်ဆင်းခဲ့သည်။ ထိုနေ့တွင်ပင် မင်းသားမောင်မောင်တင်လည်း အင်္ဂလိပ်ကို တော်လှန်သူ သူပုန်ဖြစ်သွားလေ၏။ သူရိယသင်္ဘော ရန်ကုန်သို့ ရောက်လေပြီ။ သီပေါမင်းနှင့် မိဖုရားခေါင်စုဖုရားလတ် မိဖုရား စုဖုရားလေး သမီးတော်နှစ်ပါးအပြင် နောက်တော်ပါ ကျွန်မ အခြွေအရံ ကိုးဆယ်ကျော်တို့အား ကလိုက်(Clive) သင်္ဘော၊ ထိုမှတစ်ဆင့် ကန်းနင်း (Cunning) ခေါ် ပင်လယ်ကူးသင်္ဘောကြီးဖြင့် အိန္ဒိယ ပြည်သို့ ခေါ်ဆောင်သွားလေသည်။ ဆင်ဖြူမရှင်နှင့် စုဖုရားကြီးတို့ကိုမူ ဆိုင်ရာ ရံရွေတော်များနှင့် ထားဝယ်မြို့သို့ခွဲ၍ ပို့လေ၏။ အရှင်နှစ်ပါးတို့သည် ပထမ မဒရပ်မြို့တွင် ၆ လခန့် စံနေကြပြီး နောက်တစ်ဖန် ဘုံဘေနယ်ရတနာဂီရိသို့ ရွှေ့ပြောင်းစံနေကြရပြန်သည်။ သို့ ရတနာဂီရိသို့ ရောက်ပြီး မကြာမီပင် သီပေါဘုရားသည် ကာနယ်စလေဒင်ထံသို့ အပ်လိုက်ရသော နန်းစဉ်ရတနာများအား ပြန်လည်ရရှိလိုကြောင်း၊ သက်ဆိုင်ရာ အာဏာပိုင်များထံ စာပို့တောင်းဆိုသည်။ အကြောင်းမထူးလေ။ ထို့နောက် သုံးကြိမ်တိုင် ထပ်မံတောင်းဆိုတော်မူသည်။ ယင်းတောင်းဆိုချက်ကို ဆိုင်ရာမှ အကြောင်းပြန်ကြားသည်မှာ " ကာနယ်စလေဒင် အင်္ဂလန်သို့ ပြန်သွားပြီ " ဟူ၍သာ ဖြစ်ပါသည်။

ထိုအချိန်ကား မြန်မာနိုင်ငံတွင် လက်နက်ကိုင် မျိုးချစ်သူပုန်များသည် ထက်အောက်နံလျား ဒေသအနှံ့ တော်လှန်တိုက်ခိုက်၍ ကောင်းဆဲဖြစ်သည်။ မင်းသားမောင်မောင်တင် ဦးဆောင်သောအဖွဲ့လည်း ဝန်းသိုနယ် မန်စီမန်လောင်နယ်များတွင် အစွမ်းပြနေချိန်ဖြစ်သည်။

ရတနာဂီရိစံ သီပေါမင်းဘုရားသည်ကား မိမိပိုင်ရတနာများ ပြန်လည်ရလိုမှုနှင့် ပတ်သက်၍ စိတ်မလျှော့သေးပါ။ အခါအခွင့်ကို စောင့်လင့်လျက်သာ။ စင်စစ် သီပေါဘုရင် စံနေရသည့်ဘဝသည် စစ်ရှုံးဘုရင် အကျဉ်းသားဘဝမျိုးလုံးဝမဟုတ်ပါ။ စံနန်းတော်မှာလည်း ထိုစဉ်က အိန္ဒိယသုံး ရူပီး ငွေခြောက်သိန်းကျော် ကုန်ဝင်သောတိုက်သစ်ကြီး ဖြစ်သည်။ နောက်တော်ပါ မြန်မာမင်းခစားကိုးဆယ်ကျော်တို့အပြင် မျက်နှာဖြူနှင့်ကုလား အမှုထမ်းအရာထမ်းများပါဆိုလျှင် ဦးရေနှစ်ရာကျော် ခစားထမ်းရွက်မြဲ ဖြစ်လေသည်။ နှစ်စဉ် အသုံးစရိတ်ငွေတော်





ရူပီး တစ်သိန်းကိုလည်း ပေးထားသည့်အပြင် အနီးအပါးလိုရာသွားလာရန် ဘာဂီမြင်းရထားနှစ်စီးကိုလည်း အသင့်ထားရှိပေးသေးရာ စစ်အကျဉ်းသားပုံစံမျိုး မဆိုနိုင်ချေ။

သို့တစေ ယင်းသို့အခွင့်မရဘဲ တစ်စုံတစ်ရာ လုပ်ပိုင်ခွင့်နှင့်ခရီးဝေးသွားခွင့် မရခြင်းကြောင့် ခမ်းနားစွာ စံနေရသော အကျယ်ချုပ် ဘဝပင်တည်း။

၁၉၁၁ ခုနှစ်သို့တိုင် ရောက်လေပြီ။ ထိုအချိန်တွင် အင်္ဂလိပ်ထီးနန်း၌ ပဉ္စမမြောက် ဂျော့ဘုရင် နန်းတက်လေသည်။ နန်းတက်ပြီးသော် ယင်းတို့၏ ကိုလိုနီကြီးဖြစ်သော အိန္ဒိယပြည်သို့ ကြွချီလာပြီးလျှင် ဒေလီမြို့တော်တွင် အခမ်းအနားကြီးကျယ်စွာဖြင့် ဘိသိတ်ခံပွဲ ကျင်းပလေသည်။

သီပေါဘုရားသည် ထိုအခွင့်ကို လက်မလွှတ်စေဘဲ ဂျော့ဘုရင်လာရောက်ခိုက် စလေဒင်လက်သို့ အပ်လိုက်ရသော ရတနာများကို ပြန်ရလိုကြောင်း စာမိတ္တူငါးစောင်ရေးကာ ဂျော့ဘုရင်နှင့် အစိုးရအဖွဲ့သို့ ငါးနေရာခွဲပြီး ပေးပို့တော်မူလေသည်။ ထိုတောင်းခံစာများပို့ပြီး မများမကြာမီ 'ကာနယ်စလေဒင် သေပြီ' ဟူ၍ ပြန်ကြားစာ ရရှိလေ၏။

ယင်းပြန်ကြားချက်အတိုင်း စလေဒင်သေပြီဆိုခြင်းမှာကား အမှန်ပင်ဖြစ်သည်။ သူ၏ဖြစ်ရပ်အတိုချုပ်မှာ စလေဒင်သည် ၁၈၈၅ ခုနှစ်တွင် မြန်မာ့နန်းစဉ်ရတနာများကို လှည့်ဖြားသောနည်းဖြင့် အရယူလိုက်သည်။ ထို့နောက် ဗြိတိသျှအစိုးရက သူ့အား 'ဆာဘွဲ့' ဖြင့် ချီးမြှင့်ခြင်းခံရပြီးနောက် ၁၈၈၇ ခုနှစ်တွင် ပင်စင်ယူကာ အင်္ဂလန်သို့ သွားရောက်နေထိုင်သည်။ နောက် ၁၈၉၀ ခုနှစ်တွင် သေဆုံးသည်။

(ဤအချက်များကို A.T.Q Stewart ရေး The Pagoda War စာအုပ်မှ ရရှိသည်)

ထိုကဲ့သို့ စလေဒင်သေဆုံးကြောင်း သီပေါမင်းမသိပါ။ စင်စစ် သီပေါဘုရားအနေဖြင့် သူ့ပစ္စည်းများကို မည်သူ့ထံမှပြန်တောင်းရပါမည်နည်း။ မည်သူတွင် တာဝန်ရှိသနည်း။ နန်းစဉ်ရတနာများ လက်ပြောင်းရခြင်းမှာ စချီကတည်းက နိုင်ငံကြီးအစိုးရများ၏ လုပ်ထုံးလုပ်နည်း စည်းကမ်းနှင့်မညီ မှုမမှန်ခဲ့လေရာ အသို့လျှင် အဆုံးဖြောင့်တန်းပါမည်နည်း။ သို့သော် သီပေါမင်းက အင်္ဂလိပ်အစိုးရအား ဦးတည်၍တောင်းဆိုခြင်းမှာ တရားသဖြင့် နည်းလမ်းမှန်ကန်ပါသည်၊ ထိုရတနာများသည် ကာနယ်စလေဒင်လက်မှ အင်္ဂလိပ်အစိုးရထံသို့ မည်၍မည်မျှ



www.burmeseclassic.com

www.burmeseclassic.com



သာရောက်ရှိသည်။ သို့မဟုတ် အလုံးစုံရောက်ရှိသည်ကို မသိနိုင်ပါ။ မည်သို့ဖြစ်စေကာမူ အင်္ဂလိပ်အစိုးရက မူလပိုင်ရှင် သီပေါဘုရားလက်သို့ ပြန်လည်ပေးအပ်လိုစိတ် မရှိကြောင်းမှာ ထင်ရှားပါသည်။

သို့ဖြစ်လျှင် ငမောက်ပတ္တမြားကြီးကို ပါတော်မူသည့်ညမှစ၍ မြန်မာများ အရိပ်အရောင်မျှ မမြင်ရတော့ပါဟုဆိုငြားအံ့ ယင်းဆိုစကားသည် အပြည့်အဝမမှန်သေးချေ။ အဘယ်ကြောင့်ဆိုသော် 'မြင်ရုံတော့ မြင်ရပါသေးသည်'ဟု ဆိုနိုင်စရာဖြစ်ရပ် ကြုံတွေ့လာရသောကြောင့်ပေတည်း။ ယင်းဖြစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

(၃)

မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်တွင် ကျွန်သက်ရှည်လျားလာသည်နှင့်အမျှ ခေတ်အခြေအနေလည်း ပြောင်းလာသည်။ မင်းသား မောင်မောင်တင်သူပုန်အဖြစ် နှစ်အတန်ကြာတိုက်ခိုက်နေပြီးနောက် အကြောင်းကြောင်းကြောင့် အားမတန် မာန်လျှော့ကာ အလင်းဝင်လာရတော့သည်။ ထို့နောက် မလွဲမရှောင်သာ အုပ်ချုပ်ရေးဌာနတွင် ရာထူးယူကာ မိမိနိုင်ငံနှင့်လူမျိုးကို တတ်နိုင်သရွေ့ တစ်နည်းအားဖြင့် အကျိုးဆောင်လျက်ရှိသည်။ တစ်ဘက်မှလည်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ကြီးစားပြုစုလေသည်။ နှမတော်နှင့်အစ်မတော်ဖြစ်ကြသော ချွန်းတောင်မြို့စားမင်းသမီးနှင့် တောင်ဇင်မြို့စားမင်းသမီးတို့သည် အိန္ဒိယနိုင်ငံမှလည်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြပြီးလျှင် မန္တလေးမြို့တွင် အခြေတကျနေထိုင်ကြလေပြီ။

ပတ္တမြားငမောက်ကြီးကိုကား စလေဒင်မှတဆင့် ဝိတိုရိယဘုရင်မကြီးထံသို့ ဆက်သလိုက်ကြောင်း သတင်းသန့်သန့်ကြားရလေသည်။ ပဥ္စမမြောက်ဂျော့ဘုရင် အိန္ဒိယသို့လာရောက်သော ၁၉၁၁ ခုနှစ်တွင်မူ ဦးမောင်မောင်တင်သည် ကျောက်ဆည်မြို့တွင် နယ်ပိုင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထိုအချိန်တွင် ဂျော့ဘုရင် ဘိသိက်ပွဲတော်သို့ မြန်မာပြည်မှ အရာရှိအချို့ ဖိတ်ကြားခြင်းခံရလေရာ ယင်းတို့တွင် ကျောက်ဆည်မြို့မှ ရာဇဝတ်ဝန်ကြီး ဦးထွန်းမင်းလည်း တစ်ဦးပါဝင်လေသည်။ ဦးထွန်းမင်းလည်း ပင်းသာမြို့စား မင်းသမီး၏ အနွယ်တော်ဖြစ်၍ ထီးရိပ်နန်းရိပ် မကင်းသူဖြစ်လေရာ ဦးမောင်မောင်တင်နှင့် တစ်မြို့တည်းတာဝန်ထမ်းဆောင်ကြရာ၌ အထူးခင်မင်ရင်းနှီးကြပေသည်။





ဦးထွန်းမင်းသည် အခြား ဖိတ်ကြားခြင်းခံရသော ပုဂ္ဂိုလ်များနှင့်အတူ ဘိသိက်ပွဲတော်ကျင်းပရာ ဒေလီမြို့သို့ ရောက်ရှိသွားလေပြီ။ ဤတွင် မူရင်းအချက်နှင့် မဆိုင်စေကာ သိမှတ်ဖွယ် သုတကလေးတစ်ခုကို ဖော်ပြပါဦးမည်။

ဘိသိက်ပွဲတွင် ဗြိတိသျှကိုလိုနီနယ်အရပ်မှ မဟာရာဂျာစော်ဘွားကြီးများသည် မိမိတို့ပြည်နယ်ဒေသအလိုက် ကုလားအုတ်ကြီးများ၊ ဆင်ကြီးများကို စီးနင်းလာရောက်ကြလေသည်။ ထိုစီးတော်ဆင်ကြီး၊ ကုလားအုတ်ကြီးများ၏ ထိပ်အုတ်တန်ဆာများအား ရွှေသားစစ်ဖြင့် ပြုလုပ်ထားသည့်အပေါ်တွင် စိန်အလုံးကြီးများကို အလှသဘောတပ်ဆင်ထားသေးသည်။ ယင်းတို့အားဖြင့် တွေ့မြင်ရသော မြန်မာနိုင်ငံမှ တက်ရောက်လာသူအချို့သည် မိမိတို့ပါလာသော စိန်တစ်လုံးလက်စွပ်ကြီးများကို ပွဲနေ့တွင်ဝတ်ဆင်ရန် အလိုမရှိကြတော့ပေ။ နောက်မှသာ ကွယ်ရာတွင် ပြုံးမိကြသည်ဟူ၏။

ပွဲတော်ပြီးချိန် ကျောက်ဆည်သို့ ပြန်ရောက်လာသော ဦးထွန်းမင်းက ပွဲတော်အကြောင်းများ ပြောပြခြင်းနှင့်အတူ ရရှိလာသော ပွဲတော်အထိမ်းအမှတ်စာအုပ်ကလေးများ၊ ရောင်စုံပို့စကတ်ကလေးများကို ခွဲဝေပေးလိုက်ပါသည်။ ယင်း ပို့စကတ်တစ်ခုတွင်မူ ဘိသိက်ခံ ဂျော့ဘုရင်နှင့် မိဖုရားဆောင်းသော သရဖူကြီးများကို ကတ္တီပါအုံးဝန်းတစ်ခုစီဖြင့် တင်ပြထားသည့်ပုံမှာ ကြွေချောစက္ကူပေါ်တွင် ဆေးရောင်စုံရိုက်ထားခြင်းဖြစ်၍ ဓာတ်ပုံကဲ့သို့ ကြည်လင်ထင်ရှားလှပေသည်။ ဘုရင်ဆောင်းသည့် သရဖူ၏ ရှေ့တည့်တည့်၌ တပ်ဆင်ထားသော ကျောက်နီကြီးမှာ နီရဲပြီး ထူးထူးခြားခြား လှပနေသည်ကို တွေ့လေ၏။ ထို့ပြင် ယင်းပုံ၏ အညွှန်းစာမှာလည်း Burma Ruby ဟူ၍ ရိုက်နှိပ်ထားလေသည်။

ဦးမောင်မောင်တင်သည် ရုတ်တရက် တစ်စုံတစ်ခုကို သိလိုက်ရသလို အတွင်းစိတ်မှာ ထိတ်ကနဲ ဖြစ်သွားသည်။ "ငမောက်ပတ္တမြားကြီးလေလား" ဟူသော မေးခွန်းသည် တလိပ်လိပ်ဖြင့် အိပ်မရနိုင်အောင် နှိုးဆွခြင်းခံနေရတော့သည်။ ထို့ကြောင့် မန္တလေးတွင်နေသော နှမရင်း ချွန်းတောင်မင်းသမီးအား အလည်လာရောက်ရန် လှမ်းခေါ်ရလေ၏။

ချွန်းတောင်မင်းသမီးသည် ကျောက်ဆည်သို့ ရောက်လာပြီးသော် ယင်းပုံကိုအသေအချာကြည့်သည်။ သရဖူရှေ့ပိုင်းတွင် တပ်ဆင်ထားသော အခြားကျောက်မျက်ရတနာများနှင့် အရွယ်ပမာဏခြင်း မှန်းကြည့်သည်။ အကွက်ဖော်ပြီး သွေးထားသော အခြားကျောက်များအလယ်တွင် ဤကျောက်နီကြီးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



သာလျှင် လုံးချောဖြစ်နေခြင်းကလည်း ထူးခြားနေသည်။ မမြင်ရသည်မှာ နှစ်ပေါင်း ၂၆ နှစ်တိုင် ကြာပြီဖြစ်သော်လည်း မိမိ လက်ပွန်းတတီး ကိုယ်တွယ် သိမ်းဆည်းခဲ့ရသော ပတ္တမြားကြီးကို မှတ်မိလာတော့သည်။ အသက်မရှူမိဘဲ တအောင့်ကြာလေသော် ယင်းကျောက်နီကြီး၏ အထူအပါးနှင့် မဝိုင်းတဝိုင်းရှိသော ပုံသဏ္ဍာန်ကို သတိပြုမိလာသောအခါ "ငမောက်ပတ္တမြားကြီးပင်တည်း" ဟု ဆုံးဖြတ်ချက် ပေးလေ၏။

ယင်းဖြစ်ရပ်များကို စာရေးသူသည် မမကြီးတို့အိမ်တွင် ဖတ်ခဲ့ရ ကြားခဲ့ရပါ၏။ မမကြီး၏ ခင်ပွန်းသည် မဟာသရေစည်သူ ဦးချမ်းသာ I.C.S (ကလောင်အမည် လက်ဝဲမင်းညို) ကလည်း သူ အင်္ဂလန်သို့ ပညာသင်သွားရောက်ခဲ့စဉ်က Tower of London ပြတိုက်ကြီးရှိ ဗြိတိသျှနန်းစဉ် ပတ္တမြားများပြခန်းတွင် ယင်းသရဖူကြီးကို တွေ့မြင်ခဲ့ရကြောင်းနှင့် ရှေ့ကတပ်ဆင်ထားသော ကျောက်နီကြီးမှာ အရွယ်ကြီးပြီး အလွန်လှကြောင်း ပြောပြလိုက်ပါသေးသည်။

လိုရင်းကို ချုပ်ဆိုရသော်

အရှင်နှစ်ပါး ပါတော်မူပြီးနောက် ၆၃ နှစ်ကြာရှိပြီးချိန် ၁၉၄၈ ခုနှစ်က မြန်မာ့လွတ်လပ်ရေး အချုပ်အခြာအာဏာကို အင်္ဂလိပ်လက်မှ ပြန်လည်ရရှိခဲ့ကြပါပြီ။ အရှင်နှစ်ပါးနှင့် တစ်ချိန်တည်း သိမ်းယူသွားသော ပတ္တမြားငမောက်ကြီးသည်ကား ဘယ်ဝယ်ဘယ်ဆီ ရောက်ရှိနေလေသနည်း ဟူသော မေးခွန်းတစ်ရပ်ပေါ်ထွက်ခဲ့သော် ထိုမေးခွန်း၏ အဖြေပမာ ငမောက်ပတ္တမြားကြီး၏ ခြေရာကို စာရေးသူသိသမျှ သဲလွန်စထုတ်ပြလိုက်ပါ၏။ ဤအကြောင်းကို စိတ်ဝင်စားကြသော လေ့လာရှင်များ သုတေသီပုဂ္ဂိုလ်များက ဆက်လက်ကူညီရှာဖွေ ဖော်ထုတ်သင့်လှပါသည်။

ဤသို့လျှင် ပတ္တမြားငမောက်အကြောင်း သိကောင်းစရာများကို အရှင်နှစ်ပါး ပါတော်မူ နှစ်တစ်ရာမြောက် အထိမ်းအမှတ်အဖြစ် ရေးသားတင်ပြရပါကြောင်း။

◈ ◈ ◈

## ၂၀။ မယိမယိကျူးသည့် စိန်ခြူးကြာ

အထက်ကစာခေါင်းကို မြင်ရုံနဲ့ပဲ စာဖတ်သူစိတ်ထဲမှာ လှိုင်ထိပ်ထားရဲ့ စိန်ခြူးကြာညောင် ဘောလယ်ကို ပြေးသတိရကြမယ် ထင်ပါတယ်။

မဲဇာတောင်ခြေရတုနဲ့ လက်ဝဲသုန္ဒရကို တွဲဖက်သိကြသလို စိန်ခြူးကြာညောင်နဲ့ လှိုင်ထိပ်ထားကိုလဲ အများစိတ်အစဉ်မှာ ခွဲမရတဲ့ ဝေါဟာရအဖြစ် စွဲမှတ်ထားခဲ့ကြတာကိုး။ အမှန်ကလဲ ကျွန်မက သည်ဘောလယ်နဲ့စပ်ဆိုင်တာကိုပဲ တင်ပြမှာပါ။ ဒါပေမယ့် သီချင်းရဲ့ကောင်းခြင်းအထွေထွေကို အလေးပေး ဖော်ပြဖို့တော့ မဟုတ်ပါဘူး။ ဒါတွေက အများသူငါ သိပြီး ကြားပြီး ထင်ရှားပြီး မဟုတ်လား။ အခု ပြောပြချင်တာက သည်သီချင်းနဲ့ ပတ်သက်ပြီးလို့ ရေးဖွဲ့သူ လှိုင်ထိပ်ထားကိုယ်တိုင် စိတ်တော် ကသိကအောက်ဖြစ်ရာ တစ်မျိုးပြောရရင် ပြူးချင်စရာဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်ကလေးတစ်ခုအကြောင်းပါ။

သည်အကြောင်း မတင်ပြခင်လှိုင်ထိပ်ထားရဲ့ ဘောလယ်သီချင်းများအကြောင်း အနည်းအပါးဖော်ပြထားဖို့ လိုပါတယ်။ ဒါကလဲ သူ့စာများနဲ့ မကျွမ်းသေးတဲ့သူများအတွက် ဆိုလိုတာပါ။

ဘောလယ်ရှင်စာဆို လှိုင်ထိပ်ထား၊ လှိုင်ထိပ်ခေါင်တင်ရယ်လို့ နှစ်မျိုးနှစ်မည်သုံးနှုန်းပြောဆိုလေ့ရှိကြပါတယ်။ သူ့ခမည်းတော် ရွှေဘိုမင်းက လှိုင်မြို့ကို အသုံးကံကျေး ပေးနှင်းတော်မူခဲ့လို့ လှိုင်မြို့စားမင်းသမီးပေါ့။ ဘုရင့်သမီးတော်များကို အပျိုစင်မင်းသမီးဘဝမှာ ထိပ်ခေါင်တင်၊ ရေသွန်းလက်ထပ်ပြီးတဲ့အခါမှာ ထိပ်ထားလို့ခေါ် တွင်ရကြောင်း "ရွှေနန်းသုံး ဝေါဟာရအဘိဓာန်"မှာ ဖော်ပြထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် လှိုင်ထိပ်ထားလို့ သုံးနှုန်းပြီး ရေးသားပါမယ်။

လှိုင်မြို့စားမင်းသမီးသည် ရတနာပုံမန္တလေးခေတ်မှာ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ထားဖြစ်လာတဲ့အချိန် သူရေးဖွဲ့သွားတာတွေက ဘောလယ်၊ တေးထပ်၊ နန်းတွင်းဇာတ်ဝတ္ထုကြီးတွေ အတော်များများ ရှိခဲ့ပါတယ်။ ဒါပေမယ့် ပြည်သူအများ နှုတ်ဖျားမှာတော့ ဘောလယ်အဖွဲ့က ကျန်တဲ့ စာတော်တွေထက် ပိုမိုရေပန်းစား ထင်ရှားခဲ့တယ်လေ။ ဒါကတော့ ကျက်ရမှတ်ရတာ လွယ်တဲ့အပြင် အင်္ဂလိပ်ခေတ်မှာ သဘင်ပညာရှင်များက အသုံးပြု ကပြခဲ့ကြလို့လဲ ပိုလူသိများလာတယ်လို့ ယူဆဖွယ်ရှိပါတယ်။ သူ့ကိုယ်ရေးကိုယ်တာဖြစ်ရပ်နဲ့ ဘောလယ်စာသားကလေးတွေကလဲ သဘင်သည်များအတွက် ကပြချင်စရာ အကွက်ကောင်းအထုပ်ကောင်းပေကိုး။

ဘောလယ်လို့ ဘာကြောင့်ခေါ်ဝေါ်သုံးနှုန်းသလဲဆိုတာ စောကြောကြတဲ့အခါ အကြောင်းခံအမျိုးမျိုးပေါ်ထွက်လာတယ်လေ။

" ဘောလယ် ဝေါဟာရသည် ဘဝလယ် ဟူသောစကားမှ ရွေ့လျောလာသည်။ လူ့ဘဝ၌ ဆင်းရဲ၊ ချမ်းသာ အစဉ်မဟုတ်။ ဒုက္ခ၊ သုခတို့နှင့် စုံဆန်တက်သက်တွေ့နေကြရသည်။ ရှေးဘဝက ပြုခဲ့ဖူးသော ကံသည် ပြန်လည်လာသောကြောင့် ဤသို့ မိမိဘဝလယ်လာသည်ကိုစွဲ၍ ဘဝလည်၊ ထိုမှဘဝ၊ ထိုမှဘောလည်၊ ဘောလယ်ဖြစ်လာသည်ဟု ယူဆကြသည်။ အချို့ဆရာတို့ကမူ လှိုင်မင်းသမီးသည် သူစာရေးသော လှိုင်မြို့နယ်ရှိ ဘောလယ်တွင် ဤသီချင်းမျိုးကို စတင်ရေးဖွဲ့သည်ကို အကြောင်းပြု၍ ဘောလယ်တွင်သည်ဟု တွေးဆကြသည်။ အချို့ကမူ လှိုင်မင်းသမီး၏ ကြင်ဘက်တော် ကနောင်မင်းသားသည် မိဖုရားငယ်များနှင့်သာ စံစားပြီးလျှင် မိမိအပေါ်၌ စိုက်ပျိုးခဲ့သော ရွှေမေတ္တာတော် ယိမ်းယိုင်နေသည့်အတွက် သဘောတော်ပြန်လည်လာစေရန် ဖွဲ့အပ်သောသီချင်းဖြစ်သောကြောင့် သဘောလည်မှ ဘောလယ်ဖြစ်လာသည်ဟု ဆိုကြသည်။"

(မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၈၊ စာမျက်နှာ ၃၄၈ မှ)။

ဆရာကြီးလက်ဝဲမင်းညိုကတော့ " ရှေးသီချင်းများ သီချင်းခံတစ်ချို့ထဲမှာလဲ သည်ဘောလယ်အသွားမျိုး ကြားညှပ်ပါဝင်နေတာ တွေ့ဖူးတယ်။ အလယ်ပိုင်းလောက်မှာ ညှပ်ထည့်ထားတာမျိုးပေါ့ " လို့ပြောပြတာ မှတ်သားရခဲ့ပါတယ်။ ဘာ့ကြောင့် ဖြစ်စေ၊ သည်သီချင်းသွားမျိုးဟာ မန္တလေးခေတ်မှာမှ တွင်ကျယ်လာတာကိုတော့ ငြင်းဖို့မရှိပါဘူး။





လှိုင်ထိပ်ထားဟာ သက္ကရာဇ် ၁၂၂၅ ခုနှစ် ဝန်းကျင်လောက်က ဘောလယ်အမျိုးမျိုး ရေးဖွဲ့တော်မူခဲ့ရာမှာ (၁) စိန်ခြူးကြာညောင် (၂) ပုလဲမြိတ်စုံ၊ (၃) ထုံးပန်းမာလာ၊ (၄) နာဂဆဒ္ဒန်၊ (၅) ရှုလဲညာတွေရယ်လို့ ဘောလယ် ၅ ပုဒ်ကို တွေ့ရှိကြပြီး ဖြစ်ပါတယ်။

ဘယ်လိုသီချင်းအဖွဲ့မျိုးဖြစ်ဖြစ် သီဆိုတီးမှုတ်တဲ့အခါမှာ သီချင်းရဲ့အာဘော်နဲ့ညီညွတ်အောင် အလွမ်းဆိုလဲ လွမ်းပါမှ၊ ဇာတိမာန်တက်ကြွစေဖို့ဆိုလဲ တကယ်တက်ကြွပါမှ မူလရေးသူရဲ့ ရည်ရွယ်ရင်းဆန္ဒ ပြည့်မြောက်တယ်လို့ ဆိုရမှာပေါ့။ လှိုင်ထိပ်ထားဖွဲ့ဆိုခဲ့တဲ့ ဘောလယ်များကတော့ သူရည်ရွယ်ရင်းဖြစ်တဲ့ အလွမ်းမှ ချစ်ခင်နှစ်သက်ခြင်း သိင်္ဂါရ ရသမြောက်ရုံတင်မက သူ့ဘဝ၊ သူ့ခံစားချက်၊ သူ့သရုပ်တွေလဲ ထိမိပေါ်လွင်ပါတယ်။ သူ့ဘောလယ်တွေထဲမှာ သည်စိန်ခြူးကြာညောင်က အထူးထင်ရှားခဲ့တယ်လေ။ ဒါကြောင့် အများကြားဖူးနားဝရှိပြီးသားဆိုတာ ယုံကြည်ပေမယ့် သူ့အကြောင်းရေးတဲ့ သည်ဆောင်းပါးမှာ သည်ဘောလယ်ကိုတော့ ဖော်ပြမှပြည့်စုံပါလိမ့်မယ်။

(က) စိန်ခြူးကြာညောင်၊ လရောင်လင်းပါလို့ မှန်ရွှေဖြူပြတင်းရယ်က
မယ်ခုမျှော် . . သုံးချက်စည်တော် . . ရိုက်ဆော်ညှင်းတယ်
လေး . . လင်းပြန်လုနော်။

(ခ) သဇင်သင်းပါတဲ့ . . ခင်းပြန့်ပေါ်-လာနှိုးငယ် . . မယ်မျှော်လို့-
တစ်ကိုယ်တော်ထူး . . တွေရာစိတ်ကူးပါလို့ ဖူးရွှေလက်တင်၊
ဖြစ်ရှေးကုန်စဉ် ဘဝင်တုန်ဆွေးတယ်လေး . . တွေးကြဲ့လိုက်ရင်။

(ဂ) သစ္စာတော်စူးပါစေ . . ဆိုဦးကပင် ကြော့ဆုံးကို မောင်ကြင်ငဲ့ သည်
သက်တွင်ဘဲ . . ရှောင်သွေမလွဲပါဘူး . . ယုံတော့မေ။ ပြဒ့ုမတွေ၊
သီဟာဆင့်တယ်လေး . . စိုးညာမြင့်နေ။

(ဃ) နတ်ဒေဝီဖြားသော်လဲ တစ်ပါးကိုမသွေ . . ရှစ်ပြဟ္မာချွေပါလို့ . .
အောင်ဇေယျာညွှန်း . . မတ်ချွေရွှေဝန်းငယ်နှင့်- ရေသွန်းတော်ခံ
မဟေသီမှန် ဒေဝီတပ်တယ်- ဦးဆယ်ထပ်ရုံ။

(င) သည်မယ်တင်စားပါလို့ - ကြင်အားငယ်သန် . . ခုများမှာ သူ
တညာဏ်နွဲ့ မူဟန်တော်ခြား . . ပြုတော်မူအားရန်ကော့ . . . မျက်ထား
တော်သန်၊ မချစ်ပြင်ပြင် . . ကိုယ်တော်စိမ်းတယ်လေး . . .
ပိန်း-ပိတ်လို့မှုန်။



www.burmeseclassic.com

www.burmeseclassic.com



သည်သီချင်းကို နန်းတွင်း နန်းပြင်ရှိ နှစ်သက်သူအများက စိတ်ပါဝင်စားစွာ ကူးယူကျက်မှတ် အမြတ်တနိုး သီကျူးကြကာလမှာ အိမ်ရှေ့စံ ကနောင်မင်း၏ သမီးတော်တစ်ပါး ရန်အောင်မြင် ထိပ်ခေါင်တင်ကလေး မန္တလေးတောင်ဘုရားဖူးထွက်ရာကအပြန် သည်သီချင်းနဲ့ပတ်သက်လို့ သတင်းအဖြစ် ကြားတဲ့စကားကြောင့် လှိုင်ထိပ်ထားမှာ မျက်ထားတော်ညို့ အလိုမကျဖြစ်ခဲ့ရဖူးတယ်လေ။ ဒီကနေ့ ဒီခေတ်မှာတော့ ဒါဟာ တကယ်အရေးကြီးတဲ့ ကိစ္စမဟုတ်ဘူးထင်စရာပါပဲ။ ဒါပေမယ့် ပဒေသရာဇ်ခေတ်ကတော့ အိမ်ရှေ့မိဖုရားသီကုံးထားတဲ့ နောက်ပြီး သူ့ကိုယ်ရေးကိုယ်တာပါနေတဲ့သီချင်းလဲဖြစ်နေတော့ကာ သီချင်းရှင်အနေနဲ့ စိတ်အနှောင့်အယှက် ဖြစ်ပေမပေါ့။

သည်နေရာမှာ သီကုံးရေးဖွဲ့သူ လှိုင်ထိပ်ထား သတင်းစကား တင်ကြားသူ ရန်အောင်မြင် ထိပ်ခေါင်တင်၊ မင်းသမီးနှစ်ပါးရှိရာမှ လှိုင်ထိပ်ထား မျိုးရိုးဇာတိနဲ့ ဖြစ်ကြောင်းကုန်စင်ကိုတော့ လူသိများပြီးဖြစ်တဲ့အတွက် သူ့အကြောင်းချန်လှပ်ခဲ့ပြီး ရန်အောင်မင်းသမီးအကြောင်းကိုသာ သိမှတ်သမျှ ပြောချင်ပါတယ်။ သူ့အကြောင်း ထုပ္ပတ်ကလဲ ခိုင်ခိုင်မာမာရှိတဲ့အပြင် မှတ်လောက်သားလောက်တဲ့ အချက်တွေကလဲ ယှက်နွှယ်ပါဝင်နေလေတော့ သိသင့်[illegible]ယ်ထင်ပါတယ်။ သူ့မျိုးရိုးဇာတိကသည်လိုပါ။

ပုဂံမင်း လက်ထက်တော်က ရွှေလုံ့ဗိုလ် (ငယ်မည် ဦးစို)ဆိုတာရှိပါတယ်။ အဲဒီ ဦးစိုက မင်းတုန်းမင်းလက်ထက်တော်က မြတောင်မြို့စား သေနတ်ဝန် ဦးမှို့နဲ့ ညီအစ်ကိုအရင်းပေါ့။ ဦးမှို့ဟာ မြင်ကွန်းမင်းသားအရေးမှာ အိမ်ရှေ့မင်းနဲ့ တစ်ချိန်တည်း ကျဆုံးသွားသူပါ။ သည်တော့ လစ်လပ်သွားတဲ့ မြတောင်မြို့ကို သမီးတော် စုဖုရားလတ်သို့ လွှဲပြောင်းစားစေပါတယ်။

ရွှေလုံ့ဗိုလ် ဦးစိုရဲ့ ပထမဇနီးက ခင်ထူးတဲ့။ သူတို့သမီး ခင်ပွန်းနဲ့အတူ ခင်ဘွားဆိုတဲ့ သမီးကလေးဟာ တင့်တယ်ဖွယ်ရာတဲ့အဆင့်မှာ နေထိုင်ကြသူတွေပေါ့။ တစ်နေ့ ဦးစိုက ခင်ဆုံဆိုသူနဲ့ တိတ်တဆိတ် မေတ္တာဇာတ်လမ်း ဖွင့်နေတယ်။ ဒီသတင်းက ခင်ထူးနားရောက်လာတော့ကာ ခင်ထူးက ဟောသည်ဒွေးချိုး သူကိုယ်တိုင် ရေးဖွဲ့ပါတယ်။

" မှူးများဗိုလ် ဦးစိုကိုလာမညှာနဲ့၊ ခင်ထူးလယ်ဆွဲ ပြစ်မငြော်၊ ချစ်ဖေါ်ဝင်ကာလုရင်ဖြင့် သုဂတိကွဲ့ "

သည်စာကို လွှာခြင်းပုရပိုက်ပေါ်မှာရေးပြီး ခင်ဆုံထံ အရောက်ပို့လိုက်





ပလေရော။ ခင်ထူးကိုယ်တိုင် ရေးတယ်ဆိုတော့ သူလဲပဲ ကဗျာပီဇ စာပီဇရှိသူပေပေါ့။ သည် ဒွေးချိုးဖတ်ရတဲ့ ခင်ဆုံဘက်က အခိုက်အတန့် ကိုယ်ရှိန်သတ်နေခဲ့ပေမယ့် နောက်တော့ သူလဲရွှေလုံ့ဗိုလ် ဦးစိုရဲ့ မယားပြိုင်တစ်ဦးအနေနဲ့ အိမ်တစ်ဆောင် မီးတပြောင် ဖြစ်လာတာပါပဲ။ အဲသည်ခေတ်က သည်လိုအဆင့်မှာ ဇနီး မယားများတာ အဆန်းမဟုတ်ဘူးလေ။ နောက် ရွှေလုံ့ဗိုလ်မှ ကွပ်ရွာမြို့စားဝန်ကြီးအဖြစ် ရာထူးတက်လာတယ်။ ကွပ်ရွာဆိုတာ တောင်ပြုံးအနားမှာ ရှိပါတယ်။ ရွှေဖျဉ်းညီနောင်တို့ ထုပ္ပတ်နဲ့ဆက်စပ်ခဲ့တဲ့ ရွာပါပဲ။ သည်တွင် ခင်ဆုံတစ်ယောက် မင်းကြီးကတော် ခင်ဆုံရယ်လို့ နာမည်တစ်လုံး ထွက်လာတာယနေ့တိုင်ထင်ရှားဆဲ မဟုတ်လား။ ကဗျာဉာဏ် စာဉာဏ် အရည်အသွေးကလဲ ပြောင်မြောက်သူ ပေကိုး။

ကွပ်ရွာမြို့စား ဦးစို ဇနီး ခင်ထူးတို့ရဲ့ သမီး ခင်ဘွားကအရွယ်မြောက်လာတော့ ပုဂံမင်း မိဖုရားခေါင်ကြီးရဲ့ အပျိုတော်ဖြစ်လာတယ်။ မင်းတုန်းမင်းနန်းတက်ပြီး ကနောင်မင်းသားက အိမ်ရှေ့မင်းဖြစ်လာတော့ကာ အင်္ဂါရုပ်ကောင်းသူ အပျိုတော် ခင်ဘွားကို ကောက်ယူပြီး သခင်ကြီးအဆင့်မှာ ထားချီးမြှောက်ထားတယ်ဆိုပဲ။ ခင်ဘွားဟာ သမီးတော်ကလေး ဖွားမြင်ပြီး မီးတွင်းမှာပဲ ကံကုန်ပါလေရော။ မယ်တော်ပစ်သွားတဲ့ သမီးတော်လေးဆိုပြီး ဆွေတော်စုက ယုယချစ်ခင်ကြလို့ ငယ်မည် "မယ်ဆွေချစ်"ပါတဲ့။ ကနောင်မင်း သားတော်၊ သမီးတော်တွေကို ရှေ့က 'ဆွေ'ထည့်ပြီး အမည်မှည့်လေ့ရှိသလို မင်းတုန်းမင်းရဲ့ သားတော်သမီးတော်တွေ ငယ်မည်မှာ 'မျိုး'ထည့်ပြီး မှည့်လေ့ရှိတာ။ ရာဇဝင်ကြီးများလေ့လာဖူးသူတိုင်း သတိပြုမိကြမယ် ထင်ပါရဲ့။ ဥပမာ အိမ်ရှေ့စံ ကနောင်မင်း၊ သားတော် ပန်းတိမ်မင်းသားငယ်မည် မောင်ဆွေဆက်ဆိုတာ။ မင်းတုန်းမင်းကြီးသားတော်ငယ်မည်မှာ မောင်မျိုးရင်း၊ မောင်မျိုးတူ ဆိုတာတွေပေါ့။ အဆွေအမျိုးကို ဖော်ညွှန်းတဲ့အဓိပ္ပာယ်လို့ ယူဆရပါတယ်။

မယ်ဆွေချစ် နားသမင်္ဂလာပြုတဲ့အခါ သူ့ကို " သုသီရိသဒ္ဒါဝတီ " ဘွဲ့မည်နဲ့တကွ ရန်အောင်မြင်မြို့ကို လက်ဖွဲ့ခြင်းခံရပါတယ်။ ရန်အောင်မြင်မြို့ဆိုတာ လယ်ဝေးမြို့နားရှိပြီး ရှေးက မြို့အဆင့် ယခုရွာကြီးအဆင့်သာရှိတော့တယ်လေ။ သည်လို ဘွဲ့မည်ရည်တွေရှိတာကို နန်းတွင်းအခမ်းအနားတွေမှာသာ အသုံးပြုကြပြီး အနောက်ဆောင်မှာတော့ ရန်အောင်မြင်ခေါင်ခေါင်လေးလို့ ချစ်စနိုးခေါ်ကြတယ်။ ကလေးပဲကိုး။ သူကိုယ်တိုင်ကလဲ အထိန်းတော်တွေလက်



www.burmeseclassic.com

www.burmeseclassic.com



မှာသာ ကြီးပြင်းခဲ့ရသူမို့ ခမည်းတော်အိမ်ရှေ့မင်းရဲ့ မြောက်အိမ်တော်ဆောင်ရိပ်မှာ တခြား မိကြီး မိထွေး မယ်တော်တွေရဲ့ အဆောင်တွေမှာ လှည့်လည်သွားလာပြီး ပျော်သလိုနေတတ်ပါတယ်။

အထူးသဖြင့် မိကြီးတော် လှိုင်ထိပ်ထားအဆောင်တော်သို့ မကြာခဏ ရောက်လာလေ့ရှိတယ်ဆိုပဲ။ လှိုင်ထိပ်ထားအဆောင်တော်ကလဲ အမြဲလိုလို စောင်း၊ ညှင်း တူရိယာသံတွေ အငြိမ့်အဆိုတော်တွေနဲ့ စိုပြည်နေတတ်တော့ အရောက်များတာပေါ့။ အဲသည်အချိန်က လှိုင်ထိပ်ထားမှာ အိမ်ရှေ့မင်း အလာအရောက် ကျဲတဲ့အတွက် ဝမ်းနည်းအားငယ်တော်မူလို့ ဘောလယ် သီချင်းများ ရေးဖွဲ့သီကျူးနေရရှာတဲ့နှစ်ပိုင်းတွေပေါ့။ သို့ပေမယ် လှိုင်ထိပ်ထားက သူကလေး ရောက်လာရင် အရေးတယူလက်ခံစကားပြောပြီး ယုယကျွေးမွေးပြုစုပါတယ်။

လှိုင်ထိပ်ထားက သမီးတော်လေး-ခေါင်ခေါင်လေးလို့ သုံးနှုန်းပြောဆိုပြီး သူကလေးကလဲ မယ်မယ်ထိပ်ထား-မယ်မယ်ထားထားနဲ့ လျှောက်ကြား ပြောဆိုလေ့ရှိပါတယ်။ သည်လို မယ်မယ်ထိပ်ထားလို့ ခေါ်ဝေါ်ရတာက လှိုင်ထိပ်ထား တစ်ပါးတည်းကိုသာ အိမ်ရှေ့မိဖုရားကြီးမို့ သုံးနှုန်းရတာပါ။ ကျန် မိကြီး မိထွေးတွေ ဘယ်သူ့မှ သည်လိုမခေါ်ရပါဘူး။ နန်းမလေ့တစ်မျိုးဆိုပါတော့။

အခုလို သူကလေးဟာ အဆောင်တကာလှည့်ပြီး သာလိကာကလေးလို တီတီတာတာနေတတ်တော့ အများကချစ်သနားပြီး အလိုလိုက်ကြပါတယ်။ မယ်တော်တွေက နန်းမြို့အပြင်ဘက်ရှိ မိမိတို့ဆိုင်ရာ ဥယျာဉ်တော်ကြီးတွေ ထွက်စံကြတဲ့အခါ ဘုရားဖူးထွက်ကြတဲ့အခါမှာလဲ ခေါင်ခေါင်ကလေးက လိုက်ချင်ပါတယ်ဆိုရင် အတူခေါ်သွားတတ်ကြပါသေးတယ်။ တစ်နေ့တော့ မြောက်အိမ်တော်ကနေ နန်းတွင်းသူအချို့ မန္တလေးတောင်တော်သို့ ဘုရားဖူးအသွားမှာ ရန်အောင်မြင်ခေါင်ခေါင်လေးလဲ အတူလိုက်ပါသွားပါတယ်။ ဆံတော် ရွှေကြက်တောင်စည်း တဖွားဖွားနဲ့ ခြောက်စထောင် လှည်းယာဉ်စီးလို့ပေါ့။

ခေါင်ခေါင်လေးတို့တစ်သိုက်ဟာ ညနေစောင်းလောက်မှ မြောက်အိမ်တော်ကို ပြန်ရောက်လာကြပါတယ်။ ရောက်တယ်ဆို အမောမှမဖြေအားသေး။ မယ်မယ်ထားထား အဆောင်တော်ကို တန်းရောက်လာပါတော့တယ်။

လှိုင်။ " ဟာ-အလို။ သမီးတော်လေးပါလား။ ဝတ်သစ်ဝတ်ကောင်းနဲ့ ဘယ်က ကြွလာတာလဲ "

ခေါင်။ " ဖျ - ကျွန်မလေ အခုတောင်တော် ဘုရားဖူးလိုက်သွားရာက





ပြန်လာတာပါ ဘုရား "

လှိုင်။ " အို - ဟုတ်လား။ သာစုကွယ်၊ သာစု။ ဒါဖြင့် မောလာ ဆာလာမှာပေါ့။ မယ်မယ်ထားထားနဲ့အတူ သဘော်ယိုများ သုံးဆောင်လှည့်ပါဦး"

ခေါင်။ " သဘော်ယို မသုံးလိုပါဘုရား။ သီးသီးသနပ်လို ချဉ်ချဉ်စပ်စပ် စားလိုပါတယ် ဘုရား "

" သမီးတော်လေးအကြိုက် ရစေ့မယ်နော်။ ဟဲ့ - မိလှတို့ ခေါင်ခေါင်လေးဖို့ အချဉ်ကလပ်များ တည်ခင်းလှည့်ပါဦး။ ကဲ - ကဲ စားတော်မူ။ တောင်ပေါ် ရောက်ခဲ့တော့ ဘာတွေများတွေ့မြင်ခဲ့တယ်ဆိုတာ မယ်မယ်ထားထားကို တင်ပြစမ်းပါဦးကွယ် "

" ဟာ-ဖျ တွေ့ခဲ့တာတွေတော့ အများကြီးပါ မယ်မယ်ထိပ်ထားဘုရား။ ဗျာဒိတ်ပေးကိုယ်တော်ကြီးလဲ ဆွမ်းတော် ပန်းတော် ကပ်ခဲ့ရပါတယ်ဘုရား။ နောက်ပြီး တောင်ပေါ်ပန်းတွေလဲ ချိုးပေးကြတယ် ဖျ။ အဲ-အဲ ပြီးတော့ကာ မယ်မယ်ကျူးတဲ့ စိန်ခြူးကြာကိုလေ ဟို-ဟို ဘုန်းတောင်းယာစကာတစ်ယောက် သီဆိုနေတာလဲ တွေ့ခဲ့ရကြောင်းပါ ဖျ "

" ဘယ့်နှယ် သမီးတော် ဘယ့်နှယ်။ မယ်မယ့် စိန်ခြူးကြာလား။ ပြန်တင်စမ်းပါဦး "

" မှန်ကြောင်းပါ။ မယ်မယ်ကျူးတဲ့ စိန်ခြူးကြာ သီချင်းပါဖျာ့။ အဲဒီယာစကာက ဝါးဆစ်ကို ဒုတ်တိုနဲ့နှက်ရင်း သီဆိုပြီး စားစရာတောင်းခံနေကြောင်းပါ "

" အလိုလေး- ပစ်ရပါပြီ။ ပစ်ရပါပြီ။ သည့်နှယ်ဖြင့် ကဲ-ကဲ ခေါင်ခေါင်လေး အေးအေး စံတော်မူဦး။ ဟဲ့ - သိဂီ။ လာစမ်းပါဦးကွယ်။ သည်မှာ သမီးတော်လေး လျှောက်တင်တာ ကြားရဲ့မဟုတ်လား "

သိဂီ။ " ကြားကြောင်းပါထိပ်ထားဘုရား။ အလွန် မဖွယ်ရာတဲ့ အရေးဖြစ်ကြောင်းပါ "

" သည်နှယ်ဖြင့် သည်အရေးကို ချက်ချင်း အေးအောင် ပြုရလိမ့်မယ်"

" မှန်လှပါ့ ဖျ။ ကျွန်မ တာဝန်ထားတော်မူပါ့ ထိပ်ထားဘုရား။ ဖျာ့ ကျွန်မ မောင်ကြီးတစ်ယောက် အရှေ့ပြင်မှာ နေသူရှိကြောင်းပါ။ သူ့ကို တောင်ခြေက ယာစကာအား မောင်းမဲပြီး နှင်လိုက်ဖို့ ပြောလိုက်ပါ့မယ် ဘုရား "

" အို-အို သည့်နှယ်လုပ်လို့ တော်ရိုးလား သိဂီရယ်။ သူ့မှာ ခိုလှုံရာမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတော့မပ။ သည် ယာစကာကို ငွေစနည်းနည်း သနားလိုက်ပြီး သည် သီချင်း နောက်နောင်မဆိုဖို့ မှာထားခဲ့ရင် ပြီးနိုင်တာပဲ။ ငါ မိန့်တော်မူတဲ့အတိုင်း သာ သွားပြီး စေချေပါတော့ "

" မှန်လှပါ။ ရွှေစိတ်တော် အေးတော်မူပါရော့ ထိပ်ထားဘုရား။ ယခုပင် သွားချေပါတော့မယ် ဘုရား "

ကျွန်မပြောချင်တဲ့ မယ်မှုံကျူးတဲ့ စိန်ခြူးကြာအကြောင်းကတော့ သည်တွင် ပြီးပါပြီ။ အဲသည် 'သုသီရိသဒ်ါဝတီ'ဘွဲ့ခံမင်းသမီး (ငယ်မည် မယ်ဆွေချစ်)ဟာ အရွှယ်တော်မြောက်တဲ့အခါ မင်းတုန်းမင်းရဲ့ မြောက်နန်းမိဖုရားကြီး (ငယ်မည် မယ်သဲ)ရဲ့တူတော် မောင်မောင်လတ်နဲ့ စုံဖက်တော်မူပါတယ်။ နောက် သက်တော်ကြီးရင့်ချိန် ၁၂၉၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၆)ရက်နေ့က စစ်ကိုင်းမြို့ ပန်းတောရပ်စံအိမ်မှာ ကံကုန်တယ်ဆိုတာ ပြောပြရင်း အဆုံးသတ်ပါတယ်။

အကိုးအကား။ ။ ဦးစိန်မောင်ဦး။
ဒုတိယ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနဌာနခွဲ၊
မန္တလေးမြို့မှ မှတ်စများ။

ရွှေဘိုမိမိကြီး

◈ ◈ ◈